
www.burmeseclassic.com



# မြပုလဲသွယ်

သည်း လွန်း တယ် လို့ မင်း မ ထင်နဲ့

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"မိုးဆောင်းခကို ငါတွေ့ခဲ့တယ် တိမ်တမန်"

"အပွန်း…အဲဒါ ဘာဆန်းလဲကွာ၊ ရန်ကုန်မြို့က တကယ်တော့ ကျဉ်းကျဉ်းလေးပါ၊ တစ်မြို့တည်းမှာ အတူရှိနေတဲ့ သူ့ကို မင်းတွေ့ခဲ့တယ်ဆိုတာ မဆန်းပါဘူး"

"မင်းပြောသလို သူ့ကို တစ်ယောက်တည်း တွေ့ခဲ့တယ်ဆိုရင်တော့ ဘာဆန်းသလဲကွာ"

သီဟစကားကြောင့် တိမ်တမန်၏ မျက်ခုံးထူထူကြီးနှစ်ဖက်မှာ ခပ်ပြေပြေ တွန့်သွားရကာ

"မင်း ဘာပြောချင်တာလဲ သီဟ"

"ငါ ဒီမနက် အလုပ်လာရင်း မိုးဆောင်းခကို အမျိုးသားတစ်ယောက်နဲ့ ရင်းရင်းနှီးနှီးကြီး တွေ့ခဲ့ရတယ် တိမ်တမန်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



စိတ်လှုပ်ရှားမှုကြောင့် ရုတ်ခြည်း ယိုင်ခနဲဖြစ်သွားရသော သူ့ကိုယ်ကြီးကို တိမ်တမန်သည် အသိနှင့် ပြန်ထိန်းလိုက်ရင်းက ဆောဆောက ခပ်ပြေပြေသာ တွန့်ရပါသည့် သူ၏ မျက်ခုံးထူထူကြီး နှစ်ဖက်မှာ ယခုအခါ စိတ်အလိုမကျမှုများကြောင့် တစ်ဖက်နှင့် တစ်ဖက် ထိလုမတတ် ပို၍တွန့်ကြုတ်သွားရပြီး

"မိုးဆောင်းခကို အမျိုးသားတစ်ယောက်နဲ့ တွေ့ခဲ့တယ်ဆိုတာ တကယ်လား သီဟ"

ကြားလိုက်ရသည့် သီဟစကားကို တိမ်တမန်သည် မယုံကြည်နိုင်သလိုမျိုး မေးလိုက်သည်။

"ဒီစကား မင်းကို ငါ စ,စရာလား' တိမ်တမန်၊ မိုးဆောင်းခနဲ့ အဲဒီအမျိုးသားတစ်ယောက်နဲ့ တစ်ယောက် လက်ချင်းချိတ်တွဲသွားတာကို ငါ့မျက်စိနဲ့ ကိုယ်တိုင်မြင်ခဲ့တာ"

ပြောသူကလည်း ကိုယ်တိုင် အသေအချာ မြင်တွေ့ခဲ့ရသည်ကို ပြောနေသည်မို့ တိမ်တမန် မယုံလို့မရပါတော့။

သီဟဆိုတာက တိမ်တမန်နှင့် ငယ်ပေါင်းကြီးဖော်သူငယ်ချင်း။ တစ်ယောက်အကြောင်းကို တစ်ယောက် အတွင်းသိ အစင်းသိဖြစ်သလို တစ်ယောက်နှင့်တစ်ယောက်ကြားမှာလည်း ဘာမှ လျှို့ဝှက်ထိန်ချန်ထားကြသူများမဟုတ်။

သူငယ်ချင်းဆိုပေမယ့် ညီအစ်ကိုရင်းထက်ပင်





တစ်ယောက်နှင့်တစ်ယောက် သံယောဇဉ်ရှိကြသူများမို့ တစ်ယောက်အကျိုးကို တစ်ယောက် လိုလားသူများလည်းဖြစ်သည်။

ထို့ကြောင့် သီဟသည် မိုးဆောင်းခကို သူ တကယ်မတွေ့ဘဲနဲ့တော့ တိမ်တမန်ကို ဒီစကားမျိုး ပြောလိမ့်မည်မဟုတ်ပါ။

မိုးဆောင်းခနှင့် သူ့အကြောင်းကို အစမှအဆုံး သိထားနေသူပီပီ သီဟသည် ဒီစကားကို သူ့အတွက် မခံချင်စိတ်နှင့် ပြောမှန်းလည်း တိမ်တမန် သိပါ၏။

"မိုးဆောင်းခဟာ ဘယ်လိုအမျိုးသမီးလဲ တိမ်တမန်"

"အဲဒါကို ငါကိုယ်တိုင်လည်း သိချင်နေတာပဲ သီဟ"

တိမ်တမန်သည် ဒီစကားကိုတော့ သူ အမှန်ပြောလိုက်ခြင်းဖြစ်ပါသည်။

သူကိုယ်တိုင်က မိုးဆောင်းခရင်ထဲကို ထိုးဖောက်မြင်နိုင်အောင် မကြည့်နိုင်သူမို့ သူမစိတ်ထဲ ဘာတွေရှိနေသည်ကိုလည်း တိမ်တမန် မသိခဲ့သည်က အမှန်ပင်ဖြစ်သည်။

မိုးဆောင်းခကို အမျိုးသားတစ်ယောက်နှင့် တွေ့ခဲ့ရပါသည်ဆိုသော သီဟစကားကြောင့် သူ့ရင်အစုံသည် အထိခိုက်မခံနိုင်သလို ထိထိရှရှကြီး ဖြစ်နေရသည်ကိုတော့ တိမ်တမန် ငြင်း၍မရပါ။

နာကျင်ပါသည်။ မေ့ထားချင်ပါသည်ဆိုတဲ့ကြားက သူမ



www.burmeseclassic.com

www.burmeseclassic.com



နှင့်ပတ်သက်လာလျှင် သူ့ရင်အစုံသည် အချိန်ခါမရွေး ထိခိုက်နာကျင်နေရခဲဆိုတာကိုတော့ တိမ်တမန်သည် သူ့ကိုယ်သူလည်း သိပါသည်။

သူမနှင့်ပတ်သက်သော ထိုခံစားမှုကို တိမ်တမန်သည် ကိုယ်တိုင်က ကြိုက်နှစ်သက်ခြင်းမရှိပေမယ့် ရုန်းထွက်ဖို့လည်း မကြိုးစားခဲ့။

နာကြည်းဆွတ်ကျင်မှုများနှင့် ခံစားနေရသည့်ကြားကပင် မိုးဆောင်းခကို သူ ပြင်းပြင်းထန်ထန် သတိရလျက် မုန်း၍ မရခဲ့သည်ကလည်း သူမနှင့်ပတ်သက်ကာ ခံစားရသည့် သူ၏နှလုံးသားဝင်္ကြွေးသာ ဖြစ်ပါလိမ့်မည်။

တိမ်တမန်သည် နှုတ်ခမ်းကို တင်းတင်းစေ့ရင်းက သက်မတစ်ချက်ကို ချလိုက်ပြီး…

“ငါ သူနဲ့တွေ့ချင်တယ် သီဟ”

“မိုးဆောင်းခနဲ့လား”

“ဟုတ်တယ်”

“တိမ်တမန်…မင်း”

သီဟမှာ တိမ်တမန်၏စကားကြောင့် မျက်နှာကြီးတည်လျက် စကားရှေ့မဆက်နိုင်အောင် ရှိသွားရသည်။

“မင်းဘာပြောချင်တယ်ဆိုတာ ငါသိပါတယ် သီဟ၊





ဒါပေမယ့် ငါ သူ့ကို ဒီတစ်ခါ နောက်ဆုံးအနေနဲ့ပဲဖြစ်ဖြစ် တွေ့ရမှဖြစ်မယ်၊ မင်း ငါ့ကိုနားလည်ပေးပါ သီဟ”

ဆန္ဒရှိနေသော တိမ်တမန်ကို သီဟသည် မိုးဆောင်းခနှင့် မတွေ့ပါနှင့်လို့လည်း မပြောချင်သည်မို့…

“မိုးဆောင်းခနဲ့ ပတ်သက်ပြီး မင်းရင်ထဲက ခံစားမှုတွေကို ငါနားလည်ပါတယ် တိမ်တမန်၊ မင်းတွေ့ချင်တာကို မတွေ့ပါနဲ့လို့လည်း ငါမတားဘူး၊ အေး…ဒါပေမယ့် မင်းကို သူငယ်ချင်းကောင်းတစ်ယောက်အနေနဲ့ ငါတစ်ခုတော့ သတိပေးချင်တယ်၊ အဲဒါ ဘာလဲဆိုတော့ မိုးဆောင်းခကြောင့် မင်း နောက်တစ်ကြိမ် ဝေဒနာတွေ မခံစားမိစေဖို့ပဲ တိမ်တမန်”

“ကျေးဇူးပဲ သီဟရာ၊ မင်း ငါ့ကို မိုးဆောင်းခနဲ့ ပတ်သက်ပြီး အခုလို နားလည်ပေးတဲ့အတွက် ကျေးဇူးပါပဲကွာ”

“မလိုပါဘူး တိမ်တမန်၊ မင်းနဲ့ငါ့ကြားမှာ ဒီစကားတွေ မလိုအပ်ပါဘူး၊ မိုးဆောင်းခကို မင်း တွေ့ချင်တယ်ဆိုရင် မနက်ဖြန်ညမှာ ကျင်းပမယ့် ငါတို့ကုမ္ပဏီရဲ့ နှစ်ပတ်လည်ညှေ့ခံပွဲမှာ မင်းတွေ့ချင်တဲ့ မိုးဆောင်းခ ရောက်လာလိမ့်မယ်၊ ဒီပွဲက မင်းကော မိုးဆောင်းခပါ မဖြစ်မနေတက်ရမယ့် ပွဲတစ်ခုပဲ တိမ်တမန်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းတို့နှစ်ယောက်စလုံးဟာ ကိုယ်ပိုင်ကုမ္ပဏီတွေနဲ့ အောင်မြင်နေတဲ့ မန်နေဂျင်းဒါရိုက်တာတွေ ဖြစ်နေလို့ပဲ”ဆိုသည့်



www.burmeseclassic.com

www.burmeseclassic.com



သီဟစကားအတိုင်း တိမ်တမန်သည် သူတို့လိုပင် ကုမ္ပဏီတစ်ခု၏ မန်နေဂျင်းဒါရိုက်တာအဖြစ် သီဟ၏ နှစ်ပတ်လည်ညှော်ခံပွဲကို ရောက်ရှိလာခဲ့ရသည်။

သူ ညှော်ခံပွဲကိုရောက်တော့ ရောင်စုံမီးဆလိုက်များဖြင့် လှပခမ်းနားစွာ ပြင်ဆင်ကျင်းပထားသည့် သီဟ၏ ခြံထဲမှာပင် ကျင်းပသော သူ့ကုမ္ပဏီ နှစ်ပတ်လည်ညှော်ခံပွဲလေးမှာ ညှော်ပရိသတ် ပေါင်း မြောက်မြားစွာနှင့် စည်ကားလျက် တစ်ခြံလုံး လူတွေပြည့် နေရပြီဖြစ်သည်။

"နောက်ကျလှချည်လား တိမ်တမန်၊ လာကွာ ဟိုဘက် မှာ အေးအေးဆေးဆေးရှိတယ်၊ အဲဒီမှာ သွားထိုင်ရအောင်"

သူ့အား နောက်ကျရပါ့မလားဆိုကာ ပြစ်တင်နေသော သီဟကို တိမ်တမန်သည် ဘာမှမပြောဘဲ သူ့ထုံးစံအတိုင်း နှုတ်ခမ်း ကိုစေ့လျက် ပြုံးရုံသာ ပြုံးနေလိုက်ရင်းက သီဟ ခေါ်ဆောင်လာ သည့် စားပွဲဆီကို ရောက်ရှိလာခဲ့သည်။

ညှော်ခံပွဲကျင်းပသောနေရာ၏ ထောင့်ကျကျစားပွဲတွင် သီဟနှင့် တိမ်တမန် နှစ်ယောက်သား ထိုင်မိသည်နှင့်…

"ဟာ…ဦးတိမ်တမန် တစ်ယောက်တည်းလား၊ အဟား ဟား"

သူ့အား အပြုံးနှင့် ရယ်မောကာ နှုတ်ဆက်လာသော





ဦးမောင်မောင်လတ်ကို တိမ်တမန်သည်လည်း သူ့စတိုင်လ်အတိုင်း အပြုံးနှင့် ပြန်၍နှုတ်ဆက်ရင်း…

"ဦးမောင်မောင်လတ်…ရောက်နေတာ ကြာပြီနဲ့တူ တယ်"

"ဟား…ဟား ဆိုပါတော့ဗျာ၊ အဖော်မရှိတဲ့ ကျွန်တော် တို့ ခင်ဗျားတို့လိုဘဝကတော့ စိတ်သွားတိုင်း ကိုယ်ပါ ဆိုသလို ပဲဗျို့၊ စိတ်ကသွားမယ်မှ မကြံသေးဘူး လူကရောက်နေတာ အရင် ပဲဗျ၊ ဟား…ဟား"

"အဟွန်း…ဟွန်း…ဟွန်း"

သူ့ဘေးတွင် ဝင်ထိုင်ရင်းက သူ့စကားကို သူပြန်၍ သဘောကျသလို ရယ်မောကာ ပြောနေသော ဦးမောင်မောင်လတ် စကားကြောင့် တိမ်တမန်သည် ခပ်လွှန့်လွှန့် ရယ်လိုက်မိသည်။

ဦးမောင်မောင်လတ် ပြောသည်ကလည်း မမှားပါ၊ တိမ်တမန်တို့လို သူကိုယ်တိုင်က အခုအသက်အရွယ်ထိ ,မိန်းမ မယူဘဲ တစ်ကိုယ်တည်း လူပျိုကြီးဘဝနှင့်ရှိနေသော ဦးမောင် မောင်လတ်သည် သူပြောသလိုပင် တကယ်လည်း သူ့ဘဝက စိတ်သွားတိုင်း ကိုယ်ပါ ရှိနေသူဖြစ်သည်။

အရာရှိ လူပျိုကြီးတစ်ယောက်ဖြစ်သော ဦးမောင်မောင် လတ်သည် မျက်နှာချိုကာ သဘောကောင်းလျက် ခင်မင်ဖို့ကောင်း



www.burmeseclassic.com

www.burmeseclassic.com



သည့် လူတစ်ယောက်ဖြစ်ပါသည်။

"ဘယ်လိုလဲ ဦးတိမ်တမန်၊ ဒီနှစ်တော့ ခင်ဗျားလည်း လူပျိုကြီးဘဝက ကျွတ်လောက်ပါတယ်နော်"

တိမ်တမန်မှာ ဦးမောင်မောင်လတ်ကို ဘာမှမပြောဘဲ နှုတ်ဆိတ်လျက် ခပ်ပြုံးပြုံးသာ နေလိုက်၏။

သူ့မျက်ဝန်းထဲမှာတော့ မျက်နှာလှလှလေးတစ်ခုက ဖျတ်ခနဲ ပေါ်လာရသည်။

ထိုခဏမှာတော့ တိမ်တမန် ရင်အစုံ စူးစူးရှရှနှင့် ထိခိုက်နာကျင်သွားရသည်။

"လူပျိုကြီးဆိုတာ နာမည်သာ ခေါ်ကောင်းတာဗျ၊ တကယ်တော့ စိတ်ပျက်စရာပါဗျာ၊ ကိုယ်အလုပ်သွားလို့မှ ကိုယ့်အနားမှာ ပြုစုလုပ်ကိုင်ပေးမယ့်သူက မရှိနဲ့ တော်တော်ဒုက္ခရောက်တယ်ဗျို့၊ လူပျိုကြီးဘဝကို ကျွန်တော်တို့ကို အားကျပြီး ခင်ဗျားနေမယ်လို့တော့ စိတ်မကူးနဲ့ ဦးတိမ်တမန်၊ ဒါဆို ခင်ဗျား မှားသွားလိမ့်မယ်၊ ရှိတာကို မရှိမှသိဆိုတဲ့ စကားအတိုင်း ခင်ဗျားလည်း လူပျိုကြီးလုပ်ရခြင်းကို နောက်မှ နောင်တရလိမ့်မယ်နော် ဦးတိမ်တမန်၊ အချိန်ရှိတုန်း ကြိုးစားထားဗျ"

လူပျိုကြီးဖြစ်ရခြင်းဒုက္ခကို သူကိုယ်တိုင် တိမ်တမန်နှင့် တွေ့တိုင်း တဖွဖွအမြဲပြောကာ ညည်းညူနေတတ်သော ဦးမောင်





မောင်လတ်သည် တစ်ခုထူးခြားသည်က သူကိုယ်တိုင် အိမ်ထောင်ပြုဖို့ မစဉ်းစားခြင်းပင်ဖြစ်သည်။

ထို့ကြောင့်လည်း တိမ်တမန်သည် ဦးမောင်မောင်လတ် ဘာပြောပြော သူပြောသမျှစကားများကို အမြဲပင်ပြုံးကာ နားထောင်နေတတ်ခြင်းဖြစ်သည်။

"ဒီနေ့တော့ ခင်ဗျားဖူးစာရှင်ကို တွေ့အောင်ရှာစမ်းပါ ဦးတိမ်တမန်ရာ၊ ခင်ဗျားလို ရုပ်ရည်နဲ့ ပြည့်စုံနေတဲ့လူအတွက် ဖူးစာရှင်ရှာဖို့ဆိုတာ မခက်ပါဘူး၊ ကြည့်ရတာ ခင်ဗျားကိုယ်တိုင်က ရွေးလွန်းနေတာနဲ့ တူတယ်ဗျာ၊ ဒီမှာ ဦးတိမ်တမန် သိပ်ပြီးလည်း အရွေးလွန်မနေနဲ့ဗျ၊ တော်တော်ကြာ ခင်ဗျား ဒီပုံနဲ့ လူပျိုဟိုင်းကြီး ဖြစ်...ဖြစ်"

"ဟင်"

ရုတ်တရက် စကားသံတစ်ဝက်တစ်ပျက်နှင့် ရပ်သွားရသော ဦးမောင်မောင်လတ်ကြောင့် တိမ်တမန်သည် ဘာများဖြစ်သွားရသည်ဆိုကာ သူ့အကြည့်များက ဦးမောင်မောင်လတ် အကြည့်များရောက်ရှိသွားရာသို့ လိုက်အကြည့်ဝယ် သူ့မျက်ဝန်းထဲ ထင်းခနဲမြင်လိုက်ရသူက အချိန်နှင့်နာရီနှင့်အမျှ သူ့နှလုံးသားတွင် တွေ့ချင်မြင်ချင်ရပါသည့် သူ့မိုးဆောင်းခပင် ဖြစ်သည်။

"ဦးတိမ်တမန် ခင်ဗျားရဲ့ ဖူးစာရှင်တော့ တွေ့ပြီနဲ့တူ



www.burmeseclassic.com

www.burmeseclassic.com



တယ်''

အများကြားတွင် ထင်းခနဲမြင်သာအောင် သိပ်လှနေရသော မိုးဆောင်းခဆိုသည့် မိန်းမချောကို ကြည့်ပြီး တိမ်တမန်သည် ဦးမောင်မောင်လတ် ပြောစကားများကိုလည်း မကြားနိုင်အောင် ရှိနေရသည်။

သူ့စိတ်အတွေးအာရုံများကို ညှို့ငင်ဆွဲသွားသူက သူ့နှလုံးသားမှာ နာကျင်မှုများဖြင့် နင့်သည်းစွာ ချစ်ရသော မိုးဆောင်းခပင် ဖြစ်သည်။

တိမ်တမန်သည် စူးရှရှိဝေသော မျက်ဝန်းများကို မှေးစင်းရင်းက ပိရိတိကျသော နှုတ်ခမ်းအစုံကို တင်းတင်းစေ့ကာ မိုးဆောင်းခအား အကြည့်များ မလွှဲတမ်း စူးစူးစိုက်စိုက်လေး ကြည့်မိသွားရသည်။

အကြောစိမ်းလေးများပင် မြင်ရမတတ် စိုပြေဝင်းနှစ်နေသော အသားအရေနှင့်လိုက်ဖက်စွာ ကြက်သွေးပုပ်ရောင် ကိုယ်ကျပ်လည်ဟိုက် လက်ပြတ် ထက်အောက်ဆင်တူဝတ်စုံလေးနှင့် လှိုင်းပုံစံ ဆံပင်ပြေပြေ ကောက်သားထည့်ထားပါသည့် ညိုပျော့ပျော့ဆံနွယ် ထူထူအိအိလေးက ကျောလယ်မှာ လှပစွာ ဖြာဝဲကျလျက်။

မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းနှင့် မျက်နှာကျက အစ ဘာဆို ဘာတစ်ခုမှ အပြစ်ပြောစရာမရှိသော မိုးဆောင်းခသည်





နားတွင် အရှည်အသွေးကောင်းလွန်းသည့် တစ်လုံးတည်းသော ခပ်ကြီးကြီး စိန်ဖြူသန့်ကို ပလက်တီနမ်နှင့်ရောကာ ဝတ်ဆင်ထားသည်မှာ သူမ မျက်နှာလှလှလေးနှင့် ပနာတင့်လွန်းကာ လှပနေရသည်။

ဒါတင်လားဆိုတော့ မဟုတ်သေးပါ။ လည်တိုင်ကြော့ကြော့ ရှင်းရှင်းလေးတွင်လည်း နားကပ်နှင့်ဆင်တူပင် စိန်ဖြူသန့်အလုံးခပ်ကြီးကြီးများကို ပလက်တီနမ်နှင့်ရောကာ စိတ်ကြိုက်မှာလုပ်ထားသည့် စိန်လည်ဆွဲလေးကလည်း မြင်ရသူကို မျက်စိစူးစရာ။

သူမ စတိုင်လ်လို့ပင် ပြောရမည်လားမသိပါ။ မွေးညှင်းနုလေးများဖြင့် ဆင်စွယ်နှာမောင်းလေးလို လှနေရသည့် လက်နှစ်ဖက်လုံးကိုလည်း ဘာမှ ဝတ်မထားသဲ့ည်မှာ အစွန်းဆုံး သိပ်လှတဲ့ လက်ချောင်းလေးများမှာပင် လက်စွပ်တစ်ကွင်းတလေမှ မရှိ။

မျက်နှာဝင်းဝင်းပပလေးက ဘာမိတ်ကပ်မှ အထူးတလှယ်ကြီး ပြင်ဆင်ခြယ်သထားသည် မဟုတ်ပါဘဲနှင့်ကို သူမ မျက်နှာလေးက ကြည်ကြည်စင်စင် ဝင်းဝင်းမွတ်မွတ်နှင့် မြင်ရသူကို မျက်စိမလွှဲချင်စရာ သိပ်လှနေရသည့်အဖြစ်။

မြင့်သောအရပ် သွယ်လျပြေပြစ်ကာ အချိုးအစားကျလွန်းသည့် ခန္ဓာကိုယ်လေးနှင့် သိပ်လှနေရသော မိုးဆောင်းခ၏ အသွင်ထံ



www.burmeseclassic.com

www.burmeseclassic.com



သို့ ငယ်ငယ်ကြီးကြီးမရွေး ပုရိသများ၏ အကြည့်များက သူမထံကို အားလုံးလိုလို ရောက်ရှိနေတာကို တိမ်တမန် သတိထားမိလိုက်တော့ လူက မျက်မှောင်ကြီးကြုတ်လျက် ကျွဲမြီးတိုချင်သွားရသည်။

ကြည့်စမ်းပါဦး။

သည်မိန်းမရဲ့အလှတွေဟာ လူတွေနှလုံးသားကို အခုချိန်ထိအောင် သိမ်းကျုံးဆွဲငင် ယူနိုင်နေသေးပါလားဆိုသည့် အတွေးနှင့်လည်း တိမ်တမန် ဘာကို မကျေမနပ် ဖြစ်ရသည်မသိ။ လူက ရှုံ့ရှုံ့ရှားရှား ဖြစ်လာရသည်။

သူ့အဖြစ်ကို သတိထားမိသော သီဟမှာ တိမ်တမန်နားသို့ကပ်ကာ ခပ်တိုးတိုး သတိပေးလိုက်လေ၏။

"တိမ်တမန် သတိထားလေကွာ၊ မိုးဆောင်းခနဲ့ပတ်သက်ပြီး ခုချိန်ထိအောင် မတည်ငြိမ်နိုင်သေးပါလား၊ ဒါဆိုရင် မင်းနှလုံးသားမှာ အက်ကြောင်း ထပ်ဖြစ်လာနိုင်ဖို့ သေချာနေပြီ တိမ်တမန်၊ မင်းကိုယ်မင်း သတိထားဦးမှပေါ့"တဲ့။

သီဟ၏ သတိပေးစကားကို ကြားပေမယ့် တိမ်တမန်သူ့ကိုယ်သူ သတိမထားနိုင်တော့ပါ။

သူ မမြင်မတွေ့ရတာ ကြာပြီဖြစ်တဲ့ မိုးဆောင်းခ မျက်နှာလေးကို မြင်ရတွေ့ရပြန်တော့ သူ့နှလုံးသား ဝေဒနာသည် အဟောင်းကအသစ် ပြန်ဖြစ်ရလေ၏။





သူ့ရင်ခုန်သံများသည်လည်း သူမနှင့် တစ်ချိန်က စတွေ့ခဲ့ရသလိုမျိုး ရင်ခုန်သံတွေ တဒိတ်ဒိတ်နှင့် မြန်ဆန်လာရသည်။

"လှတာကတော့ တကယ့်ကို ရက်ရက်စက်စက် ပါရမီထူးတဲ့ အလှပါပဲ၊ ကြည့်ပါဦးဗျာ၊ ဦးတိမ်တမန် ဒီလိုအလှကတော့ ခင်ဗျားနှလုံးသားကို မလွှမ်းမိုးနိုင်ဘူးလားဆိုတာ"

ဦးမောင်မောင်လတ်စကားကြောင့် တိမ်တမန်မှာ ကိုယ့်ဝမ်းနာ ကိုယ်သာအသိဆုံးဆိုသလို မချိပြုံး ပြုံးမိသွားရသည်။

သူမအလှက သူ့နှလုံးသားကိုသာမက သူ့ဘဝ တစ်ခုလုံးကိုပါ လွှမ်းမိုးခဲ့သည် ဆိုတာကိုတော့ဖြင့် တိမ်တမန်သည် ဦးမောင်မောင်လတ်ကို မပြောဖြစ်တော့ပါ။

သီဟမှာ မိုးဆောင်းခကိုမြင်တော့ သူ့ဘက်က ဝတ္တရားမပျက် သွားရောက်ကြိုဆိုကာ သူမအတွက် နေရာစီစဉ်ပေးလိုက်သည်။

သူမနှင့် အတူပါလာသူတစ်ယောက်က တိမ်တမန်ကို ကြည့်လျက် မိုးဆောင်းခနားသို့ကပ်ကာ တစ်စုံတစ်ရာ ပြောလိုက်တော့ သူမ၏ အကြည့်စူးစူးလေးနှင့် မျက်နက်ဝန်းလှလှလေးက သူ့ထံသို့ ဖျတ်ခနဲ ရောက်ရှိလာရသည်။

နှုတ်ခမ်းအစုံကို တင်းတင်းစေ့ပိတ်လျက် သူမကို စူးစူးစိုက်စိုက်ကြည့်နေမိသော သူ့အကြည့်များနှင့် သူမသည် မျက်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



ချင်း ဆုံသွားရသည်။

ချက်ချင်းဆိုသလိုပင် သူမ၏ အကြည့်စူးစူးလေးကို သူ့ထံမှ မျက်လွှာလေးချကာ ရုပ်သိမ်းသွားလေသည်။

ထိုအချိန်မှာပင် စီးပွားရေးလုပ်ငန်းရှင်များသည်လည်း တဖြည်းဖြည်း ရောက်ရှိလာသည်မှာ အားလုံး လူစုံသလောက် ရှိသွားရသည်နှင့်အတူ ကုမ္ပဏီနှစ်ပတ်လည် ဧည့်ခံပွဲလေးမှာလည်း ပို၍ မြိုင်မြိုင်ဆိုင်ဆိုင်နှင့် စည်ကားလျက်ရှိနေရတော့သည်။

စီးပွားရေးလုပ်ငန်းရှင်ကြီးများအားလုံး လူစုံနေရသည့် ဒီပွဲလေးတွင် သီဟသည် အားလုံးကို အပြုံးနှင့် နှုတ်ဆက်လျက် လုပ်ငန်းရှင် မိတ်ဆွေအချင်းချင်းကိုလည်း သူသည် တစ်ဦးနှင့် တစ်ဦး မိတ်ဆက်ပေးလျက်ရှိနေသည်။

ထိုအထဲတွင် မိုးဆောင်းခတစ်ယောက်လည်း အပါအဝင် ဖြစ်သည်။ မိုးဆောင်းခသည် သူမကို မိတ်ဆက်ပေးလာသည့် လူများကို သူမ၏ ဆွဲဆောင်နိုင်လွန်းသည့် အပြုံးလှလှလေးနှင့် နှုတ်ဆက်ဧည့်ခံစကားပြောနေသည်ကိုကြည့်ပြီး တိမ်တမန် တစ်ယောက် ရင်ထဲတွင် ဒေါသတွေနှင့် ပေါက်ကွဲချင်နေရတော့သည်။

ကြည့်လေ…

မိုးဆောင်းခ ဒီမိန်းမလုပ်နေပုံက တိမ်တမန်ရင်ကို ဘယ်





လောက် အခံရခက်စေရသလဲဆိုတာ။

သူနှင့်ဆုံရင်ဖြင့် မျက်ဝန်းစူးစူး နှုတ်ခမ်းလေး တင်းတင်းစေ့လျက် မျက်နှာလှလှလေး တင်းမာနေတတ်သည့် သူမ၊ အခုတော့လည်း သူမ မဟုတ်သည့်အတိုင်း သူ မဟုတ်ပါသော တခြားအမျိုးသားများနှင့် စကားပြောနေသည်မှာ အပြုံးလှလှလေးနှင့် လွန်စွာ အသက်ဝင်နေပုံက တိမ်တမန် နှလုံးသားကို နာကျင်မှုများ ပိုရစေသည်။

ဒါကြောင့်လည်း တိမ်တမန် ထိုမြင်ကွင်းကို ဆက်လက်ကြည့်နိုင်စွမ်း သူ့ရင်မှာ မရှိရတော့သလို သွားများကို တင်းတင်းစေ့ကြိတ်ရင်းက မျက်နှာတည်တည်ကြီးနှင့် အကြည့်များကို လွှဲထားလိုက်လေသည်။

မိုးဆောင်းခ၏ အပြုံးမျက်နှာလှလှလေးကတော့ တိမ်တမန် မျက်ဝန်းထဲက ပျောက်ပျက်၍ မသွားခဲ့ပါ။

"တောက်"

မိုးဆောင်းခနှင့်ပတ်သက်ပြီး ရင်မှာ မနာလို မရှုဆိတ်လို့ ခေါ်ရမည်လားမသိသည့် မချင့်မရဲ တက်ခေါက်သံ ခပ်တိုးတိုးက တိမ်တမန်နှုတ်မှ ထွက်သွားရသည်။

ထိုစဉ်မှာပင် သီဟ၏မိတ်ဆက်ပေးမှုသည် သူ့ထံသို့ ရောက်ရှိလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ပန်းလေညှင်းကုမ္ပဏီရဲ့ မန်နေဂျင်းဒါရိုက်တာ ဦးတိမ်တမန်ပါ ဒေါ်မိုးဆောင်းခ"

သီဟ၏ မိတ်ဆက်ပေးစကားအဆုံး မိုးဆောင်းခ၏ လှပသော နှုတ်ခမ်းအစုံမှာ ကွေးညွတ်သွားလျက် အဓိပ္ပါယ် ဖွင့်ဆိုရန် ခက်ခဲ နက်နဲလွန်းသည့် အပြုံးလှလှလေးတစ်ချက်ကို ပြုံးလိုက်ပြီး…

"ဟုတ်ကဲ့…ကျွန်မတို့ချင်း သိနေကြပါတယ် ဦးသီဟ"

"ဟင်"

သူမ၏စကားကြောင့် တိမ်တမန်သည် ကိုယ်ကြီးဆတ်ခနဲ တွန့်သွားကာ သူမမျက်နှာကို ရူးခနဲ ကြည့်မိသွား၏။

တစ်ဆိတ်…ဒီမိန်းမတော့ သေတော့မှာပဲ။ ဒီစကားကို သူမ ဘာအဓိပ္ပါယ်နှင့် ပြောနေတာပါလိမ့်။

ဘာတဲ့…ကျွန်မတို့ချင်း သိနေကြပါတယ်တဲ့လား။

စကားသံသည် အတက်အကျ အနိမ့်အမြင့်မရှိပါဘဲ ပြောရိုးပြောစဉ် စကားတစ်ခုကို ပုံမှန်ပြောနေသည့်အတိုင်း သူနှင့် ပတ်သက်လို့ သူမရင်ထဲတွင် ဘာခံစားမှုမှ မရှိသော သွေးအေးလွန်းသည့် လူတစ်ယောက်၏ အသံမျိုးနှင့် သူမသည် ထိုစကားကို သွေးအေးစွာနှင့် ခပ်အေးအေး ပြောလိုက်ခြင်းဖြစ်သည်။

တိမ်တမန်သည် အံကို တင်းတင်းစေ့ကြိတ်ပစ်လိုက်သည်။





သည်အဖြစ်က သူ့အတွက် ဘယ်လောက်များ ဝမ်းနည်းကြေကွဲဖွယ်ကောင်းလိုက်သည်လဲ။ သူ အသက်မက ချစ်မြတ်နိုးခဲ့ပါသည့် ဒီမိန်းမသည် သူ့အပေါ် ယခုထက်တိုင် သွေးအေးစွာ ရက်စက်နိုင်သူပါလားဆိုသည့်အသိက တိမ်တမန်ရင်ကို အခုထိ နာကြည်းသွေးပျက်စရာ ခံစားစေရသည်ပဲလေ။

သူ သိပ်မြတ်နိုးခဲ့ပါသည့် သူမ၏ စွဲမက်ဖွယ် အပြုံးလှလှလေးကလည်း သူ့ရင်ကို ထိတ်လန့်ချောက်ချားစေရသည့် ကြောက်ကြောက်ဖွယ်အပြုံးဆိုတာ သူ ဘာလို့မေ့ထားခဲ့ရတာပါလိမ့်။

အတိတ်ကအရိပ်က သူ့ရင်ကို ရောင်ပြန်ဟပ်လာရတော့ တိမ်တမန် ရင်အစုံသည် ထိခိုက်နာကျင်မှုများဖြင့် ဆွတ်ကျင်သွားရသည်။

ထိုခဏမှာတော့ မရည်ရွယ်ပါဘဲ ဆုံသွားရသည့် သူတို့နှစ်ဦး၏ အကြည့်သည်လည်း အားပြိုင်စိန်ခေါ်နေသလိုမျိုး အကြည့်များ အေးစက်စိမ်းကားစွာဖြင့် နှစ်ယောက်သား ဘာစကားမှ မဆိုမိပါဘဲ တစ်ယောက်မျက်နှာကို တစ်ယောက် အချိန်တော်ကြာစွာ ရူးရူးစိုက်စိုက်လေး ကြည့်မိသွားရသည်။

မိုးဆောင်းခကို ကြည့်ပါသည့် တိမ်တမန်၏ အကြည့်ထဲတွင် သူမအပေါ် လွမ်းဆွတ်သတိရခြင်းများစွာနှင့်အတူ နာကြည်းမှုများ ရောယှက်နေပါသည့် အကြည့်များ ပါဝင်နေသလောက်



www.burmeseclassic.com

www.burmeseclassic.com



မိုးဆောင်းခ၏ အကြည့်မှာတော့ သူ့အပေါ် အောင်နိုင်သူလိုမျိုး အနိုင်ရသူတစ်ယောက်၏ အကြည့်များဖြင့် ကြည့်နေသည့် မျက်ဝန်းကို မြင်ရတော့ တိမ်တမန်ရင်ထဲတွင် မခံချင်စိတ်၊ နာကြည်းစိတ်၊ ယောကျ်ားတစ်ယောက်၏ အချစ်နှင့်မာနကို စော်ကားရက်လေခြင်းဆိုသည့် စိတ်များနှင့် လူက မခံချိမခံသာအောင် ဖြစ်သွားရသည်။

မိုးဆောင်းခံနှင့်ပတ်သက်ကာ ရင်ထဲတွင် ခံစားမှုများ ပြည့်သိပ်လာရသော တိမ်တမန်မှာ အခုချိန်တွင် သူ့ကိုရိုင်းတယ်လို့ပင် ဘယ်သူထင်ထင် သူ ဘယ်သူ့ကိုမှ ဂရုမစိုက်နိုင်တော့သည်မို့ အဆုံးစွန် သီဟကိုပင် နှုတ်မဆက်တော့ဘဲ ထိုနေရာကနေ ခြေလှမ်းကျဲကြီးများဖြင့် တိမ်တမန် ရှောင်ထွက်လာခဲ့တော့သည်။

စိတ်ထဲမှာတော့ သီဟကို နောက်မှပဲ တောင်းပန်မည်ဆိုသော အတွေးနှင့်အတူ တိမ်တမန်ခြေလှမ်းက ကားများရပ်ထားရာ နေရာဆီသို့ ဦးတည်လိုက်သည်။

အားလုံးကို နှုတ်ဆက်ကာ မိုးဆောင်းခသည် ပြန်ရန်အတွက် သူမကားလေးရှိရာ နေရာဆီသို့ လျှောက်လာခဲ့သည်။

ကားနားရောက်တော့ သူမထက်အရင် ဦးအောင်ရောက်နေသူတစ်ယောက်ကြောင့် မိုးဆောင်းခ အံ့သြသွားရ၏။

"ဟင်…ရှင်…ဒါဘာလုပ်တာလဲ"

ကားသော့ကို ဖွင့်ဆဲက တိမ်တမန်ကို တွေ့လိုက်ရတာမို့ မိုးဆောင်းခသည် အံ့သြစွာ မေးနေခိုက်မှာပင် တိမ်တမန်သည် မိုးဆောင်းခ မေးသည်ကို ဘာမှမပြောဘဲ ရှုတည်တည် မျက်နှာထားကြီးနှင့် မိုးဆောင်းခကိုယ်လေးကို ကားထဲသို့ ဆွဲသွင်းကာ သူပါ သူမကားထဲ ရောက်လာလေသည်။

"အို…ရှင်…ဒါဘာလုပ်တာလဲ၊ လွှတ် လွှတ်စမ်း"

ယခုထက်တိုင် သူမကိုယ်လေးကို ထွေးဖက်ထားဆဲ သူ့လက်ထဲမှ မိုးဆောင်းခသည် ရုန်းထွက်လိုက်၏။

"မရုန်းပါနဲ့ မိုးဆောင်းခ၊ မင်းကို ငါ မေးစရာရှိတယ်"

"အို…မေးစရာရှိရင်လည်း ပါးစပ်နဲ့မေး၊ လက်ပါစရာမလိုဘူး၊ ဖယ်…လွှတ်"

တိမ်တမန် ရင်ခွင်ထဲက မိုးဆောင်းခသည် ကဲကဲဆတ်ဆတ်ပုံစံလေးနှင့် ရုန်းထွက်ပစ်လိုက်တော့ တိမ်တမန်ရင်ဝယ် နာကျင်ခံခက်မှုတို့ဖြင့် မချင့်မရဲကြီး ဖြစ်သွားရပြီး…

"အဟွန်း…ဟွန်း…ငါဟာ မင်းအတွက် ဒီလောက်ပဲ သူစိမ်းဆန်သွားပြီလား မိုးဆောင်းခ"

"ဒါပေမယ့် ရှင်နဲ့ကျွန်မဇာတ်လမ်းက ပြီးခဲ့ပြီပဲ"

"ဘာ"

ခက်ထန်မာကျောလွန်းသော သူ့အသံကြောင့် ရှည်လျားကော့နက်သော မျက်တောင်စိပ်စိပ်တို့က ဖျတ်ခနဲ ပင့်တက်သွားပြီးမျက်







www.burmeseclassic.com

www.burmeseclassic.com



မျက်နက်ဝန်းရှူးရှူးလေးနှင့် သူ့ကို ကြည့်လာလေသည်။

သေချာတယ်…သူမ၏ ဒီအကြည့်တွေထဲမှာ နောင်တရမှု၊ ဝမ်းနည်းမှု၊ ကြေကွဲလွမ်းဆွတ် တမ်းတမှုတွေ ရှိမနေဘူးဆိုတာ။

ထိုအကြည့်တွေထက် ဆိုးဝါးသည်က သူမ စောစောက ပြောလိုက်ပါသည့်စကား။

ဇာတ်လမ်းက ပြီးခဲ့ပါပြီတဲ့လား။ တကယ်လို့ သူသာ နားကြားလွဲမှားခဲ့တာ မဟုတ်ပါရင် သူမ ပြောလိုက်သည့် စကားတွေသည် တကယ်ပဲပေါ့။

တိမ်တမန်သည် ပျက်သွားရသည့် မျက်နှာကိုလည်း ပြင်ဖို့ရာ စိတ်ကူးမရှိတော့ပါ။

သူ့ကို အရေးမလုပ်၊ ဂရုမစိုက်ဟန်လေးနှင့် မျက်နှာလှလှလေးကို ခပ်မော့မော့လေးထားကာ မထီမဲ့မြင် အသွင်လေးဖြင့် ပြောနေသော မိုးဆောင်းခကို ကားမီး အလင်းအရောင်လေးအောက်မှ သူမမျက်နှာကို ခပ်စိုက်စိုက်ကြည့်လိုက်ပြီး…

"မင်းပြောသလို ဇာတ်လမ်းက ပြီးတယ်ဆိုလည်း အဲဒီဇာတ်လမ်းဟာ မင်းဘက်က တစ်ဖက်သတ်ပြီးတဲ့ ဇာတ်လမ်းပဲ မိုးဆောင်းခ၊ ငါ့ဘက်ကတော့ မင်းနဲ့ပတ်သက်ပြီး ဘယ်တော့မှ ပြီးဆုံးမှာမဟုတ်ဘူး"

တိမ်တမန်သည် ထိုစကားကို သူ့ရင်ထဲက ဆန္ဒအတိုင်း





အမှန်ပင်ဆိုလိုက်ခြင်းဖြစ်သည်။

သူမနှင့်ပတ်သက်၍ သူ့ရင်ထဲက ဝေဒနာတွေသည် ဘယ်တော့မှ ပြီးဆုံးလိမ့်မည် မဟုတ်ဆိုတာကိုလည်း တိမ်တမန်သူ့ကိုယ်သူ သိနေရသည်။

"ရှင် ဘာပြောချင်တာလဲ ဦးတိမ်တမန်"

နွေးထွေးမှုမရှိသော သူမ၏ စကားသံက သူ့ရင်အစုံကို ထိခိုက်နာကျင်သွားစေရသည်။

ဒီမိန်းမသည် သူနှင့်ပတ်သက်လာလျှင် ဘာကြောင့်များ ဒီလောက် အေးစက် နေစိမ့်နိုင်လွန်းရသည်လဲ။

သူ့ကို သူမ တကယ်ပဲ မချစ်ခဲ့လို့လား၊ ဒါမှမဟုတ် မချစ်သည်လား။

ဟင်း…ဟင်း…ဒါလည်း မဖြစ်နိုင်ပါ။

မိုးဆောင်းခဆိုသည့် ဒီမိန်းမသည် သူ့အပေါ် ဘယ်လောက်ပဲ သွေးအေးရက်စက်စိမ်းကားလွန်းနေပါစေ၊ သူမ နှုတ်ဖျားမှနေ၍ သူ့အား မချစ်ပါဆိုသည့် စကားကိုတော့ ဘယ်အချိန်အခါမှာမှ မပြောခဲ့ပါ။

ဒါသည်ကပင် တိမ်တမန် သူမကို နားမလည်နိုင်ရခြင်းဖြစ်သည်။ ဘာအကြောင်းပြချက်မှ မပေးဘဲ လက်မထပ်နိုင်ပါဘူး ဆိုသောစကားနှင့် လမ်းခွဲခဲ့သော မိုးဆောင်းခသည် သူ့ကို မချစ်



www.burmeseclassic.com

www.burmeseclassic.com



လို့လားဆိုတော့လည်း မဟုတ်ပါ။

ချစ်နေပါရက် (သူမ သူ့ကို ချစ်သည်ကိုလည်း တိမ်တမန် သိပါ၏)နှင့် သူ့ကို လက်မထပ်နိုင်ပါဆိုသော စကားနှင့်ပင် သူမသဘော သူမဆန္ဒ၊ တစ်ဖက်သတ် သူမ၏ ဆုံးဖြတ်ချက်တွေနှင့် သူ့အား ရက်ရက်စက်စက် ကျောခိုင်းလမ်းခွဲသွားခဲ့သော မိုးဆောင်းခကို တိမ်တမန်သည် နာကြည်းမှုတွေနှင့် ချစ်နေခဲ့ဖြစ်သည်ကိုတော့ သူ့ကိုယ်သူသာ အသိဆုံးဖြစ်ပါသည်။

ချစ်လွန်း၍လည်း သူ့ရင်မှာ သူမနှင့်ပတ်သက်လာလျှင် အထိခိုက်မခံတတ်ဘဲ သူ့နှလုံးသားက ထိလွယ် ရှလွယ်ခံစားနေရခြင်း ဖြစ်သည်။

အစကတော့ဖြင့် တိမ်တမန်သည်လည်း ယောကျ်ားမာနနှင့် မခံချင်စွာ သူမအား လမ်းခွဲဖို့ ကြိုးစားခဲ့ပါသေး၏။

သူ့နှလုံးသားက ထိုအဖြစ်ကို လက်မခံနိုင်ခဲ့ပါ။

မိုးဆောင်းခဆိုသည့် ဒီမိန်းမအပေါ်တွင် နင့်သည်းစွာ ချစ်မိရသည့် သူ့အချစ်များက သူမထံက ဘယ်လိုမှ ပြန်နုတ်ယူ၍ မရတော့နိုင်အောင် သူ့အချစ်များသည် မိုးဆောင်းခအပေါ်တွင် နင့်နင့်သည်းသည်း ရှိနေခဲ့ရပြီဖြစ်သည်။

ဒါကြောင့်လည်း သူမ သူ့အပေါ် ဘယ်လောက်ပဲ စိမ်းကားရက်စက် သွေးအေးနေပါစေ တိမ်တမန်ဆိုသည့် သူကတော့





သူမအပေါ် မပြတ်သား မရက်စက်နိုင်ခဲ့ခြင်းဖြစ်သည်။

"ဒီမှာ…ဒီမှာ…ကျွန်မပြောနေတာ ကြားလား"

မှုန်ပြပြ ကားမီးအလင်းရောင်အောက်မှာ ကြည်စင်သော အလှများဖြင့် ဝင်းဝင်းပပ ဖူးညအိထွေးနေရသော မိုးဆောင်းခ မျက်နှာလှလှလေးကိုကြည့်ပြီး တိမ်တမန်သည် သူမနှင့်ပတ်သက်လို့ အတွေးလွန်သွားရသည့် သူ့အဖြစ်ကို သူ သတိထားမိသွားရသည်။

"မင်း ဘာပြောတာလဲ မိုးဆောင်းခ"

"ကျွန်မကားပေါ်က ရှင့်ကို ဆင်းလို့ပြောနေတာ"

သူမစကားကြောင့် သူ အံကြိတ်၍ နှုတ်ခမ်းအစုံကို တင်းတင်းစေ့ပိတ်ထားလိုက်သည်။

သည်နောက် သူမမျက်နှာလေးကို စေ့စေ့စိုက်ကြည့်လိုက်ပြီး…

"မင်းကို ငါပြောစရာရှိတယ် မိုးဆောင်းခ"

"ကျွန်မကတော့ ရှင်နဲ့ပတ်သက်ပြီး ဘာမှပြောစရာ စကားမရှိဘူး ဦးတိမ်တမန်"

"အဟွန်း…အဲဒါ မင်းဘက်က အပိုင်းလေ၊ ငါ့ဘက်ကတော့ မင်းနဲ့ပတ်သက်ပြီး ငါ့ရင်ထဲမှာ ပြောချင်နေတဲ့ စကား မေးချင်နေတဲ့ မေးခွန်းတွေကိုတော့ ပြောရမေးရဦးမှာပဲ"

"အို…ရှုပ်ရှုပ်ယှက်ယှက်၊ ဘာလဲ ကျွန်မ အချိန်မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးထူထူ တန်းတန်းလေးကို ကုပ်ကွေးရင်းက စိတ်မရှည်သလိုမျိုး ပြောလိုက်သည့် မိုးဆောင်းခ စကားကြောင့် တိမ်တမန် မျက်နှာချောချောကြီးထက်ဝယ် လှောင်ရိပ်များဖြင့် မချင့်မရဲကြီး ဖြစ်သွားရသည်။

"အဟွန်း…ဟွန်း…သိပါတယ်ဗျာ၊ ဒေါ်မိုးဆောင်းခ ဆိုတဲ့ ခင်ဗျားဟာ ကုမ္ပဏီ မန်နေဂျင်းတစ်ယောက်အနေနဲ့ ဘယ်လောက် အလုပ်တွေများတယ်ဆိုတာ"

လှောင်ရိပ်များဖြင့် ခနဲ့တဲ့တဲ့ တိမ်တမန် စကားကြောင့် မိုးဆောင်းခ မျက်နှာလေး ပျက်သွားရပြီး…

"ရှင် အပိုစကားတွေ ပြောမနေပါနဲ့ ဦးတိမ်တမန်၊ ခု ရှင် ကျွန်မကို ပြောချင်တဲ့စကားဆိုတာ ဘာလဲ"

"မင်း ယောကျ်ားတစ်ယောက်ကို တကယ်လက်မထပ်နိုင်ဘဲနဲ့ တွဲနေတာ ဘာသဘောလဲ မိုးဆောင်းခ၊ ပြီးတော့ မင်းရဲ့ နောက်ဆုံးရည်ရွက်ချက်ဘာလဲ"

မိုးဆောင်းခမှာ တိမ်တမန် စကားကြောင့် အံ့ဩသွားရသလို မျက်ခုံးလေး ပင့်တက်သွားရကာ သူ့အား မျက်နက်ဝန်းစူးစူးလေးနှင့် ခပ်စိုက်စိုက်လေး ကြည့်လာရင်းက…

"ရှင်ပြောချင်တာ ကျော်ဇင်ကိစ္စကိုလား"

"တော်စမ်း…မင်းအကောင်နာမည်ကို ငါ့ရှေ့မှာ မပြော





စမ်းပါနဲ့ မိုးဆောင်းခ"

တိမ်တမန်သည် မျက်နှာကြီး နီရဲကာ မိုးဆောင်းခ ပခုံးလေးကို လှုပ်ကိုင်လျက် ပြောလိုက်သည်။

ထိုအခါ…

မိုးဆောင်းခသည် မျက်နှာလေး မဲ့သွားရပြီး…

"လွှတ်…ရှင် လွှတ်စမ်း"

ပြောရင်းက မိုးဆောင်းခသည် တိမ်တမန် လက်ထဲက သူမကိုယ်လေးကို ရုန်းထွက်လိုက်သည်။

တိမ်တမန် မိုးဆောင်းခ ကိုယ်လေးကို လွှတ်မပေးပါလေ။

မိုးဆောင်းခသည် မျက်နှာလေး နီရဲသွားရကာ…

"ဒီမှာ ဦးတိမ်တမန်…ရှင့်ကို ကျွန်မ ရှင်းရှင်းပဲ ပြောလိုက်မယ်၊ ကျွန်မစိတ်နဲ့ကျွန်မကိုယ်၊ ဘယ်သူနဲ့ပဲတွဲတွဲ ရှင့်အလုပ်မဟုတ်ပါဘူး၊ ပြီးတော့ ခုချိန်မှာ ရှင်နဲ့ကျွန်မက ဘာမှမပတ်သက်တော့ဘူး၊ ရှင် ကျွန်မရဲ့လွတ်လပ်ခွင့်ကို လိုက်ပြီးဟန့်တားဖို့ မကြိုးစားပါနဲ့၊ ကြိုးစားလို့လည်း ရှင်ရမှာမဟုတ်ဘူး ဦးတိမ်တမန်"

ထင်တာထက်ပင် ပြတ်သားလွန်းနေရသည့် မိုးဆောင်းခ စကားများကြောင့် တိမ်တမန် ဒေါသများဖြင့် ပွက်ပွက်ဝေသွားရပြီး…

"အဟော…မင်းက သိပ်ပြီး အားကိုးရှိနေပြီပေါ့လေ၊



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား မိုးဆောင်းခ၊ လုပ်ကြည့်လေ၊ မင်းစိတ်နဲ့ မင်းကိုယ်ဆိုရင် လုပ်ကြည့်လိုက်ပေါ့၊ ကျုပ် ဘယ်လိုလူစားလဲဆိုတာ မင်းသိသွားစေရမယ်၊ ဒီမယ် မိုးဆောင်းခ မင်းက ကျုပ်ကို ရှင်းရှင်းပြောသလို ကျုပ်ကလည်း မင်းကို ရှင်းရှင်းပြောလိုက်မယ်၊ မင်း ကျုပ်ကို လက်မထပ်နိုင်သေးလို့ လက်မထပ်တာကို ကျုပ် ခွင့်လွှတ်တယ်၊ အေး…ဒါပေမယ့် မင်းကို ကျုပ်မဟုတ်တဲ့ တခြားယောကျ်ားတစ်ယောက်နဲ့ တွဲနေတာမျိုးကိုတော့ ကျုပ် ဘယ်နည်းနဲ့မှ ခွင့်ပြုနိုင်ဘူး၊ ခွင့်ပြုနိုင်စွမ်းလည်း ကျုပ်နှလုံးသားမှာ မရှိဘူး၊ ဒါကိုတော့ မင်း သိထားရမယ် မိုးဆောင်းခ"

"အဟင်း…ဟင်း…ရှင်က ကျွန်မကို ဒီစကား ပြောနေရအောင် ရှင့်မှာ ကျွန်မကို ဒီလိုပြောခွင့် ဘာရှိလို့လဲ ဦးတိမ်တမန်"

ခပ်လှွန့်လှွန့်အပြုံးနှင့် မခို့တရို့ မေးလိုက်သော သူမစကားက တိမ်တမန်ရင်ကို ခံရခက်စေသည့် ဒေဝနာ ပြင်းရှရှကြီး ဖြစ်သွားရသည်။

တစ်ဆက်တည်းဆိုသလို သူ၏ ယောကျ်ားမာနလည်း မခံချင်စိတ်တို့နှင့် ဖြစ်ပေါ်လာရသည်မို့ သူသည် အံကို တင်းခနဲ ကြိတ်ပစ်လိုက်ကာ…

"အဟွန်း…ကျုပ်မှာ ပြောပိုင်ခွင့် ဘာရှိလဲ မရှိလဲဆိုတာ အခု မင်းသိစေရမယ် မိုးဆောင်းခ"





"ဟင်…ရှင်"

"ဘာလုပ်"

"အို"

ရုတ်ခြည်း မိုးဆောင်းခထံမှ စကားသံလေး တိတ်ဆိတ်သွားရသည်။ လူကလည်း မှိန်းကျပ်သွားပါ၏။

"လွှတ်…လွှတ်"

"ရှင်နော်"

"လွှတ်ဆို"

"မလွှတ်နိုင်ဘူး မိုးဆောင်းခ၊ မောင့်ကို မင်း ဘာလို့ အကြောင်းမဲ့ ရက်စက်နေရတာလဲဗျာ"

မချိသည့်ရင်အစုံဖြင့် နာကျင်စွာ ပြောရင်းက တိမ်တမန်သည် မိုးဆောင်းခကိုယ်လေးကို ရင်ခွင်ဆဲ တင်းတင်းကျပ်ကျပ်ကြီး ဆွဲသွင်းဖက်လိုက်ရင်း မိုးဆောင်းခ မျက်နှာလှလှလေးကို လွှမ်းခဲ့ရသမျှ ရက်များအတွင်း အတိုးချကာ တစ်ရှိုက်မက်မက် နမ်းပစ်လိုက်သည်။

မိုးဆောင်းခမှာ သူမအားလေးနှင့် တိမ်တမန်ရင်ခွင်ထဲက ရုန်းထွက်နေပေမယ့် မရပါ။ မြဲမြံလွန်းစွာ ဖက်တွယ်ထားသော တိမ်တမန်လက်များအတွင်းက သူမ ဘယ်လိုမှ ရုန်းထွက်၍မရပါ။

"မိုးဆောင်းခရယ်၊ မင်းကို မောင် ဘယ်လောက်လွမ်းနေ



www.burmeseclassic.com

www.burmeseclassic.com



လဲဆိုတာ မင်းလေး သိရဲ့လားဗျာ"

မချင့်မရဲစကားသံကြီးနှင့်အတူ တိမ်တမန် အနမ်းများ မိုးဆောင်းခ မျက်နှာလေးထက် အချိန်ကြာမြင့်စွာ ရောက်ရှိနေရတော့သည်။

တစ်ချက်မှာတော့ တိမ်တမန်အနမ်းများသည် မိုးဆောင်းခ မျက်နှာလေးထက်မှာ ခွာလိုက်သည်နှင့်...

"ဖြန်း"

"ဟင်"

တိမ်တမန်သည် ပူခနဲဖြစ်သွားရသည့် ပါးပြင်ကို လက်နှင့် စမ်းရင်းက...

"မိုးဆောင်းခ"

"အဟင့်...ဟင့်...ဟင့်...ရှင်...ရှင်...ရှင် သွားပါတော့ ဦးတိမ်တမန်၊ ရှင် ကျွန်မကားပေါ်က သွားပါတော့"

မျက်နှာလှလှလေးပေါ် လက်နှင့်အုပ်မိုးရင်းက ငိုရှိုက်ကာ ပြောနေသော မိုးဆောင်းခကို တိမ်တမန်သည် မျက်ဝန်းညိုရှုးရှုးကြီး အစုံနှင့် အံကြိတ်ကာ စိုက်ကြည့်ရင်း...

"မိုးဆောင်းခရယ်"

တိမ်တမန်သည် မိုးဆောင်းခ ပါးပြင်ပေါ်မှ မျက်ရည်များကို ကြင်နာစွာ သုတ်ပေးလိုက်လေသည်။





"မောင် သွားတော့မယ် မိုးဆောင်းခ၊ ဒါပေမယ့် မင်းကို မောင် ပိုင်ဆိုင်ဖို့ အမြဲကြိုးစားနေမယ်ဆိုတာတော့ မင်း သိထားပါ၊ ကဲ မောင် သွားပြီ"

မိုးဆောင်းခ ပါးပြင်လေးကို တစ်ချက်ဖိကပ် ရှိုက်နမ်းကာ ကားပေါ်မှ ဆင်းသွားသော တိမ်တမန်ကို မိုးဆောင်းခသည် တစ်ချက်လေးမှပင် စောင်းငဲ့၍ မကြည့်တော့ဘဲ နှုတ်ခမ်းလေးကို ဖိကိုက်လျက် နေရာမှ ကားကို မောင်းထွက်သွားလေသည်။

တိမ်တမန်မှာ မိုးဆောင်းခ မောင်းသွားသည့် ကားလေးကို မျက်စိတစ်ဆုံး လိုက်ကြည့်ရင်းက သက်ပြင်းလေး တစ်ချက်ကိုလည်း ခပ်လေးလေး ချလိုက်မိ၏။

သူသည်လည်း ကားကို မောင်းထွက်လာရင်း သူ၏ စိတ်အစဉ်တို့သည် ချစ်သူလေးနှင့် ဆုံခဲ့သည့် အတိတ်က အချိန်များဆီသို့ ပြန်၍ အမှတ်တရနှင့် သတိရသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

တကယ်တော့ သူသည် ထိုနေ့ကသာ သူငယ်ချင်း တစ်ယောက်၏ မွေးနေ့ပွဲကို မသွားခဲ့လျှင်၊ ဒါမှမဟုတ် သူသွားသည့် အချိန်ထက်စောပြီး ထိုမွေးနေ့ပွဲကို သွားခဲ့ပါလျှင် သူသည်လည်း လှို့ဝှက်မှုများဖြင့် ထူးခြားနေသော မိုးဆောင်းခဆိုသည့် မိန်းမ တစ်ယောက်နှင့် တိမ်တမန် ဆုံဖြစ်ခဲ့လိမ့်မည်မဟုတ်ပါ။

သူ့ဘဝတစ်သက်တွင် ဒီနေ့ ဒီအချိန်ထိ တစ်ကြိမ် တစ်ခါမှ ဖြစ်ပေါ်ခံစားဖူးခြင်းမရှိသည့် အချစ်ဆိုသည့်အရာကလည်း တိမ်တမန် နှလုံးသားမှာ ပေါက်ဖွားရှင်သန်ခွင့် ရခဲ့မည်မဟုတ်ပေ။

အခုတော့ အရာရာကို လှို့ဝှက်မှုများဖြင့် သိပ်သည်းစွာ တစ်ဖက်လူကို ဆွဲငင်သည့် အပြုံးဖြင့် ပြုံးတတ်ပါသော ပွင့်ချပ် ပွင့်ဖတ်လေးများပမာ လွန်စွာလှပလွန်းတဲ့ နှုတ်ခမ်းအစုံသည် လည်းကောင်း၊ အေးစက်နက်ရှိုင်းလွန်းသည့် မျက်နက်ဝန်းလေး



www.burmeseclassic.com

www.burmeseclassic.com



သည်လည်းကောင်း တည်ငြိမ်နေခဲ့သည့် သူ့ဘဝ သူ့နှလုံးကို ပြောင်းလဲစေခဲ့ရသည်ကတော့ ထိုအရာများကို ပိုင်ဆိုင်ထားပါသော မိုးဆောင်းခဆိုသည့် မိန်းမတစ်ယောက်ပင် ဖြစ်ပေသည်။

တိမ်တမန် အမှန်တကယ်တော့ ယခုကဲ့သို့မျိုး လူများများ ရှိတတ်သည့် မွေးနေ့၊ မင်္ဂလာဆောင်ဧည့်ခံပွဲများကို သိပ်ပြီး သွားလေ့သွားထ ရှိတတ်သူမဟုတ်ပါ။

သို့သော်လည်း အခုပွဲက သူ့အနေနှင့် မသွားမဖြစ်ပါသော မွေးနေ့ပွဲလေးမို့ တိမ်တမန်သည် ရောက်လာခဲ့ခြင်းဖြစ်သည်။

လင်းလင်းဆိုတာက တိမ်တမန်နှင့် ငယ်ငယ်ကတည်းက ခင်မင်ရင်းနှီးလာခဲ့သည့် သူငယ်ချင်း။ ဒီသူငယ်ချင်း မွေးနေ့ပွဲကိုမှ သူ မလာလျှင် လင်းလင်းက သူ့ကို ကောင်းကောင်းပြောတော့မည်မို့ တိမ်တမန်သည် သူမမွေးနေ့ပွဲလေးကို မဖြစ်မနေ ရောက်အောင် လာခဲ့ခြင်းဖြစ်သည်။

ဖြစ်ချင်တော့ သူ ရောက်သည့်အချိန်ထိ မွေးနေ့ပွဲလေးမှာ လူတွေ လာမစဲရှိနေရသည်မှာ ထိုင်ဖို့နေရာပင် အခက်အခဲရှိနေရသည့်အဖြစ်။

တိမ်တမန်မှာ ထင်တာထက်ပင် ပို၍ လူတွေများနေရသော မွေးနေ့ပွဲလေးကိုကြည့်ပြီး မျက်ခုံးထူထူနှစ်ဖက်မှာ အလိုလို ပင့်တက်သွားရသည်။





တိမ်တမန်သည် သူ ရောက်သည့်အကြောင်း မွေးနေ့ရှင်ဖြစ်သည့် လင်းလင်းကို သွားနှုတ်ဆက်တော့ လင်းလင်းမှာ သူ လာသည်ကိုတွေ့ပြီး ပျော်နေရသည့်အသံဖြင့်…

"တိမ်တမန် နင် တကယ်ပဲ ငါ့မွေးနေ့ပွဲကို လာတယ်နော်၊ ဝမ်းသာလိုက်တာဟယ်၊ ငါက နင့်ကိုမလာတော့ဘူး ထင်နေတာ၊ တကယ်ပဲဟယ် နင် လာတာနဲ့တင် ငါ သိပ်ပျော်နေပြီသိလား"

မွေးနေ့ရှင်ဖြစ်တဲ့ လင်းလင်းမှာ တကယ်ပင် သူလာသည်ကို ပျော်နေရသည်မှာ သူမ မျက်နှာလှလှလေးကို ကြည့်တာနှင့်ပင် သိသာနေရ၏။

"လာ…လာ…တိမ်တမန်"

အပြုံးလှလှလေးနှင့် လင်းလင်းသည် တိမ်တမန်ကို နေရာပေးရန်ပြင်နေဆဲမှာပင်…

"မမ…ဟိုမှာ မမကို အန်တီကြီးတို့က နှုတ်ဆက်ချင်လို့တဲ့"

"ဪ…အေး…အေး၊ လာခဲ့မယ်"

"ရတယ်လေ လင်းလင်း…သွားနှုတ်ဆက်လိုက်ပါ၊ ငါ့ကို အားမနာနဲ့ ငါ့ဘာသာငါ နေရာကြည့်ပြီး ထိုင်လိုက်မယ်"

"ငါ အားနာလိုက်တာဟယ်"

လင်းလင်းမှ သူ့ကို အားနာသလိုဆိုတော့ တိမ်တမန့်



www.burmeseclassic.com

www.burmeseclassic.com



သည် သူ့အား အားမနာစေရန်…

"ရပါတယ်ဆိုက္ကာ လင်းလင်းကသည်း သွားပါ၊ ဟိုမှာ လူကြီးတွေ စောင့်နေတာ အားနာစရာ"

တိမ်တမန် ဖွင့်ပြောတော့မှ လင်းလင်းသည် သူ့အနားက မသွားချင်သွားချင် အားနာဟန်လေးနှင့် ထွက်သွားလေသည်။

လင်းလင်း ထွက်သွားတော့မှ တိမ်တမန်သည် သူထိုင်ရမည့်နေရာ ကြည့်လိုက်ပေမယ့် စားပွဲအားလုံးလိုလိုက လူပြည့်နေရသည်။

ခါတိုင်းစိတ်နှင့်ဆိုပါက တိမ်တမန်သည် မွေးနေ့ရှင်ကို နှုတ်ဆက်ပြန်သွားရုံရှိပေမယ့် ခုက ဒီလို ပြန်သွား၍ မဖြစ်သေး။

သူသာ ချက်ချင်းပြန်သွားပါက မွေးနေ့ရှင်ဖြစ်သော လင်းလင်းသည် စိတ်ကောင်းလိမ့်မည်မဟုတ်ပါ။

သည်လိုတော့ သူမကို သူ မဖြစ်စေချင်။ သူမ မွေးနေ့ကို သူလာ၍ ပျော်နေသော လင်းလင်းကို သူ့ကြောင့် စိတ်မကောင်း မဖြစ်စေချင်သည်မို့ တိမ်တမန်သည် သူမကျေနပ်အောင် မွေးနေ့ပွဲတွင် ခဏတစ်ဖြုတ်နေလိုက်မည် စိတ်ကူးကာ နေရာကြည့်ပေမယ့် မတွေ့ပါ။

သည်နေ့တော့ သူ့အတွက် ဒီမွေးနေ့သည် နေရာမရှိတော့ တွေးနေဆဲမှာပင် သူ၏ စူးရှထက်မြက်သော မျက်ဝန်းများက





ထောင့်ဘက်ခပ်ကျကျ စားပွဲတစ်လုံးဆီသို့ အကြည့်များ အမှတ်မထင် ရောက်ရှိသွားရသည်။

စားပွဲတစ်လုံးတွင် တစ်ယောက်တည်း ထိုင်နေသော အမျိုးသမီးတစ်ယောက်ကို တွေ့ရလေသည်။

တိမ်တမန်မှာ ဘာမှ သိပ်မစဉ်းစားတော့ဘဲ ထိုစားပွဲမှာပင် ခွင့်တောင်းထိုင်ရန် စိတ်ကူးနှင့် ထိုအမျိုးသမီးရှိရာ စားပွဲဆီသို့ ရောက်လာခဲ့လေသည်။

ခေါင်းလေးငုံ့ကာ အအေးပုလင်းကို ပိုက်လေးနှင့် စုပ်သောက်နေသော ထိုအမျိုးသမီးမှာ သူမအနားသို့ တိမ်တမန် ရောက်နေသည်ကို သတိပြုမိပုံမရပါ။ တိမ်တမန်မှာ သူတစ်ယောက်လုံး ရောက်နေသည်ကို မသိရအောင် အေးစက်နိုင်လွန်းသည့် အမျိုးသမီးကြောင့် သူ့စိတ်မှာ အနည်းငယ် အနေခက်အယုက်ဖြစ်သွားရသည်။

ဘာပဲပြောပြော တကယ်ဆို သူမအနား ရောက်နေသည့် သူ့ကို ဒီအမျိုးသမီးသည် တစ်ချက်လောက်တော့ ငဲ့စောင်းကြည့်သင့်ပေသည်။

အတွေးနှင့် စိတ်မှာ မချင့်မရဲကြီး ဖြစ်ရသော တိမ်တမန်မှာ နောက်ဆုံး သူမ၏ အေးစက်မှုကို သည်းမခံနိုင်တော့သလိုမျိုး သူကပဲ တိတ်ဆိတ်မှုကို စတင်ဖြိုခွဲလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ခင်ဗျား"

သူ့အသံကြောင့် အအေးပုလင်းလေးကို ခေါင်းငုံ့သောက်နေရာမှ သူမ၏ အကြည့်များက သူ့ထံကို ဖြည်းဖြည်းချင်း စောင်းငဲ့ရောက်ရှိလာသည်။

ကြည့်စမ်း…

သူမရဲ့ မျက်ဝန်းတွေက အေးစက်စက်နဲ့ ခံစားမှုမရှိသလို စိမ်းတောက်နေပုံက တစ်ဖက်လူရဲ့စိတ်ကို များစွာအနှောင့်အယှက်ဖြစ်ချင်စရာ။

သေချာသည်ကတော့ တိမ်တမန်ဘဝတွင် ဒီလိုမျိုး ခံစားမှုမဲ့နေသည့် အေးစက်စက်နှင့် စိမ်းတောက်နေသည့် မျက်ဝန်းမျိုးကို သူ ဒါ ပထမဦးဆုံးအကြိမ် မြင်တွေ့ဖူးခြင်းဆိုလျှင် မမှားပါ။

ထူးဆန်းသည်က အမြဲလို သွက်လက်စွာ ပြောဆိုတတ်သော တိမ်တမန်သည် ဒီအမျိုးသမီး၏ အကြည့်များအောက်ဝယ် ဆွံ့အသူတစ်ယောက်၊ မှင်သက်သွားသူတစ်ယောက်၊ ညှို့ချက်မိသွားသည့် လူတစ်ယောက်လို စကားတွေ ရုတ်တရက် ပျောက်ဆုံးသွားရခြင်းပင်ဖြစ်သည်။

ထိုအဖြစ်ကိုလည်း သူ့ကိုယ်သူ သတိထားမိလိုက်သည့် တိမ်တမန်မှာ အတော်လေး အားယူပြီး သူမအား မိတ်ဖွဲ့လိုသောသဘောဖြင့် နှုတ်ခမ်းလေးကို တင်းတင်းစေ့ကာ ပြုံးပြလိုက်၏။





သူမကတော့ သူ့အပြုံးကို မသိသလို၊ မမြင်မတွေ့သလိုနှင့် အကြည့်များ လွှဲသွားသည်ကတော့ တိမ်တမန်ကို အတော်ခံရခက်စေပါသည်။

သူမ၏ အပြုအမူကြောင့် ရုတ်တရက်တော့ တိမ်တမန်သည် ဘယ်လိုဖြစ်သွားသည်မသိပါ။ ထိုအပြုအမူသည် အတော့်ကို ဆိုးရွားလွန်းသည့် အပြုအမူဆိုတာ ဒီအမျိုးသမီး သိမှသိပါရဲ့လားမသိ။

တိမ်တမန် ဆိုတာကလည်း သူ့ကို စိန်ခေါ်လာသည်ထင်လျှင် ဘွားမခတ်တတ်သူမို့ သူ့ဘဝတွင် နောက်ပြန်လှည့်ရိုး ထုံးစံမရှိသည့်အတိုင်း ကိုယ့်လာရင်း ရည်ရွယ်ချက်ကိုပင် ဆက်လ‌ေ အကောင်အထည်ဖော်ရတော့မည်မို့…

"ဒီမှာ အမျိုးသမီး ခင်ဗျားအတွက် အနှောင့်အယှက်မဖြစ်ဘူးထင်ရင် ကျေးဇူးပြုပြီး ကျွန်တော် ဒီစားပွဲမှာ ထိုင်ပါ ဆ

သူ့စကားကြောင့်ထင် သူမ၏ အေးစက်စက် အကြည့်များက ဒီတစ်ခါတော့ သူ့ထံကို စေ့စေ့စူးစူး ရောက်ရှိလာပြီး…

"မိန်းမတစ်ယောက်ကို လာပတ်သက်ဖို့ဆိုတဲ့ ရည်ရွယ်ချက်မျိုးမဟုတ်ပဲ ရိုးရိုးသားသားစိတ်နဲ့ နေရာအခက်အခဲကြောင့်တကယ်ပဲ ထိုင်ခွင့်တောင်းတယ်ဆိုရင်တော့ တို့ဘက်က ခွင့်မပြုနိုင်စရာ အကြောင်းမရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



တိုးသက်ညင်သာလွန်းသည့်နှင့်အမျှ အကြည့်တွေပါ အေးစက်နေရသည်မဟုတ်။ သူမနှုတ်မှ ထွက်လာသည့် စကားလုံးတွေပါ အေးစက်လွန်းနေရပြီး သူမစကားတွေက သူ့နားမှာ အဝင်ရဆိုးသွားသောအခါ တိမ်တမန်ရင်မှာ ရှက်စိတ်၊ ခံပြင်းစိတ်များနှင့် စပ်ဖျင်းဖျင်းကြီး ဖြစ်သွားရသည်။

ကျွတ်…ဒီမိန်းမတော့ စကားကို ဒီလောက်ပဲ နားဝင်ဆိုးအောင် ပြောတတ်ရသလား။ တကယ်ဆို သူမအနေနှင့် ဒီထက် ပြေပြစ်သောစကားလုံးနှင့် ပြောဖို့ရာ စကားရှိပါရက်နှင့် ဒီမိန်းမသည် ဒီစကားမျိုးကိုများ တမင်သူ့အား ရွေးပြောနေသည်လားမသိပါ။

တိမ်တမန် အတွေးနှင့် မခံချင်ဖြစ်သွားရသည်။ ဒီမိန်းမစကားက တော်တော်လည်း ပညာသားပါသည့်စကား။

သူသာ မခံချင်စိတ်နှင့် သူမစားပွဲမှာ မထိုင်ဘဲ ထွက်သွားပြန်လျှင်လည်း သူမပြောသလို သူသည် သူမနှင့် ပတ်သက်ချင်၍ တမင်အကြောင်းရှာကာ ကိုယ်ကပဲ မရိုးသားသလိုလို ဖြစ်သွားနိုင်၏။

တဖန် ထိုင်ပြန်လျှင် သူ့ကို စကားလုံးတွေနှင့် စော်ကားထားသည့် သူမနှင့် မျက်နှာချင်းဆိုင်ရဦးမည်။

ဒါတင်လားဆိုတော့ မကသေးပါ။ သူမ၏ ခံစားမှုမရှိ





သည့် အေးစက်စိမ်းတောက်နေသော မျက်ဝန်းများကိုလည်း သူ တွေ့ရဦးမည်ဖြစ်သည်။

ဘယ်လိုပဲဖြစ်နေပါစေ။ တိမ်တမန်အတွက် ခုအခြေအနေက ဒီနေရာကလွဲလို့ သူ့အတွက် တခြားထိုင်ဖို့ဆိုတာ နေရာက မရှိတာမို့ တိမ်တမန်သည် အောင့်သီးအောင့်သက်နှင့်ပင် သူမနှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်လိုက်မိသည်။

ထိုင်းရင်းနှင့်လည်း တိမ်တမန် သူ့စိတ်မှာ မကျေမနပ်ဖြစ်နေရ၏။ တကယ်ဆို သူမ သူ့ကို ထိုသို့ပြောရလောက်အောင်လည်း သူမစိတ်မှာ သံသယဖြစ်စရာ အပြုအမူမျိုး သူ ဘာတစ်ခုမှ မလုပ်ခဲ့ပါ။

ယုတ်စွအဆုံး သူမကို သူ့အကြည့်နှင့်ပင် မရိုခဲ့။ သူ့အ[illegible] က ပုံမှန်အတိုင်း ရိုးသားစွာ အေးအေးဆေးဆေး ခွင့်တောင်း[illegible] ရက်နှင့် သူမဘက်က ဒီလိုတုံ့ပြန်လိုက်သည်ကတော့ [illegible] သူမ လွန်လွန်းနေရပြီဖြစ်သည်။

တိမ်တမန်မှာလည်း သူ့ဘဝတစ်သက်တာတွင် [illegible] တစ်ယောက်၏ စကားနဲ့ပင် စော်ကားခြင်းကို တင်[illegible] သည်မို့ လူက တွေးလိုက်တိုင်း မကျေမနပ် ဖြစ်[illegible] ထူကြီးနှစ်ဖက်ကလည်း အလိုလို မြင့်တက်လာ[illegible] မကျေမှုများဖြင့် သူ့ရှေ့က အမျိုးသ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ထင်မှတ်ဘဲ ရှော့ခနဲ ကြည့်မိလိုက်သည်ဆိုရင်ပဲ သူ့ရင်တစ်ခုလုံး အရှိန်ပြင်းသည့် အရာတစ်ခုနှင့် ဝင်တိုက်ခံလိုက်ရသကဲ့သို့ ရင်တစ်ခုလုံး တုန်ခါအေးစက်သွားရသည်။

တော်တော်လှသည့် အမျိုးသမီးပါလား။

သူမကို အဝေးကကြည့်တုန်းကတော့ဖြင့် သာမန်အလှနှင့် အမျိုးသမီးလို့ ထင်ထားပေမယ့် အခုလို နီးနီးကပ်ကပ် တွေ့ရသည့် သူမအလှကို မြင်ရချိန်မှာတော့ ထိုအေးစက်ပါသည်ဆိုသော မျက်ဝန်းများကို ပိုင်ဆိုင်ထားသော သူမသည် သူ မတွေ့ဖူးသည့် အလှပိုင်ရှင် ဖြစ်နေရရုံမက သူမ၏ အလှများသည် မြင်ရသူ့ရင်ကို သိမ်းကျုံးဆွဲငင်သွားနိုင်သည့် အလှမျိုး။

သူမပုံစံကတော့ဖြင့် သူမအလှတွေနှင့် မလိုက်ဖက်အောင် အေးစက်နေရပုံကတော့ လောကကြီးထဲတွင် သူမ တစ်ယောက်တည်း ရှိနေသလို ခံယူထားသည်လားမသိပါ။

တကယ်ကိုပါပဲ…

တိမ်တမန်မှာ ထိုအမျိုးသမီးကိုကြည့်ပြီး စိတ်ဝယ် တစ်ခုခုမှားယွင်းနေသည်လို့ထင်ကာ နှမြောတသနှင့် ဒီလိုမျိုးအဖြစ်သည် သာမန်အချိန်မှာဆိုရင်တော့ သူမ၏ ကြီးကျယ်မှုကို သူသည် နည်းနည်းလေးမှ ဂရုစိုက်မှာ မဟုတ်ပေမယ့် အခုတော့ သူ့စိတ်အာရုံအတွေးတို့သည် သူမထံတွင် တစ်ရစ်ဝဲဝဲ ရောက်ရှိနေရသည့်





အဖြစ်က သူ့ကိုယ်သူလည်း အံ့သြစေရသည်။

ထို့ထက်ပို၍ အံ့သြစရာကောင်းသည်က သူမသည် သူ့ရှေ့တည့်တည့်တွင် သူမနှင့်ရွယ်တူ အမျိုးသားတစ်ယောက် သူမအား မျက်ဝန်းညိုများနှင့် ငေးစိုက်ကြည့်နေပါလားဆိုတာကို တစ်ချက်ကလေးမှ အရေးစိုက်မပြဘဲ သွေးအေးစွာ ဥပေက္ခာပြုနိုင်လွန်းစွာ သူ့အား မသိဟန်ပြုလျစ်လျူရှုထားပုံကတော့ တိမ်တမန်အတွက် ဘယ်လောက်များ မခံချင်စရာ ကောင်းလိုက်သည်လဲဆိုတာ…

ဒါကိုပင် တိမ်တမန်သည်လည်း မခံချင်စိတ်နှင့် သည်းမခံနိုင်သည်မို့ သူမ၏ အာရုံများနှင့် အေးစက်စိမ်းတောက်လွန်းသည့် သူ မကြိုက်ပါသည့် သူမ၏ ထိုမျက်ဝန်းအစုံ သူ့ဆီ ရောက်လာစေရန်ကို တိမ်တမန်သည် ခပ်ညစ်ညစ်နှင့် ကြံစည်လိုက်သည်။

"တကယ်လို့ ကျွန်တော်သာ ဒီစားပွဲမှာ မထိုင်ဘဲ ခင်ဗျားစကားကြောင့် လှည့်ထွက်သွားခဲ့ရင် တကယ်ပဲ ကျွန်တော်ဟာ ခင်ဗျားပြောသလို ခင်ဗျားနဲ့ ပတ်သက်ဖို့ ကြံစားတဲ့ လူတစ်ယောက်ဖြစ်သွားမှာပေါ့နော်"

တိုင်ဘမန်စကားကြောင့်ထင်၊ သူ တွေ့မြင်ချင်သည့် သူ မကြိုက်ပါသော သူမ၏ အေးစက်စက်အကြည့်တို့က သူ့ထံ ရှော့ခနဲ ရောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်နောက် သူ့အား မျက်ဝန်းစူးစူးလေးနဲ့တစ်ချက် စိုက်ကြည့်လိုက်ပြီး...

"ဒါကတော့ ရှင့်စိတ်ကို ရှင်အသိဆုံး ဖြစ်မှာပေါ့၊ လူတစ်ယောက်ဟာ သူများကို လိမ်ညာလို့ ရချင်ရပေမယ့် ကိုယ့်ကို ကိုယ်တော့ လိမ်ညာလို့ မရပါဘူး"

သူမစကားကြောင့် တိမ်တမန်မှာ တစ်ချက် ပြုံးသွားရပြီး...

"အဟွန်း...အဲဒီစကားကိုတော့ ကျုပ် လက်ခံတယ်၊ ဟုတ်တယ်၊ လူတစ်ယောက်ဟာ သူများကို လိမ်ညာလို့ရချင်ရပေမယ့် ကိုယ့်ကိုကိုယ် လိမ်ညာလို့ မရပါဘူး၊ ဒါတကယ်ပဲ ဘာပြုလို့လည်းဆိုတော့ ကျုပ်ရဲ့ ရိုးသားမှုကို ကျုပ် သိနေလို့ပဲ"

"ရိုးသားမှုဟုတ်လား...နေပါဦး၊ အဲဒီ ရှင့်ရဲ့ ရိုးသားမှုဆိုတာကြီးကို ရှင် ဘာနဲ့တိုင်းပြလို့ရမလဲ"

ကဲ...ဘယ်လောက်များ ဥတိးဥကျနိုင်လွန်းတဲ့ အမျိုးသမီးလဲဆိုတာ...

သူကပဲ သူမကို ဟန်ဆောင်ရိုးသားပြနေသလိုလို၊ သူမစိတ်ဓာတ်ကို တိမ်တမန် အခုချိန်ထိ အကဲခတ်လို့ မရနိုင်အောင်ရှိနေရသည်။

"ရိုးသားမှုဆိုတာ တမင်တကာ ပေတံနဲ့ တိုင်းပြနေစရာ





မလိုဘူးလို့ ကျုပ် ထင်တယ်၊ လူတစ်ယောက်ကိုကြည့်တဲ့ ခင်ဗျားရဲ့ မျက်လုံးတွေက သံသယတွေနဲ့ စိမ်းတောက်လွန်းမနေဘူးလား"

"ဘာလဲ...ရှင်က ကျွန်မကို ဝေဖန်နေတာလား"

"ခင်ဗျားရဲ့ အားနည်းချက်လေးတွေကို စေတနာနဲ့ ထောက်ပြတယ်လို့ပဲ သဘောထားပေးပါ"

"စေတနာ...ဘာစေတနာလဲ၊ ကျွန်မ ဘယ်သူ့ဆီက စေတနာကိုမှ မလိုချင်ဘူး၊ အဲဒီ စေတနာဆိုတဲ့နောက်မှာ အခွင့်အရေးဆိုတာတွေက ပါလာတော့မယ်၊ အဲဒီလို စေတနာ စကားပြောတတ်တဲ့ လူတွေကို ကျွန်မ အကြောက်ဆုံးပဲ"

သည်မိန်းမ စကားကို ဒီထက် အဆင်ပြေပြေပြောဖို့ စိတ်ကူးမရှိသည်ကို သိလိုက်တော့ တိမ်တမန်သည် နှုတ်ဆိတ်သွားရသည်။

ရှေ့ဆက်ပြောနေလို့လည်း သူမသည် သူ့စကားကို အကောင်းမြင်ပေးလိမ့်မည် မဟုတ်ပါ။

ဒါသည်ကပင် သူမ၏ အတ္တဆန်မှုလို့ ခေါ်မလား တဇွတ်ထိုးစိတ်နဲ့ တယူသန်ဆန်လွန်းသည်လို့ ပြောရမလား သူမသိတော့ပါ။

သေချာသည်ကတော့ သူမ၏ ခံယူချက်နှင့် စိတ်ဓာတ်ကို တိမ်တမန် လက်မခံနိုင်ခြင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နှယ် သူမ ပြောပုံက စေတနာနှင့် ကူညီနေသူတွေ ဘယ် အခွင့်အရေးသမား၊ ဒီယုန်မြင်လို့ ဒီချုံထွင်နေသူတွေလိုလို လူအားလုံးကို ပြောသည်မဟုတ်ပေမယ့် ထိုထဲတွင်တော့ သူ မပါသည်ကတော့ အမှန်။

တိမ်တမန်သည် သူမကိုတော့ဖြင့် ဘာမှပြောမနေတော့ပါ။ တယူသန်စိတ်နှင့် အစွဲကြီးလွန်းနေရသည့် သူမတွင်လည်း ဘယ်လို စိတ်ဒဏ်ရာများ ရခဲ့သည်ဆိုတာ သူ မသိ။

သူမလို မိန်းကလေးသည် အလကား အကြောင်းမရှိဘဲနဲ့တော့ ထိုစကားမျိုး ပြောလိမ့်မည်မဟုတ်ဆိုတာကိုလည်း သူ့စိတ်မှာ အလိုလိုသိနေရလေသည်။

"ကောင်းပြီလေ ခင်ဗျားကို ဝေဖန်သလို ဖြစ်သွားတဲ့ ကျုပ်စကားတွေအတွက် ကျုပ် တောင်းပန်ပါတယ်၊ ဒီညအဖို့ ခင်ဗျားစိတ်မှာ ကျုပ်နဲ့တွေ့ရတာ ကံဆိုးတယ်လို့များ စိတ်မှာ မှတ်နေမလားဘဲ"

သူ့စကားကို သူမသည် ဘာမှပြန်မပြောပါ။ ထို့အတူ အကြည့်များလည်း သူ့ဆီ ရောက်ရှိမလာတော့ဘဲ သူမသည် အနားတွင် သူ့ကို ရှိသည်လို့ပင် မအောက်မေ့သောအခါ တိမ်တမန် သူမအပြုအမူများအတွက် ခံပြင်းရပြန်လေ၏။

ပြောရမည်ဆိုလျှင် တိမ်တမန်အတွက် သူမ၏ အပြုအမူ





ပုံစံနှင့် စိတ်ဓာတ်အတွေးအခေါ်များသည် ထူးခြားဆန်းကျယ်နေရ သည်က အမှန်ဖြစ်သည်။

သူမကို နားလည်ရခက်သူလို့ ပြောရမလား၊ မာနကြီးသည် လို့ ပြောရမလား၊ ဒါမှမဟုတ် သီးသန့်ဆန်လွန်းသည်လို့ပင် မပြော တော့မည်လားမသိပါ။

တိမ်တမန်အတွက်ကတော့ သူမသည် အတွေးရ အခက်ဆုံး ရှင်ကို ခက်သော မိန်းကလေးပင်ဖြစ်သည်။

သူမ၏ ထိုထူးခြားမှုများကပင် တိမ်တမန်စိတ်ကိုပို၍ ဆန်းကြယ်မှုများ ဖြစ်စေရသည်ပဲ။

တိမ်တမန်မှာ ဘာရယ်မဟုတ် သူမအကြောင်းကို တွေးမိ နေဆဲမှာပင် ရုတ်ခြည်း သူမမျက်နှာလေးက သူ့ဘက်ကို လှည့်လာ ပြီး…

"ဒီမှာ"

သူမ၏ ခေါ်သံအေးစက်စက်လေးသည် သူ့အတွက် ခဏ ချင်းမှာပင် မထူးဆန်းတော့သလို ဖြစ်သွားရသည်။ သူ့အကြည့်များ သူမထံကို ရောက်ရှိသွားတော့ နှုတ်ခမ်းလွှာများကို အနည်းငယ် တွန့်လျက် ပြုံးသည်ဆိုရုံလေး ကွေးညွှတ်ထားပြီး အေးစက်နေတဲ့ မျက်နှာ ကာ နားလည်ရခက်လွန်းသည့် မျက်ဝန်းများဖြင့် တည့်တည့်ကြည့်နေသော အကြည့်များဖြင့် ဆုံသွားရတော့ တိမ်တမန် ရင်ခုန်သံများသည်



www.burmeseclassic.com

www.burmeseclassic.com



တဒိန်းဒိန်းနှင့် ခေါင့်ခုန်မြန်ဆန်သွားရသည်။

ရုတ်တရက်မှာတော့ သူတို့နှစ်ဦးလုံး အကြည့်များမလွှဲမိ ဘူး။ သူတို့နှစ်ဦး၏ အကြည့်များသည် တစ်ယောက်ကိုတစ်ယောက် သည်ထောက်ကြည့်နေသလိုမျိုး ရှိနေရာမှ တိမ်တမန်သည် သက်ပြင်း …ဘ်ကို ချလိုက်ပြီး…

"ကျုပ်ကိုခေါ်တာ ခင်ဗျား ပြောစရာရှိလို့လား"

ထိုအခါ သူမသည် ပခုံးတစ်ချက် တွန့်လိုက်ပြီး…

"ဆိုပါတော့··ရှင့်ကိုဆိုတာထက် ရှင့်စကားတွေကို ကျွန်မ စိတ်ဝင်စားလို့ပဲ"

"ဗျာ"

ဒါ တိမ်တမန်ရှေ့က သူမ ပြောလိုက်တဲ့ စကားတွေမှ ဟုတ်ပါရဲ့လားဟု သူ မယုံနိုင်အောင် ဖြစ်သွားရသည်။

သူမပုံစံသည် စောစောတုန်းကတော့ဖြင့် သူ့ကိုစကား မပြောချင်သည့်ပုံ၊ အရေးမထား ဂရုမစိုက်သည့်ပုံနှင့် ခုကျတော့ လည်း သူမကပင် သူ့ကို စကားတွေ စပြောနေသည့်အဖြစ်။

တိမ်တမန်မှာ သူမကိုကြည့်ကာ နားလည်ရခက်နေဆဲမှာ ပင်…

"ဘာလဲ၊ ရှင့်ကြည့်ရတာ ကျွန်မ ရှင့်ကို အခုလို စကား ပြောတဲ့အတွက် အံ့ဩနေပုံရတယ်၊ ကျွန်မထင်တာ မမှားဘူးဆိုရင်





ပေါ့လေ"

"အဟွန်း…ဟွန်း…ကျုပ် အမှန်အတိုင်း ဝန်ခံရရင်တော့ အံ့ဩမိတာအမှန်ပဲ၊ ဒါပေမယ့် လူ့စိတ်ဆိုတာကလည်း နားလည် ရခက်တဲ့ အမျိုးပဲလေ၊ ခင်ဗျား စောစောက ကျုပ်ကို စကားမပြော ချင်ပေမယ့် အခု ပြောချင်လည်း ပြောချင်လာမှာပေါ့"

"အင်း…ရှင် ပြောတာလည်း မမှားပါဘူး၊ ကျွန်မ ရှင့်ကို စောစောကထိ စကားမပြောချင်သေးတာတော့ အမှန်ပဲ၊ ဒါပေမယ့် အခုတော့ ရှင်နဲ့ စကားပြောကြည့်ချင်စိတ်ပေါက်လာလို့ ရှင့်ကို ခေါ်လိုက်တာ"

သူမစကားအဆုံးမှာ တိမ်တမန်ချက်နှာ ချောချောကြီး သည် တည်သွားရလျက် မျက်ခုံးထူထူကြီးနှစ်ဖက်မှာလည်း တွန့် ကြုတ်သွားရသည်။

သည်မိန်းမဟာ သူ့ကို သူမ လိုအပ်တဲ့အချိန်မှာ စကားပြောဖော်အဖြစ် အသုံးချလိုက်တာပါလား။ ဒါက ယောကျ်ား တစ်ယောက်ရဲ့မာနကို ထိခိုက်စေရပါလားဆိုသည့်အတွေးနှင့် ခံချင် ဖြစ်သွားရပေမယ့်လည်း သူ့ကို စိုက်ကြည့်နေပါသည့် သူမ၏ အေးစက်စက်နှင့် နက်ရှိုင်းလှပ်းသော မျက်ဝန်းအောက်မှာ တိမ်တမန်၏ အတွေးတို့က အလိုလိုပျက်ပြယ်လျက် သွားရတော့သည်။

ထူးဆန်းလိုက်တာ…



www.burmeseclassic.com

www.burmeseclassic.com



တိမ်တမန်ဆိုတဲ့ သူ့ဘဝမှာ မိန်းမချော မိန်းမလှလေးပေါင်းများစွာနှင့် တွေ့ဖူးခဲ့ပေမယ့် သူမနှင့် အခုလို တွေ့ရသလိုမျိုးတော့ စိတ်လှုပ်ရှားခြင်းမရှိခဲ့ပါ။

ယခုတော့ နွေးထွေးမှုများ ကင်းမဲ့နေသည့်မျက်နှာနှင့် လူတစ်ယောက်ကို အေးစက်စိမ်းတောက်စွာ ကြည့်တတ်သောအကြည့်များနှင့် ဒီမိန်းမကျမှ တိမ်တမန်စိတ်တွေ ထိန်းမရအောင် လှုပ်ရှားရသည့်အဖြစ်ကလည်း အံ့သြစရာတော့ကောင်းပါသည်။

"ရှင် ကြည့်ရတာ ကျွန်မနဲ့ စကားပြောရမှာကို စိတ်ဝင်စားပုံတော့ ရပါတယ်"

သူ့စိတ်ကို ထိုးမြင်နိုင်လွန်းသည့် သူမကြောင့် တိမ်တမန် မျက်နှာကြီး ရဲခနဲဖြစ်သွားရသည်။

"ခင်ဗျားစကားကို ဒီထက် အဆင်ပြေပြေလေးပြောရင် ပိုကောင်းလိမ့်မယ်လို့" တိမ်တမန် ပြောလိုက်ချင်ပေမယ့် သူ မပြောဖြစ်နိုင်အောင် သူမ၏ အေးစက်စက် မျက်ဝန်းနှင့် အကြည့်များအောက်မှာ သူ ကျုံ့နေရသည့် အဖြစ်ကလည်း တကယ့်ကို မယုံချင်စရာ။

"နှစ်ယောက်တည်းရှိတဲ့စားပွဲမှာ ခင်ဗျားခေါင်းထဲ ဒီလိုအတွေးမျိုး ဝင်လာတာ မဆိုးဘူးလို့ဘဲ ပြောရမယ်"

ငြင်းဆန်ခြင်းကလည်းမဟုတ်၊ ကန့်ကွက်ခြင်းလည်း





မဟုတ်သည့် သူ့စကားကြောင့် ချယ်ရီဖျော့ဖျော့ရောင် ဆိုးထားသည့်သူမ၏ နှုတ်ခမ်းထူထူတစ်စုံက လှပစွာ ကွေးညွတ်သွားရသည်။

ထိုအခိုက်မှာပင် တိမ်တမန်သည် သူ့ကိုယ်သူ သိလိုက်သည်က သူသည် ဒီမိန်းမတစ်ယောက်ကို ရင်ခုန်ခြင်းများစွာနှင့် တစ်ဘဝလုံးအတွက် အရှုံးပေးရတော့မည်ဆိုတာပင်။

သည့်အဖြစ်ကို တိမ်တမန်သည် သူ့ကိုယ်သူလည်း ဘယ်သောအခါမှ နောင်တရလိမ့်မည် မဟုတ်ဆိုတာတော့ သူ သိနေရ၏။

"ကျွန်မတို့နှစ်ယောက် စကားမပြောခင် တစ်ယောက်နဲ့တစ်ယောက်တော့ စည်းတစ်ခု ထားရလိမ့်မယ်နော်၊ ဘယ်လိုလဲ ရှင်သသောတွရဲ့လား သဘောမတူဘူးဆိုလည်းရတယ်၊ ပြဿနာမရှိဘူး၊ ရှင် ဒီက ထပြန်လို့ရတယ်"

သူမစကားက သူ၏ ယောကျ်ားမာနကို နှိုးဆွသလိုဖြစ်သွားရသည်။ ဒီမိန်းမဟာ ဘာကြောင့်များ ယောကျ်ားတစ်ယောက်ရဲ့မာနကို အကြိမ်ကြိမ် စော်ကားချင်နေရသည် မသိပါ။ သူမသည် သူ့ကို ဘယ်လိုယောကျ်ားလည်းဆိုတာ ခုထက်ထိနားလည်သေးပုံမရဘူး ထင်ပါရဲ့။

"ဘယ်လိုလဲ…ကျွန်မပြောတာကို ရှင် လက်ခံရဲ့လား"

"ကိစ္စတစ်ခုကို ကျုပ်က လွယ်လွယ်နဲ့ အရှုံးပေးတတ်သူ



www.burmeseclassic.com

www.burmeseclassic.com



လှလို့ ခင်ဗျား ထင်နေသလား"

"အဟင်း…ကြိုက်ပြီ၊ ရှင့်ရဲ့ ဒီလိုစိတ်မာတာကိုတော့ ကျွန်မ တကယ်ကြိုက်သွားပြီ၊ ကျွန်မတို့နှစ်ယောက်ကြားမှာထားရမယ့် စည်းဆိုတာက တခြားတော့ မဟုတ်ပါဘူး၊ ရှင်နဲ့ ကျွန်မ ဒီနေ့ ဒီအချိန် စကားပြောပြီးတဲ့ နောက်ပိုင်း နောက် လမ်းမှာမတော်လို့ ကျွန်မတို့နှစ်ယောက် ပြန်တွေ့ခဲ့ရင်တောင် ရှင့်အနေနဲ့ ကျွန်မကို ခေါ်ခွင့်မရှိဘူး၊ စကားပြောခွင့်မရှိဘူး၊ တစ်ယောက်နဲ့တစ်ယောက် မသိသလို နေပေးရမယ်၊ ဘယ့်နှင့်လဲ ရှင် ကျွန်မ စကားကို သဘောတူတယ်မဟုတ်လား"

သူမ ဘာကိုရည်ရွယ်ကာ ပြောနေမှန်း တိမ်တမန်နားလည်လိုက်တော့ ရင်ထဲ မခံချင်ဖြစ်သွားရသည်။

ကြည့်ရတာ ဒီမိန်းမ သူ့ကို တော်တော် အထင်သေးလျှော့တွက်ထားပုံရသည်။ အခွင့်အရေးပေးတိုင်း ယူတတ်သည့် ခပ်ညံ့ညံ့ယောကျ်ားထဲတွင် သူ မပါဆိုတာ သူမကို သိစေချင်၏။

ထို့ကြောင့်လည်း သူမမျက်နှာလှလှလေးကို စူးခနဲစိုက်ကြည့်လိုက်ပြီး…

"မိန်းမတစ်ယောက်နဲ့ ခဏတဖြုတ် သိခဲ့တာကို အခွင့်ကောင်းယူပြီး အဲဒီမိန်းမနား ချဉ်းကပ်ဖို့ ကြိုးစားတဲ့ ခပ်ညံ့ညံ့ယောကျ်ားထဲမှာ ကျုပ် မပါဘူးဆိုတာကိုတော့ အမိသိစေချင်





တယ်"

စူးရဲလွန်းသည့်အကြည့်၊ ပြတ်သားစွာ ပြောနေသော တိမ်တမန့် စကားများကြောင့် သူမ ရုတ်တရက် နှုတ်ဆိတ်သွားရသည်။ သူ့ကို မျက်နက်ဝန်းလေးနှင့် ခပ်စူးစူးကြည့်လာ၏။

သူမရဲ့ အကြည့်တွေသာ သာမန်ထက် အေးစက်မနေပါက ဘယ်လောက် ကောင်းလိုက်မလဲ။

ဆွဲအားတစ်မျိုးနဲ့ ညို့ငင်နိုင်လွန်းတဲ့ သူမ မျက်လုံးတွေဟာ လှပတဲ့ မျက်နှာလေးနဲ့လိုက်အောင် နွေးထွေးလိုက်ရင် ဘယ်လောက်များ ရင်ခုန်ဖွယ်ကောင်းမည်လဲ။

အခုတော့ သူမရဲ့ အေးစက်စက်မျက်လုံးတွေက တစ်ဖက်သားကို အခံရခက်စရာ။

သူမ၏ ထိုအေးစက်စက် မျက်ဝန်းတွေကပင် သူ့ နှလုံးသားကို ထူးခြားမှုတွေ ပေးနေရသည်ကလည်း အံ့သြစရာပင်ဖြစ်သည်။

တိမ်တမန်မှာ သူမ၏ အေးစက်စက်မျက်ဝန်းများကို ကြည့်ပြီး စိတ်တွေ လှုပ်ရှားနေရသည့်လောက် မိုးဆောင်းခကတော့ သူနှင့် ဆန့်ကျင်ဘက်၊ နှုတ်ခမ်းထောင့်လေးကို ကွေးတက်သွားအောင် တစ်ချက်ပြုံးလိုက်ရင်း…

"အဟင်း…ရှင့်ကို ကျွန်မ စကားပြောဖို့ စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



သွားတာ ရှင့်ရဲ့ တခြားယောကျ်ားတွေနဲ့ မတူတဲ့ ဒီလိုပွင့်လင်းတဲ့ အပြောကြောင့်လည်းပါတယ်၊ ကောင်းပြီလေ ဘာပဲပြောပြော ကျွန်မ စကားကို ရှင်လက်ခံပြီဆိုတော့ ကျွန်မနဲ့ ရှင် စကားပြောလို့ရပြီပေါ့"

သူမအပြောကြောင့် တိမ်တမန် ရယ်ချင်သွားရသည်။ ကြည့်စမ်းပါဦး ဒီလိုဆိုတော့လည်း သူမပုံစံက ဘာဟန်ဆောင်မှုမှမရှိတဲ့ ကလေးတစ်ယောက်ရဲ့ ရိုးသားဖြူစင်တဲ့ ပုံစံပါလား။

သည်မိန်းမမှာ ဒီလို အမြဲတမ်း ရိုးသားဖြူစင်ကာ ဟန်ဆောင်မှုမရှိတဲ့ပုံစံနဲ့ဆို ဘယ်လောက်ကောင်းမည်လဲ။

ခုတော့ သူမြင်တွေ့ရသည့် သူမတွင် သူ နားမလည်နိုင်သည့် ဟန်ဆောင်လျှို့ဝှက်နက်နဲလွန်းသည့် အရာတစ်ခု သူမကို ဖုံးလွှမ်းထားသလို တိမ်တမန်အတွက်တော့ သူမသည် နားလည်ရခက်ခြင်းတွေနှင့် ထူးခြားဆန်းကြယ်နေတာကတော့ အမှန်ဖြစ်သည်။

"ကျုပ်အတွက်တော့ ခင်ဗျားဟာ လျှို့ဝှက်မှုတွေ ဆန်းကြယ်မှုတွေနဲ့ ထူးခြားနေတဲ့ အမျိုးသမီးတစ်ယောက်ပဲ"

သူမမှာ သူ့စကားကြောင့် လွတ်လပ်ပေါ့ပါးစွာ ရယ်လိုက်သည်။

"အဟင်း…ဟင်း…ကဲ ပြောစမ်းပါဦး၊ ကျွန်မက ရှင့်အတွက် ဘာတွေများ ထူးခြားဆန်းကြယ်နေသလဲဆိုတာ"





"အင်း…ပြောရရင်တော့ ခင်ဗျားရဲ့ သူများနဲ့ မတူတဲ့ ထူးခြားတဲ့ အေးစက်စက်မျက်လုံးတွေက စပြောရလိမ့်မယ်"

"ဒါဘာထူးဆန်းလဲ၊ ဘာလဲ ရှင့်အတွက်တော့ ကျွန်မရဲ့ မျက်လုံးတွေ သိပ်ကို ထူးခြားနေလို့လား"

"အဟွန်း…မညာတမ်း ဝန်းခံရရင်တော့ ဟုတ်တယ်လို့ပဲ ပြောရမယ်၊ ပြောရရင် ကျွန်တော့တစ်သက်မှာ ခင်ဗျားမျက်လုံးတွေလို အေးစက်တဲ့မျက်ဝန်းမျိုး မမြင်တွေ့ဖူးခဲ့တာတော့ အမှန်ပဲ"

"ဒါကတော့ရှင် မျက်လုံးဆိုတာ စိတ်ရဲ့ ပြတင်းပေါက်တဲ၊ ကျွန်မရဲ့ မျက်လုံးတွေ ဒီလို အေးစက်နေရတာ စိတ်ရဲ့ ခံစားမှုနဲ့လည်း ဆိုင်ပါလိမ့်မယ်"

"ခင်ဗျား ဆိုလိုတာက"

"ဆောရီးရှင်၊ ကျွန်မကလည်း ရှင့်ကို ဘာတွေပြောမိတယ် မသိပါဘူး၊ ကဲ ကဲ ရှင့်အတွက် စားစရာတွေရောက်လ စားလိုက်ပါဦး"

သူမသည် စကားလမ်းကြောင်း သိသိသာသာ ပြောင်းလိုက်တာမို့ တိမ်တမန် သူမကို နောက်ထပ်ဘာမှ မပြောဖြစ်တော့ပါ။

သူမ ပြောသလိုပင် သူ့ရှေ့ရောက်လာသည့် စားစရာများကို စားနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကြည့်ရတာ ဒီလိုပွဲမျိုးကို သိပ်လာလေ့လာထ မရှိဘူးနဲ့ တူတယ်နော်"

သူမစကားကြောင့် တိမ်တာမန်၏ အကြည့်များက သူမထံ ရှေးခနဲ ရောက်ရှိသွားသည်။

ကြည့်စမ်း...ဒီမိန်းမဟာ လူတစ်ယောက်ကို အချိန်တိုတိုလေးနဲ့ အကဲခတ်နိုင်လွန်းတဲ့ အမျိုးသမီးပါလား။

သူ ဒီလိုပွဲမျိုးကို သိပ်ပြီး လာလေ့လာထမရှိဘူးဆိုတာ သူ့ကိုကြည့်တာနှင့် အကဲခတ်သိနေသည့်အဖြစ်၊ ကဲ ဘယ်လောက်များ ထူးဆန်းဖို့ကောင်းနေသည်လဲ။

"ခင်ဗျားက လူကဲခတ်တော်သားပဲ၊ ဟုတ်တယ် ဖြစ်နိုင်ရင် ကျုပ် ဒီလိုပွဲမျိုးကို သိပ်ပြီး သွားလာတာမရှိဘူး၊ ဒါပေမယ့် ခုပွဲကတော့ အခင်ဆုံးသူငယ်ချင်းတစ်ယောက်ရဲ့ပွဲမို့ ကျုပ်အနေနဲ့ မလာမဖြစ် လာရတယ်ဆိုပါတော့"

"အဟင်း...ထင်ပါတယ်နော်၊ ရှင့်ကြည့်ရတာ ဒီလိုပွဲမျိုးကို အမြဲသွားလေ့ရှိတဲ့ လူတစ်ယောက်ပုံစံမျိုးမှ မဟုတ်တာ"

သူမစကားကြောင့် တိမ်တာမန် မျက်ခုံးကြီး ပင့်တက်သွားရကာ...

"နေပါဦး...အမိက ကျုပ်ကို ဘာကြည့်ပြီး ဒီလိုမျိုးပြောရတာလဲ"





"ဩော်...ဒါက ရှင်းပါတယ်၊ ဘာကြောင့်လဲဆိုတော့ ရှင်လည်း ကျွန်မလိုပဲ လူသူရှင်းတဲ့ ဒီလိုထောင့်စွန်း စားပွဲမျိုးကို ရွေးတတ်လို့ပေါ့"

"ဒါဖြင့်...ခင်ဗျားလဲ"

"ဟုတ်တယ်...ကျွန်မလည်း ရှင့်လိုပဲ၊ ဒီလို လူများများရှိတတ်တဲ့ပွဲမျိုးကို တတ်နိုင်သလောက် ရှောင်တတ်တဲ့သူပဲ"

"ဟောဗျာ"

"အဟွန်း...ဟွန်း...ဟွန်း"

သူ့ရယ်သံကြောင့် သူမသည် အံ့ဩသင့်ဟန်ဖြင့် မျက်ခုံးလှလှလေးနှစ်ဖက်ကို လှပစွာ ပင့်တင်လျက် သူ့ကိုကြည့်လာတော့ တိမ်တာမန်သည် သူမအကြည့်ကို သဘောပေါက်ရကာ...

"ကျုပ်တို့နှစ်ယောက်အဖြစ်က ကြုံကြုံဖန်ဖန် တိုက်ဆိုင်လွန်းလို့ပါဗျာ"

သူမသည် ပခုံးတစ်ချက်ကို တွန့်ကာ...

"အေးလေ...မထင်မှတ်ဘဲ ရှင်နဲ့ကျွန်မ ဒီလိုပွဲမျိုး ရှောင်တတ်တာခြင်း လာတူနေတယ်"

ပြောပြီး သူမသည် ရှေ့က အအေးပုလင်းကို ပိုက်လေးဖြင့် လှပစွာ စုပ်ယူသောက်နေလေသည်။

တိမ်တာမန်သည် သူမအား တိတ်ဆိတ်စွာ အကဲခတ်မိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

အင်း…ကြည့်ရတာတော့ သူမသည် အထက်တန်းလွှာ အသိုင်းအဝိုင်းထဲက ခေတ်နှင့်အညီ နေတတ်သော အမျိုးသမီး ဖြစ်ပုံရလေ၏။

ရောင်စုံမီးလုံးများ ဖြာကျနေသည့် အလင်းရောင်အောက်တွင် နက်ပြာရောင် ပိုးသားပျော့ပျော့ဝတ်စုံနှင့် သူမအလှက အများကြားတွင် ထင်ရှားလွန်းနေရသည်။

နီညိုဖျော့ဖျော့ ကျောလယ်မှာဝဲနေသော ဆံပင်ထူထူအုပ်အုပ်ဝဲဝဲလေးနှင့် ဝင်းနှစ်သော အသားအရေပိုင်ရှင် သူမသည် သဘာဝဆန်သော မိတ်ကပ်မျက်နှာလေးနှင့် အကြည့်အေးခဲခဲများကို ပိုင်ဆိုင်လျက် သိပ်လှလွန်းနေရသည်ကိုတော့ ဘယ်သူမှ ငြင်း၍ မရပါ။

သိပ်လှသော သူမထံကို အကြည့်တွေ ဝေ့ဝဲရောက်ရှိနေပေမယ့် သူမကတော့ ထိုအကြည့်များကို သတိပြုမိပုံမရ။ လောကကြီးမှာ တစ်ယောက်တည်းရှိသည့်ဟန်ဖြင့် ဘာသိဘာသာနေတတ်သည်ကလည်း သူမ၏ ကိုယ်ပိုင်ဟန်ပင် ဖြစ်ပါလိမ့်မည်။

ယခုလည်းကြည့်လေ သူ့ကို တစ်ယောက်လုံးရှေ့ထားကာ သူမသည် တစ်ယောက်တည်း ရှိသည့်ဟန်ဖြင့် နှုတ်ဆိတ်နေခြင်းက သည်းမခံချင်စရာပင်ဖြစ်သည်။





သူမသည် ဘယ်လိုအမျိုးသမီးလည်း ဆိုတာကိုဖြင့် တိမ်တမန် အခုချိန်ထိ ဘယ်လိုမှ တွေး၍မရပါ။

တွေးမရသည့်စိတ်နှင့်အတူ တိမ်တမန်သည် သူ့ရှေ့က သူမကိုလည်း ဒေါသတွေဖြစ်ချင်လာရသည်။

"ဒီမှာ…ခင်ဗျား ကျုပ်ကို ဘာစကားမှ ပြောစရာမရှိတော့ဘူးလား"

ခပ်ဆတ်ဆတ် ထွက်သွားရသည့် သူ့စကားကြောင့် သူမသည် သူ့ကို အံ့ဩသလိုကြည့်လာကာ…

"ရှင် ကျွန်မကို ပြောနေတာလား"

"ကျွတ်…သေတော့မှာပဲ"

သည်စားပွဲတစ်ဝိုင်းလုံးမှာ သူမနှင့်သူ နှစ်ယောက်တည်းရှိပါလျက်နှင့် သူမကို ပြောတာလားဆိုသည့် ခပ်အေးအေးပြောတတ်ပုံကတော့ ဒေါသဖြစ်ချင်စရာ။

"ဒီစားပွဲမှာ ခင်ဗျားနဲ့ကျုပ် နှစ်ယောက်ပဲရှိတာ၊ ခင်ဗျားကို မပြောလို့ ကျုပ်က ဘယ်သူ့ကိုပြောရဦးမှာလဲ"

တိမ်တမန်မှာ သူ့ကိုယ်သူ အကြောင်းမဲ့ ဘာကြောင့် ဒေါသတွေဖြစ်နေရသည်ကိုလည်း မသိတော့ပါ။

သေချာသည်ကတော့ သူမ၏ ခဏလေး ဥပေက္ခာပြုလိုက်ရတာနှင့်ပင် သူ့ရင်မှာ မနေတတ်အောင် ဖြစ်သွားရသည်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်။

"တစ်ဆိတ်…ရှင်က ကျွန်မကို တစ်ခုခု မကျေနပ်တာများ ရှိနေလား"

သူ့မျက်နှာကို အကဲခတ်ကာ သူမ မေးလိုက်သည်။

"ကျုပ်တစ်ယောက်လုံး ခင်ဗျားဘေးမှာ ရှိနေတာကော သတိရရဲ့လား"

"အဟင်း…ဆောရီးရှင်၊ ကျွန်မ ရှင့်ကို တကယ်မေ့သွားတယ်"

"ဘာဗျ"

သူမအပေါ် သည်းခံနိုင်မှုက တိမ်တမန်အတွက် ကုန်ဆုံးသွားသလိုရှိသွားရသည်။

ကြည့်လေ…သူမ လုပ်နေပုံက သူ့ကို မထီမဲ့မြင် ဘယ်လောက်များ နိုင်လိုက်တယ်ဆိုတာ၊ သူ့ကို ရှေ့မှာထားပြီး သူမ ဒီလို စိတ်လွင့်နေတာကတော့ မကောင်းပါ။

"ဒီမှာ အမျိုးသမီး၊ ခင်ဗျားက ကျုပ်တစ်သက်လုံး ရှေ့မှာထားပြီး မေ့သွားတယ်ဆိုတာကတော့ မလွန်လွန်းဘူးလား"

"ဆောရီးပဲရှင်၊ ရှင် စိတ်ဆိုးလည်း ခံရမှာပဲ၊ ကျွန်မစိတ်တွေက ဒီလိုပဲ၊ တစ်ခါ တစ်ခါ လေလိုလွင့်ချင်တိုင်း လွင့်နေတတ်တယ်၊ ကဲပါလေ ဘာပဲပြောပြော ရှင့်ကို ကျွန်မ တောင်းပန်ပါတယ်၊





ကဲ ရှင်ကပဲ ကျွန်မ စိတ်ဝင်စားမယ့်စကားတွေ စပြောပါလား"

တိမ်တမန်မှာ သူမစကားကြောင့် နှုတ်ခမ်းတစ်စုံ တင်းတင်းစေ့သွားရသည်။ သူကစလို့ မိန်းမတစ်ယောက်ကို စိတ်ဝင်စားလာအောင် သူ့ဘက်က မဆွဲဆောင်တတ်ဆိုတာ ဒီမိန်းမ ဒီလောက်တောင် အကဲမခတ်မိဘူးလား။

"ကျုပ်တို့နှစ်ယောက်ကြားမှာ ဖိတ်ခေါ်သူ ခင်ဗျားပဲ၊ ဒီတော့ ပြောချင်းပြော ခင်ဗျားကပဲ အရင်စပြောပါ"

သည်တော့ သူမ ခေါင်းခါယမ်း၏။

"ဟင့်အင်း…ကျွန်မက ကိုယ်ပြောတာထက် သူများပြောတဲ့စကားကို ပိုပြီး စိတ်ဝင်စားတယ်၊ ကဲပါလေ ရှင့်ကို ကျွန်မ တောင်းဆိုတယ်လို့ပဲ သဘောထားပြီး ရှင်ကပဲ စပြော ဟုတ်လား"

သူမစကားသည် မနူးညံ့၊ မသိမ်မွေ့၊ အမိန့်ဆန်ဆန် စကား စဟန်ပါနေပေမယ့် တိမ်တမန် သူမစကားကို မငြင်းဆန်မိ ပါ။

အသိစိတ်က မခံချင်ဖြစ်နေရပေမယ့် မသိစိတ်ကတော့ သူမစကားအတိုင်း လိုလိုလားလား ရှိနေရ၏။

သည်လိုညမျိုးမှာ သိပ်လှတဲ့ သူမကို ရှေ့ထားပြီး သူ ပြောမယ့်စကားကို ဘယ်လိုစကားမျိုး ဖြစ်နိုင်သည်လည်းဆိုတာ သူမစဉ်းစားမိဘူးနဲ့တူပါရဲ့။

"ကောင်းပြီလေ…ခင်ဗျားက တောင်းဆိုလာရင်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ပြောရမှာပေါ့၊ ကျုပ်စကားကိုကြားရင် ခင်ဗျား စိတ်ဝင်စားသွားမှာ သေချာတယ်"

မိုးဆောင်းခမှာ သူ့စကားကို ညွှန်းလှချည်လားဆိုသည့် အဓိပ္ပါယ်နှင့် ပခုံးလေးတွန့်သွားရသည်။

"ကျုပ် တကယ်ပြောတာ၊ အဲဒါဘာလဲဆိုတော့ ဟောဒီညမှာ အလှဆုံးနဲ့ အဆွဲဆောင်နိုင်ဆုံး အမျိုးသမီးကို ပြပါဆိုရင် ကျုပ်ရှေ့မှာရှိနေတဲ့ အမိကိုပဲ ပြရလိမ့်မယ်"

"ဒီတစ်ခါတော့ ရှင်ထင်တာ မှားသွားပြီ"

"ဘာကိုလဲ"

"ရှင့်ရဲ့ အဲဒီစကားဟာ ကျွန်မအတွက် စိတ်ပျက်စရာ အကောင်းဆုံးမို့လို့ပဲ"

"ဗျာ"

သည်တစ်ခါတော့ တိမ်တမန်သည် အံ့သြလွန်းသဖြင့် နှုတ်ခမ်းအစုံ ပွင့်ဟသွားရသည်။

သူမကတော့ အေးဆေးတည်ငြိမ်စွာ ရှိနေရ၏။ သေချာတယ် ဒီမိန်းမဟာ သူ့အတွက် လျှို့ဝှက်နက်နဲမှုတွေ ပြည့်နေတဲ့ မိန်းမတစ်ယောက်ဆိုတာ။ အများအားဖြင့် မိန်းကလေးတွေသည် သူတို့အား လှတယ်ဟုပြောလျှင် ကျေနပ်ကြည်နူးကြသည်က များပါ၏။





သူမကတော့ ထူးထူးဆန်းဆန်း လှသည်ပြောတာကိုပင် စိတ်ပျက်ရပါသည်တဲ့လား။

သူမနှင့်ပတ်သက်ကာ သူ တစ်ခုပြောနိုင်တာတော့ ရှိပါ၏။ အဲဒါကတော့ သူမလိုမိန်းကလေးမျိုး ဒီလောကကြီးထဲတွင် တစ်ယောက်တည်းသာ ရှိလိမ့်မည်ဖြစ်သည်။

တကယ်တော့ တိမ်တမန်တော့ အမှန်တရားကို ပြောလိုက်တာသာဖြစ်သည်။ ယောကျ်ား မိန်းမ ဘယ်သူ့ကို မေးမေး သူမ သိပ်လှသည်ကို ပြောမှာကတော့ သေချာပါသည်။

ထိုသို့ ပြောရလောက်အောင်လည်း သူမသည် တကယ်ပဲ ရွေးစင်သွန်းထားသည့်ပမာ ဝင်းဝင်းစက်စက် အိအိထွေးထွေးဖြင့် အပြစ်ဆိုရက်စရာမရှိ သိပ်ကိုလှလွန်းနေရသည်ပဲလေ။

သည့်လောက်လှတဲ့ သူမတွင် မမှန်ကန်သည့် အတွေးအခေါ်ရှိသည်ကတော့ အတော်ကို ဆိုးရွားလွန်းလှပါသည်။

"ဒီစကား မင်းကို ကျုပ် ညာပြောနေတာမဟုတ်ဘူး၊ အမှန်အတိုင်း အရှိ အရှိတိုင်း ပြောနေတာ"

"ဟုတ်ပါပြီ ရှင့်ကိုလည်း ကျွန်မက ညာပြောတယ်လို့ မဆိုလိုပါလား၊ ဒါပေမယ့် ကျွန်မကိုယ်က အဲဒီလိုစကားမျိုး ကြားရတာ စိတ်ပျက်တာ"

"မဟုတ်သေးပါဘူးကွာ၊ ကျုပ် အထင်ပြောရရင်တော့



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး ဆယ်ယောက်မှာ အဲဒီလို စကားမျိုးကြားရလို့ စိတ်ပျက်တယ်ဆိုတာ မင်းတစ်ယောက်တည်းပဲ ရှိလိမ့်မယ်"

"ကျွန်မလည်း မငြင်းပါဘူး၊ ဒီလောကထဲမှာရှိတဲ့ မိန်းကလေး တော်တော်များများဟာ သူတို့ကို လှတယ်လို့ပြောရင် ကျေနပ်နှစ်သက်တာပါပဲ၊ တကယ်တော့ အဲဒါကိုက သူတို့အတွက် သနားစရာကောင်းနေတာ"

"ဗျာ…ဘာဖြစ်လို့လဲ"

တိမ်တမန်သည် သူမစကားကို နားမလည်နိုင်တော့ပါ။ လျှို့ဝှက်နက်နဲမှုတွေနှင့် ခံစားမှုတွေ မဲ့သလိုရှိနေရသော သူမကိုလည်း တိမ်တမန် သူ့အနေနှင့် နားလည်အောင် မကြိုးစားချင်တော့ပါ။

မိုးဆောင်းခသည် ပြုံးလိုက်၏။

"ရှင် စဉ်းစားကြည့်လေ…မိန်းကလေးတစ်ယောက်ကို ဆန့်ကျင်ဘက် ယောကျ်ားတစ်ယောက်က အဲဒီလိုစကားမျိုး ပြောလိုက်ပြီဆိုရင် အပြောခံရတဲ့ မိန်းကလေးမှာ မမြင်မတွေ့နိုင်တဲ့ အန္တရာယ်က ကျရောက်တော့မယ်ဆိုတာ ကိုယ့်ကိုယ်ကို ကြိုသိဖို့လိုတယ်။ အဲဒီလိုပဲ ပြောတဲ့ယောကျ်ားဟာလည်း အဲဒီမိန်းကလေးဆီက တစ်စုံတစ်ရာ သူ မျှော်လင့်ထားလို့ပဲ၊ ဒါကိုမဟုတ်ဘူးလို့တော့ ငြင်းလို့မဖြစ်ဘူးနော်၊ ဒါဟာ အသေချာဆုံး အဖြေတစ်ခု ဖြစ်နေလို့





ပဲ"

ဒီထက်ပြင်းထန်လွန်းတဲ့ စကားတွေရှိရင်တောင် သူမ အခုပြောသည့်စကားတွေလောက် ပြင်းထန်လိမ့်မည် မဟုတ်ပါ။

သူမ၏ စွပ်စွဲချက် ပြင်းထန်မှုတွေကြောင့် တိမ်တမန်သည် ဟန်မဆောင်နိုင်အောင် မျက်နှာ အကြီးအကျယ် ပျက်သွားရသည်။

သူ့ကိုရှေ့ထားကာ ယောကျ်ားတွေ မကောင်းကြောင်း ပြောလိုက်တာဟာ သူ့ကို စော်ကားလိုက်တာနှင့် အတူတူပင်။ ပြီးတော့ တိမ်တမန်ဆိုတာ ထိုစကားကို လောလောဆယ် ပြောထားသည့်လူ၊ ထို့ကြောင့် သူ့ကို ရည်ရွယ်ပြောတာ မဟုတ်သည့်တိုင် တိမ်တမန်သည် ယောကျ်ားထုဘက်ကနေ သူမ၏ ပြင်းထန်သော စွပ်စွဲချက်ကို ချက်ချင်းပင် ငြင်းဆန်လိုက်သည်။

"ဒီမှာ…တဆိတ် မင်းရဲ့ အတွေးတွေ သိပ်ပြီးအတ္တလွန်ကဲနေတယ်၊ တစ်ဖက်သတ် ဆန်လွန်းနေတယ်၊ နည်းနည်းလောက် ပြင်လိုက်စမ်းပါ"

"ယောကျ်ားတစ်ယောက်ဟာ မိန်းမတစ်ယောက်ကို ဘာဆန္ဒမှမရှိပါဘဲ ရိုးသားစွာနဲ့ ချီးကျူးတာရော မဖြစ်နိုင်ဘူးတဲ့လား"

"ဖြစ်နိုင်ပါတယ်…ဒါပေမယ့် များသောအားဖြင့် ရှင်



www.burmeseclassic.com

www.burmeseclassic.com



ပြောသလိုမဖြစ်နိုင်ဘူး၊ ဘာလို့လဲဆိုတော့ ယောကျ်ားဆိုတဲ့လူဟာ အတ္တကို ဖက်တွယ်ထားတတ်ကြတယ်၊ တကယ်တမ်း အဲဒီမိန်းကလေးမှာ သူတို့ ယစ်မူးချင်တဲ့အလှတွေလည်း မရှိဘူးဆိုရော သူတို့တွေလည်း ပျောက်ကွယ်ကုန်ကြတာပါပဲ၊ ကဲ ကျွန်မပြောတာ လွန်သလား"

"မင်းပြောတာ တချို့ ယောကျ်ားတွေအတွက် ဟုတ်ချင် ဟုတ်လိမ့်မယ်၊ ဒါပေမယ့် ကျုပ်ဆိုတဲ့ လူကတော့ မင်းပြောတဲ့ အထဲမှာ မပါဘူး၊ ကျုပ်လိုလူမျိုးကတော့ ကိုယ့်စိတ်ထဲ တကယ် ခံစားရဘဲနဲ့တော့ မရှိတာကို အရှိလုပ် မပြောသလို၊ ရှိတာကို လည်း ရှိတဲ့အတိုင်းပဲ ပြောတတ်တယ်"

နိုင်မာလေးနက်စွာ ပြောနေသော တိမ်တမန် စကားကြောင့် မိုးဆောင်းခသည် သူ့ကို စူးစူးစိုက်စိုက်ကြီး ကြည့်လာလေ၏။ အတန်ကြာမှ ခေါင်းလေးဆတ်ခနဲညိတ်ကာ...

"ထားပါတော့လေ...ရှင်ရဲ့ခံယူချက်ကိုလည်း ကျွန်မ မပြောလိုပါဘူး၊ ဒါပေမယ့် ရှင့်ရဲ့ ပြတ်သားတဲ့ စိတ်ဓာတ်ကိုတော့ ကျွန်မ ချီးကျူးပါတယ်၊ ကဲ ကျွန်မပြန်တော့မယ်"

ပြောပြောဆိုဆို သူမ ထိုင်ရာမှ ထရပ်လိုက်တာကြောင့် တိမ်တမန်ပါ ရောယောင် ရပ်မိလိုက်သည်။

သည်နောက် သူ့ထံကို အကြည့်တစ်ချက်မျှပင် ရောက်ရှိ





မလာတော့ဘဲ သူ့အနားက လှည့်ထွက်သွားသည့် သူမနောက်ကျော လှလှလေးကို ကြည့်ပြီး တိမ်တမန်အတွက် တစ်စုံတစ်ရာ လိုအပ်နေတာပါလိမ့် ဦးနှောက်ကို အလုပ်ပေးပေမယ့် အဖြေက ရုတ်ခြည်း ထွက်မလာနိုင်ပါ။

သေတော့မှာပဲ။ ကြည့်စမ်း သူ ဘာလို့ ဒီလောက်နုံအသွား ရတာလဲ။ စားပွဲတစ်ခုမှာ သူနှင့်အတူ အချိန်ကြာမြင့်စွာ ထိုင်နေခဲ့သည့် မိန်းမတစ်ယောက်ရဲ့ နာမည်ကို သူ ဘာလို့ မသိရတာလဲ။

တိမ်တမန် ဘာမှ စဉ်းစားမနေတော့ပါ။ ပေါ့ပါးသွက်လက်သော ခြေလှမ်းများဖြင့် သူမနောက်ကို လိုက်လာခဲ့သည်။

သူရောက်တော့ သူမက ကားပေါ်မှာ...

"ဒီမှာ"

"ဩော်...ရှင်"

"ကျုပ်တို့ တစ်ယောက်ကိုတစ်ယောက် နာမည်တွေ မသိရသေးဘူးနော်"

"ဒါ ကျွန်မတို့အတွက် လိုမှမလိုအပ်ဘဲ၊ ရှင်နဲ့ ကျွန်မရဲ့ တွေ့ဆုံမှုက ဒီမှာတင် ပြီးဆုံးသွားခဲ့ပြီ၊ ကဲ ကျွန်မကို ခွင့်ပြုပါဦး"

သူမသည် သူ့ကို နှုတ်ဆက်ပြီးသည်နှင့် ကားကို နေရာက ခပ်ကြမ်းကြမ်း မောင်းထွက်သွား၏။ တိမ်တမန်သည် အံကို တစ်ချက်ကြိတ်ရင်း ရင်မှာ မချင့်မရဲစိတ်များကြောင့် အမောရှိခဲ့လုံး



www.burmeseclassic.com

www.burmeseclassic.com



တို ခြေထောက်ဖြင့် ကန်ပစ်လိုက်သည်။

ထို့နောက်...

နေရာမှ ချာခနဲ လှည့်ထွက်လာခဲ့လိုက်သည်။



## အခန်း (၃)

"မင်းပြောသလိုဆိုရင် ဒီတစ်ခါတော့ မင်း ကောင်းကောင်းကြီး ခံခဲ့ရပြီပေါ့ဟုတ်လား တိမ်တမန်"

"ပြောတော့ကွာ...ငါလည်း ဒီအမျိုးသမီးနဲ့မှ မင်းပြောသလို ခံခဲ့ရတာတော့ အမှန်ပဲကွာ"

"အေး...အဲဒါ မင်း ဝဋ်လည်တာပဲ တိမ်တမန်၊ ဘာလို့လဲဆိုတော့ မင်းဆိုတဲ့ကောင်က မိန်းမဆို ဘယ်မိန်းမမှ အထင်မကြီးခဲ့သမျှ အခု အဲဒီလို အမျိုးသမီးနဲ့တွေ့မှပဲ ပွဲက ကြည့်ကောင်းတော့တယ်"

ဇော်ကိုမှ သူ့အား အကွက်ကောင်းရတုန်း အပြတ်နှိပ်ကွပ်နေတော့သည်။

တခြားအချိန်မှာဆိုရင်တော့ ဇော်ကို့စကားကို တိမ်တောင်သည် ပြန်လည် ချေပမိမှာဖြစ်ပေမယ့် ဒီတစ်ကြိမ်တော့ ဘာ



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ပိတ်နေမိသည်။

မော်ကို ပြောသည်ကလည်း မမှားပါ။ တိမ်တမန်ဆိုတာ ထ ချွန်သာသော မိဘနှစ်ပါးမှ မွေးဖွားလာသည့် တစ်ဦးတည်းသောသား၊ ရုပ်ရည်ကိုကြည့်ဦးမလား အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ယောကျ်ားပီသသော ကိုယ်နေဟန် ကျစ်ကျစ်လျစ်လျစ်နှင့် မိန်းကလေးများ စိတ်ဝင်စားခံရသော ယောကျ်ားပီသကာ ချောမောသော ရုပ်ရည်ကို ပိုင်ဆိုင်ထားသောသူသည် ကိုယ်တိုင်က စက်မှုတက္ကသိုလ်က ဘွဲ့တစ်ခုကို ရယူပိုင်ဆိုင်လျက် စီးပွားရေးလောကထဲသို့ အခြေစချနေသူလည်းဖြစ်သည်။

သူ့အနားတွင် မခွာတမ်းက ညွတ်ချင်နေကြသော မိန်းမချော မိန်းမလှပေါင်းများစွာ ရှိပေမယ့် တိမ်တမန်ဆိုသည့် သူကတော့ ဘယ်မိန်းကလေး တစ်ဦးတစ်ယောက်ကိုမှ စိတ်ဝင်စားခြင်း မရှိခဲ့ပါ။

မိန်းမဆိုတာ သူ့ဘဝအတွက် စိတ်ဝင်စားစရာ မဟုတ်သလို မိန်းကလေးများနှင့် သူသည် ခပ်ကင်းကင်း ခပ်ရှင်းရှင်း နေခဲ့သူလည်းဖြစ်သည်။

ဒါကြောင့်လည်း မိန်းကလေးတွေ၏ နှုတ်ဖျားတွင် သူသည် ပို၍နာမည်ကြီးနေခြင်းလား မသိတော့။

တိမ်တမန်ဆိုတာနှင့် မိန်းကလေးများက စိတ်ဝင်စားကြ





လေသည်။

ခက်တာက သူ့နှလုံးသားပင်။ သူ့အနားတွင် မိန်းမချော မိန်းမလှပေါင်းများစွာရှိပေမယ့် တိမ်တမန်သည် ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားသလို သူ့နှလုံးသားကိုလည်း သက်ဝင်လှုပ်ရှားလာအောင် လုပ်နိုင်သည့် မိန်းကလေး တစ်ဦးတစ်ယောက်မှ မရှိခဲ့ပါ။

သည့်လို ကျောက်သားတစ်ချပ်လို အေးစက်နေရသည့် သူ့နှလုံးသားကို ပူနွေးသက်ဝင် လှုပ်ရှားလာအောင် လုပ်နိုင်စွမ်းရှိသူက လင်းလင်း၏ မွေးနေ့ပွဲတွင် သူ အမှတ်မထင် တွေ့ဆုံခဲ့ရသည့် လှို့ဝှက်နက်နဲမှုများဖြင့် သူများတွေနှင့်မတူ ထူးခြားဆန်းဂသည့် အမျိုးသမီးပင်ဖြစ်သည်။

ဒီအမျိုးသမီးကိုတော့ တိမ်တမန် မြင်မြင်ချင်းပင် သူ့စိ မှာ ထူးခြားဆန်းကြယ်မှုများဖြင့် စိတ်ဝင်စားခဲ့ရသည်ကိုငြ မငြင်းပါ။

ဒါဟာ မိန်းမတစ်ယောက်ကို သူ့ဘဝတစ်သက်မှာ ပထမဦးဆုံး စိတ်ဝင်တစားရှိခဲ့ရခြင်းဖြစ်သည်။ ဘယ်ယောက်များလဲဆိုရင် သူမကြောင့် သူသည် ထိုညက ကောင်းစွာ အိပ်မပျော်နိုင်ခဲ့ပါ။

သူ့လိုလူတစ်ယောက်ကို အနိုင်ယူသွားသည့် မိန်းမတစ်ယောက်ကို တိမ်တမန် လွယ်လွယ်နှင့် မေ့မရခဲ့ပါ။ မေ့ပစ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ကလည်း အရွှအဖို့ ခက်နေရသည့်အဖြစ်။

ထို့အခြင်…

သူမကိုလည်း သူ နောက်တစ်ကြိမ် ဆုံချင်ပါသေး၏။ ဒါပေမယ့် တကယ်တမ်းမှာတော့ နာမည်ကိုပင် မသိလိုက်ရသည့် မိန်းမတစ်ယောက်ကို ရှာဖို့ဆိုတာ သူ့အနေနှင့်မလွယ်။ သို့ပေမယ့် ကံကြမ္မာကသာ မျက်နှာသာပေးမည်ဆိုရင်တော့ သူ တွေ့ချင်၊ မြင်ချင်ပါသည့် သူမကို တစ်နေ့ပြန်ဆုံရဦးမည်ဖြစ်သည်။

အခုတော့ တိမ်တမန်သည် ဖော်ကို ပြောသမျှကို ခေါင်းငုံ့ခံရရုံသာရှိတော့သည်။

"အေးကွာ…မင်းပြောလည်း ခံရမှာပဲ၊ ငါ့ဘဝမှာ ဘယ်မိန်းမကိုမှ စိတ်မဝင်စားခဲ့သမျှ သူနဲ့တွေ့မှ ငါလည်း ခံရတော့တာပဲ"

ဖော်ကို၊ သီဟနှင့် တိမ်တမန်ဆိုတာက ငယ်ပေါင်းကြီးဖော် အခင်မင်ရဆုံး သူငယ်ချင်း ဖြစ်တော့ အားလုံးကလည်း တစ်ဦးတည်းသောသား၊ ရုပ်ရည်ကလည်း သူ့လောက်မချောပေမယ့် ဖော်ကိုရော သီဟပါ ကြည့်ကောင်းသောသူများ ဖြစ်ကြပါသည်။

မတူတာတစ်ခုကတော့ သူသည် မိန်းကလေးတွေနှင့် ကင်းရှင်းသလောက် ဖော်ကိုကျတော့ မိန်းမချော၊ မိန်းမလှတွေကို





အကုန်စိတ်ဝင်စားသည့်သူ…

ချစ်သူရယ်လို့ အတိအကျ သူ့ကို အခွင့်အရေးပေးလာသည့် မိန်းကလေးမှန်သမျှကို အကုန်တွဲ၏။

ဖော်ကို့ကိုကြည့်ပြီး ကြားထဲက စိတ်မောလူမောနှင့် ရင်မောရသူက တိမ်တမန်။

"ဖော်ကို…မင်းကွာ ရည်းစားတစ်ယောက်ဆိုလည်း တစ်ယောက် အတည်တကျထားစမ်းပါ၊ အခု မင်းကိုကြည့်ရတာ မင်းအစား ငါ ရင်မောလွန်းလို့"

ထိုအခါ ဖော်ကို ခပ်ပြုံးပြုံးဖြင့်…

"မင်း မသိပါဘူး တိမ်တမန်ရာ၊ ရည်းစားဆိုတာ ဒီလိုမျိုး များများထားမှ ပျော်စရာကောင်းတာကွ"

ဖော်ကို့အယူအဆကို မကြိုက်ပေမယ့် တိမ်တမန် ဘာမှ မပြောပါ။ သို့ပေမယ့် သူ သတိပေးသင့်သည့် စကားကိုတော့ဖြင့် သတိပေးခဲ့လေသည်။

"မင်းကို ငါ တစ်ခုတော့ ပြောချင်တယ် ဖော်ကို၊ မင်း ရည်းစားတွေ ထည်လဲထားတာကိုတော့ ငါ အပြစ်မပြောချင်ပါဘူး၊ ဒါပေမယ့် ကိုယ့်ကြောင့်နဲ့တော့ မိန်းကလေးတွေရဲ့ဘဝကို မနစ်မွန်း မထိခိုက်စေပါနဲ့ကွာ"

"အေးပါကွာ၊ မင်းပြောတာကို ငါ သဘောပေါက်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ငါ့ရည်းစားတွေ များပေမယ့် ငါ့ကြောင့် ဘယ်မိန်းကလေးမှ ထိခိုက်စေရပါဘူး တိမ်တမန်”

ဇော်ကိုဆီက သူ ဒီစကားကြားတာနှင့်ပင် တိမ်တမန် တွေနှပ်မိပါသည်။ ဇော်ကိုသည် သူ့အကျင့်အတိုင်း လှတာမြင်လို့ စိတ်ဝင်စားသည်ကလွဲပြီး ထိန်းထိန်းသိမ်းသိမ်းနေတတ်သူမို့ အပြစ်တော့ မဆိုတာပါ။

ယောကျ်ားလေးတွေ၏ အချစ်ကို ယုံလွယ်တတ်သည့် မိန်းကလေးတွေကိုသာ တိမ်တမန် သတိပေးချင်ပါ၏။

သူတွေ့ခဲ့သည့် အမျိုးသမီးကတော့ ဒီလိုမဟုတ်။ မိန်းကလေးများ စိတ်ဝင်စားသည့် သူ အနားမှာ တစ်ယောက်လုံး ရှိနေတာတောင် သူ့ကို ရှိတယ်လို့ အသိအမှတ်မပြုခဲ့ဘဲ လျစ်လျူရှုနိုင်ပုံကတော့ တကယ့်ကို နေစိမ့်လွန်းသည့် အမျိုးသမီးပင်ဖြစ်သည်။

“မင်း ဒီလောက်ကြွေနေပုံကိုထောက်ရင် အဲဒီအမျိုးသမီးက တော်တော်ချောပြီး ဆွဲဆောင်မှုရှိတဲ့ အမျိုးသမီးပဲဖြစ်ရမယ်၊ ဘယ့်နှယ်လဲ ငါထင်တာ မှန်တယ်မဟုတ်လား တိမ်တမန်”

“အင်း…ချောတယ်၊ ချောတာမှ ငါတစ်သက် တွေ့ဖူးတဲ့ အမျိုးသမီးတွေထဲမှာတော့ အချောဆုံးပဲ၊ ပြီးတော့ ငါ့နှလုံးသားကို တစ်ခါတည်းနဲ့ သိမ်းကျုံးဆွဲငင်သွားတဲ့ အမျိုးသမီးဆိုလို့ သူတစ်ယောက်ပဲရှိတယ် ဇော်ကို”





ဇော်ကို ခေါင်းညိတ်လိုက်သည်။

“အင်း…မင်း ပြောပုံဆိုရင် အဲဒီအမျိုးသမီးရဲ့ ရုပ်ရည်နဲ့ သူ့စရိုက်ကတော့ အတော်ကို စိတ်ဝင်စားဖို့ ကောင်းနေတာအမှန်ပဲ၊ မင်းကွာ ကိုယ်နဲ့ စားပွဲတစ်ခုတည်းမှာထိုင်ပြီး နာမည်လေးတောင် မသိဘူးဆိုတော့ တော်တော်ညံ့တာပဲ”

တိမ်တမန်မှာ ဇော်ကိုစကားကို မနာနိုင်ပါ။ တကယ်လည်း ဇော်ကို သူ့ကိုပြောသည်က မလွန်။ သူမနဲ့အတူ အချိန်ကြာကြာ တစ်စားပွဲတည်းမှာ အတူထိုင်ပြီး နာမည်လေးတောင် မသိခဲ့ရသည်ကတော့ သူ၏ ညံ့ဖျင်းမှုသာဖြစ်သည်။

“မင်းပြောလည်း ပြောစရာပဲ ဇော်ကို၊ အဲဒီတုန်းက သူနဲ့အတူ ငါ ထိုင်နေပေမယ့် သူ့နာမည်ကို မေးဖို့တော့ မေ့နေခဲ့တယ်၊ အဲ ပြန်ကာနီးမှာမှ”

“ဘာလဲ…အဲဒီ အမျိုးသမီး ပြန်ကာနီးမှာမှ မင်းသတိရလို့လည်း မေးလိုက်ရော အဲဒီအမျိုးသမီးကလည်း မင်းကို တစ်ခါတည်း ကောသွားရောမဟုတ်လား”

“အေးကွာ…ငါ ညံ့တာပဲ”

တိမ်တမန် ဝန်ခံလိုက်သည်။ ဇော်ကိုက သူ့ပခုံးလေးကို ပုတ်ကာ…

“မင်းကွာ ငါက တမင်နောက်တာပါ၊ ဒီမှာ တိမ်တမန်



www.burmeseclassic.com

www.burmeseclassic.com



မင်း အစောကတည်းက အဲဒီအမျိုးသမီးကို နာမည်မေးတော့ကော သူက ပြောမယ်လို့ မင်း ထင်နေသလား၊ လုံးဝပဲ မောင်၊ မင်းပြောပုံ အရဆိုရင် အဲဒီအမျိုးသမီးဟာ သူဆုံးဖြတ်ထားတဲ့အတိုင်း ဘယ်တော့မှ ပြောမှာမဟုတ်ဘူး"

"အဟွန်း…အဲဒါကတော့ ဟုတ်တယ် ဇော်ဂျီ၊ သူ့မျက်လုံးတွေက အေးစက်စက်နဲ့ ခံစားမှုမရှိသလို လျှစ်လျူရှုလွန်းတဲ့ အမျိုးသမီးပဲ"

"အေး…ဒါဆို မင်းကို ငါ အကောင်းဆုံးအကြံဉာဏ် ပေးမယ်၊ မင်း အဲဒီအမျိုးသမီးကို မေ့ပစ်လိုက်တော့ တိမ်တမန်"

"ဟာ…မင်းကွာ"

တိမ်တမန်မှာ အကောင်းမှတ်လို့ နားထောင်ပါသည်။ ဇော်ကို့စကားကြောင့် မျက်နှာကြီး မဲ့သွားရသည်။

"ကျွတ်…မင်း အဲဒါတွေ ခက်တာပဲ တိမ်တမန်၊ နာမည် လေးတောင် မသိလိုက်တဲ့ အမျိုးသမီးတစ်ယောက်ကို မမေ့ပစ်လိုက် လို့ မင်းက ဘာလုပ်ချင်သေးလို့လဲ"

မေ့ပစ်လိုက်တဲ့…

ဇော်ကိုပြောသလို မေ့ပစ်လိုက်ဖို့ဆိုတာ တိမ်တမန်အဖို့ မလွယ်လှပါ။

တကယ်တမ်း ကာယကံရှင်ဖြစ်တဲ့ သူ့ရင်ထဲမှာတော့





ဘယ်လိုလွယ်လွယ်နှင့် မေ့ပစ်နိုင်မှာတဲ့လဲ။

သူ့ဘဝတစ်သက်သာတွင် မိန်းကလေးတစ်ယောက်ကို စွဲစွဲလမ်းလမ်းနှင့် မှတ်မှတ်ထင်ထင် စိတ်ဝင်တစားရှိခဲ့သည့် မိန်းက လေးဆိုလို့ ဒီမိန်းမတစ်ယောက်သာ ရှိလေသည်။ ဒီတော့ ဇော်ကို ပြောသလို မေ့ပစ်ဖို့သာရှိတော့သည်လား။

ဟင့်အင်း…ဒါလည်း မဖြစ်နိုင်သေးပါ။ သူ့တစ်သက်တွင် တစ်ခါသာ စွဲလမ်းမိရသည့် ဒီမိန်းမကို သူဘယ်လိုမှ မေ့၍မရခဲ့ ပါ။

"မမေ့နိုင်ဘူးကွာ…မမေ့နဲ့၊ မင်းဆိုတဲ့ကောင်က နာမည် လေးတောင် မသိလိုက်တဲ့ မိန်းမကိုမှ စိတ်ဝင်စားမိတော့လည်း ခံလိုက်ပေဦးပေါ့ကွာ"

ဇော်ကို့ စကားက သူ့အတွက် စေတနာစကားဆိုပေမယ့် တိမ်တမန်ရင်ထဲတွင် တကယ့်ကို ထိထိရှရှကြီး ခံစားနေရခြင်း ဖြစ်သည်။

သူ့အတွက် ဒီတစ်ကြိမ်သာ မိန်းမတစ်ယောက်နှင့် ပတ်သက်ပြီး ခံစားရတာမို့ ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ရှိလွန်းလှပါ၏။

အကယ်၍သာ ထိုအချိန်က ဇော်ကို စကားကို နားထောင် ခဲ့ပါလျှင် တိမ်တမန်သည်လည်း နောင်တစ်ချိန်မှာ သူမနှင့်ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူ့ဘဝမှာ နာကြည်းကြေကွဲ ထိခိုက်စရာများနှင့် ကြုံခဲ့ရလိမ့်မည်မဟုတ်ပါ။

တိမ်တမန့်သည် ကံဆိုးစွာပင် သူမကို သူ မေ့၍မရနိုင်ခဲ့ပါ။ ဒါသည်ကပင် သူ့ဘဝမှာ အချစ်နှင့် ပတ်သက်လို့ နှလုံးသားတစ်ခုလုံး ကြေကွဲပျက်သုန်း နာကျင်အက်ကွဲစေရမည့်အဖြစ်…

ဒါဟာ သူမ၊ သူ့ကိုပေးသည့် ဝေဒနာဆုဆိုရင်လည်း သူသည် အပြုံးမပျက် ခံယူဖို့သာရှိတော့သည်။

သူမကို မမေ့နိုင်ဘူးဆိုတဲ့ သူ့ကို ဇော်ကို စိတ်ပျက်ဟန်ဖြင့် ကြည့်ရင်း…

"ကဲ…ဒါဆို မင်းဘာလုပ်ချင်လဲ တိမ်တမန့်"

"ငါ သူ့ကို ရှာချင်တယ်"

ဇော်ကို သက်ပြင်းတစ်ချက် ရှိုက်ထုတ်လိုက်သည်။

"ရူးပြီ…မင်းတော့ ရူးပြီ တိမ်တမန့်"

"နာမည်မသိ၊ လိပ်စာမသိတဲ့ မိန်းမတစ်ယောက်ကို ရှာဖို့ဆိုတာ မင်းထင်သလောက် လွယ်မယ် ထင်နေလား"

"ဒါပေမယ့် ငါ့စိတ်ထဲမှာ တစ်နေ့ သူနဲ့ ပြန်တွေ့လိမ့်မယ်ဆိုတာ သေချာသိနေသလို့ပဲ"

"အေးလေ…ဒါကတော့ မင်းစိတ်ထင်ကိုး၊ မင်းတွေ့ချင်တဲ့ အမျိုးသမီးနဲ့ ပြန်တွေ့ပါစေလို့ပဲ ဆုတောင်းပေးပါတယ်၊ ကဲ





ငါလည်း အချိန်လေးရှိတုန်း သွားလိုက်ဦးမယ်"

"ဘယ်ကိုလဲ"

"နွယ့်ဆီလေကွာ"

"နွယ်ဟုတ်လား…နေပါဦး၊ မင်းတွဲနေတဲ့ အမျိုးသမီးထဲမှာ နွယ်ဆိုတာ ငါ မကြားဖူးပါဘူး"

သည်တော့ ဇော်ကို ရယ်သည်။

"ဘယ်ပါမလဲကွာ…နွယ်ဆိုတာ ငါနဲ့ အခုမှအဆင်ပြေမယ့်သူလေးကွ"

"ဇော်ကိုရာ…မင်းကတော့ တကယ်ပဲကွာ"

"တကယ်ပဲ လုပ်မနေနဲ့ တိမ်တမန့်၊ မင်း အခုလိုလက်နှေးလို့လည်း ခံရတာပဲ၊ အချစ်ဆိုတာ ခပ်မြန်မြန်လေးတွေ့၊ ခပ်မြန်မြန်လေး ချစ်ပစ်တာ အကောင်းဆုံးပဲ"

တိမ်တမန့် ခေါင်းခါယမ်းလိုက်သည်။

"မင်းထင်သလို ငါ့အချစ်က အဲဒီလို အချစ်မျိုး မဟုတ်ဘူး ဇော်ကို၊ ငါ သူ့ကို ချစ်မိသွားတယ်ဆိုတာ ရင်ထဲက တကယ့်ကို လေးလေးနက်နက် ခံစားမှုနဲ့ ချစ်ရတာ"

တကယ်လည်း တိမ်တမန့်သည် ရင်ထဲက ခံစားမှုများကို အမှန်ပင် ဆိုလိုက်ခြင်းဖြစ်သည်။

"အေးပါကွာ…မင်း ခံစားတာကို မခံစားနဲ့လို့ ငါမပြော



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ ဒါပေမယ့် မင်း ဒီလောက်ခံစားရတာတောင် အဲဒီ အမျိုး သမီးရဲ့နာမည်ကို သိခွင့်မရတာတော့ မင်း ညံ့တာပဲ တိမ်တမန်”

ဖော်ကိုစကားကို တိမ်တမန် ဘာမှ မပြောနိုင်တော့ပါ။ ပြောနိုင်စွမ်းလည်း တိမ်တမန့်တွင် မရှိ။ ဖော်ကို ပြောသလိုပင် တိမ်တမန်သည် ညံ့ခဲ့ပါသည်။

ကိုယ်နှင့် တစ်စားပွဲထဲမှာ နှစ်ယောက်အတူ အကြာကြီး ထိုင်ခဲ့ပါရက်နှင့်အတူ ရှိနေခဲ့သော အမျိုးသမီး၏ နာမည်ကို မသိခဲ့ သည်ကတော့ သူ၏ ညံ့ဖျင်းမှုသာဖြစ်ပါလိမ့်မည်။

တိမ်တမန်မှာ ဖော်ကို သူ့အား နှုတ်ဆက်သွားသည်ကို ခေါင်းညိတ်မိသည်လား ခေါင်းခါမိသည်လား မသိပါ။

သူ့စိတ်ကူးအတွေးထဲတွင်တော့ ညေ့ခံပွဲတွင် တွေ့ခဲ့ရသည့် အမျိုးသမီးအကြောင်းကိုသာ တွေးနေချင်မိသည်။

မကျေနပ်ဘူးကွာ…နာမည်လေးတောင် မသိလိုက်ရတာ။ ပြီးတော့ ဒီအမျိုးသမီး ခြေရာကလည်း အဖျောက်တော်လိုက်တာ၊ သူမကို တိမ်တမန် ဘယ်လိုပုံ ဘယ်လိုနည်းနှင့် လိုက်ရှာရမှန်းမသိ။

ပြောရမည်ဆိုလျှင် သူ့ဘဝတွင် မိန်းမတစ်ယောက်ကို ဒီတစ်ခါသာ စိတ်ဝင်စားမိပြီး တစ်ခါပဲ လက်လျှော့ရမလို ဖြစ်နေ သည်။

မဖြစ်နိုင်ပါ။





တိမ်တမန်ဆိုသည့် သူသည် ကံစွတစ်ခုကို လွယ်လွယ် အရှုံးပေးတတ်သူမဟုတ်။

ကိုယ်ဖြစ်ချင်တာကို မဖြစ်ဖြစ်အောင် လုပ်တတ်သလို လိုချင်တာကိုလည်း ရအောင်ယူတတ်သူဖြစ်သည်။

ယခုလည်း သူစိတ်ဝင်စားနေသည့် အမျိုးသမီး ဘယ် လောက်ပဲ ခြေရာဖျောက်ကာ လုံအောင် ပုန်းနေစေဦးတော့ တိမ်တမန်ဆိုသည့် သူကတော့ လွယ်လွယ်နှင့် ဖွဲလျှော့မည့်သူ မဟုတ်ပါ။ သူတွေ့ချင်သည့် သူမကို တွေ့အောင်ရှာဖွေရမည် ဖြစ်သည်။ ဒါမှလည်း တိမ်တမန်စိတ်မှာ ကျေနပ်နိုင်မည်မဟုတ် ပါလား။

တိမ်တမန်တစ်ယောက် ရင်ဝယ် တစ်စုံတစ်ရာသော ဆုံးဖြတ်ချက်ကို ချလိုက်ပြီးသည်နှင့် စိတ်မှာ ပေါ့ပါးသွားရသည်။

ထိုသည်ကား အခြားတော့ဖြင့် မဟုတ်ပါ။ ကြည်လင်ပေါ့ ပါးသောစိတ်များဖြင့် တိမ်တမန်သည် သူ ညေ့ခံပွဲတွင် တွေ့ခဲ့ရ သည့် အမျိုးသမီးကို မတွေ့တွေ့အောင် ရှာမည်ဆိုသော ဆုံးဖြတ် ချက်ပင်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

တစ်ရက်မှသည် နှစ်ရက်၊ နှစ်ရက်မှနေ သုံး၊ လေးရက်မက ရက်မှနေ လလေးများသို့ပင် ကြာခဲ့ပေမယ့် တိမ်တမန် ဖွဲကြီးကြီးနှင့် ရှာဖွေနေသော အမျိုးသမီးကိုတော့ဖြင့် အရိပ်မျှပင် မမြင်ခဲ့ရပါ။

ပျောက်သောသူ ရှာလျှင်တွေ့ဆိုပေမယ့် တိမ်တမန် တစ်ယောက် သူ ရှာဖွေနေသည့် အမျိုးသမီးကိုတော့ဖြင့် မတွေ့ခဲ့ရပါ။

တိမ်တမန်စိတ်တွင် မချင့်မရဲကြီး ပို၍ဖြစ်လာရလေသည်။

တွေ့ချင်သူကို မတွေ့ရလေ ရင်မှာ ပို၍တွေ့ချင်ရလေဆိုသည့် လူ့မနောအတိုင်း ယခုလည်း တိမ်တမန်သည် သူ တွေ့ချင် မြင်ချင်ပါသည့် အမျိုးသမီးကို မမြင်မတွေ့ရသောအခါ စိတ်ထိ တစ်မျိုးကြီး ဖြစ်နေရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲတွင် အလိုမကျချင်သလို အနေခက်ခက်နှင့် မချင့်မရဲကြီး ဖြစ်ရသလို ရင်ထဲတွင် တစ်စုံတစ်ရာ လစ်ဟာနေသလိုလိုနှင့် တိမ်တာမန်ရင်ထဲ ခံစားမှုတွေ စုံနေရသည်ကတော့ အမှန်ဖြစ်သည်။

ထိုခံစားမှုကြောင့်လည်း တိမ်တာမန် စိတ်ထဲ့တွင် အမြဲလိုကသိကအောက် ဝေဒနာဆိုးကြီးက ဖြစ်နေရကာ စိတ်မှာ မကြည်လင်ဘဲ ရှိနေရသည်။

အခုလည်း တိမ်တာမန်သည် အိမ်သို့သာ ပြန်လာခဲ့ရပေမယ့် သူ့စိတ်တွေကတော့ဖြင့် မကြည်လင်ဘဲ နောက်ကျိနေရ၏။

ထိုသို သူ့စိတ်တွေ နောက်ကျိနေရသည်ကလည်း တခြားကြောင့်တော့ဖြင့် မဟုတ်ပါ။ သူ တွေ့လိုလှပါသည့် အမျိုးသမီးကို ဖွဲကြီးကြီးနှင့် ရှာနေပေမယ့် တိမ်တာမန်မှာ မတွေ့ရသေးသောကြောင့်ဖြစ်သည်။

နောက်ကျိရှုပ်ထွေးနေသော စိတ်အတွေးများနှင့် တိမ်တာမန် မောင်းလာသည့်ကားလေးက မီးပွိုင့်တစ်ခုသို့အရောက်…

“ဟင်”

တိမ်တာမန်မှာ သူ့ကားဘေး ထိုးဆိုက်လာသော ကားတစ်စီးကြောင့် သူ့အကြည့်များက ဘာရယ်မဟုတ် ထိုကားလေးထဲရောက်ရှိသွားချိန် တိုက်တိုက်ဆိုင်ဆိုင်လို့ပင် ပြောရမည်လားမသိ။





သူ အင်မတန်တွေ့ချင် မြင်ချင်လှပါသည့် အမျိုးသမီးကို တိမ်တာမန်သည် သူ့ကားနှင့် ဘေးချင်းယှဉ်လျက် ကားတွင် တွေ့လိုက်ရသောကြောင့် သူ အံ့သြဝမ်းသာသွားရသည်။

မထင်ခဲ့ပါ…

သူမကို အခုလို တွေ့ရလိမ့်မယ်လို့ တိမ်တာမန် နည်းနည်းလေးမှ မထင်ခဲ့။

မြင်ချင် တွေ့ချင် ဆုံချင်လွန်းလို့ သူ ရှာဖွေနေတုန်းကတော့ သက်လုံကောင်းကောင်းနှင့် ခြေရာဖျောက်ခဲ့သည့် သူမ၊ ယော ခုတွေ့မယ့်တွေ့တော့လည်း သူ့အတွက် ဘယ်လိုမှ မထင်မှတ်ထားသည့် အချိန်၊ နေရာတွင် လာဆုံနေရသည့်အဖြစ်။ ဒီအဖြစ်က တိမ်တာမန်ကို စိတ်လှုပ်ရှားမှုဖြင့် ရင်ခုန်သံတွေ မြန်ဆန်ရသည်။

မိုးဆောင်းခကတော့ သူမ၏ ထုံးစံအတိုင်း ဘေးပတ်ဝန်းကျင်ကိုလည်း အကြည့်များ စူးစမ်းရောက်ရှိလာခြင်းမရှိဘဲ မျက်နှက်ဝန်းလှလှလေးနှင့် အကြည့်စူးစူးလေးကိုသာ ရှေ့ကိုပို့လျက် ကြည်စင်နေထွေးနေရသော မျက်နှာလှလှလေးက မတည်မပြုံးလေး ရှိနေရသည်။

ဒါကိုပင် တိမ်တာမန်သည်လည်း အသည်းယားနေရခြင်းဖြစ်သည်။

တကယ်ဆို သူမသည် ဘေးပတ်ဝန်းကျင်ကို အကြည့်



www.burmeseclassic.com

www.burmeseclassic.com



လေးများ နည်းနည်းပါးပါး ရောက်ရှိလာဖို့ ကောင်းပါ၏။

ခုတော့ သူမပုံစံက တစ်လောကလုံးတွင် သူမ တစ်ယောက်တည်းသာ ရှိသည့်ပုံစံမျိုး ဘေးပတ်ဝန်းကျင်ကို ဥပေက္ခာပြုလွန်းအားကြီးတာမို့ တိမ်တမန် သူမကို စူးစူးစိုက်စိုက်လေး ကြည့်နေရင်းက ရင်မှာ အားမလို အားမရကြီး ဖြစ်လာရသည်။

သည်မိန်းမရဲ့ ထူးခြားမှုတွေက ဒါတွေပါပဲ။ သူ ဒီအမျိုးသမီးကို ပထမဦးဆုံး သတိထားမိတာကလည်း သူမရဲ့ ဒီလို အေးစက်စက်မျက်ဝန်းနှင့် ဥပေက္ခာ ပြုလွန်းသည့် သူမ၏ ပုံစံကိုပင်ဖြစ်သည်။

ယခုလည်းကြည့်လေ၊ သူမနှင့် ဘေးချင်းယှဉ်လျက် ကားထဲကနေ တိမ်တမန်သည် သူမအား အကြည့်စူးစူးကြီးတွေနှင့် စိုက်ကြည့်နေသည့်တိုင် သူမကတော့ သူ့ကို ရှိသည်ဟုပင် သတိထားမိဖော်မရဘဲ လူက မတုန်မလှုပ် အေးစက်စက်ရှိနေပုံက တိမ်တမန်ရင်ကို အခံရခက်ခက်ကြီးဖြစ်နေစေရ၏။

တိမ်တမန်သည် ထိုအဖြစ်ကိုပင် သူ့အနေနှင့် ဆက်လက်သည်းမခံနိုင်တော့သလိုမျိုး မျက်ခုံးထူထူကြီးနှစ်ဖက်ကို ခပ်ပြေပြေ တွန့်လိုက်ရင်း သူမအား ခေါ်ရန် သူ့နှုတ်ပြင်လိုက်ဆဲမှာပင် မီးပွိုင့်ကလည်း မီးစိမ်းသွားရပြီဖြစ်သည်။





မီးစိမ်းသွားရပြီမို့ မိုးဆောင်းခသည် သူမကားလေးကို မီးပွိုင့်မှ မောင်းထွက်လာခဲ့လိုက်သည်။

တိမ်တမန်သည် ဘာမှမစဉ်းစားတော့ဘဲ သူမ ကားလေးနောက်မှ သူ့ကားကို လိုက်လာခဲ့လိုက်သည်။

သူမကတော့ အခုလို နောက်တွင် သူ့ကားလိုက်လာသည်ကို သိမည်မဟုတ်ပါ။

ဘယ်လိုကြောင့်ပဲဖြစ်ပါစေ တိမ်တမန်ကတော့ သူတွေ့ချင်၊ မြင်ချင်၊ ဆုံချင်ပါသည့် သူမကို ယခုလို မမျှော်လင့်ဘဲ တွေ့လိုက်ရတဲ့အတွက် ရင်ထဲတွင် တကယ့်ကို လှုပ်လှုပ်ရှားရှားကြီး ဖြစ်နေရသည်။

ရှာလိုက်ရတာ သူ့မှာ တစ်နေ့လည်းမဟုတ်၊ တစ်လလည်းမဟုတ်၊ ရှာတုန်းကတော့ မတွေ့ဘဲ တွေ့မယ့်တွေ့တော့လည်း တကယ့်ကို လွယ်လွယ်ကူကူနှင့်၊ ကြည့်ရတာ ကံကြမ္မာက တိမ်တမန်ကို မျက်နှာသာပေးလာပြီ ထင်ပါရဲ့။

သူမကားလေးက လူကုံထံနေသည့် ရပ်ကွက် တစ်ခုအတွင်းရှိ ကျယ်ဝန်းသော ခြံကြီးတစ်ခြံတွင်းသို့ ဝင်သွားတော့ တိမ်တမန်သည်လည်း သူ့ကားကို သူမကားလေးနောက်ကနေ ထပ်ကြပ်မကွာ လိုက်ဝင်ခဲ့လိုက်သည်။

သူမမောင်းသည့်ကားလေးက ပန်းနုရောင်ပျော့ပျော့



www.burmeseclassic.com

www.burmeseclassic.com



တိုက်ကြီး၏ ပေါ်တီကိုအောက်တွင် ရောက်သွားချိန်မှာတော့ တိမ်တမန်ကားသည်လည်း သူမကားနောက်တွင် တုံ့ခနဲ ရပ်သွားရပြီ ဖြစ်သည်။

ထိုအခါမှ မိုးဆောင်းခသည်လည်း သူ့ကို အခုမှ တွေ့သွားဟန်နှင့် မျက်ခုံးလှလှလေးကို ကုပ်ကွေးကာ သူ့ကို ကြည့်လိုက်တော့ တိမ်တမန်သည်လည်း ကားပေါ်ကဆင်းကာ သူမအား နွေးထွေးစွာ ပြုံးပြလေသည်။

"အမိ ကျုပ်ကို မှတ်မိပါတယ်နော်"

တိမ်တမန်၏ နှုတ်ဆက်စကားကြောင့် သူမ မျက်ခုံးလေး ပြေသွားရပေမယ့် အေးစက်သော မျက်ဝန်းများဖြင့် သူ့ကို ကြည့်လာသည်။

ထို့နောက်…

တည်ငြိမ်အေးစက်သော လေသံဖြင့်…

"ဆောရီးပဲ…ရှင့်ကို ကျွန်မ လုံးဝမသိဘူး"

"ဗျာ"

ရုတ်တရက် သူ့မျက်နှာကို ဖြတ်အရိုက်ခံရလိုက်ရသကဲ့သို့ နာကျင်ထူပူမှုများဖြင့် သူ့မျက်နှာချောချောကြီးမှာ ရဲခနဲဖြစ်သွားရသည်။

ကြည့်စမ်း…





သည်မိန်းမ ဘယ်လိုပြောလိုက်တာပါလိမ့်။ လွန်ခဲ့သော နှစ်လလောက်က ညစ်ခံပွဲတစ်ခုမှာ သူမနှင့်အတူ စားပွဲတစ်ခုတည်းတွင် မျက်နှာချင်းဆိုင်ထိုင်၍ အချိန်ကြာမြင့်စွာ စကားပြောခဲ့သည့် သူ့ကို မမှတ်မိတော့ပါဆိုတာ ဖြစ်နိုင်ပါ့မလား။

တိမ်တမန် မျက်နှာကြီး ရဲလျက် ရုတ်ခြည်း ဘာလုပ်ရမှန်းမသိ ဖြစ်ရပေမယ့် သူမပုံစံကတော့ ခပ်အေးအေးပင်၊ အေးခဲသောအကြည့်၊ ခံစားမှုမရှိသော မျက်နှာနှင့် သူ့ကို တစ်ချက်ကြည့်လိုက်ပြီး…

"ကဲပါလေ…ရှင့်ကို ကျွန်မ မမှတ်မိပေမယ့် ကျွန်မကို နှုတ်ဆက်ဖို့ ခြံထဲထိအောင် လိုက်လာတဲ့ရှင့်ကို အိမ်ထဲဝင်ဖို့ ကျွန်မ ဖိတ်ခေါ်ပါတယ်"

"ဗျာ"

"ဟုတ်…ဟုတ်ကဲ့"

အကျဉ်းအကျပ်ထဲ ရောက်သွားရသည့် တိမ်တမန် အခုမှပင် သက်မချနိုင်တော့၏။

အကြောင်းကား…

သူမကသာ ရှင့်ကို ကျွန်မ မသိဘူး၊ ရှင် ကျွန်မခြံထဲက ခုထွက်သွားပါဆိုလျှင် သူ့အဖြစ်လောက် ရှက်စရာကောင်းမည့်အဖြစ် ရှိမည်မထင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ လူမှုရေးသိတတ်တဲ့ သူမကိုပင် တိမ်တမန်သည် စိတ်မှာ ကျေးဇူးတင်နေရသည်။

အိမ်ထဲသို့ သူမရှေ့က ဝင်သွားတော့ တိမ်တမန်သည်လည်း သူမနောက်က လိုက်ဝင်ခဲ့လေသည်။

ခြေချရက်စရာမရှိ ဖိတ်ဖိတ်တောက်အောင်လက်နေသည့် ကြမ်းခင်းထက်တွင် တိမ်တမန် ခြေချမိသည်ဆိုရင်ပဲ သူ့အကြည့်များက ဧည့်ခန်းဆောင်တစ်ခုလုံးကို အကြည့်များ ဝေ့ဝဲကာ ရောက်ရှိသွားရသည်။

နောက်ဆုံးခေါ် ခေတ်မီအဖိုးတန်ပစ္စည်းများနှင့် ဧည့်ခန်းဆောင်တစ်ခုလုံးကို သူ့နေရာနှင့်သူ လှပအောင် ပြင်ဆင်ထားသည်မှာ မြင်ရသူအဖို့ မျက်စိမလွဲနိုင်စရာ ဖြစ်သည်။

အင်းလေ…သူမကိုယ်တိုင်က သိပ်လှနေတော့ သူမလက်ကလေးနှင့် ထိတွေ့ထားသည့် ဒီဧည့်ခန်းလေး လှနေသည်ကလည်း ဘာဆန်းတော့မလဲ။

"ကဲ…ထိုင်ပါဦး၊ ကျွန်မ အဝတ်အစားသွားလဲလိုက်ဦးမယ်"

မိုးဆောင်းခသည် သူမရှေ့ကလူကို စူးခနဲတစ်ချက်စိုက်ကြည့်ကာ ဆိုလိုက်သည်။ ၁

တိမ်တမန်မှာ သူမကို ခေါင်းညိတ်ပြကာ ကျန်ခဲ့သည်။





သို့တိုင်…

သူ၏အကြည့်များကတော့ သူမ၏ လှပပြေပြစ်သော နောက်ကျောလှလှလေးကို ငေးကြည့်ရင်း သူ့လုပ်ရပ်ကို သူပြန်စဉ်းစားမိသည်။

တကယ်ဆို သူနှင့်သူမဆိုတာ အသိတွေလည်းမဟုတ်၊ ယုတ်စွအဆုံး တစ်ယောက်နာမည်ကိုတောင် တစ်ယောက် မသိသည့်အဖြစ်။

သည်လို တစ်ယောက်နဲ့တစ်ယောက် နာမည်လေးတောင် မသိတဲ့ မိန်းမတစ်ယောက်ရဲ့အိမ်ကို အတင့်ရဲစွာ လိုက်လာမိတာ မှားယွင်းသော လုပ်ရပ်ဆိုတာလည်း တိမ်တမန် စဉ်းစားမိပါသည်။

သို့သော်လည်း…ခက်သည်က သူ့စိတ်ပင်။ သူသည် နာမည်တောင် သိခွင့်မရသည့် ဒီမိန်းမကို အချိန်နာရီ၊ စက္ကန့်နှင့်အမျှ တွေ့ချင်မြင်ချင် ဆုံချင်နေရသည့်အဖြစ်ကိုလည်း တိမ်တမန် သူ့ကိုယ်သူ အံ့သြမိရပါ၏။

သူမကိုလည်း ဒူ အံ့သြမိရပါ၏။ သူ့ကို ခင်မင်ရင်းနှီးသည့် မိတ်ဆွေတစ်ယောက်အနေနှင့်လည်း သိခြင်းမရှိ၊ နာမည်လည်း မသိတဲ့ ယောကျ်ားတစ်ယောက်ကို အခုလို အိမ်ထဲဖိတ်ခေါ်တာ ဘယ်လောက်များ အံ့သြစရာကောင်းလဲ။

ဒါက အခုမှမဟုတ်ပါဘူး။ သူမနှင့် တွေ့ဆုံလိုက်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



သူမှာ အံ့ဩစရာတွေနှင့်ပင် ကြုံတွေ့နေရသည့်အဖြစ်။

တိမ်တမန်မှာ သူမ ပြန်ထွက်အလာကို စောင့်ရင်း ညော်ခန်းဆောင်တစ်ခုလုံးကို လှည့်ပတ်ကြည့်နေမိသည်။

ညော်ခန်းဆောင်တစ်ခုလုံးသည် မျက်စိမလွှဲနိုင်စရာ ကောင်းအောင် သိပ်ကို လှပလွန်းနေရပေမယ့် ညော်ခန်း၏ အလယ် အဝင်တံခါးဝနှင့် မျက်နှာချင်းဆိုင်တည့်တည့်တွင် ချိတ်ဆွဲထားသည့် ပန်းချီကားကြီးကတော့ ကြည့်နေသည့် သူ့စိတ်ကို အနှောင့်အယှက် ဖြစ်စေရပါသည်။

သူမသည် ဘာစိတ်ကူးအတွေးနှင့် ပန်းချီကားကို ဒီလောက်လှသည့် ညော်ခန်းအလယ်တွင် ချိတ်ဆွဲထားသည် မသိ ပေမယ့် ကြည့်နေရသူ သူ့အဖို့တော့ စိတ်မှာ မနှစ်သက်ချင်စရာ ဖြစ်သည်။

ကြည့်လေ…အဖြူရောင် ဓာခန်းဆီးရှည်လေးမှာ တလွင့် လွင့်နှင့် သိပ်ကို လှပလွန်းနေရသော ညော်ခန်းဆောင်နှင့် မလိုက် အောင် ရိုးတံကျဲကျဲနှင့် သစ်ခြောက်ပုံ ပန်းချီကားက ကြည့်ရသည့် သူ့အဖို့ နည်းနည်းမှ မျက်စိမကျနိုင်အောင် ဖြစ်နေရသည်။

တကယ်ဆို ဒီပန်းချီကားနေရာမှာ ဒီထက်ပို၍ လှပဝေ ဆာသည့် ပန်းချီကားကို ချိတ်ဆွဲလျှင် ရပါရက်နှင့် သူမ ဘာကြောင့် ဒီပန်းချီကားကိုမှ ချိတ်ဆွဲရပါသည်လဲ။





တိမ်တမန် မတွေးတတ်အောင် ရှိနေရသည်။ သူမ အနေ အထား၊ သူမ ရုပ်ရည်နှင့် ဒီပန်းချီကားက ဘယ်လိုတွေးတွေး ဘယ်လိုမှ လိုက်ဖက်မှုမရှိအောင် ဖြစ်နေရသည်။

မျက်ခုံးထူထူကြီးကို ခပ်ပြေပြေတွန့်ချိုးရင်းက တိမ်တမန် တွေးနေဆဲမှာပင်…

“ရှင်ကြည့်ရတာ ဒီပန်းချီကားကြောင့် ရှင့်စိတ်မှာ အနှောင့်အယှက်ဖြစ်နေပုံရတယ်၊ ကျွန်မထင်တာ မမှားဘူး ဆိုရင် ပေါ့လေ”

အေးစက်နေသော စကားသံနှင့်အတူ သူ့နောက်နားတွင် ရပ်လိုက်သောခြေသံကြောင့် တိမ်တမန်အကြည့်များ ဖျတ်ခနဲဆိုသလို နောက်သို့ ရောက်ရှိသွားရသည်။

ကျောလယ်တွင် ဖြာဝေဝဲကျနေသော ဆံနွယ်ညိုပျော့ပျော့ အိအိလေးများဖြင့် ခရမ်းနုရောင်လေး ဝတ်ဆင်ထားသည့် သူမကို လှပစွာ တွေ့လိုက်ရသည်။

တိမ်တမန်တစ်ယောက် သူ့ကိုယ်သူ မျက်တောင်ခတ်ဖို့ ပင် မေ့သွားရသည်။

အင်း…ဒီမိန်းမဟာ ဘယ်ချိန် ဘယ်အခါကြည့်ကြည့် ထာဝစဉ် ကျော့ရှင်းလှပသော အလှအပများဖြင့် ပါရမီထူးကဲစွာ လှလွန်းသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘဝကော၊ အလှကော ပါရမီဆုတောင်း ကောင်းလွန်းသူဆိုတာ သူမကိုများ ပြောသည်လားမသိပါ။

တိမ်တမန်သည် မျက်ဝန်းများကို မှေးစက်ကာ သူမအား ခပ်စူးစူးတစ်ချက် စိုက်ကြည့်လျက် ခေါင်းယမ်းပြလိုက်ပြီး…

"ကျုပ်စိတ်မှာ အနှောင့်အယှက်ဖြစ်တယ်ဆိုတာထက် ဒီပန်းချီကားမျိုးကို ဘာအဓိပ္ပါယ်နဲ့ ကြိုက်နှစ်သက်ပြီး ဒီလိုနေရာမျိုးမှာ ချိတ်ဆွဲမှန်း မသိတဲ့ အမိကိုပဲ ကျုပ် အံ့ဩမိတယ်"

သူ့စကားကြောင့် သူမသည် ပခုံးနှစ်ဖက်ကို အလှပဆုံး တွန့်လျက် မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီး…

"ဒါဟာဘာဆန်းလဲ…လူတစ်ယောက်နဲ့တစ်ယောက် စိတ်ခံစားမှုချင်း တူညီတာမှ မဟုတ်ပါပဲ၊ ဒါပေမယ့် ကျွန်မအတွက်ကတော့ ဒီပန်းချီကားဟာ သိပ်ကို အဓိပ္ပါယ်ရှိတယ်"

"ဗျာ"

သူမကို တိမ်တမန် ဘယ်လိုမှ နားမလည်နိုင်တော့ပါ။ တိမ်တမန် ထင်တာထက် သူမသည် ပို၍ နားလည်အသိရခက်သော မိန်းမဖြစ်နေရသည်က မယုံနိုင်စရာဖြစ်၏။

ဝင်းပနတ္တေးသော အလှများဖြင့် ချောမောလှပသည့် သူမလို မိန်းမတစ်ယောက်က ဒီလောက် အထီးကျန်ခြောက်သွေ့သည့် ပန်းချီကားကို မြတ်မြတ်နိုးနိုးနှင့် သူမအတွက် အဓိပ္ပါယ်ရှိ





ပါသည်ဆိုသောအခါ တိမ်တမန်အတွက် ပို၍ နားလည်ရခက်သွားရသည် မဟုတ်ပါလား။

"ကျုပ် အထင်ပြောရရင်တော့ မင်းလို လှပနုငယ်တဲ့ မိန်းမချောတစ်ယောက်က ဒီလိုပန်းချီကားမျိုးကို နှစ်သက်တယ်ဆိုတာ မဖြစ်သင့်ဘူးထင်တယ်"

"ဖြစ်နိုင်ပါတယ်၊ ရှင် ခုပြောသလိုမျိုး တခြားလူတွေကလည်း ကျွန်မကို အဲဒီလို ပြောကြပါတယ်"

"ဒါနဲ့တောင်"

"အဟင်း…ဟင်း…ရှင် ဘာပြောချင်တယ်ဆိုတာ ကျွန်မ သိပါတယ်၊ ဒါနဲ့ ဒီက"

"ကျုပ်နာမည် တိမ်တမန်ပါ"

"အဟင်း…ရှင်က ကျွန်မထင်တာထက် ပိုပြီးပါးနပ်တဲ့သူပဲ"

သူမစကားကြောင့် တိမ်တမန် ရှက်လွန့်လွန့်ကြီး ဖြစ်သွားရသည်။ သူမကြည့်ရတာလည်း သူ ဘာကို သိချင်နေမှန်း နားလည်ရပုံနှင့်။

"တကယ်တော့ ကျွန်မဘဝမှာ ယောကျ်ားတစ်ယောက်ကို ခုလိုမျိုး ကျွန်မအိမ်ထဲမှာ စကားလက်ဆုံ ပြောဖို့ဆိုတာ အင်မတန်ခက်ခဲတဲ့ကိစ္စပါ၊ ဒါပေမယ့် ရှင့်ကိုတော့ ဘာကြောင့်မှန်းမသိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါလေး တွေ့ဖူးရုံနဲ့ ကျွန်မစိတ်မှာ ရင်းနှီးနေသလိုမျိုး၊ ခုလို ကျွန်မအိမ်မှာ ယောကျ်ားတစ်ယောက်ကို စကားလက်ခံပြောမိတာ ရှင်ဟာ ကျွန်မဘဝအတွက် ပထမဦးဆုံးလူပဲ”

သူမစကားထဲတွင် သူ့အား မှတ်မိနေကြောင်းပါတော့ တိမ်တမန် ကျေနပ်သလိုရှိသွားရသည်။ တစ်ဆက်တည်း သူမသည် ထိုစကားများကို ရိုးသားစွာ ဝန်ခံနေကြောင်းကိုလည်း တိမ်တမန် စိတ်မှာ အလိုလို နားလည်နေရ၏။

ကဲ…ဒါဟာ ဘယ်လောက်များ ထူးဆန်းလိုက်သလဲ။ တကယ်ဆို တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံမှု ဘယ်လောက်မှ ရှိသေးတာမဟုတ်ဘဲနှင့် သူမစိတ်ကို တိမ်တမန် သူ့အလိုလို နားလည်နေရသည်က သူမအပေါ် သူ့စိတ်အာရုံများ ဘယ်လောက်ထိ လေးနက်ခိုင်မာလွန်းနေကြောင်း ပြနေသည်ပဲ မဟုတ်ပါလား။

“ကျွန်မ မိုးဆောင်းခပါ”

ကြည့်စမ်း…

ဘယ်လောက်လှလိုက်သည့် နာမည်ပါလိမ့်။ လူကသာလှသည် မဟုတ်ပါ။ နာမည်လေးကလည်း သူနှင့်လိုက်အောင် အရမ်းလှနေသည်ကိုတော့ တိမ်တမန် ဝန်ခံရမည်ဖြစ်သည်။

“ကျုပ်သိတဲ့ နာမည်တွေထဲမှာတော့ အမိနာမည်ဟာ အလှဆုံး ထင်တာပဲ”





“အဟင်း…နာမည်တင်ပဲလား”

“ဗျာ”

ဟာ…သေတော့မှာပဲ။

သူမ၏ ဟန်ဆောင်မှုမရှိ ပွင့်လင်းလွန်းသည့် စကားကြောင့် တိမ်တမန်သည် အံ့သြသွားရသည်။ သူ့ကိုယ်သူပင် ဒေါသ တွေ ဖြစ်သွားရသည်။

သူမကို ကြည့်လိုက်တော့ သူမ၏ မျက်နှာပေါ်တွင် လှို့ဝှက်နက်နဲလွန်းသည့် အပြုံးနှင့် သူ နားလည်ရခက်သည့် အကြည့်နှင့် မျက်ဝန်းများကို တွေ့လိုက်ရသည်။

“ကဲပါလေ…အအေးသောက်လိုက်ပါဦး”

အိမ်ဖော်ကောင်မလေး လာချပေးသော အအေးကို သူ့ရှေ့သို့ တွန်းပို့ပေးရင်းက ပြောလိုက်သည်။

တိမ်တမန်သည် မိုးဆောင်းခအား စပ်စူးစူးလေး စိုက်ကြည့်ရင်း…

“အမိ…ကျုပ်ကို မှတ်မိနေသားပဲ”

မိုးဆောင်းခမှာ သူ့စကားကို သဘောကျသလို မျက်လွှာလေးချကာ ပြုံးလိုက်သည်။

သူမအပြုံးကိုမြင်တော့ တိမ်တမန်ရင်ဝယ် မချင့်မရဲကြီး ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘာပြုံးတာလဲ မိုးဆောင်းခ"

"ရှင့်စကားကို သဘောကျလို့ပါ"

သူမစကားကြောင့် တိမ်တမန်သည် မျက်ခုံးကြီးတွန့်သွားရပြီး...

"ပြောပါဦး...ကျုပ်စကားထဲမှာ အမိအတွက် သဘောကျစရာ ဘာပါသွားလို့လဲ"

"ရှင့်လိုလူမျိုးကို ကျွန်မ မမှတ်မိစရာ အကြောင်းမရှိပါဘူး ဦးတိမ်တမန်"

"ဒါဖြင့် အစက မင်းဘာလို့ ကျုပ်ကို မသိဘူး ပြောရတာလဲ"

"ဩော်...ရှင်ရယ် ခက်ရချည်ရဲ့၊ ကျွန်မ မဖိတ်ခေါ်ပါဘဲ ကျွန်မနောက်ကို ခွတ်လိုက်လာတဲ့ ရှင့်လိုလူကို မှတ်မိပါတယ်လို့ ကျွန်မက အလွယ်တကူ ပြောလိုက်ရင် ရှင့်လိုလူကို ကျွန်မ ဘယ်လို နှင်လို့ရပါတော့မလဲ"

"ဟာဗျာ"

ထင်တာထက် ပို၍ ပွင့်လင်းလွန်းသည့် မိုးဆောင်းခ စကားကြောင့် တိမ်တမန် မျက်နှာကြီး ရဲသွားရကာ သူမရှေ့တွင် သူ အနေရခက်ခက်ကြီး ဖြစ်သွားရသည်။

ကြည့်ရတာ သူမသည် သူ့ကို ခွတ်လုပ်တတ်သည့်





လူဆိုးတစ်ယောက်လို့များ ထင်သွားလေပြီလား မသိပါ။

တိမ်တမန်သည် မိုးဆောင်းခရှေ့တွင် အနေရခက်သည့် မျက်နှာနှင့်...

"မိုးဆောင်းခ...မင်းအတွက် ကျုပ် အဲဒီလောက်လည်း မဆိုးပါဘူး"

"အင်း...ကိုယ့်ကိုယ်ကိုတော့ အဲဒီလို ပြောကြတာပါပဲလေ၊ ဆိုးတယ် မဆိုးဘူးဆိုတာ အချိန်ကို ကြည့်ရတော့မှာပေါ့"

ပြောပြီး သူမရယ်တော့ တိမ်တမန် သူမရှေ့တွင် ပို၍ အနေရခက်သွားရသည်။

ကြည့်ရတာ သူမသည် သူ့ခြေလှမ်းတွေကို လှမ်း၍ ကြိုမြင်နေသလိုမျိုး ပိတ်ပြောလိုက်ပုံကတော့ သိပ်ကို ပညာသားပါလွန်းပါ၏။

"မင်းကြည့်ရတာ ထင်တာထက်ပိုပြီး ပွင့်လင်းလွန်းတယ်နော် မိုးဆောင်းခ"

"ဟုတ်ပါလိမ့်မယ်၊ လူတော်တော်များများကလည်း ကျွန်မကို အဲလိုပဲ ပြောကြတယ်၊ ဘာလဲ ရှင်က ပွင့်လင်းတာကို မကြိုက်ဘူးလား"

"အဟွန်း...ကျုပ် ရှင်းရှင်းပြောရရင် ခင်ဗျားရဲ့ အဲဒီ ပွင့်လင်းတဲ့စရိုက်နဲ့ပုံစံကိုပဲ ကျုပ်ကစပြီး စိတ်ဝင်စားမိတာဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



တော''

''အို''

သူ့စကားကြောင့် မိုးဆောင်းခသည် မျက်နှာလေး ရဲသွားရသည်ကိုကြည့်ပြီး တိမ်တမန်ရင်ဝယ် ကျေနပ်ခြင်းများစွာဖြင့် ပြုံးမိသွားရသည်။

အင်း…ခုလိုဆိုတော့လည်း ဒီအမျိုးသမီးဟာ သူထင်သလို ခံစားမှုမရှိတဲ့ မိန်းမမှမဟုတ်ဘဲ အကြည့်တွေ၊ အပြောတွေက အေးစက်နေရပေမယ့် ခံစားမှုကတော့ အနည်းနဲ့အများ ရှိနေသေးပါလားဆိုသည့် အတွေးနှင့် တိမ်တမန် ကျေနပ်နေမိသည်။

''ကဲ…ပြောပါဦး၊ ရှင် ကျွန်မနောက်ကို ဘာကိစ္စနဲ့ လိုက်လာတာလဲ ဦးတိမ်တမန်''

''အဟွန်း…ဟွန်း၊ ဒါက ရှင်းပါတယ် မိုးဆောင်းခ၊ ကျုပ် မင်းနောက်ကို လိုက်လာတယ်ဆိုကတည်းက မင်းနဲ့မိတ်ဆွေ ဖြစ်ချင်လို့ပေါ့''

''ဘုရားရေ''

''ရှင်က ကျွန်မနဲ့ မိတ်ဆွေဖြစ်ချင်လို့ ဟုတ်လား ဦးတိမ်တမန်''

မိုးဆောင်းခမှာ သူ့စကားကို မယုံကြည်သလိုမျိုး မျက်ခွံလေးပင့်ကာပြောတော့ တိမ်တမန်သည် အခံရခက်ခက်ကြီး ဖြစ်သွား





ရပြန်၏။

''ကျုပ်စကားက မင်းအတွက် အဲဒီလောက် အံ့သြစရာကောင်းနေလို့လား မိုးဆောင်းခ''

''ဆိုပါတော့…ဒါနဲ့ ကျွန်မ မရှင်းလို့ မေးစမ်းပါရစေဦး၊ ရှင် ဘာကြောင့် ကျွန်မနဲ့ မိတ်ဆွေဖြစ်ချင်ရတာလဲ ဦးတိမ်တမန်''

သူမ၏စကားသံသည် သူ တွေ့စကအတိုင်း ပြန်၍အေးစက်သွားရပြန်သည်။

''ကျုပ် မင်းနဲ့ မိတ်ဆွေဖြစ်ခွင့်မရှိဘူးလား မိုးဆောင်းခ''

''မရှိဘူးဆိုတာထက် ရှင် ကျွန်မနဲ့ မိတ်ဆွေဖြစ်လို့ ပျော်စရာကောင်းမယ်လို့များ ရှင်ထင်နေလား ဦးတိမ်တမန်''

''သေချာပါတယ်…မင်းနဲ့သာ ကျုပ် မိတ်ဆွေဖြစ်ခွင့်ရရင် ကျုပ်အတွက် ပျော်စရာကောင်းမှာ အမှန်ပဲ မိုးဆောင်းခ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ ကျုပ် ထင်တာထက်ကိုပိုပြီး စိတ်ဝင်စားစရာကောင်းတဲ့ အမျိုးသမီးတစ်ယောက်မို့လို့ပဲ''

''အဟင်း…ဟင်း…ဟင်း''

သူမသည် ကိုယ်လေး သိမ့်သိမ့်တုန်ခါသွားသည်အထိ သူ့ရှေ့တွင် နှစ်နှစ်ခြိုက်ခြိုက်လေး ရယ်မောနေသည်ကိုကြည့်ပြီး တိမ်တမန် ရင်ခုန်သံတွေ မြန်လာရသည်။

ကြည့်စမ်း…



www.burmeseclassic.com

www.burmeseclassic.com



သည်လိုကြတော့လည်း သူမဟာ ကလေးငယ်တစ်ယောက်လို ဟန်ဆောင်မှုမရှိ တကယ့်ကို ပီတိကလေးငယ်တစ်ယောက်လိုပါပဲလား။

သူမနှင့်တွေ့သည့်အချိန် ခဏလေးအတွင်းမှာပင် မိုးဆောင်းခဆိုသည့် ဒီအမျိုးသမီးသည် သူ့ကို ခံစားမှုတွေ အမျိုးမျိုးပေးနိုင်စွမ်းသည်ကတော့ သူ့ဘဝအတွက် တကယ့်ကို ထူးခြားမှုဝင်ဖြစ်သည်။

သည်လို ထူးခြားမှုတွေ ပေးနိုင်စွမ်းသည့် ခံစားမှုကြောင့်လည်း မိုးဆောင်းခကို တိမ်တမန်သည် အချိန်ခဏလေး တွေ့ရပေမယ့် စွဲစွဲလမ်းလမ်း ဖြစ်ခဲ့ရခြင်းသာ ဖြစ်ပါလိမ့်မည်။

"ဦးတိမ်တမန်"

"ဟင်...ဗျာ"

"အဟင်း...ရှင့်ကို ကျွန်မခေါ်နေတာ ကြာပြီ၊ ရှင်ဘာတွေစဉ်းစားနေတာလဲ၊ ကျွန်မအကြောင်းတော့ ဟုတ်မယ်မထင်ပါဘူးနော်"

"ဟာဗျာ...မင်း"

သူ့ရင်ထဲ အတွေးထဲကို ထိုးဖောက်မြင်နေသလိုမျိုး ပြောလိုက်သည့် မိုးဆောင်းခ စကားကြောင့် တိမ်တမန် ရှက်မျက်နှာရဲရဲကြီး ဖြစ်သွားရသည်။





တဆိတ် ဒီမိန်းမတော့ စကားပြောတာ တစ်ဖက်လူအနေခက်အောင်ပင် သိပ်ကို ပွင့်လင်းလွန်းနေသည်ကတော့ မကောင်းပါ။

သူမ၏ ပွင့်လင်းမှုသာ ဒီထက် သိုသိပ်ခဲ့မည်ဆိုလျှင် တိမ်တမန်သည် သူမရှေ့တွင် ဒီလို ဓာချွေးများပင် ပြန်ချင်လာရသည့်အဖြစ် ရှိမည်မဟုတ်။

"ရှင် ကျွန်မနဲ့ တကယ်ပဲ မိတ်ဆွေဖြစ်ချင်လား ဦးတိမ်တမန်"

မိုးဆောင်းခစကားကြောင့် တိမ်တမန်သည် မျက်နှာကြီးရှုတည်တည်ကြီးဖြစ်သွားရကာ...

"ကျုပ်လိုလူမျိုးက စကားကို စိတ်ထဲမပါဘဲ မပြောတတ်ဘူး မိုးဆောင်းခ၊ ပြောလာပြီဆိုလည်း အဲဒီစကားဟာ ကျုပ်ရင်ထဲကပါလို့ ပြောတဲ့စကားပဲဆိုတာတော့ မင်းသိထားပေး မိုးဆောင်းခ"

"ဟုတ်ပြီလေ...လူဆိုတာက ကိုယ်စိတ်ချမ်းသာမှုကို ကိုယ်ရှေ့တန်းတင်ပြီး ပြောတတ်ကြတာမျိုးပဲ၊ ကျွန်မကတော့ ကိုယ့်ကြောင့် လူတစ်ယောက် စိတ်ချမ်းသာမယ်ဆိုရင် တွေ့နိုင်တတ်တဲ့သူမို့ ရှင့်စိတ်ချမ်းသာမှုကို ကူညီပေးရမှာပေါ့"

"မိုးဆောင်းခ၊ မင်းပြောတာက"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ရှင့်ကို မိတ်ဆွေတစ်ယောက်အနေနဲ့ အသိအမှတ်ပြုပါတယ် ဦးတိမ်တမန်"

သူမစကားကြောင့် တိမ်တမန် ရင်ထဲလှုပ်ရှားသွားရသည် အခုတော့ အမှန်ဖြစ်သည်။

တိမ်တမန်မှာ သူ့ရင်ထဲ ကုလားဘုရားပွဲ လှည့်အလို ပျော်သွားရပေမယ့် ထိုအပျော်စိတ်ကိုတော့ မိုးဆောင်းခဆိုသည့် သူမ မရိပ်မိစေရပါ။

လှို့ဝှက်မှုတွေ၊ နားလည်ရခက်မှုတွေ ပြည့်နေသည့် ဒီမိန်းမရှေ့တွင် တိမ်တမန်သည် သူမနှင့်ပတ်သက်လို့ သူ့ရင်ထဲက ခံစားမှုတွေအားလုံး နည်းနည်းလေးမှ ဖွင့်လှစ်ပြရန် စိတ်ကူးရှိ ပင် မရှိပါ။

ထို့ကြောင့် တိမ်တမန်သည် ရင်ထဲက ခံစားမှုမျိုးနှင့် ဆန့်ကျင်ဘက် ခံစားမှုတွေကို ရင်မှာ မျိုသိပ်ထားသည့် မျက်နှာကြီးနှင့် မိုးဆောင်းခအား စူးခနဲ တစ်ချက်စိုက်ကြည့်လိုက်ပြီး…

"ကျေးဇူးပဲ မိုးဆောင်းခ…ကျုပ်ကို မင်းရဲ့မိတ်ဆွေအဖြစ် အသိအမှတ်ပြုပေးတဲ့အတွက် ကျေးဇူးပါပဲ"

"မလိုပါဘူး ဦးတိမ်တမန်၊ ကျွန်မကိုယ်တိုင်လည်း ရှင့်ကို မိတ်ဆွေအဖြစ် အသိအမှတ်ပြုဖို့ စိတ်ထဲမှာ ရှိနေလို့ပါ၊ ကျွန်မ ဆန္ဒမရှိတဲ့ကိစ္စဆိုရင်တော့ ဘယ်လောက်ပဲ အရေးပါ အရာရောက်





နေပါစေ ဆောရီးပဲ"

"ကြိုက်တယ်…သိပ်ကြိုက်တယ်"

"ရှင်"

"ဆောရီး…ကျုပ်ပြောတာက မင်းရဲ့ အဲဒီလိုစိတ်ဓာတ်

အပြောတွေကို သဘောကျ ကြိုက်တယ်လို့ပြောတာ၊ ဒါဆို မင်း

ကျုပ် ဒီအချိန်ကစပြီး မိတ်ဆွေတွေ ဖြစ်သွားပြီပေါ့နော်"

"အင်း"

နှုတ်ခမ်းလေး စေ့ပိတ်လျက် မိုးဆောင်းခသည် ခပ်ပြုံးပြုံး

ပင် ခေါင်းညိတ်ပြလိုက်သည်။

"ဒါဆို နောက်တစ်ခါ မင်းဆီကို ကျုပ် လာလည်ခွင့်

ရှိပြီပေါ့နော်"

သူ၏ ကလေးတစ်ယောက်လို အမေးကြောင့် မိုးဆောင်းခ

သည် သဘောကျသွားရကာ…

"အင်း…လိုအပ်ရင်တော့ လာလည်နိုင်ပါတယ်"

လိုအပ်ရင်…သူမ ဒါဘာကိုဆိုလိုတာပါလိမ့်။ မညာတမ်း

ပြောရရင် တိမ်တမန်ဆိုတာ မိုးဆောင်းခဆိုတဲ့ သူမကို အချိန်နာရီ

နှင့်အမျှ အမြဲမြင်ချင် တွေ့ချင်နေရသူ။

ဒါကို တိမ်တမန်သည် မိုးဆောင်းခအား ဘယ်လိုပြော

မည်လဲ။ အတွေးနှင့် တိတ်ဆိတ်သွားရသည့် တိမ်တမန်သို့ မိုး



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းခသည် ကြည့်တာ…

"ကျွန်မစကားကို ရှင် သဘောမကျဘူးနဲ့ တူတယ်၊ ကျွန်မ ဆိုလိုတာက"

"တဆိတ်…ကျေးဇူးပြုပြီး မင်းစကားကို အဲဒီမှာပဲ ခဏရပ်ပေးပါ မိုးဆောင်းခ၊ တိမ်တမန်ဆိုတဲ့ ကျူပ်ဟာ မိန်းမ တစ်ယောက် အလိုရှိလို့ခေါ်မှ ရောက်လာရမယ့် ယောကျ်ား တစ်ယောက် မဟုတ်ဘူးဆိုတာတော့ မင်းနားလည်ထားစမ်းပါ"

မျက်နှာကြီးတည်တည်နှင့် ရှုံ့ရှုံ့ရှားရှား ဖြစ်နေသော တိမ်တမန်ကို မိုးဆောင်းခသည် ကြည်လင်ပိုင်းစက်သော မျက်နက် ဝန်းစူးစူးလေးနှင့် နှုတ်ခမ်းဖူးဖူးပြည့်ပြည့်လေးကို ခပ်တင်းတင်း စေ့ပိတ်ကာ ကြည့်လိုက်ရင်း…

"ရှင့်ကြည့်ရတာ ကလေးတစ်ယောက်လိုပါပဲလား ဦးတိမ်တမန်"

"မိုးဆောင်းခ…မင်း"

သည်လိုကြတော့လည်း တိမ်တမန်မှာ မိုးဆောင်းခစကား ကို မခံချင်ဖြစ်သွားရသည်။

"ကဲပါလေ…ရှင့်သဘောအတိုင်းပါပဲ၊ ကြုံကြိုက်လို့ မဟုတ်ဘဲလည်း ကျွန်မဆီကို ရှင် လာလည်နိုင်ပါတယ်၊ ဒါဆို ရှင်ကျေနပ်ပြီ မဟုတ်လား"





သည်တော့မှ တိမ်တမန်၏ စောစောက မှုန်တည်နေသော မျက်နှာကြီးက ပြန်လည်၍ ကြည်လင်သွားရသည်။

သူ့အား ကလေးလိုပါဟု ပြောလိုက်သော မိုးဆောင်းခ စကားကိုတော့ တိမ်တမန်သည် စိတ်ဝယ် မကျေမနပ်ကြီး ဖြစ်နေ ရဆဲမဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

သည်ရက်ပိုင်းအတွင်းမှာ မိုးဆောင်းခနှင့် တွေ့ဆုံရန် တိမ်တမန် သူ့ဘက်က အကြိမ်ကြိမ် ကြိုးစားခဲ့ပေမယ့်လည်း ဘယ်လိုမှ မအောင်မြင်နိုင်အောင် ရှိနေခဲ့ရသည်။

အကြောင်းကား…

တိမ်တမန်တစ်ယောက် မိုးဆောင်းခနှင့် တွေ့ပြီးနောက်ပိုင်း သူ့တွင် မအားလပ်အောင် အလုပ်တွေ များနေခဲ့သောကြောင့် ဖြစ်သည်။

သည်နေ့တော့ဖြင့် တိမ်တမန်သည် အလုပ်လုပ်ရင်းက မိုးဆောင်းခအား ခါတိုင်းရက်များထက် ပိုလို့ သတိရနေမိသည်။ သူမအား တိမ်တမန် စိတ်ဝယ် တမ်းတမ်းတတကြီး သတိရနေချိန်မှာပင် သူ လုံးဝမထင်မှတ်ထားပါသော သူမထံက ဖုန်းက ဝင်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှန်းမြည်သံကြောင့် တိမ်တမန် သူ့လက်ကိုင်ဖုန်းလေးကို ဆောတ်ကိုင်လိုက်တော့…

"ဦးတိမ်တမန်လား"

သည့်အသံ…ဒီအသံသည် တိမ်တမန် နားဝတွင် တစ်ခါ ကြားဖူးရုံနှင့် သူ့နားထဲ စွဲထင်နေအောင် မှတ်မိပါသည့် အသံ။

သူမ…မိုးဆောင်းခ။

တိမ်တမန်သည် မိုးဆောင်းခအသံကို ကြားတာနှင့်ပင် ရင်မှာ တုန်ယင်လှိုက်ဖို လှာချင်ရသည့်အဖြစ်။ သူမ သူ့ဖုန်းနံပါတ်ကို ဘယ်ကဘယ်လို ရတာပါလိမ့်။

"ဟဲလို"

"ကျုပ် နားထောင်နေပါတယ် မိုးဆောင်းခ"

"ကြည့်စမ်း…ရှင် ကျွန်မအသံကို မှတ်မိနေသားပဲ"

သူမထံမှ အံ့သြသည့်အသံလေးကြောင့် တိမ်တမန် ပြုံးချင်ချင် ဖြစ်သွားရသည်။

တစ်ဆက်တည်း စိတ်ထဲတွင်လည်း ကိုယ်စွဲလမ်းမြတ်နိုး ရသည့် မိန်းမတစ်ယောက်၏အသံကို ဘယ်သူမမှတ်မိဲ နေပါ့မလဲ ဆိုသည့် စကားအား စိတ်ဝယ်ပြောဖြစ်နေမိသည်။

"မိုးဆောင်းခရဲ့အသံကို ကျုပ် ဘယ်အချိန် ဘယ်အခါမှာ ပဲဖြစ်ဖြစ် မှတ်မိနေတယ်ဆိုရင် မိုးဆောင်းခ အံ့သြမလားပဲ"





"ဖြစ်နိုင်ပါတယ် ဦးတိမ်တမန်၊ ဘာကြောင့်လဲဆိုတော့ ကျွန်မကိုယ်တိုင်ကလည်း ရှင့်အသံကို မှတ်မိနေလို့ပါပဲ"

သူမ၏စကားသည် သူ့နှလုံးသားကို တဆတ်ဆတ် တုန်ခါသွားစေရသည်။

မိုးဆောင်းခရယ်…မင်း ဘာကြောင့် ကျုပ်နှလုံးသားတွေကို လှုပ်ခါလာအောင် ဒီလိုစကားမျိုး ပြောတတ်ရတာလဲဆိုသည့် စကားကိုလည်း တိမ်တမန်စိတ်ထဲ အကြိမ်ကြိမ် ဆိုနေမိတော့သည်။

"ဦးတိမ်တမန်…ကျွန်မပြောတာ ရှင် နားထောင်နေ လား"

"ပြောပါ မိုးဆောင်းခ၊ ကျုပ် မင်းစကားတွေကို နားထောင်နေပါတယ်"

"အဟင်း…ရှင့်ကြည့်ရတာ ကျွန်မ ရှင့်ဆီကို ဖုန်းဆက် တာ အံ့သြနေတယ်နဲ့တူတယ်"

"အမှန်အတိုင်း ပြောရရင်တော့ ကျုပ် အံ့သြမိတာအမှန်ပဲ မိုးဆောင်းခ၊ ဘာလို့လဲဆိုတော့ မင်းလို မိန်းကလေးက ကျုပ်ဆီကို အကြောင်းမရှိပဲနဲ့ စပြီး ဖုန်းဆက်မယ့် မိန်းကလေး မဟုတ်လို့ဘဲ"

ထိုအခါ…

သူမ၏ ရယ်သံခပ်တိုးတိုးကို ဖုန်းထဲကနေတစ်ဆင့် တိမ်တမန် ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ကျွန်မ ဘာဖြစ်လို့ မိတ်ဆွေအဖြစ် လက်ခံလိုက်တာလဲသိလား ဦးတိမ်တမန်"

"မညာတမ်းပြောရရင်တော့ ကျုပ်ကိုယ်တိုင်လည်း ဒါကိုပဲ သိချင်နေတယ်"

"ရှင့်ရဲ့ ဒီလို ပါးနပ်မှုနဲ့ အလိုက်သိမှုတွေပေါ့"

"ဗျာ"

"ဟုတ်တယ်…ဦးတိမ်တမန်၊ ရှင့်မှာ တခြားသူတွေနဲ့ မတူတဲ့ ပါးနပ်မှုနဲ့ အလိုက်သိမှုတွေ ရှိတယ်ဆိုတာ ကျွန်မ ခံစားလို့ရတယ်၊ ဒီအရည်အချင်းတွေကြောင့်လည်း ရှင့်ကို မိတ်ဆွေအဖြစ် ကျွန်မ လက်ခံလိုက်တယ်"

"မင်းပြောပုံနဲ့ ကျုပ် ကိုယ့်ကိုယ်ကိုတောင် ဘဝင်မြင့်ချင်လာပြီ၊ ကဲ ဆိုပါဦး မိုးဆောင်းခ အခု မင်း ကျုပ်ကို ဘာပြောချင်တာလဲ"

"ကျွန်မ ရှင့်ဆီက အကူအညီတစ်ခု တောင်းချင်လို့ ဦးတိမ်တမန်"

"ဘယ်လို မိုးဆောင်းခ…ကျုပ်ဆီက အကူအညီ တောင်းမလို့ ဟုတ်လား"

တိမ်တမန်မှာ သူမဆီက စကားကြောင့် စိတ်မှာ အံ့ဩသွားရတာအမှန်ပင်ဖြစ်သည်။





ထူးခြားမှု၊ လျှို့ဝှက်မှုတွေ ပြည့်နေသည့် သူမလို မိန်းမတစ်ယောက်က သူ့ဆီက အကူအညီတောင်းချင်လို့ဆိုလာသောအခါ တိမ်တမန်သည် သူ့ကိုယ်သူပဲ ဂုဏ်ယူရတော့မလိုလို။

ဒါဟာ သူမရဲ့ သူ့အပေါ် အားကိုးခြင်းပါလားဆိုသော အတွေးနှင့် တိမ်တမန် ရင်ထဲ တစ်ကြိမ်တစ်ခါမှ မခံစားဖူးသည့် ခံစားမှုများဖြင့် ကြည်နူးမှုများ ဖြစ်ပေါ်သွားရသည်။

"ဘယ်လိုလဲ…တိတ်လှချည်လား ဦးတိမ်တမန်၊ ရှင့်ဆီက ကျွန်မ အကူအညီတောင်းချင်တယ်ဆိုတာနဲ့ အသံတိတ်သွားတာတော့ မဟုတ်ပါဘူးနော်"

ကျွတ်…

မိုးဆောင်းခဆိုတဲ့သူမ စကားကို ဒီထက်ပိုပြီး ပြေပြေပြစ်ပြစ် တကယ်ပဲ မပြောတတ်တော့ဘူးတဲ့လား။

ထိုသို့ မသိတာကိုဝင် တိမ်တမန်သည်လည်း ရင်မှာ ခံရခက်သည့်ဟာန်နှင့် မချင့်မရဲဖြစ်စွာ နှုတ်ခမ်းအစုံကို တင်းတင်းစေ့လိုက်ပြီး…

"ဒီမှာ မိုးဆောင်းခ"

"ပြောပါ ဦးတိမ်တမန်"

"မင်း ကျုပ်ဆီက ဘာအကူအညီတောင်းချင်တာလဲ၊ ဒီမှာ မင်းသိအောင် ကျုပ်တစ်ခါတည်း ပြောလိုက်ရဦးမယ်၊



www.burmeseclassic.com

www.burmeseclassic.com



**တိမ်တမန်ဆိုတဲ့** ကျုပ်က မိုးဆောင်းခဆိုတဲ့ အမျိုးသမီးတစ်ယောက် **အတွက်** အကူအညီဆိုရင် ကျုပ် အသက်နဲ့ပါရင်းပြီး ကူညီပေးဖို့ **ဝန်မလေးတဲ့**သူ ဆိုတာတော့ မင်း သိထားစေချင်တယ် မိုးဆောင်းခ"

"အိုကေ...ကျွန်မလိုချင်တာလည်း အဲဒီလို ရှင့်ရဲ့ ဖြတ်သားမှုတွေပဲ၊ ဒါပေမယ့် ခု ကျွန်မ ရှင့်ကို တောင်းမယ့်အကူအညီက ဒီလောက်ထိလည်း မခက်ခဲ မလေးနက်သေးပါဘူး ဦးတိမ်တမန်၊ ရှင် ကျွန်မနဲ့အတူ ညေ့ခံပွဲတစ်ခုကို အဖော်အဖြစ် လိုက်ပေးဖို့ပါ"

တိမ်တမန်မှာ မိုးဆောင်းခစကားကို နားထောင်ပြီး မျက်ခုံးကြီး ပင့်တက်သွားရသည်။

"ဘယ်လို မိုးဆောင်းခ...ကျုပ်က မင်းနဲ့အတူ ညေ့ခံပွဲတစ်ခုကို အဖော်အဖြစ် လိုက်ပေးရမယ်ဟုတ်လား"

တိမ်တမန် အံ့သြသလို မေးလိုက်၏။ စိတ်ထဲတွင်လည်း သူမ၏ တောင်းလာသော အကူအညီအတွက် ထူးဆန်းနေရသည်။

"ဦးတိမ်တမန် ကြည့်ရတာ ကျွန်မတောင်းတဲ့ အကူအညီကို မပေးနိုင်ဘူးနဲ့တူတယ်"

"ဟာ့...မဟုတ်ပါဘူး မိုးဆောင်းခ၊ ကျုပ်က မင်းတောင်းတဲ့ အကူအညီကို မပေးနိုင်လို့ မဟုတ်ဘူး၊ အံ့သြနေတာ





ကျုပ်စိတ်ထဲမှာ မင်းတောင်းတဲ့ အကူအညီအတွက် အံ့သြနေတာဆိုရင် ပိုမှန်လိမ့်မယ် မိုးဆောင်းခ"

ထိုစကားကို တိမ်တမန်သည် စိတ်ထဲရှိသည့်အတိုင်း အမှန်ပင်ဆိုလိုက်ခြင်းဖြစ်သည်။

မိုးဆောင်းခလို အရာရာကို ဘာကိုမှ ဂရုမစိုက်တတ်သည့် ပတ်ဝန်းကျင်ကို လျစ်လျူရှု ဥပေက္ခာပြုတတ်သည့် မိန်းမတစ်ယောက်က ညေ့ခံပွဲတစ်ခုကို သွားဖို့ သူ့ကို အကူအညီတောင်းလာမှုသည် ဘယ်လောက်များ ထူးခြားလွန်းရပါသည်လဲ။

"မလိုအပ်ဘဲ ရှင့်အတွေးတွေက ဒီတစ်ခါ သိပ်ပြီး မလေးနက်လွန်းနေဘူးလား ဦးတိမ်တမန်"

"မင်းဆိုလိုတာက"

"ရှင်းပါတယ်...ရှင့်ကို ကျွန်မအဖော်အဖြစ် ခေါ်တာဟာ ကျွန်မဘေးမှာ အတူရှိနေစေချင်တဲ့သဘောပါပဲ"

"ဗျာ"

"ဘာလဲ...ဒီစကားကိုလည်း ရှင် အံ့သြသွားတာပဲလား"

ဟင့်အင်း...အံ့သြတာမဟုတ်ဘူး မိုးဆောင်းခ၊ မင်းရဲ့ ဒီစကားကြောင့် ကျုပ်နှလုံးသွေးတွေ ပွက်ပွက်ဆူကုန်ပြီဆိုတာ မင်းသိရဲ့လား ဟူ၍သာ တိမ်တမန် မိုးဆောင်းခအား **စိတ်မှာ** မေးနေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်း တိမ်တမန်သည် သူ့အား သူမဘေးတွင် ဘာကြောင့် အတူရှိစေချင်ရသည်ကိုလည်း စိတ်မှာ ပြင်းပြင်းပြပြကြီး သိချင်လာရသည်မို့…

"တဆိတ် မိုးဆောင်းခ…ကျုပ် မရှင်းလို့ မေးစမ်းပါရစေဦး"

"ဘာများလဲ ဦးတိမ်တမန်"

"ခုညည့်ခံပွဲမှာ ဘာကြောင့် ကျုပ်ကို မင်းဘေးနားမှာ အတူရှိစေချင်ရတာလဲ မိုးဆောင်းခ"

သူ့စကားအဆုံး တစ်ဖက်မှ စကားအသံ တိတ်သွားရလေသည်။ အင်း သူမေးခွန်းက သူမကို ချောင်ပိတ်မေးလိုက်သလို အခက်တွေ့သွားစေရသည်လား။

တိမ်တမန် သက်ပြင်းတစ်ချက် ကျိတ်ရှိုက်မိလိုက်သည်။ ထိုစဉ်မှာပင် သူမထံမှ စကားသံ ထွက်ပေါ်လာ၏။

"ဦးတိမ်တမန်"

"ကျုပ် နားထောင်နေပါတယ် မိုးဆောင်းခ"

"ရှင် ကျွန်မနဲ့အတူ လိုက်ခဲ့ဖို့ အခက်အခဲဖြစ်နေလို့လား"

"သိပ်လွယ်နေလို့ပါ မိုးဆောင်းခ"

"ဟင်…ဒါဖြင့်"

"သိချင်တာပါ"





"ရှင်"

"မိုးဆောင်းခဆိုတဲ့ မင်းဟာ ကိစ္စတစ်ခုကို အဓိပ္ပါယ်မရှိဘဲ မလုပ်တတ်ဘူးဆိုတာ သိနေတဲ့အတွက် ကျုပ်နဲ့ပတ်သက်ပြီး မိုးဆောင်းခရဲ့ ရည်ရွယ်ချက်က ဘာလဲဆိုတာ သိချင်ရုံသက်သက်ပါပဲ"

သူမထံမှ ရယ်သံခပ်လွင့်လွင့်က တိုးသက်စွာ ထွက်ပေါ်လာပြန်၏။ သူမ ဒီလိုရယ်ပြန်တော့လည်း တိမ်တမန်သည် ရင်မှာ မလုံမလဲဖြစ်သွားရကာ သူ့စကားသည် ဟာလေးများ ဆန်သွားရပြီလား ဟူသော အတွေးက ရင်ထဲ ဝင်ရောက်လာပြန်၏။

"မိုးဆောင်းခ"

"ခအာ…ကျွန်မ အရင်ပြောပါရစေ ဦးတိမ်တမန်"

"ဘာများလဲ မိုးဆောင်းခ"

"ရှင်စိတ်ထဲမှာ ကျွန်မနဲ့ ပတ်သက်ပြီး ရိုးရှင်းမှုရှိရဲ့လား ဦးတိမ်တမန်"

"ဟာ"

လူချင်း မြင်တွေ့ရတာမဟုတ်ပေမယ့်လည်း မိုးဆောင်းခ၏ ဟန်ဆောင်မှုမရှိ၊ ပွင့်လင်းလွန်းအားကြီးသည့် စကားကြောင့် တိမ်တမန် မျက်နှာကြီး ရဲခနဲဖြစ်သွားရသည်ကိုတော့ သူမ သိမည် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မိုးဆောင်းခသည် သူ့ရင်ထဲ သူမနှင့်ပတ်သက်သော ခံစားမှုများကို ရိပ်မိနေမိနေပြီလားဟူသော အတွေးနှင့်လည်း တိမ်တမန် ရင်ခုန်သံတွေ မြန်စေရပါသည်။

သူ့ စွဲလမ်းမြတ်နိုးရပါသည့် ဒီမိန်းမနှင့်ပတ်သက်ပြီး သူ့ရင်ထဲ ခံစားမှုများကို တိမ်တမန် အချိန်ဘယ်လောက်ကြာကြာ ထိန်းထားနိုင်မှာလဲဆိုတာ အတွေးနှင့် သူ့ကိုယ်သူ အားပေးလိုက်ရင်းက လှုပ်ရှားသွားရသော စိတ်ကို တိမ်တမန်သည် အတတ်နိုင်ဆုံး ကြိုးစားပြန်ထိန်းလိုက်ပြီး…

"မိုးဆောင်းခ၊ ကျုပ်အပေါ် ဘယ်လိုနားလည်ထားလဲ"

"ဘုရားရေ…ရှင့်စကားက အဆန်းပါလား"

"ပြောပါ မိုးဆောင်းခ…မင်း ရင်ထဲရှိတဲ့အတိုင်း ကျုပ်ကို ဖြေပေးပါ"

"ကျွန်မရဲ့ ထင်မြင်ချက်က ရှင့်အတွက် ဘယ်လောက်တောင် အရေးပါမှာမို့လို့လဲ ဦးတိမ်တမန်"

"အဟွန်း…မင်းရဲ့စကားတိုင်းဟာ ကျုပ်ဘဝနဲ့ ပတ်သက်ပြီး အကုန် အလေးအနက်ထား အရေးကြီးနေတယ်ဆိုရင်ကော"

"အို"

သူ နားကြားလွဲတာ မမှားဘူးဆိုရင်တော့ မိုးဆောင်းခ





ထံမှ ရှက်ရွံ့သံ ခပ်တိုးတိုးလေးကို သူကြားလိုက်တာ သေချာပါသည်။

ကြည့်စမ်း…

သည်လိုကြတော့လည်း ဒီမိန်းမဟာ သာမန် အခြားမိန်းကလေးတွေလို ခံစားမှုတွေနဲ့ ရှက်ရွံ့တတ်သည်တဲ့လား။

မိုးဆောင်းခထံမှ စကားသံ တိတ်သွားရခြင်းသည် တိမ်တမန်ရင်ခုန်သံတွေကို ပို၍ မြန်ဆန်စေရပါသည်။

သူ့ရင်ထဲတွင်လည်း သူမထံမှ စကားသံကို ခုချိန်မှာ ပြင်းပြင်းပြပြ သူ ကြားချင်နေရသည်။

သူကိုယ်တိုင်က ဖုန်းမချသလို မိုးဆောင်းခသည်လည်း ဖုန်းကိုင်ထားဆဲဆိုတာ တိမ်တမန် သိနေလေ၏။

ခဏတာ တိတ်ဆိတ်သွားမှုကိုပင် တိမ်တမန် သည်းမခံနိုင်တော့သလိုမျိုး တိတ်ဆိတ်မှုကို ဖြိုခွဲရန် သူ့ဘက်က ကြံလိုက်စဉ်မှာပင်။

"ဦးတိမ်တမန်"

"ဟင်"

မိုးဆောင်းခထံမှ ခေါ်သံကြားလိုက်ရတာနှင့်ပင် တိမ်တမန်သည် သူ့ကိုယ်သူလည်း ဘယ်လိုဖြစ်သွားရသည် မသိပါ။ ဆယ်ကျော်သက် လူပျိုပေါက်လေးတစ်ယောက်လို ရင်ခုန်သံ



www.burmeseclassic.com

www.burmeseclassic.com



သိမ့်သိမ့်တုန် လှိုက်ဖိုသွားရသည့်အဖြစ်က မိုးဆောင်းခဆိုသည့် သူမကို သူ သိပ်ချစ်နေ၍ပဲလား။

မိုးဆောင်းခသည် သူနာမည်အားခေါ်ပြီး ဘာမှမပြောဘဲ ●ထားသံ တိတ်ဆိတ်သွားပြန်၏။

ရင်မှာ သိချင်စိတ်များ ပြင်းပြစွာနှင့် အနေခက်ရသူက တိမ်တမန်ပင်ဖြစ်သည်။

"မိုးဆောင်းခ"

"ရှင်"

ကြည့်စမ်းပါဦး…

သူ့စိတ်ကို ဘယ်လောက်တောင် လှုပ်ရှားသွားစေရသည့် အသံလေးလည်းဆိုတာ။ တိမ်တမန် စိတ်အာရုံများကို သိမ်းကျုံးဆွဲငင်သွားစေရသည့် မိုးဆောင်းခ၏ ထူးသံလေးက သူ့ရင်ထဲက အချစ်စိတ်များကို ပို၍ သက်ဝင်လှုပ်ရှားစေရသည်ကိုတော့ တိမ်တမန် သူ့ကိုယ်သူသာ သိပါ၏။

"ကျုပ်နဲ့ပတ်သတ်ပြီး မင်းမှာ တစ်ခုခုပြောစရာရှိ မနေဘူးလား မိုးဆောင်းခ"

တိမ်တမန့်စကားသံက လှုပ်ရှားနေရသည့် သူ့စိတ်ကို သူ အတတ်နိုင်ဆုံး ထိန်းချုပ်ထားရသည့် အသံမျိုး။

မိုးဆောင်းခသည် သူမဘက်ကနေ သက်ပြင်းလေး





တစ်ချက်ကို ချလိုက်ပြီး…

"ဦးတိမ်တမန်ကို ထင်မြင်ချက်ပေးလောက်အောင် ကျွန်မဘက်က မပြည့်စုံသေးပါဘူး၊ ဘာလို့လဲဆိုတော့ ဦးတိမ်တမန်နဲ့ ကျွန်မရဲ့ တွေ့ဆုံမှုက အချိန်ဘယ်လောက်မှ မကြာသေးပါဘဲ"

"ကောင်းပြီလေ…မိုးဆောင်းခဘက်က အချိန်ဆိုတာကို ပြောလာမှတော့ ကျုပ် စောင့်ရတော့မှာပေါ့၊ ကဲ မင်းတောင်းဆိုတဲ့ အကူအညီကိုလည်း ကျုပ် လက်ခံပါတယ်၊ အချိန်ကိုသာ ပြောပါ"

"အဟင်း…ရှင့်ဆီက ဒီလိုစကားမျိုးပဲ ကြားရလိမ့်မယ်ဆိုတာ ကျွန်မ သိနေပြီးသားဆိုရင် ရှင် အံ့သြမလား ဦးတိမ်တမန်"

သူမစကားသံသည် ကိုယ့်ကိုကိုယ် ယုံကြည်မှုအပြည့်ရှိကာ တိမ်တမန်ဆိုသည့် သူ့ကိုတော့ လျှော့တွက်ထားသည့် ပုံမျိုးမို့ တိမ်တမန်စိတ်တွင် တစ်မျိုးကြီး ဖြစ်သွားရလေသည်။

ဒါ သူမ သူ့ကို စိန်ခေါ်တာလား၊ သူ့စိတ်ကို သ်ႏ နှ ဲ မျိုး အထင်သေး လျှော့တွက်ထားတာလား။

ဘယ်လိုပဲ ရှိနေစေဦးတော့၊ တိမ်တမန်သည် သူမအပေါ် စိတ်ဝယ် မချင့်မရဲနှင့် မကျေမနပ်ကြီး ဖြစ်သွားရသည်ကတော့ အမှန်ဖြစ်သည်။

သည်ခံစားမှုသည် သူမနှင့်တွေ့တိုင်း သူ့ရင်မှာ အမြဲလို ခံစားခဲ့ရသည့် ခံစားမှုပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ---ဒေါ်မိုးဆောင်းခ၊ ခင်ဗျား ကျုပ်ကို ပြောချင်တာတွေ ပြောပြီးရင် ကျုပ် ခင်ဗျားဆီ လာရမယ့်အချိန်ကိုသာပြောပါ"

သူ့အသံက ထိန်းထားသည့်ကြားမှ ကလေးဆိုးကြီးတစ်ယောက်လို မကျေမနပ် ထွက်ပေါ်သွားရသည်ကိုလည်း တိမ်တမန် သူ့ကိုယ်သူ သတိမထားမိပါ။

"ဖြစ်နိုင်ရင်တော့ ဦးတိမ်တမန် ကျွန်မဆီကို မနက်ဖြန်ည ၈ နာရီလောက် လာခဲ့စေချင်တယ်"

"အိုကေ...ဒါဆို ခင်ဗျား အသင့်ပြင်ပြီး စောင့်နေပါ"

"ကျေးဇူးပဲ ဦးတိမ်တမန်"

ပြောပြီး သူမ ဖုန်းချသွားလေသည်။ တိမ်တမန်မှာ သူမ၏ ထူးထူးခြားခြား ဖိတ်ခေါ်မှုအတွက် ရင်ထဲ လှုပ်ရှားနေရသည်။

ပြောရမည်ဆိုလျှင် သူ့ဘဝတွင် မိန်းမတစ်ယောက်နှင့် အတူယှဉ်တွဲ၍ သွားရမည့်အဖြစ်သည် ဒါ ပထမဦးဆုံးအကြိမ်သာဖြစ်လေ၏။

ထို့ကြောင့် သူ့စိတ်တွေ လှုပ်ရှားနေရတာတော့ အမှန်ဖြစ်သည်။ ပို၍ သူ့စိတ်တွေ လှုပ်ရှားရသည်က ယခု သူတွဲသွားရမည့် အမျိုးသမီးသည် သူ့စိတ်မှာ စွဲလမ်းမြတ်နိုးနေရပါသည့် သူ့ရင်ထဲက အချစ်ရဆုံးသော မိန်းမဖြစ်နေသောကြောင့်ဖြစ်သည်။

ထိုညက တိမ်တမန်သည် စိတ်တွေ လှုပ်ရှားရလွန်းသော





ကြောင့် ကောင်းကောင်းနှင့် အိပ်၍ မရခဲ့ပါ။

ညဉ့်နက်၍ အိပ်ပျော်သွားသည့်တိုင်အောင် မိုးဆောင်းခ ဆိုသည့် သူမကတော့ သူ့အိပ်မက်ထဲထိအောင် လိုက်ပါလာခဲ့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

နောက်တစ်နေ့ညမှာတော့ တိမ်တမန်သည် မိုးဆောင်းခ ပြောထားသည့် အချိန်အတိုင်း သူမထံသို့ ရောက်ခဲ့ပါသည်။

တကယ်တမ်းပြောရလျှင် ယောကျ်ားတစ်ယောက်အနေနှင့် ကိုယ်နှင့်မဆိုင်သော မွေးနေ့ပွဲကို သွားဖို့ဆိုတာ ဝန်လေးဖို့ကောင်းပါ၏။

သူမ၏ တောင်းဆိုချက်ကိုလည်း သူ မငြင်းနိုင်ခဲ့ပါ။ သူ ရောက်သွားသည့်အချိန် သူမသည်လည်း အသင့်ပြင်ဆင်ပြီး စောင့်နေလေသည်။

ညအမှောင်အောက်တွင် မြစိမ်းရောင် ဝတ်စုံလေးနှင့် လှလွန်းနေသည်မှာ မြင်ရသူအဖို့ ကြည့်မဝချင်စရာ၊ အကြည့်များ မလွှဲတမ်း ခပ်စိုက်စိုက်ကြည့်နေသည့် သူ့ကို မိုးဆောင်းခသည် နွေးထွေးစွာ ပြုံးပြလိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ရောက်လာတာ အချိန်အတိအကျပါပဲလား ဦးတိမ်တမန်"

သူမစကားကြောင့် တိမ်တမန် နှုတ်ခမ်းအစုံကို တင်းတင်းစေ့ပိတ်လျက် ပြုံးလိုက်ကာ…

"အဲဒီအတွက် မင်း စိတ်မဆိုးပါဘူးနော် မိုးဆောင်းခ"

မိုးဆောင်းခသည် ပခုံးလေးကို လှုပ်စွာ တွန့်လိုက်ရင်းက…

"ဒါ စိတ်ဆိုးစရာမှမဟုတ်ဘဲ၊ စိတ်မဆိုးတဲ့အပြင် ဦးတိမ်တမန်ရဲ့ အချိန်လေးစားမှုကို ကျွန်မက ချီးကျူးရမှာပါ"

"အဟွန်း…အဲဒါ မင်းလာရင် စောင့်မနေရအောင်လို့လေ"

သူ့စကားသည် သူမကို ဂရုစိုက်ကြောင်း ဖော်ပြသည်မို့ မိုးဆောင်းခ ကျေနပ်သွားရသည်။

"ကျုပ်တို့ သွားကြတော့မလား မိုးဆောင်းခ"

"အင်းလေ…သွားကြတာပေါ့"

တိမ်တမန် အသင့်ဖွင့်ပေးထားသည့် ကားတံခါးမှ မိုးဆောင်းခ ဝင်ထိုင်လိုက်သည်။

သူမ ကားပေါ်ရောက်သည်နှင့် တိမ်တမန် မောင်းသော ကားလေးက နေရာမှ ထွက်လာခဲ့သည်။





တိမ်တမန်သည် သူ့ဘေးတွင် ကြွရုပ်လေးတမျှ လှနှစ်စွာ လှပလွန်းနေရသော မိုးဆောင်းခ၏ မျက်နှာလှလှလေးကို တစ်ချက်ငဲ့စောင်းကြည့်လိုက်သည်။

ကြည့်နေရင်းက သူ့ကိုယ်သူလည်း အံ့ဩနေရ၏။ သူ့အတွက်ကတော့ ဒါဟာ သူ့ကားပေါ်တွင် မိန်းမတစ်ယောက်ကို ပထမဦးဆုံးအကြိမ် တင်စီးခြင်းပါပဲ။

သူမနှင့်သာ ဒီလိုနှစ်ယောက်အတူသာ သွားရမည်ဆိုလျှင် သူ ကမ္ဘာကိုပင် ပတ်ရ ပတ်ရ သွားလိုက်ချင်ပါတော့သည်။

ညည့်ခံပွဲသို့ ရောက်သည်နှင့် သူမသည် သူ ဘယ်လိုမှ မထင်မှတ်ထားသည့် အပြုအမူကို စတင်လေတော့၏။

ထိုကား အခြားတော့ဖြင့် မဟုတ်ပေ…

သူမသည် သူ့လက်ကို တွဲချိတ်ကာ ခြံထဲသို့ ခပ်ရဲရဲဝင်ခဲ့သောကြောင့်ဖြစ်သည်။

ညည့်ခံပွဲရှိ လူများ၏ အကြည့်တွေက သူတို့နှစ်ဦးထံ စုပြုံရောက်ရှိလာရသည်။

ထိုအကြည့်တွေက သူတို့နှစ်ယောက်ကို လိုက်ဖက်လွန်းကာ အားကျငေးမောသည့် အကြည့်များဖြစ်လေသည်။

တိမ်တမန်မှာ သူ ဘယ်လိုမှ မထင်မှတ်ထားသည့် သူမ၏ အပြုအမူကြောင့် လူက အံ့ဩမှုများဖြင့် ရင်ခုန်သံတွေ



www.burmeseclassic.com

www.burmeseclassic.com



မြင်နေရဆဲမှာပင် သူမသည် သူ့အား ခပ်ပြုံးပြုံး မော့ကြည့်လာလေ၏။

"ဘာလဲ၊ ကျွန်မ အပြုအမူအတွက် ရှင် အံ့သြနေလား ဦးတိမ်တမန်"

"အင်း၊ အံ့သြတယ်ဆိုတာထက် ခုလောလောဆယ် ကျုပ်ရင်ခုန်သံတွေ မြန်နေတယ်ဆိုရင် ပိုမှန်လိမ့်မယ် မိုးဆောင်းခ"

"အပေါင်း ရှင်ကတော့လေ"

မိုးဆောင်းခသည် သက်ဝင်လွန်းသည့် အပြုံးလှလှလေးနှင့် ရှက်ရောင်ဝဲဝဲလေးဆိုလိုက်စဉ်မှာပင်…

"ဟော၊ မိုး"

အပြုံးနှင့် လှမ်းနှုတ်ဆက်ကာ အနားရောက်လာသော ချောမောသန့်ပြန့်သော အမျိုးသားကြောင့် တိမ်တမန်နှင့် မိုးဆောင်းခ၏ အကြည့်တို့က ထိုလူထံ ရောက်သွားရလေသည်။

ထိုအမျိုးသားသည် မိုးဆောင်းခအား ခပ်ပြုံးပြုံး စိုက်ကြည့်လျက်…

"နောက်ကျလှချည်လား မိုး၊ ကိုယ် မိုးကို မျှော်နေတာ"

အကြည့်များမလွှဲဘဲ ခပ်ပြုံးပြုံး စိုက်ကြည့်ကာ ဆိုနေသော ထိုလူကို ကြည့်ပြီး တိမ်တမန်ရင်ဝယ် ဘဝင်မကျနိုင်အောင် ဖြစ်သွားရသည်။





မိုးဆောင်းခသည် ထိုလူကို အပြုံးလှလှလေးနှင့် ပြန်ကြည့်ရင်း…

"ဆောရီးပဲ ကိုကျော်စွာရယ်၊ ရောက်နေတာ ကြာပြီလား"

"ဆိုပါတော့ မိုး"

ပြောရင်းက ကိုကျော်စွာ၏ အကြည့်များက မိုးဆောင်းခဘေးတွင် ရှိနေသည့် သူမနှင့် လက်ချင်းတွဲချိတ်ထားသည့် တိမ်တမန်ထံကို အကြည့်များ ဖျတ်ခနဲ ရောက်ရှိသွား၏။

ဒါကို သတိထားမိသည့် မိုးဆောင်းခမှာ အပြုံးလှလှလေးနှင့် သူမအနားတွင်ရှိသည့် အမျိုးသားနှစ်ယောက်ကို အကြည့်ဝဲဝဲလေးများဖြင့် ကြည့်လိုက်ရင်း…

"ကိုကျော်စွာကို မိတ်ဆက်ပေးရဦးမယ်…သူက ဦးတိမ်တမန်"

သူမ၏ စကားအဆုံးတွင် ကိုကျော်စွာ၏ အကြည့်တွေက သူ့အပေါ် လိုတာထက်ပို၍ ခပ်ကြာကြာလေး ရောက်ရှိသွားရသည်။ တိမ်တမန်သည်လည်း ထိုလူအား ပြန်စိုက်ကြည့်လိုက်သည်။

ထိုစဉ်မှာပင် သူမက…

"ဦးတိမ်တမန်လည်း မှတ်ထားပေါ့…ဒါက ကိုကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ ကျွန်မ မိတ်ဆွေလေ ဒီပွဲက သူ့ပွဲပေါ့"

တိမ်တမန်မှာ ပြုံး၍ ခေါင်းညိတ်ကာ ကိုကျော်စွာအား လက်ကမ်းပေးလိုက်လေ၏။

"တွေ့ရတာ ဝမ်းသာပါတယ် ကိုကျော်စွာ"

"ဟုတ်ကဲ့…ကျွန်တော်လည်း ဦးတိမ်တမန်နဲ့ ခုလိုသိရတာ ဝမ်းသာပါတယ်"

ကိုကျော်စွာသည် သူ့အား လူမှုရေးအရ မကောင်းတတ်၍ လက်ဆွဲနှုတ်ဆက်နေရပေမယ့် ကိုကျော်စွာ မျက်နှာသည် မကြည်လင်တာကိုတော့ တိမ်တမန် အကဲခတ်မိပါသည်။

သေချာတာတစ်ခုကတော့ သူတို့နှစ်ယောက်၏ တွေ့ဆုံမှုသည် ဘယ်လိုမှ ဝမ်းသာစရာမကောင်းခြင်းပင် ဖြစ်သည်။

ကိုကျော်စွာမှာ တိမ်တမန်နှင့် မိုးဆောင်းခကို နေရာချပေးရင်း…

"မိုး၊ ကိုယ့်ညှော်သည်တွေနဲ့ မိတ်ဆက်ပေးဖို့ ကိုယ်နဲ့ ခဏလိုက်ခဲ့ဦးနော်"

"ရတယ်လေ…ဒြော်…ဦးတိမ်တမန်၊ ခဏနော် ကျွန်မ ကိုကျော်စွာနဲ့ ခဏလိုက်သွားလိုက်ဦးမယ်"

မလိုက်နဲ့လို့ တားလိုက်ချင်ပေမယ့် တိမ်တမန်တွင် သူမကို တားဖို့အခွင့်အရေး မရှိပါ။ ထို့ကြောင့် သူမစကားကို ခေါင်းညိတ်





ပြရုံကလွဲလို့ တိမ်တမန် ဘာမှ မတတ်နိုင်ခဲ့။

သူ့ကို အနိုင်ရသူတစ်ယောက်လို ခပ်ပြုံးပြုံး ကြည့်သွားသည့် ကိုကျော်စွာ မျက်နှာကိုသာ တိမ်တမန်သည် လက်သီးနှင့် ဆွဲထိုးပစ်ချင်စိတ်များ ဖြစ်နေရတော့သည်။ ပြီးတော့ မိုးဆောင်းခ၊ ကိုကျော်စွာ နောက်ကို လိုက်သွားသည့် မိုးဆောင်းခကိုလည်း တိမ်တမန် မကျေနပ်ချင်ပါ။

ဘယ့်နှယ်…လူကို သူမပဲ ခေါ်လာပြီး ခုလိုတစ်ယောက်တည်း ပစ်သွားတာဟာ သူ့ကို ဂရုမစိုက်တဲ့ သဘောလား။

ရုတ်တရက် သူနှင့် ခပ်လှမ်းလှမ်းစားပွဲမှ ရယ်သံများ ကြားရတာမို့ တိမ်တမန် အကြည့်များ ရောက်ရှိသွားရတော့ သူမသိသည့်လူများနှင့်အတူ ကိုကျော်စွာနှင့် သူ့ဘေးတွင် ပြုံးပြုံးလေး ရပ်နေသည့် မိုးဆောင်းခ။

ကိုကျော်စွာသည် မိုးဆောင်းခကို ဘာတွေပြောနေသည် မသိပါ။ သူ့ကိုယ်ကြီး ငုံ့ကိုင်းလျက် သူမအား ငုံ့ကာ ငုံ့ကာ စကားပြောနေသမျှကို မိုးဆောင်းခသည်လည်း အပြုံးလှလှလေးနှင့် နားထောင်နေသည်မှာ ထိုမြင်ကွင်းသည် တိမ်တမန်ရင်ကို အခံရခက်စေရပါသည်။

တိမ်တမန်မှာ ထိုပုံစံကို ဆက်၍ကြည့်နိုင်စွမ်းမရှိတော့သလို မျက်ခုံးထူထူကြီးကို တွန့်ကြုတ်လျက် အကြည့်များ



www.burmeseclassic.com

www.burmeseclassic.com



လွဲလိုက်လေသည်။

တစ်ဆက်တည်း သူ့အတွေးထဲတွင်လည်း ကိုကျော်စွာနှင့် မိုးဆောင်းခအကြောင်းကို တွေးနေမိတော့သည်။

မိုးဆောင်းခအပေါ် ကျရောက်တဲ့ ကိုကျော်စွာရဲ့ အကြည့်တွေက ဘယ်လိုလဲ။ ယောကျ်ားချင်းမို့ ကိုကျော်စွာ၏ အကြည့်တွေကို မြွေ မြွေချင်း ခြေမြင်ပါသည်။

ထိုအတွေးက ဝင်လာတော့ တိမ်တမန်ရင်ထဲ ပူလောင်သွားရ၏။ တိမ်တမန် သက်ပြင်းတစ်ချက်ချလိုက်သည်။

ထိုစဉ်...

"တစ်ယောက်တည်း ပျင်းနေပြီလား ဦးတိမ်တမန်၊ ဆောရီးပဲရှင် အသိတွေနဲ့တွေ့လို့ နှုတ်ဆက်တာ နည်းနည်းကြာသွားတယ်"

မိုးဆောင်းခသည် ပြောရင်းက စားပွဲတွင် ဝင်ထိုင်လိုက်သည်။

တိမ်တမန်သည် စူးရှသော မျက်ဝန်းများဖြင့် နှုတ်ခမ်းအစုံကို တင်းတင်းစေ့ပိတ်လိုက်လျက် သူမကို စိုက်ကြည့်လိုက်သည်။

သူ့အကြည့်စူးစူးများကြောင့် မိုးဆောင်းခ မျက်နှာလေးသည် ပန်းသွေးရောင် တောက်သွားရသည်။

"မင်းကြည့်ရတာ သိပ်ပျော်နေပုံရပါလား မိုးဆောင်းခ"





"ကျွန်မပုံစံက ရှင်ပြောသလို တကယ်ပဲ ဖြစ်နေလို့လား"

"အဟွန်း...ဒါကတော့ ကိုယ့်ကိုယ်ကို ပိုသိမှာပေါ့ဗျာ"

တိမ်တမန် စကားသံသည် ထေ့သလို ရိသလို ဖြစ်နေသည်ကိုလည်း သူ့ကိုယ်သူ သတိမထားမိပါ။

"ရှင့်ကြည့်ရတာ...ကျွန်မအပေါ် တစ်ခုခုများ မကျေမနပ်ဖြစ်နေလား"

"မဖြစ်ပါဘူး...ဖြစ်စရာအကြောင်းလည်း ကျုပ်မှာ ဘာမှမရှိဘူး"

"အဟင်း...ဒါဟာ တကယ်ပဲလား ဦးတိမ်တမန်"

"ဟာကွာ...မင်း"

မိုးဆောင်းခစကားက သူ့အချက်ကို ထိသွားရသည်မို့ တိမ်တမန် မျက်နှာကြီး ရဲသွားရသည်။

"ဦးတိမ်တမန် ကြည့်ရတာ ကျွန်မနဲ့အတူ လိုက်လာမိတာကို နောင်တရနေပြီနဲ့တူတယ်"

သူမစကားကြောင့် တိမ်တမန် မျက်နှာတင်းသွားရကာ အကြည့်တွေလည်း သူမထံ စူးစူးစိုက်စိုက်ကြီး ရောက်ရှိလာရပြီး...

"မင်းပြောသလို နောင်တရတယ်ဆိုရင်တောင်မှ အဲဒီနောင်တဟာ မင်းနဲ့အတူ ကျုပ် လိုက်လာလို့ရတဲ့ နောင်တမဟုတ်တာတော့ သေချာတယ် မိုးဆောင်းခ"



www.burmeseclassic.com

www.burmeseclassic.com



တိမ်တမန်စကားက မိုးဆောင်းခကို နားလည်ရခက်စေရသည်။

သူ့စိတ်ထဲတွင် သူမနှင့်ပတ်သက်ကာ တစ်စုံတစ်ရာမကျေနပ်ဖြစ်နေမှန်း မိုးဆောင်းခ သိပါသည်။

ဘာအကြောင်းကြောင့်နှင့် ဖြစ်နေရသည်ကိုတော့ မိုးဆောင်းခသည်လည်း မသိပါ။

သို့ပေမယ့် သူ့မျက်နှာကြီးသည် အလာကနှင့်မတူဘဲ ရှုတည်တည်ကြီး ဖြစ်နေရသည်က အမှန်ဖြစ်၏။

"ကဲ…ခင်ဗျားတို့စွပြီးပြီလား၊ ပြီးရင် ကျုပ်တို့ ပြန်ကြရအောင်"

"ကောင်းပြီလေ…ပြန်တာပေါ့၊ တကယ်တော့ ကျွန်မလည်း ဒီလိုပွဲမျိုးကို လာသာလာရတာ မလွဲရှောင်သာလို့ပါ"

သူမ၏စကားကို တိမ်တမန်သည် ဘာမှဂရုမစိုက်တော့ပါ။ နှစ်ယောက်သား ပြန်ရန်ပြင်လိုက်စဉ် ကိုကျော်စွာသည် သူတို့အနား ရောက်လာပြန်၏။

"ဟင်…မိုး ပြန်တော့မလို့လား"

"ဟုတ်တယ် ကိုကျော်စွာ၊ ကျွန်မတို့ ပြန်တော့မယ်"

"ဟာ…မိုးကလည်း မဟုတ်တာ၊ ချက်ချင်းကြီး ပြန်တော့မလို့လား"





ပြောရင်းက ကိုကျော်စွာ မျက်နှာပျက်သွားရသည်။ သူမသည် သူ့ကို အပြုံးနှင့်ကြည့်ပြီး…

"ဦးတိမ်တမန်လည်း ပြန်ချင်နေပြီလေ၊ ကျွန်မတို့ နောက်ကြုံဦးမှာပါ ကိုကျော်စွာ"

သူမ နှုတ်ဆက်တာကို ကိုကျော်စွာသည် မျက်နှာမကြည်မသာနှင့် ခေါင်းညိတ်လိုက်သည်။ တိမ်တမန်သည် မကောင်းတတ်၍ ပြုံးလျက် နှုတ်ဆက်လိုက်သည်။

အပြန်လမ်းမှာတော့ တိမ်တမန်သည် အလာတုန်းကနှင့်မတူ စိတ်မကြည်လင်တော့ပါ။

မိုးဆောင်းခကတော့ သူနှင့် ဆန့်ကျင်ဘက် မျက်နှာငကြည်လင်နေသည်ကိုကြည့်ပြီး သူသည် ဘာကိုမှန်းမသိ ဒေ.သတွေ ဖြစ်နေရသည်။

ကြည့်ရတာ သူမသည် ကိုကျော်စွာနှင့် တွေ့ခဲ့ရတော်တော်ပျော်နေပုံရပါ၏။

ဒါကိုပင် တိမ်တမန်သည် ရင်မှာ နာလိုခံခက်ကြီးမြင်း ဒေါသတွေ ဖြစ်နေရခြင်းဖြစ်သည်။

သူမကတော့ ဒါကို သိသည်မဟုတ်။ သူ့ခံစားမှုတွေကို မသိသလို ဥပေက္ခာပြုနေနိုင်သည့် သူမကိုသာ သူ့စိတ်မှာ ချေ ကြီး ဖြစ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦး အိမ်ပြန်ရောက်ချိန်မှာတော့ ညဥ့်အတော်နက်နေပြီဖြစ်သည်။

သူ့ကားလေးသည် သူမတိုက်၏ ပေါ်တီကိုအောက်တွင် ထိုးရပ်သွားတော့ မိုးဆောင်းခသည် ကားပေါ်မှ ဆင်းလိုက်သည်။

"အိမ်ထဲဝင်ဦးမလား ဦးတိမ်တမန်"

မိုးဆောင်းခစကားကို တိမ်တမန်သည် မတည်မပြုံး မျက်နှာကြီးနှင့် ခေါင်းခါယမ်းလိုက်ပြီး...

"မဝင်တော့ဘူး မိုးဆောင်းခ၊ ညဥ့်လည်းနက်နေပြီ"

"ဒါဆို ကျွန်မကို ကူညီတဲ့အတွက် ကျေးဇူးပါပဲ ဦးတိမ်တမန်"

အပြုံးလှလှလေးနှင့် မိုးဆောင်းခ ဆိုလိုက်သည်။

"မလိုပါဘူး"

တိမ်တမန် သူမကိုမကြည့်ဘဲ အကြည့်လွှဲလျက် ဆိုလိုက်လေသည်။

"အို...ဘယ့်နှယ်မလိုရမှာလဲ ဦးတိမ်တမန်၊ သိပ်လိုတာပေါ့၊ ဒီနေ့ ဒီလိုသာ ဦးတိမ်တမန် ကျွန်မကို မကူညီဘူးဆိုရင် ကိုကျော်စွာကို ငြင်းဖို့ ကျွန်မ တော်တော်ခက်သွားမှာ အမှန်ပဲ၊ ဘာကြောင့်လဲဆိုတော့ ဒီနေ့ ကိုကျော်စွာကို ကျွန်မဘက်က အဖြေတစ်ခု ပေးရမယ့်နေ့လေ၊ အဟင်း...ဒါပေမယ့် အခုတော့ မထင်





မှတ်ဘဲ ကိစ္စတွေအားလုံး ရှင်းသွားပါပြီ၊ ဒါတွေအားလုံးဟာ ဦးတိမ်တမန်ရဲ့ ကျေးဇူးကြောင့်ပဲပေါ့"

"ဟင်"

သူ့ကို သူမ ဘာကြောင့် အကူအညီတောင်းရသည်ဆိုတာ တိမ်တမန် အခုမှ သဘောပေါက်သွားရသည်။

သဘောပေါက်တာနှင့်အတူ တိမ်တမန်ရင်ထဲ ဒေါသတွေလည်း လှိုင်းထန်လာရ၏။

သူမ သူ့ကို အသုံးချလိုက်တာပါလားဆိုသည့် အတွေးနှင့် တိမ်တမန် အကြည့်များက မိုးဆောင်းခထံသို့ ချပ်ရူးရူး ရောက်ရှိသွားရကာ သူ ကားပေါ်မှ ဆင်းလိုက်သည်။

"ဘယ့်နှယ်လဲ...ခင်ဗျားစိတ်မှာ လုပ်ချင်တာကို လုပ်လိုက်ရလို့ ကျေနပ်သွားပြီလား"

"ရှင် ဘာကိုပြောတာလဲ ဦးတိမ်တမန်"

"အဟွန်း...ဟွန်း အိပ်ချင်ယောင်ဆောင်တဲ့လူဟာ အနှိုးရခက်တယ်ဆိုတဲ့ စကားဟာ တယ်မှန်တာပါပဲလား၊ ဒီမှာ မိုးဆောင်းခ မင်း ကျုပ်ကို အခုလို အသုံးချလိုက်တာဟာ ဘာသဘောလဲ"

"ရှင်က ဒါကို မကျေနပ်ဖြစ်နေတာလား ဦးတိမ်တမန်"

"ဟုတ်တယ် မကျေနပ်ဘူး၊ မင်းလုပ်ပုံက တျှော် အလွန်



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်ချင်စရာကော ကောင်းသေးရဲ့လား”

“ကောင်းပြီလေ…ရှင် မကျေနပ်တာကို ကျေနပ်အောင် ကျွန်မ ဘာလုပ်ပေးရမလဲ”

“တူညီတဲ့ တုံ့ပြန်မှုတစ်ခုတော့ မင်း ကျုပ်ကို ပြန်ပေးရလိမ့်မယ် မိုးဆောင်းခ”

“ဘယ်လို…တူညီတဲ့ တုံ့ပြန်မှု ဟုတ်လား”

“ဟုတ်တယ်”

မိုးဆောင်းခသည် တိမ်တမန်အား စူးရဲသော အကြည့်လေးနှင့် စိုက်ကြည့်ကာ မေးလိုက်တော့ တိမ်တမန်သည်လည်း သူမအား ပြန်၍စိုက်ကြည့်လာလေသည်။

“ကဲ…ပြောပါဦး ရှင်လိုချင်တဲ့ တူညီတဲ့တုံ့ပြန်မှုက ဘာလဲဆိုတာ”

သူ တစ်ချက်ပြုံးလိုက်သည်။ သည်နောက် ရီဝေစူးရှသော အကြည့်စူးစူးလေးများနှင့် မိုးဆောင်းခ မျက်နှာလေးအား စိုက်ကြည့်လာပြီး…

“မင်းဆီက ကျုပ်လိုချင်တဲ့ တူညီတဲ့ တုံ့ပြန်မှုဆိုတာ ဒါပဲ”

“အို”

နဖူးပေါ် ဖျတ်ခနဲ ကျရောက်လာသည့် အနမ်းနွေးနွေး





ကြောင့် မိုးဆောင်းခသည် အံ့ဩမှုများဖြင့် လူက မှင်သက်နေဆဲမှာပင် တိမ်တမန်ကားသည်လည်း ခြံထဲမှ မောင်းထွက်သွားရပြီ ဖြစ်သည်။

ကျန်ခဲ့သည့် မိုးဆော င်းခကတော့ ဘယ်လိုနေမည်မသိပါ။ တိမ်တမန်ရင်ထဲမှာတော့ ရင်တစ်ခုလုံး လှိုက်ဖိုနွေးလျက် စိတ်တွေ လှုပ်ရှားနေရသည်။

ထိုညကတော့ တိမ်တမန်သည် အိပ်တစ်ခါ နိုးတစ်ဝက်နှင့် မိုးဆောင်းခနှင့် ပတ်သက်ကာ သူ့အတွေးတွေ ရှုပ်နေခဲ့ရသည်။

မမျှော်လင့်ဘဲ သူမနဖူးလေးကို နမ်းခဲ့မိတာ အခွင့်အရေး ယူလိုခြင်းကြောင့် မဟုတ်ဆိုတာ သူကိုယ်သူသာ သိပါ၏။

ဒါကိုပင် သူမ သူ့ကို တစ်မျိုးထင်သွားပြီလား ဆိုသော အတွေးနှင့် ရင်မှာ ပူလောင်လာရသည်။

သူမကသာ သူ့ကို အခွင့်အရေးသမားလို့ ထင်သွားရင်ဖြင့် တိမ်တမန်အတွက် ရှက်ဖွယ်လိလိပင်ဖြစ်သည်။

တိမ်တမန် သူ့ကိုယ်သူလည်း ဒီလိုမျိုးဖြစ်သွားလိမ့်မည် လို့ မထင်ခဲ့ပါ။

မိန်းမတစ်ယောက်၏ အသုံးချခွင့်ဖြစ်သွားရသည့် သူမ၏ လုပ်ရပ်ကြောင့် သူ၏ယောက်ျားမာနနှင့် မခံချင်ဖြစ်သွားသော သူမအပေါ် သူ ဒီလိုမျိုး မထင်မှတ်ဘဲ ပြုမူလိုက်ခြင်းသာ ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ပြီးမှ တိမ်တမန်သည် သူ့အပြုအမူအတွက် သူမ စိတ်ဆိုးသွားပြီလား တွေးမိကာ ရင်မှာ မနေတတ်အောင် ဖြစ်လာရသည်။

ထို့ကြောင့် မနက်စောစောမှာပင် သူသည် မိုးဆောင်းခထံကို ဖုန်းဆက်ဖြစ်သည်။

ဖုန်းထဲက သူမအသံကတော့ဖြင့် အိပ်ချင်ပြေသေးဟန်မတူ။

တိမ်တမန့်ပါဆိုသည့် သူ့အသံကို ကြားသည်နှင့် မိုးဆောင်းခအသံမှာ အလိုလို တင်းမာသွားရ၏။

"စောစောစီးစီး ကိစ္စရှိလို့လား ဦးတိမ်တမန်"

အေးစက်နေသော သူမစကားသံသည် တွေ့စကအတိုင်းရှိနေရသည်မို့ မိုးဆောင်းခ သူ့ကို စိတ်ဆိုးနေမှန်း တိမ်တမန်သိလိုက်ရသည်။

သည်လိုဆိုတော့လည်း သူ မနေတတ်အောင် ဖြစ်သွားရသည်။

"ညကကိစ္စအတွက် မိုးဆောင်းခကို ကျုပ် တောင်းပန်ချင်လို့ပါ"

"ကျွန်မ အဲဒီကိစ္စကို ညကတည်းက မေ့ပစ်လိုက်ပြီ"

"ဗျာ"





မိုးဆောင်းခစကားကြောင့် တိမ်တမန် အံ့သြသွားရသည်။

သည်မိန်းမ ဘယ်လိုပါလိမ့်။

ယောကျ်ားတစ်ယောက်ဖြစ်သည့် သူတောင်မှ ညကကိစ္စအတွက် ရင်မှာ လှိုက်ဖိုခြင်းများစွာနှင့် စိတ်လှုပ်ရှားစွာ တစ်ညလုံး အိပ်မပျော်နိုင်အောင် ရှိခဲ့ပါရက်နှင့် မိန်းမသားဖြစ်သည့် သူမက ဒီကိစ္စကို ဘာမှမဖြစ်၊ ခံစားမှုမရှိသလို သွေးအေးစွာ ပြောနိုင်ပုံကတော့ဖြင့် တိမ်တမန် သူမကို ချီးကျူးရမလိုဖြစ်သည်။

"ရှင်...ကျွန်မဆီ ဖုန်းဆက်တာ အဲဒီအတွက်လား ဦးတိမ်တမန်"

"ဟုတ်တယ်...မင်းများ ကျုပ်ကို စိတ်ဆိုးနေမလားလို့"

သူ့စကားကြောင့် သူမက ရယ်သည်။ သူမရယ်သံသည် သွေ့ခြောက်လျက် သူ့အား လှောင်ပြောင် အရွဲ့တိုက်နေသလိုမျိုး။

"စိတ်ဆိုးတယ်ဆိုတာထက် ကျွန်မ ရှင့်ကို တန်ရာတန်ကြေး ပြန်ပေးလိုက်ရတယ်လို့ပဲ သဘောထားပါတယ်၊ ဘာလို့လဲဆိုတော့ ရှင့်ဆီက ကျွန်မ အကူအညီယူခဲ့မိတာကို"

"မိုးဆောင်းခ"

တိမ်တမန်ခေါ်သံသည် နာကျင်ကြေကွဲမှုများ၊ ယူကျုံးမရနောင်တတို့ဖြင့် ရင်တွင်းမှ လှိုက်ထွက်လာရသည့် ခေါ်သံမျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်း သူကိုယ်သူလည်း နောင်တအကြီး အကျယ် ရသွားရလေသည်။ နောင်တနှင့်အတူ သူမ သူ့ကို အထင် လွဲပြီဆိုတာကိုလည်း တိမ်တမန် သိလိုက်ရတော့ ရင်မှာ နာကျင် သွားရသည်။

"မိုးဆောင်းခ…ကျုပ်ကို အထင်လွဲနေပြီ၊ ကျုပ် မိုးဆောင်းခအပေါ်မှာ အခွင့်အရေး တမင်ယူခဲ့တာ မဟုတ်ဘူး၊ မနေ့ညက ကိစ္စဟာ ကျုပ်စိတ်ကို ကျုပ် မထိန်းနိုင်လို့ ရိုးရှင်းစွာ မှားခဲ့တဲ့ အမှားဆိုတာ မင်းယုံအောင် ကျုပ် ကျိန်ပြောရဲတယ် မိုးဆောင်းခ၊ ပြီးတော့ ကျုပ်ဟာ မိန်းမတစ်ယောက်ဆီက အခွင့် အရေးယူတတ်တဲ့ ယောကျ်ားထဲ မပါဘူးဆိုတာတော့ မင်းယုံပါ"

တိမ်တမန်သည် ထိုစကားများကိုတော့ သူ့ရင်ထဲက ရိုးရှင်းသော ခံစားမှုတွေနှင့် အမှန်ပင် လှိုက်လှိုက်လှဲလှဲကြီး ဆိုလိုက်ခြင်းဖြစ်သည်။

သူ့စကားကို နားထောင်ပြီး သူမသည် တိုးတိတ်စွာ ခပ်သဲ့ သဲ့ရယ်လိုက်လေ၏။

သည့်နောက်…

"ညတုန်းက ရှင် ကျွန်မကို နမ်းခဲ့တာ တကယ်ပဲ ဘာ ခံစားမှုမှ မပါဘူးလား ဦးတိမ်တမန်"

"ဒါကတော့"





ပြောရင်းက တိမ်တမန် စကားသံသည် ကွယ်ပျောက်သွား ရလေ၏။

သည်အဖြစ်ကို တိမ်တမန်သည် သူ့ကိုယ်သူလည်း အားမရနိုင်ပါ။ သူမနှင့် ပတ်သက်လာလျှင် သူ့ ဘာကြောင့်များ ဒီလောက်ထိ သတ္တိနည်းရတာပါလိမ့်။

တကယ်ဆို ကိုယ်ချစ်နေသည့် မိန်းမတစ်ယောက်ကို ချစ် သည့်အကြောင်း ဖွင့်ပြောလိုက်ရင် ဖြစ်ပါရက်နှင့် သူ့နှုတ်သည် ဘာကြောင့်များ လေးလံနေရသည်လဲ။

သေချာတာကတော့ တိမ်တမန်သည် မိုးဆောင်းခ သူ့အား စိတ်ဆိုး နာကျင်မုန်းတီးမှာကို စိုးရွံ့ကြောက်နေသောကြောင့် ဖြစ်လေ သည်။

"ကဲပါလေ…ကျွန်မစကားကို ရှင် အဖြေရခက်နေမယ် ဆိုလည်း မဖြေပါနဲ့တော့"

"ဒါပေမယ့်…ကျုပ် မိုးဆောင်းခကို"

"ကျွန်မ ရှင့်ကိုယုံပါတယ်"

"ဗျာ…ဒါ…ဒါ တကယ်ပဲလား မိုးဆောင်းခ"

"အဟင်း…တကယ်ပါ ဦးတိမ်တမန်၊ ဒီတစ်ခါတော့ ကျွန်မ ရှင့်စကားကို ယုံလိုက်ပါမယ်၊ ဒါပေမယ့် ဒီလို[illegible] နောက်တစ်ခါဆိုတာတော့"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ မိုးဆောင်းခ၊ ကျုပ် မင်းကို ကတိပေးပါတယ်၊ ဒီလိုအဖြစ်မျိုး နောင်မရှိစေရဘူးဆိုတာ"

"ဒီစကားနဲ့တင် ကျွန်မ ကျေနပ်ပါပြီ၊ ကဲ…ရှင်လည်း ကျေနပ်တော့ ဟုတ်လား"

"ခဏ…ခဏ မိုးဆောင်းခ၊ ကျုပ် မိုးဆောင်းခဆီ လာခဲ့လို့ရမလား"

"အခုလား"

"ဟုတ်တယ်"

"နီး…နီး ခုဆိုရင်တော့ မဖြစ်နိုင်ဘူး ဦးတိမ်တမန်"

"ဘာဖြစ်လို့လဲ မိုးဆောင်းခ၊ ကျုပ်အပေါ် မိုးဆောင်းခ"

"ဟင်း …ဟင်း ရှင်ထင်သလို မဟုတ်ဘူး၊ ကျွန်မ ခု အိပ်ရေးမဝသေးဘူး၊ အခုတောင် မနေ့က ရှင်ကူညီခဲ့တဲ့မျက်နှာနဲ့ ကျွန်မ သည်းခံပြီး နားထောင်ပေးနေတာ"

"ဟာဗျာ"

ပြေလည်မည်မှ မကြံသေး မိုးဆောင်းခ၏ စကားကြောင့် တိမ်တမန် အခံရခက်သွားရပြန်သည်။

သည်လိုပါပဲ၊ ဒီမိန်းမကတော့ သူ့ကို အမြဲတမ်း တစ်ခုခု စိတ်မှာ အနှောင့်အယှက်ဖြစ်အောင် လုပ်လိုက်ရမှ ကျေနပ်တတ်သူ ဖြစ်သည်။





"ဒါပဲမဟုတ်လား ဦးတိမ်တမန်၊ ကျွန်မ ဖုန်းချလိုက်တော့မယ်နော်"

မချနိုင်ဦးလို့ သူ မတားလိုက်နိုင်ခင်မှာပင် သူမသည် ဖုန်းချသွားရပြီဖြစ်သည်။

သူမ၏ ဒီလိုမျိုး ပြောပြောဆိုဆို လုပ်တတ်သည့် အမူအကျင့်များကြောင့်လည်း တိမ်တမန်ရင်ထဲ အမြဲလို မကျေမနပ်ဖြစ်ရတတ်သည်မှာ ခုမှမဟုတ်ပါ။

အိပ်ရာပေါ် သူ ပြန်လှဲအိပ်ပေမယ့် တိမ်တမန်သည် ဘယ်လိုမှ အိပ်၍မရတော့ပါ။ သူ့စိတ် သူ့အတွေးများသည် မိုးဆောင်းခထံကိုသာ ရောက်နေရတော့သည်။

ခက်ပြီ မိုးဆောင်းခရယ် မင်းကြောင့် ကျုပ် ခက်ရဖါပြီဗျာ။

တိမ်တမန်သည် ရင်မှာ မချင့်မရဲဖြစ်ရသမျှ ခပ်တိုးတိုး ရေရွတ်ရင်း မိုးဆောင်းခ၏ မျက်နှာလှလှလေးကို မြင်ယောင်မိရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ဒါဆို မိုးဆောင်းခ မင်းနဲ့တွေ့ခဲ့တဲ့ နှစ်ကြိမ်လုံး မင်းပဲ ခံနေရတော့တာပေါ့ တိမ်တမန်"

ဇော်ကိုအမေးကို တိမ်တမန်သည် ဘာမှမဖြေဘဲ နှုတ်ခမ်းကို ခပ်ဖွဖွစေ့ပိတ်ရင်း ခေါင်းညိတ်ပြလိုက်သည်။

"ကျွတ်...မင်းဟာကလည်း မဟုတ်သေးပါဘူးကွာ၊ ဒီမိန်းမ မင်းအတွက် ဘယ်လောက်များ ထူးခြားနေလို့ မင်းက ခံနေရတာလဲ"

"အဲဒီလိုလည်း မဟုတ်သေးပါဘူးကွာ၊ ငါကိုယ်တိုင်က လည်း သူ့အတွက်ဆို ဘာမဆို လိုလိုချင်ချင်နဲ့ လုပ်ပေးချင်နေတာ လည်း ပါပါတယ်"

"အေး...အဲဒါ ရောဂါပဲ တိမ်တမန်၊ မင်း ဒီရောဂါကို အမြန်ဆုံးပျောက်အောင် ကုပေတော့၊ မဟုတ်ရင်တော့ ဒီပုံစံအတိုင်း





ဆို မင်း ကောင်းကောင်းကြီး ဒုက္ခရောက်မှာတော့ ငါမြင်သေးတယ် တိမ်တမန်"

"အေးကွာ...ပြောတော့ ငါကိုယ်တိုင်ကလည်း မင်းပြော သလိုဖြစ်အောင် သူ့ကို မြင်မြင်ချင်း ချစ်မိသွားမှတော့ သူနဲ့ဝတ် သက်ပြီး ဆိုးဆိုးကောင်းကောင်း ဖြစ်လာသမျှ ငါ့ကံလို့ပဲ ပြောရ တော့မှာပေါ့ကွာ"

တိမ်တမန်သည် သူ့ရင်ထဲက ခံစားရသမျှကို မကွယ် မဝှက် ဝန်ခံလိုက်တော့ ဇော်ကိုမှာ ခေါင်းညိတ်ကာ...

"မင်းလိုပဲ သူ့ကို စွဲလမ်းနေတဲ့ အမျိုးသားတွေလည်း ဘယ်နှစ်ယောက်လောက်တောင် ရှိနေမှန်းမှ မသိတာ တိမ်တမန်"

"ဒါတော့ ငါလည်းမသိဘူး ဇော်ကို"

ပြောရင်းက တိမ်တမန် မျက်ဝန်းထဲ ညှော်ခံပွဲတွင် တွေ့ခဲ့ရ သည့် ကိုကျော်စွာ ပုံရိပ်က ပေါ်လာရ၏။

ကိုကျော်စွာ...ကိုကျော်စွာသည် မိုးဆောင်းခကို စွဲစွဲလမ်း လမ်းနှင့် လက်ထပ်ခွင့်တောင်းထားသည်ကို သူသိနေသည်ပဲလေ။

တိမ်တမန်မှာ ကိုကျော်စွာ မျက်နှာကို မြင်ယောင်မိတော့ ရင်မှာ ပူလောင်သွားရ၏။

"ငါ သိရသလောက်တော့ မိုးဆောင်းခနားမှာ အခုရှိနေ



www.burmeseclassic.com

www.burmeseclassic.com



တာတာ ကိုကျော်စွာဆိုတဲ့လူပဲ၊ သူကြည့်ရတာ မိုးဆောင်းခအပေါ် တော်တော်လေး စွဲစွဲလမ်းလမ်း ရှိနေတဲ့ပုံပဲ''

''ဒါကြောင့် မိုးဆောင်းခက မင်းနဲ့ပြပြီး ကိုကျော်စွာကို သူ့အတ်က အလိမ္မာနည်းနဲ့ ဖြတ်လိုက်တာပေါ့ ဟုတ်လား တိမ်တာမန်''

ဇော်ကို့စကားကို တိမ်တာမန် ဘာမှပြန်မဖြေပါ။ နှုတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းသာဖြစ်သည်ဆိုတာကို တိမ်တာမန်သည် မေ့လျော့နေသည်လား မသိပါ။

''ခက်ပြီ တိမ်တာမန်၊ ဒီပုံစံအတိုင်းဆို မင်းဟာ မိုးဆောင်းခကြောင့် ရန်များရတော့မယ်နဲ့ တူတယ်''

တိမ်တာမန်သည် မျက်မှောင်ကြီး ခပ်ပြေပြေတွန့်ကာ ပြောတော့ ဇော်ကိုသည် ပြုံးလိုက်လေ၏။

''ငါဘာပြောချင်တာလဲဆိုတာ မင်းလည်း သိပါတယ် တိမ်တာမန်၊ ကိုကျော်စွာဆိုတဲ့လူက သူ့လက်ထဲက လုသွားတဲ့မင်းကို ဒီအတိုင်း အလွတ်ပေးမှာတဲ့လား''

''ဒါကတော့ကွာ''

ဇော်ကိုစကားတွေက မှန်နေသဖြင့် တိမ်တာမန် ဘာဆက်ပြောရမှန်းမသိ သက်ပြင်းတစ်ချက်ကိုသာ ချလိုက်မိလေသည်။





မိုးဆောင်းခနှင့် ပတ်သက်ကာ ဇော်ကိုကတော့ သူ့ကို အပြတ်သတ် ဝေဖန်နေလေသည်။

''မင်းကိစ္စကို မင်းနိုင်အောင်တော့ ကြည့်ရှင်းရလိမ့်မယ် နော် တိမ်တာမန်၊ မဟုတ်ရင် ကြားထဲကအချောင် မင်းခံနေရလိမ့်မယ်၊ အဲဒီလိုမှမဟုတ်ဘူးဆိုလည်း မိုးဆောင်းခဆိုတဲ့ အမျိုးသမီးကို မင်း ဖွင့်သာပြောလိုက်၊ ဒီလို တအုံနွေးနွေးကြီး ဖြစ်နေတာထက်စာရင် မင်းရင်ထဲ ခံစားနေရတာတွေကို ဖွင့်ပြောလိုက်တာက ရှင်းသွားဦးမယ်''

တိမ်တာမန်ရင်ထဲတွင် တင်းတင်းကျပ်ကျပ်ကြီး ဖြစ်နေရလေသည်။

ဖွင့်ပြောလိုက်တဲ့။

ဖွင့်ပြောဖို့ဆိုတာ အချိန်စောသေးမှန်း ဇော်ကိုအား တိမ်တာမန် ပြောတော့…

''အချစ်နဲ့ အချိန်မှာ အသက်အရွယ်ဆိုတာ မရှိပါဘူးကွာ၊ အချစ်ဆိုတာက လူတစ်ယောက်ကို ခဏလေး မြင်တွေ့ရရုံနဲ့လည်း ချစ်သွားနိုင်တာပဲ၊ မိုးဆောင်းခကို မင်း ဖွင့်ပြောလို့ မင်းအတွက် စိုးရိမ်စရာ ဘာမှမရှိပါဘူး''

''ပြောတော့လွယ်တယ် ဇော်ကို၊ သူ ငါ့အပေါ် အထင်လွဲ



www.burmeseclassic.com

www.burmeseclassic.com



သွားရင်_မကောင်းဘူး”

“မဟုတ်သေးပါဘူးကွာ…သူက မင်းကို ဘာအထင်လွဲစရာရှိလဲ၊ လွတ်လပ်တဲ့ ယောက်ျားပျိုတစ်ယောက်က လွတ်လပ်တဲ့ မိန်းမတစ်ယောက်ကို ချစ်တဲ့အကြောင်း ဖွင့်ပြောတာ လူ့စည်းထမ်းကို ဖောက်ဖျက်တာမှ မဟုတ်တာ၊ ဘာမကောင်းစရာရှိလဲ၊ ပြီးတော့ မင်းပဲ သူ့ကိုချစ်တယ်ဆို”

ထိုစကားကိုတော့ သူသည် မငြင်းဆန်ဘဲ ခေါင်းညိတ်မိပါ၏။

မိုးခေါင်းခကို ချစ်ရသည့်အချစ်က သူ့ရင်ထဲ တစ်သက်မှာတစ်ခါသာ ဖြစ်ပေါ်လာသည့် အချစ်ဆိုတာကိုတော့ တိမ်တမန် ငြင်း၍မရပါ။

“ဟုတ်တယ်…ဇော်ကို၊ မိုးခေါင်းခဆိုတဲ့ မိန်းမဟာ ငါ့ဘဝမှာ ပထမဦးဆုံး ဖြစ်ပေါ်လာရတဲ့ အချစ်ပန်းလေးဆိုရင်လည်း မမှားဘူး၊ သူ့ကို ငါ့အသက်နဲ့ ထပ်တူချစ်တယ်၊ ဒါကိုတော့ ငါမငြင်းဘူး၊ ဒီအဖြစ်ကို ငါဘယ်တော့မှလည်း ငြင်းမှာမဟုတ်ဘူး၊ ပြီးတော့ သူ့ကိုချစ်ရတဲ့အတွက် ငါ့ရင်မှာ ဘယ်တော့မှလည်း နောင်တရမိမှာမဟုတ်ဘူး ဇော်ကို၊ ဒီလောက်ဆို မိုးခေါင်းခနဲ့ ပတ်သက်ပြီး ငါ့အချစ်တွေကို မင်းသိလောက်မှာပါ”





“မင်းရဲ့ ဒီစကားတွေကို မိုးခေါင်းခတော့ မသိဘူးကြားရတဲ့ ငါ့အဖို့တော့ မင်းဟာ မိုးခေါင်းခအတွက် တကယ့်တိုအချစ်ရဲ့ သူ့ရဲကောင်းပါပဲ၊ ကဲပါလေ ဒီစကားတွေကို မင်း ငါ့ရှေ့မှာ ပြောနေတာထက် မင်းချစ်တဲ့ မိုးခေါင်းခရှေ့မှာ သွားပြောတာ မင်းအတွက် ပိုပြီး အကျိုးရှိပါလိမ့်မယ်၊ ဒီတော့ ဒီစကားတွေအားလုံးကို မင်းချစ်တဲ့ မိုးခေါင်းခရှေ့မှာ ဖွင့်ပြောဖို့ မင်း အမြန်ဆုံးကြိုးစားပေတော့ တိမ်တမန်”

“ဟာကွာ..မင်းတော့”

ပွင့်ပွင့်လင်းလင်း ပြောချလိုက်သည့် ဇော်ကို့စကားကြောင့် တိမ်တမန်၏ ယောက်ျားပီသသော မျက်နှာချောချောကြီးမှာ ရှက်လွှန့်လွှန့်ကြီး ဖြစ်သွားရလေ၏။

“ဒီမှာ…တိမ်တမန် မင်းကို ငါ အကောင်းဆုံး အကြံဉာဏ်ပေးလိုက်မယ်၊ အဲဒါဘာလဲဆိုတော့ မင်း မိုးခေါင်းခရဲ့အချစ်ကို ပိုင်ဆိုင်ခွင့်ရအောင် အမြန်ဆုံး ကြိုးစားပေတော့”

“အဟွန်း…မင်းပြောတာ ဟုတ်တယ်နော် ဇော်ကို၊ ငါ မိုးခေါင်းခရဲ့အချစ်ကို အမြန်ဆုံး ပိုင်ဆိုင်နိုင်အောင် ကြိုးစားရမယ်”

သူ အားတက်စွာပြောရင်း မိုးခေါင်းခ၏အချစ်တို့သာမက သူချစ်ရသည့် သူမ၏ဘဝကိုပါ ပိုင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်က သူမကို သိပ်ချစ်ရသောကြောင့် ဖြစ်သည်။

မိုးဆောင်းခရယ်…မင်းရဲ့နှလုံးသားနဲ့ မင်းရဲ့ဘ၀ကို ကျုပ်အမြဲဆုံး ပိုင်ဆိုင်ရပါစေလားဆိုသည့် စကားကိုတော့ တိမ်တမန်သည် ရင်မှာ ကျိတ်ဆိုလိုက်မိသည်။

“ဒီတစ်ခါ မိုးဆောင်းခကိုတွေ့ရင် ငါ ဖွင့်ပြောလိုက်တော့မယ် ဓော်ကို”

“အဲဒါ မင်းရဲ့ အမှန်တန်ဆုံး ဆုံးဖြတ်ချက်ပဲ တိမ်တမန်၊ အင်း လူတွေ…လူတွေ အချစ်ကိုမတွေ့ခင်တုန်းကတော့ ခံစားတတ်တဲ့ နှလုံးသား မရှိသလိုလိုနဲ့၊ ဟော့ အခုလို အချစ်နဲ့တွေ့လာပြန်တော့လည်း ခံစားမှုတွေများလာလိုက်တာ၊ ငါ့ရှေ့က တိမ်တမန်ဟာ အရင်က ငါသိဖူးတဲ့ တိမ်တမန်မှ ဟုတ်ရဲ့လားလို့တောင် ထင်မိတယ်”

“ကျွတ်…မင်းကတော့ကွာ”

“အဟား…ဟား…ဟား”

“အဟွန်း…ဟွန်း…ဟွန်း”

ဓော်ကိုစကားကို တိမ်တမန်သည် ရှက်ရယ်လိုက်ရယ်ရင်း ဓော်ကိုလက်မောင်းကို သူသည် ရှက်ရှက်နှင့် လက်သီးဖြင့် ထိုးလိုက်တော့ ဓော်ကိုသည် ရယ်ရင်းမောရင်းက သူ့အနားက ထွက်ပြေး





သွားလေသည်။

တိမ်တမန်မှာ သူ့အနားက ထွက်သွားသည့် ဓော်ကိုကို ကြည့်ရင်း သူ့စိတ်ထဲတွင် မိုးဆောင်းခနှင့် ပတ်သက်ကာ ပြောရမည့် သူ့ရင်ထဲက ခံစားမှုစကားလုံးတွေကို အလှပဆုံး ရွေးချယ်နေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

တိမ်တမန်သည် မိုးဆောင်းခအား ဒီတစ်ခါ တွေ့ရင် ဖွင့်ပြောတော့မည်လို့ စိတ်မှာ ဆုံးဖြတ်ထားသည့်ကြားက မထင်မှတ်ဘဲ သူတွေ့ဖြစ်သည်က ကိုကျော်စွာ ဖြစ်နေရလေသည်။

"ကျွန်တော်နဲ့တွေ့ချင်တာ ဘာကိစ္စလဲ ကိုကျော်စွာ"

ရှေ့တွင်ရှိနေသော အအေးဖန်ခွက်ကို တိမ်တမန်သည် အမိပွာယ်မဲ့ ငေးစိုက်ကြည့်ရင်းက တိတ်ဆိတ်မှုကို သူကပင် စတင်ဖြိုခွင်းလိုက်သည်။

သူ့စကားသံကြောင့် ကိုကျော်စွာ အကြည့်များက သူ့ထံ ရောက်ရှိလာပြီး...

"အေးအေးဆေးဆေးပေါ့ဗျာ၊ ကဲ အအေးသောက်လိုက်ပါဦး"

သူ့ရှေ့သို့ အအေးဖန်ခွက်ကို တိုးပေးရင်းက ကိုကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com



သည် တည်ငြိမ်စွာပင် ပြောလိုက်သည်။

တိမ်တမန်သည် သူ့ရှေ့က အအေးဖန်ခွက်ကို ယူသောက်လိုက်ရင်းက…

"ပြောစရာရှိတာသာပြောပါ ကိုကျော်စွာ၊ ခင်ဗျားကြည့်ရတာ ကျွန်တော့်ကို တစ်ခုခုပြောချင်နေပုံရတယ်"

သူ့စကားကြောင့် ကိုကျော်စွာသည် တစ်ချက်ပြုံးလိုက်လေ၏။

သူ့အပြုံးကိုမြင်တော့ တိမ်တမန်သည် ရင်မှာ ပို၍စနိုးစနောင့် ဖြစ်သွားရသည်။

ကိုကျော်စွာသည် သူ့ကို ဘာကြောင့် တွေ့ချင်ရတာပါလိမ့်။ သူ့ဖုန်းနံပါတ်ကို ဘယ်ကရသည် မသိပါ။ သူ့အား ဖုန်းဆက်ကာ တွေ့ဆုံရန် ချိန်းလာသည့် ကိုကျော်စွာ၏ တောင်းဆိုမှုကို သူသည် လူမှုရေးအရ အားနာစွာနှင့်ပင် အခုလို လက်ခံတွေ့ဆုံစကားပြောနေခြင်းဖြစ်သည်။

တကယ်တော့ ကိုကျော်စွာဆိုတာ သူနှင့်ပတ်သက်သူမဟုတ်။ မိုးဆောင်းခနှင့် ပတ်သက်မှ သိခဲ့ရသည့်လူ။

သူသည် လူမှုရေးအရ နားလည်ရမည်ဖြစ်သည်။

"ဦးတိမ်တမန်ကို ကျွန်တော် အခုလို တွေ့ဖို့ချိန်းရတာ အားတော့နာပါတယ်၊ ဒါပေမယ့် ကိစ္စကလည်း ဦးတိမ်တမန်နဲ့





တွေ့ပြီး ရှင်းမှဖြစ်မယ့်ကိစ္စမို့လို့ပါ"

ကိုကျော်စွာ့ စကားကြောင့် တိမ်တမန်သည် မျက်ခုံးထူထူကြီး အတွန့်ချိုးလျက် ရင်ဝယ် သိချင်စိတ်များ ပို၍ဖြင်းပြသွားရသည်။

"တခြားတော့မဟုတ်ပါဘူး ဦးတိမ်တမန်၊ ခင်ဗျားနဲ့ မိုးဆောင်းခရဲ့ ပတ်သက်မှုကို ကျွန်တော်သိချင်လို့ပါ၊ အဲဒီလိုပြောလို့လည်း ကျွန်တော့်ကို ဦးတိမ်တမန် တစ်မျိုးမထင်ပါနဲ့၊ မိုးဆောင်းခဆိုတာ ဦးတိမ်တမန် သူနဲ့မတွေ့ခင်ကတည်းက သူ့ကို ကျွန်တော် လက်ထပ်ခွင့်တောင်းထားတဲ့သူမို့ပါ"

ကိုကျော်စွာ့စကားအဆုံးတွင် တိမ်တမန် အကြည့်စူးစူးတွေက သူ့ထံ ခပ်စိုက်စိုက်ရောက်ရှိသွားရသည်။

တိမ်တမန်မှာ သူ့ဒေါသစိတ်ဟုန်ကို ရင်မှာ အတတ်နိုင်ဆုံးမျိုသိပ်လိုက်ပြီး…

"ခင်ဗျားစကားတွေက ကျွန်တော့် ကိုယ်ရေးကိုယ်တာကို ဝင်စွက်လွန်းအားကြီးမနေဘူးလား ကိုကျော်စွာ၊ မိုးဆောင်းခကို ခင်ဗျား လက်ထပ်ခွင့်တောင်းတဲ့ကိစ္စမှာ ခင်ဗျားတို့နှစ်ယောက်ကြား ကျွန်တော်နဲ့ မသက်ဆိုင်ဘူးလို့တော့ ခင်ဗျား မစဉ်းစားမိဘူးလား"

ဒေါင်းခနဲဖြစ်သွားရသည့် ဒေါသတွေကို မျိုသိပ်ထားရင်းတော့ ကိုကျော်စွာသည် ပြုံးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့အပြုံးတွေက တိမ်တမန့်စိတ်ကို လှမ်း၍ သိမြင်နေသည့် အပြုံးမျိုး။

"ခင်ဗျားပြောသလို ကျွန်တော်လည်း စဉ်းစားမိပါတယ် ဦးတိမ်တမန့်၊ ဒါပေမယ့် ဘယ်လိုပဲ စဉ်းစား စဉ်းစား အဖြေကတော့ နောက်ဆုံးမှာ တစ်ခုပဲထွက်လာတယ်၊ အဲဒါ ဘာလဲဆိုတော့ မိုးဆောင်းခ ကျွန်တော့်ကို ငြင်းလိုက်တာဟာ ခင်ဗျားကြောင့်ဆိုတာ သေချာနေလို့ပါပဲ ဦးတိမ်တမန့်"

ကိုကျော်စွာ့စကားကြောင့် တိမ်တမန့် ခပ်လွန့်လွန့် ရယ်လိုက်သည်။

"အဟွန်း···ဟွန်း ခင်ဗျားစကားတွေက သေချာလှချည်လား ကိုကျော်စွာ၊ မိုးဆောင်းခ ခင်ဗျားကို ငြင်းလိုက်တာ ကျွန်တော့်ကြောင့်ပါဆိုတာ ခင်ဗျား ဘာကိုကြည့်ပြီးပြောတာလဲ"

"ဒါက ဒီလိုရှိပါတယ် ဦးတိမ်တမန့်၊ မိုးဆောင်းခနဲ့ ကျွန်တော်ဟာ ရင်းနှီးတဲ့ မိတ်ဆွေအဖြစ်ကနေ သူ့ကို ကျွန်တော် လက်ထပ်ခွင့်တောင်းထားခဲ့ပါတယ်၊ ကျွန်တော် လက်ထပ်ခွင့်ကို မိုးဆောင်းခဟာ မငြင်းဆန်ဘဲ စဉ်းစားပေးမယ်လို့လည်း ပြောခဲ့တယ်၊ အဲ···အဲဒါ မိုးဆောင်းခဘေးမှာ ခင်ဗျား ရောက်မလာခင်အထိပေါ့၊ ဒါပေမယ့် ခင်ဗျားဟာ မိုးဆောင်းခဘေးမှာ ရုတ်တရက်ပေါ်လာချိန်ကစပြီး ကျွန်တော့်အပေါ်မှာ သူ့အပြုအမူတွေဟာ သိသိ





သာသာ ပြောင်းလဲသွားရုံတင်မကဘူး နောက်ဆုံး ကျွန်တော်လက်ထပ်ခွင့်ကိုပါ သူ ငြင်းပယ်ခဲ့တယ်၊ ဒီလောက်ဆို ကျွန်တော့်ခံစားချက်တွေကို ခင်ဗျား နားလည်လောက်ပါပြီ ဦးတိမ်တမန့်"

တိမ်တမန့် သက်ပြင်းတစ်ချက် ချမိလိုက်သည်။ မိုးဆောင်းခထံမှ အဖြေကို အမျှော်လင့်ကြီး မျှော်လင့်ခဲ့သော ကိုကျော်စွာအဖြစ်ကိုလည်း တိမ်တမန့် ကိုယ်ချင်းစာလို့ရပါသည်။ ကိုကျော်စွာနေရာမှာ သူဆိုရင်ကော ဒီအဖြစ်က ဘယ်လောက်ရင်မှ စရာ ကောင်းလိုက်သည့်အဖြစ်လဲ။

အတွေးနှင့် ကိုကျော်စွာကို သူ ကြည့်လိုက်ပြီး···

"ကျွန်တော်တို့ လိုရင်းကိုပဲ ပြောကြရအောင် ကိုကျော်စွာ"

"ဟုတ်ကဲ့···ကျွန်တော်လည်း အဲ့ဒီလိုပဲ ပြောချင်ပါတယ်"

"ကျွန်တော်နဲ့ပတ်သက်ပြီး ကိုကျော်စွာ ဘာဖြစ်စေချင်တာလဲ"

သူ၏ ပွင့်လင်းလွန်းသောစကားကြောင့် ကိုကျော်စွာသည် သူ့ကို အားနာသွားရသလို တစ်ချက်ကြည့်လိုက်ကာ···

"ဒီစကား ကျွန်တော် ခင်ဗျားကို မပြောချင်ပါဘူး ဦးတိမ်တမန့်၊ ဒါပေမယ့် ကျွန်တော့်ခံစားမှုတွေကို နားလည်စေချင်



www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ပဲဖြစ်ဖြစ်၊ ခင်ဗျားဆီက ကျွန်တော် အကူအညီတောင်းတဲ့ သဘောမျိုးနဲ့ပဲဖြစ်ဖြစ် မိုးဆောင်းခနဲ့ ခင်ဗျားရဲ့ ပတ်သက်မှုဟာ နောက်ဆုတ်လို့ရတဲ့ အခြေအနေဆိုရင် နောက်ဆုတ်ပေးဖို့ ကျွန်တော် တောင်းပန်ချင်ပါတယ်''

''မှားနေပြီ…ခင်ဗျားအတွေးတွေ မှားနေပြီ ကိုကျော်စွာ၊ ခင်ဗျားပြောသလို ကျွန်တော် နောက်ဆုတ်ပေးရအောင် မိုးဆောင်းခနဲ့ ကျွန်တော်ဟာ ခင်ဗျားထင်သလို အဆင့်မျိုးကို မရောက်သေးတဲ့အတွက် ကျွန်တော် နောက်ဆုတ်ဖို့ရာလည်း မရှိပါဘူး၊ အဲ… ဒါပေမယ့် မိုးဆောင်းခနဲ့ ပတ်သက်ပြီး ရှေ့အနာဂတ်မှာ ဘာဖြစ်မယ်ဆိုတာလည်း ကျွန်တော့်ကိုယ်ကျွန်တော် ကြိုမပြောနိုင်တာကို တော့ ခင်ဗျားလည်း နားလည်မှာပါ''

''ခင်ဗျားဆိုလိုတာကို ကျွန်တော် သဘောပေါက်ပြီ ဦးတိမ်တာမန်၊ အခုလို ပွင့်ပွင့်လင်းလင်းပြောတဲ့အတွက်လည်း ကျေးဇူးပါပဲ၊ ခင်ဗျားနဲ့ စကားပြောကြည့်မှ မိုးဆောင်းခနဲ့ပတ်သက်ပြီး ကျွန်တော့်ဘက်က ဘာလုပ်ရမယ်ဆိုတာကို ကျွန်တော် ကောင်းကောင်းသဘောပေါက်သွားရပြီ၊ ကဲဗျာ…ခုလို ကျွန်တော့်ကို အချိန်ပေးတဲ့အတွက် ကျေးဇူးပါပဲ''

နှစ်ယောက်သား နှုတ်ဆက်လမ်းခွဲ ပြန်လာခဲ့ပေမယ့် တိမ်တာမန်ရင်ထဲ ဘာကိုမကျေနပ်မှန်းမသိ လူက ခံရခက်ခက်နှင့်





ဒေါသတွေ ဖြစ်နေရတော့သည်။

မိုးဆောင်းခ ဒီအမျိုးသမီး လုပ်တာနှင့် သူတို့ယောကျ်ားတွေ ပြဿနာဖြစ်ရတော့မည့်အဖြစ်။ ဒါ အဓိပ္ပါယ်မရှိပါ။ တကယ်ဆို အစကတည်းက ကိုယ်လက်မခံနိုင်သည့်ကိစ္စကို ပြတ်ပြတ်သားသားပြောဖို့ ကောင်းပါရက်နှင့် အခုတော့ ကိုကျော်စွာ စကားက မိုးဆောင်းခ သူ့ကို ငြင်းလိုက်ခြင်းသည် တိမ်တာမန်ကြောင့်လိုလို။

ဒါကိုပင် တိမ်တာမန် ရင်ထဲ အခံရခက်ခက်ကြီး ဖြစ်ရသည်မို့ သူ့ကားကို မိုးဆောင်းခရှိရာ သူမအိမ်သို့ ဦးတည်မောင်းလိုက်သည်။

ကံကြမ္မာသည် သူ့ကို မျက်နှာသာပေးသည်လို့ပင် ပြောရမည်။ သူတွေ့ချင်သည့် မိုးဆောင်းခကို သူမ၏အိမ်တွင် အသင့်တွေ့ရလေသည်။

မိုးဆောင်းခသည် သူ့ကိုမြင်တော့ အံ့ဩဟန်လေးနှင့် ကြည့်ရင်းက အပြုံးလှလှလေးနှင့် သူ့ကို ပြုံးပြလေသည်။

သူမ၏အပြုံးကိုမြင်တော့ တိမ်တာမန်ရင်ထဲ လှိုက်ဖိုသွားရပြန်၏။ အင်း…ဒီမိန်းမရဲ့ အပြုံးအောက်ကနေ ရုန်းထွက်ဖို့ဆိုတာ သူ့အတွက် မလွယ်သည့်ကိစ္စပါလားဆိုတာ သိရတော့ သူ့ကိုယ်သူလည်း အားမရချင်တော့ပါ။

''လာ…ဦးတိမ်တာမန် အတော်ပဲ ကျွန်မလည်း



www.burmeseclassic.com

www.burmeseclassic.com



ချော်နေမိတာ''

လှိုက်လှဲလွန်းသည့်အပြုံး၊ အသက်ဝင်လွန်းသည့် ဖိတ်ခေါ်မှုများကြောင့် တိမ်တမန်ရင်ထဲ အထူးအဆန်းကြီး ဖြစ်နေရသည်။

ထို့အတူ...

ကိုကျော်စွာကြောင့် စိတ်ထဲမကြည်လင်ဖြစ်ခဲ့ရသော တိမ်တမန်မှာ မိုးဆောင်းခမျက်နှာကို စူးခနဲ တစ်ချက်စိုက်ကြည့်လိုက်ပြီး...

''ဘာလဲ...ဒီတစ်ခါလည်း ကျွန်တော့်ကို ခင်များလိုအပ်မှုအတွက် အသုံးချမလို့ပဲလား ဒေါ်မိုးဆောင်းခ''

''ဟင်''

သူ၏ ခပ်ရိုရိုအပြောကြောင့် မိုးဆောင်းခသည် နားမလည်သလို မျက်ခုံးလှုလှုလေး ကုပ်ကွေးသွားရပြီး...

''ရှင် ဘာဖြစ်လာတာလဲ ဦးတိမ်တမန်''

သူမထံမှ ဒီလိုစကားမျိုးကြားတော့ တိမ်တမန် စောစောက အရှိန်နှင့် ပိုဒေါသဖြစ်သွားကာ...

''ဒီစကား ကျုပ်ကမေးရမှာ၊ ပြောစမ်းပါဦး ခင်ဗျား ကိုကျော်စွာရှေ့မှာ ကျွန်တော့်ကို တွဲပြရတဲ့ ရည်ရွယ်ချက်က ဘာလဲဆိုတာ''

''အဲဒါတွေက ပြီးခဲ့ပြီပဲ''





''မပြီးဘူး''

''ရှင်တစ်ခုခု ဖြစ်လာတာတော့ သေချာတယ် ဦးတိမ်တမန်''

''ဟုတ်တယ်...ကျုပ် အခုပဲ ကိုကျော်စွာနဲ့ တွေ့လာခဲ့တာ''

''ဟင်''

ဖျတ်ခနဲ လင်းလက်သွားရသည့် မျက်ဝန်းများကို ကြည့်ပြီး တိမ်တမန်ရင်ဝယ် ပိုလို့ မချင့်မရဲကြီး ဖြစ်သွားရသည်။

သူမဟာ ကိုကျော်စွာနဲ့ ပတ်သက်ပြီး ခံစားမှုတွေ ရှိနေတဲ့ သူပါလား။ မထင်ခဲ့ပါ၊ သူမထံမှ သူအမြဲမြင်နေ တွေ့နေရသည့် အေးစက်စက်နှင့် ဥပေက္ခာပြုလွန်းတတ်သည့် မျက်ဝန်းအကြည့်တွေထဲမှာ သူ့မဟုတ်သည့် တခြားယောကျ်ားတစ်ယောက်နှင့် ပတ်သက်ပြီး ခံစားမှုတွေ ရှိနေသည်တဲ့လား။

ဒါ မယုံနိုင်စရာပါပဲလား။

ရင်မှာ နာလိုခံခက်အတွေးနှင့် တိမ်တမန်သည် မိုးဆောင်းခမျက်နှာလေးကို ခပ်စူးစူးစိုက်ကြည့်လိုက်ပြီး...

''ဘာလဲ ကိုကျော်စွာနဲ့ ကျုပ် တွေ့ခဲ့တယ်ဆိုလို့ ခင်ဗျား စိုးရိမ်နေတာလား မိုးဆောင်းခ''

''ကိုကျော်စွာနဲ့ ရှင် ဘယ်လိုတွေ့ကြတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်နဲ့ စကားပြောချင်တယ်ဆိုလို့ သွားတွေ့ပါတယ်၊ သူပြောချင်တဲ့အကြောင်းက ခင်ဗျားအကြောင်းကို"

ဖူးညနေရသော နှုတ်ခမ်းလေးက ခပ်ဟဟလေး ပွင့်နေရာမှ တင်းတင်းလေး စေ့ပိတ်သွားရသည်။

တစ်ဆက်တည်း သူမ မျက်နှာပေါ်တွင် သူ တွေ့လိုက်ရသည့် တစ်စုံတစ်ရာကို မကျေနပ်ပါသော အရိပ်များ။

ကြည့်စမ်း…သူမ ဘာကိုမကျေမနပ် ဖြစ်ရသည်တဲ့လဲ။ တကယ်ဆို ဒီအဖြစ်က သူသာဖြစ်ရမည်ဖြစ်သည်။

"ရှင်ပြောစမ်းပါ ဦးတိမ်တမန်၊ ကိုကျော်စွာ ရှင့်ကို ကျွန်မအကြောင်း ဘာတွေပြောလိုက်သလဲဆိုတာ"

"သူနဲ့ပတ်သက်ပြီး မင်းစိတ်မှာ အနှောင့်အယှက်ဖြစ်စရာ ရှိနေလို့လား မိုးဆောင်းခ"

"ဟင့်အင်း…မရှိပါဘူး"

"ဒါဆို မင်းဘာကို စိုးရိမ်နေရတာလဲ"

"ဒါပေမယ့် သူ ကျွန်မကို"

"အဟွန်း…ဟွန်း…ဟွန်း ဘာလဲ မင်းကို သူ လက်ထပ်ခွင့်တောင်းထားတဲ့ အကြောင်းလား"

"အို"

"ရှင်…ရှင် ဒီအကြောင်းလား"





ပြောရင်းက သူ့ကို အကဲခတ်သလို ကြည့်လာသည့် မိုးဆောင်းခမျက်နှာကို တိမ်တမန်သည် စူးရှတောက်ပသော အကြည့်စူးစူးကြီးများဖြင့် စိုက်ကြည့်လိုက်ပြီး…

"ဒါ…ဘာဆန်းလဲ၊ သူအပိုင်ရတော့မယ်လို့ ထင်ထားတဲ့ ပစ္စည်းတစ်ခု ကျုပ်ကြောင့် လွတ်သွားတယ်ထင်ပြီး ကိုကျော်စွာ မကျေမနပ်နဲ့ ကျုပ်ကို ဒီအကြောင်းတွေ ပြောသွားတာ၊ တကယ်တော့ မင်းလုပ်ပုံကလည်း အဲဒီလိုထင်စရာပဲ မဟုတ်လား မိုးဆောင်းခ"

"ကြည့်စမ်း…ဒီလူတော့ ဒါ သိပ်လွန်ပါလား၊ တကယ်ဆို ဒီကိစ္စက ဦးတိမ်တမန်နဲ့ ဘာဆိုင်လဲ၊ ရှင်းစရာရှိ သူ ကျွန်မနဲ့ လာရှင်းရမှာပေါ့"

မိုးဆောင်းခ မျက်နှာရဲရဲလေးနှင့် စိတ်ဆိုးသလို ဆိုလိုက်သည်။

"မင်းပြောသလို ဒီကိစ္စက မင်းနဲ့ရှင်းသင့်တာ မှန်ပေမယ့် သူ့စိတ်ထဲမှာ အမိန့်ကျုပ်ကို သာမန်အဆင့်ထက် ပိုတယ်လို့ ထင်နေတာ ခင်ဗျားဘယ်လိုရှင်းမလဲ"

"အို…ဒါက ဟုတ်မှမဟုတ်တာ"

"ကျုပ်ကလည်း ဟုတ်ပါတယ်လို့ မပြောခဲ့ပါဘူး"

မျက်နှာတည်တည်ကြီးနှင့် ခပ်ဆတ်ဆတ်ပြောလိုက်သော



www.burmeseclassic.com

www.burmeseclassic.com



တိမ်တမန်စကားကြောင့် မိုးဆောင်းခသည် မျက်နှာရဲရဲလေးကြားက ပြုံးချင်ချင် ဖြစ်သွားရသည်။

ဒါ သူက သူမကို စိတ်ဆိုးသည်တဲ့လား။ မိုးဆောင်းခသည် တလေးတစ်ယောက်လို မျက်နှာကြီး မှုန်တည်နေသည့် သူမရှေ့က ယောကျ်ားကို အကြည့်စူးစူး မျက်ဝန်းတောက်တောက်လေးနှင့် ပြန်ကြည့်လိုက်ရင်း…

"ရှင်လည်း ကျွန်မအတွက်နဲ့ မဆိုင်တဲ့ကိစ္စတွေ ရှင်းနေရပြီနော်"

"ကျုပ်ကတော့ မင်းနဲ့ပတ်သက်ပြီး ကိုယ့်ကိုယ်ကို မဆိုင်တဲ့လူတစ်ယောက်လို့ မထင်ထားဘူးဆိုရင် မင်းဘာပြောမလဲ မိုးဆောင်းခ"

"ရှင်"

သူမမျက်နှာလှလှလေးကို အကြည့်စူးစူးကြီးတွေနှင့် စူးစိုက်ကြည့်ကာ ပြောလိုက်သည့် ဦးတိမ်တမန်စကားကြောင့် မိုးဆောင်းခ ရင်ထဲ ရုက်စိတ်လေး လွင့်လူးသွားရသည်။

သူ…သူမကို ဒါ ဘာပြောတာပါလိမ့်။ မျက်တောင်မခတ် မမိုတ်မသုန် မျက်ဝန်းစူးစူးကြီးများဖြင့် စိုက်ကြည့်နေသော တိမ်တမန်အကြည့်များကို မိုးဆောင်းခသည် ပြိုင်မကြည့်ဝံ့ရဲတော့သလို မျက်လွှာလေးချလျက် အကြည့်များကို လွှဲလိုက်သည့်တိုင်



သူမရင်ခုန်သံတွေကတော့ဖြင့် မြန်ဆန်နေရဆဲဖြစ်သည်။

ရင်ခုန်ရလွန်းသောကြောင့်လည်း မိုးဆောင်းခ သူ့ရှေ့က လှည့်ထွက်မည်အလုပ်…

"မိုးဆောင်းခ"

"ရှင်"

သူမရှေ့တည့်တည့်တွင် ဝိတ်ရပ်ကာ သူမနာမည်အား ခေါ်တော့ မိုးဆောင်းခသည် ရှက်မျက်နှာရဲရဲလေးနှင့် သူ့ကို မော့အကြည့်ဝယ် သူမအား ငုံမိုးစိုက်ကြည့်နေပါသည့် သူ့မျက်ဝန်းများနှင့် အကြည့်ချင်းဆုံသွားရသည်။

ဦးတိမ်တမန် ရင်ထဲတွင်တော့ ဘယ်လိုနေမည်မသိပါ။ မိုးဆောင်းခရင်ထဲမှာတော့ သူမတစ်သက်တွင် တစ်ခါမှ မဖြစ်ပေါ်ဘူးသည့် ရင်ခုန်သံ မြန်ဆန်မှုများဖြင့် လူက ခြေဖျားလက်ဖျားလေးများပင် အေးစက်မတတ် ဖြစ်သွားရသည်။

"ကျုပ်ကိုယ်ကျုပ်လည်း ဒီထက်ပိုပြီး မညာချင်တော့ဘူး မိုးဆောင်းခ"

"ရှင်ဘာကိုပြောတာလဲ ဦးတိမ်တမန်"

မေးလိုက်ပါသည့် မိုးဆောင်းခ အသံလေးမှာ မသိသော လိုက်တုန်နေရသည်။

"အချစ်ဆိုတာကို မိုးဆောင်းခ ဘယ်လိုမြင်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

ဦးတိမ်တမန်ဆိုသည့် ဒီလူရှေ့တွင် မိုးဆောင်းခသည် စကားလုံးများ ပျောက်ကွယ်နေရသည့်အဖြစ်။

စိတ်လှုပ်ရှားမှုနှင့်အတူ ရင်ခုန်သံတွေ မြန်ဆန်နေရသော မိုးဆောင်းခ၏ မျက်နှာလှလှလေးမှာ နှင်းဆီခင်းလေးပမာ ရဲရဲတောက် နီမြန်းနေရသည်။

တိမ်တမန်သည် မိုးဆောင်းခ လက်လေးကို ရုတ်ခြည်း တင်းတင်းလေး ဆုပ်ကိုင်လိုက်တော့ မိုးဆောင်းခမှာ မျက်ဝန်းလေး ပြူးကျယ်ဝိုင်းစက်သွားရပြီး အထိတ်ထိတ် အလန့်လန့်လေးဖြင့် သူ့အား မော့ကြည့်ရင်းက သူ့လက်ထဲက သူမလက်ကလေးကို ရုန်းယူလိုက်လေ၏။

သို့ပေမယ့်...

တိမ်တမန်ကတော့ဖြင့် လွှတ်မပေးပါပေ။ မိုးဆောင်းခ မျက်နှာလေးကိုသာ စူးစိုက်ကြည့်ရင်း...

"ကိုယ် မင်းကိုချစ်တယ် မိုးဆောင်းခ"

"အို"

"ကိုယ့်ဘဝမှာ အချစ်ဆိုတာ မင်းနဲ့တွေ့မှ ပထမဦးဆုံး ဖြစ်ပေါ်ခံစားရတာကိုတော့ မင်းယုံပါ မိုးဆောင်းခ၊ မင်းကို ကိုယ်သိပ်ချစ်တယ်၊ ချစ်တယ်"





"အို"

ထိန်းချုပ်ထားသည့်ကြားက ရင်မှာ အချစ်စိတ်များ ပေါက်ကွဲသွားရသလိုမျိုး တိမ်တမန်သည် မိုးဆောင်းခကိုယ်လေးကို သူ့ရင်ခွင်ထဲ ဖျတ်ခနဲ ဆွဲသွင်းလိုက်တော့ မိုးဆောင်းခမှာ ရင်မှာ စိုးရွံ့ထိတ်လန့်မှုများဖြင့် ရှက်သွေးလေးများ ဖြာဝေသွားရ၏။

"ဖယ်...လွှတ်...လွှတ်ပါ ဦးတိမ်တမန်"

မိုးဆောင်းခ သူ့ရင်ခွင်ထဲက ခပ်လွှန့်လွှန့် ရုန်းထွက်လိုက်သည့်တိုင် သူကတော့ဖြင့် သူမကို လွှတ်မပေးပါပေ။

"ကိုယ့်ကို မိုးဆောင်းခ အခွင့်အရေးသမားလို့ ထင်သွားပြီလားဟင်"

သည်လိုဆိုပြန်တော့လည်း သူမသည် သူ့ကို ရှက်မျက်နှာ ရဲရဲလေးနှင့် ခေါင်းလေးခါပြတော့ တိမ်တမန်သည် ဝမ်းသာသွားကာ...

"ကိုယ့်ကို ခုလိုနားလည်ပေးတာ ကျေးဇူးပဲ မိုးဆောင်းခ ရယ်၊ မိုးဆောင်းခ ကိုယ့်မေတ္တာကို လက်ခံပြီပေါ့နော်"

"အို...ဘာဆိုင်လဲ"

"အဟွန်း...မသိပါဘူးဗျာ၊ ဆိုင်များ ဆိုင်နေသလားလို့"

"ကျွန်မ စဉ်းစားချင်သေးတယ်"

"ကိုယ်က မိုးဆောင်းခအတွက် စဉ်းစားရမယ့်ဟာ ပြီးနေ



www.burmeseclassic.com

www.burmeseclassic.com



လို့လား"

"အဲလိုမဟုတ်ပေမယ့်လည်း မိန်းမသားတစ်ယောက်အနေနဲ့ အချစ်ကို လွယ်လွယ်မဆုံးဖြတ်ချင်ဘူး၊ ပြီးတော့ နှလုံးသားကိစ္စဆိုတာ အင်မတန် လေးနက်တဲ့ကိစ္စဆိုတာ ရှင်လည်းသိနေတာပဲ ဦးတိမ်တမန်"

"အဟွန်း…မိုးဆောင်းခကို ကိုယ်က ပွင့်လင်းတယ်လို့ ထင်ထားတာ မှားသွားပြီပဲ"

"ပွင့်လင်းတာနဲ့ အချစ်နဲ့ ဘာဆိုင်လို့လဲ"

"တခြားသူတွေအတွက်ကတော့ မဆိုင်ဘူးဆိုတာ ဟုတ်ချင်ဟုတ်လိမ့်မယ်၊ ဒါပေမယ့် မိုးဆောင်းခလို မိန်းမတစ်ယောက်အတွက်ကတော့ ကိုယ်မချစ်နိုင်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ ချစ်စကားကို ခုလို အချိန်ယူ လက်ခံနားထောင်မယ့်သူ မဟုတ်ဘူးဆိုတာ သေချာတယ်"

မျက်နှုံးလေးပင့်လျက် မိုးဆောင်းခ ပခုံးတွန့်လိုက်သည်။

"ရှင်က လူတစ်ယောက်ရဲ့စိတ်ကို တော်တော်သိတဲ့ လူပါလား ဦးတိမ်တမန်၊ ကဲ…ခု ရှင်ပြောတဲ့စကားတွေကို ကျွန်မဘက်က မငြင်းတာကိုတော့ ရှင်ဘယ်လို ယူဆမလဲ"

"အဟွန်း…ဟွန်း ဒါကတော့ ရှင်းပါတယ် မိုးဆောင်းခ၊ ကိုယ့်စကားတွေကို မင်းမငြင်းဘူးဆိုမှာတော့ ကိုယ့်အချစ်ကို





မင်းလက်ခံလို့ပဲပေါ့"

"အို"

သူ့စကားအဆုံးတွင် သူမသည် ခေါင်းလေးငုံ့ဆင်းသွားရလေသည်။

"ကိုယ်ပြောတာ မှားသွားလို့လား မိုးဆောင်းခ"

မိုးဆောင်းခထံမှ မည်သည့်စကားသံမှ ထွက်မလာပါ။ နီရဲဒေါင်းခတ်နေရသော မျက်နှာလှလှလေးကိုသာ အောက်သို့ တွင်တွင်ငုံ့ထားသည်မို့ တိမ်တမန် သူမကို ကြည့်ရင်းက ရင်မှာ မချင့်မရဲ အသည်းယားယားကြီး ဖြစ်လာရသည်။

"ကိုယ့်ကိုကြည့်ပါဦး မိုးဆောင်းခ"

ပြောလည်းပြော သူ့လက်ကလည်း သူမမျက်နှာလေးကို ဆွဲယူမော့စေလိုက်တော့ မိုးဆောင်းခ မျက်လွှာလေးချလျက် ရှက်မျက်နှာရဲရဲလေးဖြင့် မျက်နှာလေး မော့လာလေ၏။

"မိုးဆောင်းခ"

"ဟင့်အင်း"

"ဟောဗျာ"

"အဟွန်း…ဟွန်း…ဟွန်း"

"အို"

မိုးဆောင်းခသည် ရှက်မျက်နှာရဲရဲလေးနှင့် သူ [illegible]



www.burmeseclassic.com

www.burmeseclassic.com



တို့ ရှောင်လွှဲတော့ တိမ်တမန်သည် မချင့်မရဲ ပိုဖြစ်သွားကာ သူမကိုယ်လေးကို ဖျစ်ညှစ်လိုက်သည်ဆိုရင်ပဲ မိုးဆောင်းခသည် ရှက်ရွံ့ထိတ်လန့်ဟန်လေးနှင့် မျက်နှာလေးကို ကွယ်ဝှက်ကာ သူ့ရင်ခွင်ကျယ်ကြီးထဲသို့ တိုးဝင်လိုက်တာကြောင့် တိမ်တမန် အံ့သြမှု ကြည်နူးခြင်းပီတိများနှင့် သူမကိုယ်လေးအား တအား ပွေ့ဖက်ပစ်လိုက်ပြီး...

"မိုးဆောင်းခ...မင်း...မင်း ကိုယ့်ကိုချစ်တယ်မဟုတ်လားဟင်"

သူသည် စိတ်လှုပ်ရှားစွာ မေးရင်းက မိုးဆောင်းခမျက်နှာလှလှလေးထက် အနမ်းပန်းများ ဆင့်ဆက်ခြွေချလိုက်သည်။

"ဟင့်အင်း...လွှတ်နော်၊ ရှင် သိပ်ဆိုးတာပါပဲလား ဦးတိမ်တမန်"

"အဟွန်း...ချစ်တာ ဆိုးတာမှမဟုတ်ဘဲ၊ ပြောစမ်း မိုးဆောင်းခ ကိုယ့်ကိုချစ်လားဆိုတာ"

"ရှင်ပဲသိတယ်ဆို"

မျက်စောင်းလှလှလေးနှင့် ခပ်ပြုံးပြုံးဆိုလိုက်သည့် မိုးဆောင်းခကို တိမ်တမန်သည် ချစ်မဝနိုင်သော အကြည့်များဖြင့် စိုက်ကြည့်ရင်းက...

"အဟွန်း...သိပေမယ့်လည်း ဒီကောင်က ကြားချင်သေး





တယ်လေဗျာ၊ ကဲ...ပြောပါ မိုးဆောင်းခ၊ ကိုယ့်ကိုချစ်လားဆိုတာ"

"မောင်ရယ်"

"ဗျာ"

"ကျွန်မလေ...ရှင့်ကို သိပ်ချစ်ရပါတယ်မောင်"

"ဟာ...မိုးဆောင်းခ...မိုးဆောင်းခရယ်ဗျာ"

သူ အင်မတန် လိုချင်တောင့်တပါသည့် မိန်းမတစ်ယောက်ထံမှ အချစ်ကို ပိုင်ဆိုင်ခွင့်ရလိုက်ပြီဖြစ်သော တိမ်တမန်မှာ ရင်ထဲ ဘာနှင့်မှမတူသည့် ကြည်နူးပျော်ရွှင် ရင်ခုန်ရခြင်းများစွာဖြင့် မိုးဆောင်းခ ကိုယ်နွေးနွေးအိအိလေးကို တင်းတင်းလေး ပွေ့ဖက်ရင်း ရင်မှာ မြတ်နိုးကြင်နာမှုများဖြင့် အပျော်တွေ ပြည့်နေရတော့သည်။

သြော်...ချစ်တတ်ပြီဆိုကာ့ပေည်း အရာရာသည် လှပနေရသည်မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"သေချာစဉ်းစားပါဦး…မိုး…ဦးတိမ်တမန်ဆိုတာက မိုးအတွက် နောက်မှပေါ်လာတဲ့လူပါ၊ ဒီပုံနဲ့ မိုး ကိုယ့်အချစ်တွေကို ငြင်းပယ်မယ်ဆိုရင်တော့ မကောင်းပါဘူး"

အကြည့်ရူးစူးများနှင့် ကြည့်ရင်းက တင်းမာစွာ ပြောလိုက်ပါသည့် ကိုကျော်စွာ့စကားကြောင့် မိုးဆောင်းခ၏ မျက်နှာလှလှလေးမှာ ပျက်သွားရကာ ချက်ချင်းလိုပင် မျက်နှာလှလှလေးမှာလည်း တင်းမာခက်ထန်သွားရသည်။

"ဒီမှာ ကိုကျော်စွာ…ရှင်ပြောသလို ဦးတိမ်တမန်ဟာ ကျွန်မအတွက် နောက်မှပေါ်တဲ့လူပဲဖြစ်ဖြစ်၊ ရှေ့မှာရှိတဲ့သူပဲဖြစ်ဖြစ် ဒီကိစ္စ ရှင်နဲ့မဆိုင်ပါဘူး၊ ပြီးတော့ ရှင့်ကို တစ်ခါတည်း ပြောလိုက်ရဦးမယ်၊ ရှင့်ရဲ့ လက်ထပ်ခွင့်ကို ငြင်းတာဟာ ဦးတိမ်တမန်နဲ့ ဘာမှမဆိုင်ဘူး ကိုကျော်စွာ၊ ကျွန်မ ရှင့်ကိုမချစ်ဘူး၊ ကိုယ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ်ယောက်ကို ကျွန်မ ဘယ်လိုနည်းနဲ့မှ လက်မထပ်နိုင်ဘူး။ အဲဒီအတွက် ကိုကျော်စွာ ကျွန်မကို မကျေနပ်ဘူးဆိုလည်း မတတ်နိုင်ဘူး”

မိုးဆောင်းခသည် တည်တင်းနေရသော မျက်နှာလှလှလေးနှင့် ထိုစကားကို ပြတ်သားစွာ ဆိုလိုက်တော့ ကိုကျော်စွာ မျက်နှာ အကြီးအကျယ် ပျက်သွားရလေသည်။

ခင်မင်ခဲ့သည့် သံယောဇဉ်နှင့် မိုးဆောင်းခသည် သူ့အတွက် စိတ်မကောင်းဖြစ်ရပေမယ့်လည်း သူမအနေနဲ့ ဒီထက်ပို၍ မတတ်နိုင်ပါ။

သူမတွင် သိပ်ချစ်ရသည့်မောင် ရှိနေသောကြောင့် ဖြစ်သည်။

“စကားကို အကုန်မပြောပါနဲ့ဦး မိုး၊ ကိုယ်ဟာ မိုးအပေါ် အစစအရာရာ အကုန်နားလည်ပေးတဲ့ လူဆိုတာ မိုးလည်းသိနေတာပဲ၊ မိုး စဉ်းစားမယ်ဆိုရင် ကိုယ် ထပ်စောင့်နိုင်ပါတယ်”

“ကိုကျော်စွာကို ကျွန်မ ခင်ပါတယ်”

“ကိုယ်လိုချင်တာ ဒါမဟုတ်ဘူးဆိုတာ မိုးလည်း သိနေတာပဲ”

“ဆောရီးပဲ ကိုကျော်စွာရယ်၊ အချစ်ဆိုတာက ဟိုလူကို ချစ်ပါ၊ ဒီလူကို ချစ်ပါလို့ ခိုင်းစေလို့ရတဲ့ အရာမဟုတ်ပါဘူး၊





ကျွန်မ ဦးတိမ်တမန်ကို ချစ်မိသွားတာက နှလုံးသားထဲက သူ့အလို ပေါက်ဖွားလာတဲ့ အချစ်နဲ့ ချစ်မိသွားတာမို့ ကျွန်မကိုသာ နားလည်ပေးပါတော့ ကိုကျော်စွာ”

ကိုကျော်စွာမှာ မိုးဆောင်းခစကားကြောင့် မျက်နှာကြီး မည်းသွားရသည်။

“ဦးတိမ်တမန်က ကိုယ့်ထက် ဘာတွေသာနေလို့လဲ မိုး”

“ဟင့်အင်း . . . အချစ်မှာ အဲဒီအရာတွေနဲ့ တိုင်းတာလို့မရဘူး ကိုကျော်စွာ၊ ကျန်တာတွေမှာ ကိုကျော်စွာက ဦးတိမ်တမန်ထက် သာချင်သာလိမ့်မယ်၊ အချစ်မှာတော့ ဦးတိမ်တမန်က ရှင့်ထက် သာသွားတာဖြစ်ပါလိမ့်မယ်”

“ဒါဆို မိုးက သူ့ကိုလက်ထပ်မယ်ပေါ့ ဟုတ်လား”

သည်တစ်ခါ မျက်နှာပျက်သွားရသူက မိုးဆောင်းခဖြစ်သည်။ ကိုကျော်စွာ၏ အမေးစကားသည် သူမကို သွေးပျက်ချောက်ချားစေရသည့်အဖြစ်၊ ဒီအဖြစ်ကို ဘယ်သူကရော သိနိုင်မှာတဲ့လဲ။

“ဆောရီးပဲ ကိုကျော်စွာ၊ ကျွန်မ ဒီမေးခွန်းကို မဖြေပါရစေနဲ့၊ ဒီမေးခွန်းရဲ့ အဖြေကို တစ်ချိန်မှာတော့ ရှင် သိရမှာပါ”

“ဘာဖြစ်လို့လဲ မိုး၊ ကိုယ့်မေးခွန်းက မိုးအတွက် အခက်တွေ့နေစေလို့လား”

“မညာတမ်းဝန်ခံရရင်တော့ ဟုတ်တယ်လို့ပဲ ပြောရမှာ



www.burmeseclassic.com

www.burmeseclassic.com



မယ် ကိုကျော်စွာ၊ ကျွန်မဘဝမှာ ဒီချိန်ထိ ယောကျ်ားတစ်ယောက်ကို လက်ထပ်ဖို့ဆိုတာ တစ်ခါမှ မစဉ်းစားခဲ့မိဘူး"

ကိုကျော်စွာအကြည့်တွေက သူမကို အံ့အားသင့်မှု၊ နားမလည်မှုတွေနှင့် ကြည့်လာသည့်အကြည့်။ နောက်ဆုံး သူသည် တစ်စုံတစ်ရာကို ကျေနပ်သွားဟန်နှင့် ပြုံးသွားရပြီး…

"ကောင်းပြီလေ…မိုး မဖြေနိုင်တဲ့ မေးခွန်းကို ကိုယ် ဆက်မမေးတော့ပါဘူး၊ ဒါပေမယ့် မိုး ဦးတိမ်တမန်ကို လက်မထပ်သေးသရွေ့တော့ မိုးကို ကိုယ့်ဘက်က မျှော်လင့်နေသေးတယ်ဆိုတာတော့ မိုးသိထားပါ၊ ခုချိန်မှာတော့ မိုးနဲ့ကိုယ်ဟာ မိတ်ဆွေတွေအဖြစ် အခင်အမင်မပျက် ရှိနေကြတာပေါ့၊ ကဲ ကိုယ်သွားမယ်"

မိုးဆောင်းခသည် ကိုကျော်စွာကို မတားမိပါ။ သူမအနားက ကျောခိုင်းသွားသည့် ကိုကျော်စွာကျောပြင်ကိုသာ ငေးကြည့်ရင်း သက်မတစ်ချက်ကို ခက်ခဲစွာ ချလိုက်မိသည်။

ကိုကျော်စွာသည် သူမအား ဦးတိမ်တမန်နှင့် လက်မထပ်သေးသရွေ့ သူ့ဘက်က သူမအား မျှော်လင့်နေသည်တဲ့လား။

ထိုခဏမှာပင် တိမ်တမန်၏ကားက သူမခြံထဲသို့ မောင်း ဝင်လာသည်။ ခြံထဲတွင်ထိုင်နေသော သူမကိုမြင်တော့ အပြုံးနှင့် လက်ပြနှုတ်ဆက်လေ၏။

"မိုးဆောင်းခ…ခြံထဲဆင်းပြီး မောင့်အလာကို မျှော်နေ





တာလား"

ခုံတန်းပြာလေးပေါ်တွင် ထိုင်နေသည့် သူမဆီသို့ ဝင်ထိုင်လိုက်ရင်းက တိမ်တမန်သည် အပြုံးချောချောကြီးနှင့် မိုးဆောင်းခအား ကြည့်ကာ မေးလိုက်သည်။

မိုးဆောင်းခမှာ သူမနား ပူးကပ်စွာ ဝင်ထိုင်လာသော တိမ်တမန်ကြောင့် သူမကိုယ်လေး တစ်ဖက်သို့ တိုးကပ်သွားရပြီး…

"ပြောပါဦး…မောင်ကော ဘယ်လိုထင်လို့လဲဆိုတာ"

သူမမေးတော့ သူသည် သွားစွယ်ဖွေးဖွေးလေးများ ပေါ်အောင် နှစ်နှစ်ခြိုက်ခြိုက် ရယ်မောလေ၏။

ကြည့်စမ်း…မောင့်ရဲ့ ဒီလိုရယ်နေပုံက တကယ့်ကို ကလေးတစ်ယောက်လိုပါပဲလား။

မောင့်ရုပ်နှာချောချောကြီးကို ကြည့်ပြီး မောင့်အား သိပ်ချစ်တာပဲဆိုသည့် စကားကိုလည်း သူမရင်ထဲ အကြိမ်ကြိမ်အခါခါ ပြောနေမိလိုက်သည်။

ထိုခဏမှာတော့ စောစောက ကိုကျော်စွာကြောင့် မကြည်မလင်ဖြစ်ခဲ့ရသော စိတ်တို့သည်လည်း ပြန်လည်၍ ကြည်လင်သွားရ၏။

မောင်သည် သူမကို ထိုကဲ့သို့ ခံစားမှုများ ပေးနိုင်စွမ်းသည့် လူတစ်ယောက်လည်း ဖြစ်သည်ပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



"တိတ်…ကောင်မလေး၊ မောင်ခေါ်တာကြာပြီ၊ မောင့်ကို ဘာကြည့်နေတာလဲ"

"အို"

တိမ်တမန်စကားကြောင့် မိုးဆောင်းခ မျက်နှာနီနီလေးဖြင့် ရှက်သွားရသည်။

ဒါကိုကြည့်ပြီး တိမ်တမန်မှာ ချစ်သူလေး၏ အရှက်သည်းမှုကို သဘောကျရသလို သူမကိုယ်လေးကို ရင်ခွင်ထဲ ဆွဲပွေ့လျက် ရယ်မောကာ…

"မောင့်ချစ်သူ အခုလို ရှက်နေပုံလေးက သိပ်ချစ်ဖို့ကောင်းတာပဲကွာ၊ မောင်တော့ မင်းကို ချစ်ရလွန်းလို့ ရူးရတော့မယ်နဲ့တူတယ်"

"မောင်နော်…ပိုပြီ"

မိုးဆောင်းခ မျက်စောင်းလေးနှင့် ချစ်စဖွယ်ဆိုလိုက်သည်။

"ဘယ်ကလာ ပိုရမှာလဲကွ၊ မောင် တကယ်ပြောနေတာ မိုးဆောင်းခဆိုတဲ့ ဟောဒီက မောင့်ချစ်သူလေးကို မောင်သိပ်ချစ်တယ်သိလား"

နဖူးချင်းတေ့ကာ သူမအား ချစ်ရည်ရွှန်းသော မျက်ဝန်းများဖြင့် စိုက်ကြည့်ရင်း အပြုံးလွှန့်လွှန့်ကြီးနှင့်ဆိုတော့ မိုးဆောင်းခ





မောင့်အကြည့်များအောက်တွင် မနေတတ်အောင် ဖြစ်သွားရသည်။

"သွားပါ…ဒီလိုအပြောမျိုးတွေနဲ့ မောင် ဘယ်နှစ်ယောက်တောင် ညာခဲ့ပြီးပြီလဲ"

"ဟော့…ဟော့ ကောင်မလေးနော် မင်းလေး မောင့်ကို ဒီလိုတော့မပြောနဲ့၊ မောင့်ဘဝမှာ ပထမဦးဆုံး ချစ်မိတဲ့ မိန်းကလေးဆိုလို့ ခင်ဗျားလေးတစ်ယောက်ပဲရှိတယ်၊ ခင်ဗျားလေးသာ မောင့်ရဲ့ ပထမဦးဆုံးနဲ့ နောက်ဆုံးချစ်သူသိလား"

"တကယ်လား မောင်"

"မင်းနော်"

တိမ်တမန်မှာ သူ့အချစ်များကို မယုံသလို မေးနေသည့် မိုးဆောင်းခကြောင့် မျက်နှာကြီး မှုန်တည်တည်ကြီး ဖြစ်သွားရသည်။

မိုးဆောင်းခမှာ တိမ်တမန်ကိုကြည့်ကာ ပြုံးလိုက်မိသည်။ ပြုံးရင်းက မောင်သည် သူမကို သိပ်ချစ်ပါလားဆိုသော အသိနှင့်အတူ မောင့်စကားများကိုလည်း သူမ အကြွင်းမဲ့ ယုံကြည်နေမိရသည်။ ဒါသည် မောင့်ကို သိပ်ချစ်လို့ပဲဆိုတာလည်း သူမကိုယ်သူမ သိနေရ၏။

အတွေးနှင့် မောင့်ပါးပြင်ချောချောကြီးကို မိုးဆောင်းခသည် ဖျတ်ခနဲ နမ်းလိုက်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



"မောင်ချစ်တာတွေကို ကျွန်မ သိပါတယ် မောင်ရယ်"

"မိုးဆောင်းခရယ်"

တိမ်တမန်သည် ကြည်နူးကျေနပ်သွားဟန်နှင့် ပြုံးသွားတာ မိုးဆောင်းခ မျက်နှာလေးထက် သူ့မျက်နှာကို အုပ်မိုးလိုက်ပြီး..

"မိုးဆောင်းခ"

"ရှင်"

"နောက်တစ်ခါဆို အဲလို မောင့်အချစ်ကို မယုံတဲ့စကားမျိုး မင်းလေး မပြောရဘူးနော်၊ မောင့်အချစ်က မိုးဆောင်းခအပေါ် မောင့်အသက်နှင့်ထပ်တူ အမြဲတည်မြဲနေမယ့် အချစ်ဆိုတာ မင်းလေး ယုံထား"

"ယုံပါတယ်ကွယ်"

သူမသည် လှိုက်လှဲစွာ ကတိပေးလိုက်၏။ တကယ်တော့ သူမအနေနှင့် ယောကျ်ားတစ်ယောက်ကို ဒီလောက်ထိ ချစ်မိသွားလိမ့်မည်လို့ သူမကိုယ်သူမလည်း မထင်ခဲ့ပါ။

အံ့သြစရာကောင်းသည်က သူမသည် မောင့်အား မထင်မှတ်ဘဲ ရင်မှာ နင့်နင့်သည်းသည်း ချစ်မိသွားရခြင်းဖြစ်သည်။

"ဪ...ဒါနဲ့ မောင် လမ်းမှာ တိုကျော်စွာကို တွေ့လိုက်သေးတယ်၊ သူ မိုးဆောင်းခဆီ လာသွားတာလား"

သူမကြိုက်တာကို သိပေမယ့် မိုးဆောင်းခသည် တိမ်တ





မန်အား မညာချင်ပါ။

"ဟုတ်တယ် မောင်၊ ကိုကျော်စွာ ကျွန်မဆီ လာသွားတယ်"

"ဟင်...သူက မိုးဆောင်းခဆီ ဘာလာလုပ်တာလဲ"

သူ့စကားထဲတွင် သူမနှင့်ပတ်သက်ပြီး သဝန်တိုနာလိုခံ ခက်မှုက အထင်းသား ပေါ်လွင်နေရသည်။

မိုးဆောင်းခသည် သူ့အား အလှပဆုံး ပြုံးပြလိုက်ပြီး...

"သူ့စိတ်မှာ မရှင်းတာတွေကို ကျွန်မနဲ့ လာရှင်းတာလေ"

"ဘယ်လို...သူ့စိတ်မှာ မရှင်းတာတွေကို မိုးဆောင်းခနဲ့လာရှင်းတာ ဟုတ်လား"

"အဟင်း...ဟုတ်တယ် မောင်၊ မောင်နဲ့ကျွန်မကိစ္စကို သူက မကျေနပ်လို့ လာရှင်းတာ၊ ကျွန်မကလည်း ရှင်းလိုက်တယ်လေ၊ မောင်နဲ့ကျွန်မ ချစ်နေကြပါပြီဆိုတာ"

"ဒါဆို...မိုးဆောင်းခကို သူ အတော်မကျေမနပ် ဖြစ်သွားမှာပဲ"

"ဒါတော့ ကျွန်မလည်း မတတ်နိုင်ဘူး၊ ဘာလဲ မောင်က သူ့စိတ်ဆိုးမှာ ကြောက်နေလို့လား"

"ဟာကွာ...မောင်က ဘာလို့ကြောက်ရမှာလဲ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပြောရရင် မိုးဆောင်းခ သူ့ကို အဲလိုပြောလိုက်တဲ့အတွက် မောင် ဝိုတောင်ကျေနပ်မိသေးတယ်''

တိမ်တမန်သည် ထိုစကားကိုတော့ သူ အမှန်ပင် ဆိုလိုက်ခြင်းဖြစ်သည်။ သုံးယောက်သားစိတ်ထဲတွင် မရှင်းမရှင်း ဖြစ်နေတာ ထက်စာလျှင် အခုလို မိုးဆောင်းခ ရှင်းလိုက်တော့လည်း ကိစ္စတွေ အားလုံး ရှင်းသွားရပြီ မဟုတ်ပါလား။

''ကိုကျော်စွာကို ကျွန်မ သေချာရှင်းပြလိုက်တယ် မောင်၊ နှလုံးသားကိစ္စဆိုတာ ဓွတ်ဖန်တီးလို့ မရဘူးဆိုတာကိုပေါ့၊ နောက်ဆုံး သူလည်း ကျွန်မပြောတာကို သဘောပေါက်သွားပါတယ်၊ ကျွန်မက ဘယ်ကိစ္စမဆို ကိုယ့်စိတ်ထဲ မရှင်းဖြစ်နေတာကို ရှင်းလိုက်ရမှ ကျေနပ်တတ်တဲ့သူ၊ ကဲ အခုလိုရှင်းလိုက်တော့လည်း ရှင်းသွားပြီမဟုတ်လား''

အလှပဆုံး အပြုံးလေးနှင့် ဘာမှမဖြစ်သလို သူမ ခပ်အေးအေးပြောနေသလောက် သူမနှင့် ဆန့်ကျင်ဘက် ရင်ပူနေရသူက တိမ်တမန်ဖြစ်သည်။

သူမပြောသလို ကိုကျော်စွာသည် သူမရှင်းပြတာနှင့် ဒီကိစ္စကို ဒီလောက်လွယ်လွယ် လက်ခံလိုက်သည်တဲ့လား။

လက်ခံလိုက်သည်ထား သူ့စိတ်ထဲ အနှောင့်အယှက် ဖြစ်ရသည်က ကိုကျော်စွာနှင့်သူမ ယခုလို နှစ်ယောက်တည်း





တွေ့ဆုံမှုကို တိမ်တမန်ရင်ဝယ် နည်းနည်းလေးမှ ဘဝင်မကျနိုင်အောင် ဖြစ်နေရသည်။

ထို့ကြောင့်လည်း တိမ်တမန်သည် သူ မကြိုက်သည့်ကိစ္စ မိုးဆောင်းခကို ပြောရလေ၏။

''နောက်ဆို မောင်မရှိဘဲနဲ့ မိုးဆောင်းခကို ကိုကျော်စွာနဲ့ နှစ်ယောက်တည်း မတွေ့နဲ့ကွာ၊ မောင် မင်းကို စိတ်မချဘူး''

သူ့စကားကြောင့် သူမ ရယ်လေ၏။ သူမ ရယ်သည်ကို တိမ်တမန်မှာ မျက်မှောင်ကြုတ်ကြည့်ကာ…

''မင်းနော်…ဘာရယ်တာလဲ''

ရှုတည်တည်မျက်နှာထားကြီးနှင့် မကျေနပ်သလို မေးတော့ မိုးဆောင်းခသည် မျက်နှာလေးတည်လိုက်ကာ…

''အဟင်း…မောင်ရယ်၊ ကျွန်မ ဘာများလဲလို့၊ တကယ်တမ်း စိတ်မချရမှာက မောင့်ကိုသိလား''

''ဟင်…မောင့်ကို မိုးဆောင်းခ ဘာစိတ်မချစရာရှိလို့လဲ''

''ရှိတာပေါ့ရှင်…ကျွန်မချစ်ရတဲ့ မောင်က လူချော တစ်ယောက်မို့လား၊ ပြီးတော့ မောင့်အနားမှာ မိန်းကလေးတွေ ဝိုင်းနေတာလည်း ကျွန်မသိနေတာပဲ''

မျက်ဝန်းလေးထောင့်ကပ်ကာ သူ့အား စိတ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပြောနေသည့် ချစ်သူမိန်းမချောကိုကြည့်ပြီး တိမ်တာမန်ရင်ထဲ ချစ်စိတ်များ ဆူပွက်လာရသည်။

သည်မိန်းမသည် သူ့ကို ဒီလိုလည်း ချစ်အောင်ပြောတတ်ပါလားဆိုသည့် ကြည်နူးမှုအတွေးနှင့် ရင်ခုန်သံတွေပင် မမှန်ချင်တော့လောက်အောင် ဖြစ်လာသည်။

"မင်းကို မောင်သိပ်ချစ်တယ် မိုးဆောင်းခ"

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် တင်းတင်းလေး ပွေ့ဖက်မိကြသည်။

"ဘာပဲဖြစ်ဖြစ် မိုးဆောင်းခရယ် နောက်ဆို ကိုကျော်စွာနဲ့ မင်း နှစ်ယောက်တည်း မတွေ့နဲ့နော်၊ မောင်က သိပ်ချစ်တော့ သိပ်ပြီး သဝန်တိုတတ်တယ်၊ နော် ချစ်"

ချော့မော့သလိုဆိုရင်း မိုးဆောင်းခ ပါးပြင်လေးကို သူ ရှိုက်နမ်းလိုက်သည်။

မိုးဆောင်းခမှာ ရှက်ပြုံးလေးနှင့် သူ့ရင်ခွင်ထဲမှ လွန့်လူးလိုက်ပြီး…

"ပိုလိုက်တာ မောင်ရယ်၊ အရင်လည်း ကျွန်မ ဒီလိုပဲနေခဲ့တာပါ"

"အဟွန်း…အဲဒါ အရင်ကလေ၊ ခု မင်းဘေးမှာ မောင်ရှိနေပြီ၊ တူတော့မလား၊ ပြီးတော့ မိုးဆောင်းခဆိုတာ မောင့်အသက်





ထက် ဘန်ဖိုးထားပြီး ချစ်ရတဲ့သူ၊ ချစ်သူကို ချစ်လို့ စိုးရိမ်မိတာ ပိုတယ်လို့ခေါ်မလား"

အိုကွယ်။

သူသည် မိုးဆောင်းခကို ဒီလောက်တောင်ပဲ ချစ်ရသည်တဲ့လား။ မိုးဆောင်းခ မထင်ခဲ့ပါ၊ တိမ်တာမန်ဆိုသည့် မောင်သည် သူမကို ဒီလောက် တမြတ်တနိုးနှင့် ယုယုယယ ချစ်တတ်လိမ့်မည်လို့ မိုးဆောင်းခ မထင်ခဲ့ပါ။

ခုတော့ မောင်သည် သူမထင်တာထက် ပို၍ ချစ်မြတ်နိုးတတ်သူပါလားဆိုသော ကြည်နူးခြင်းပီတိအတွေးနှင့် မောင့်မျက်နှာချောချောကို မော့အကြည့်…

"မိုးဆောင်းခ"

"မောင်"

ရှုံးရှုသော မျက်ဝန်း၊ တိုးတိတ်သော ခေါ်သံနှင့် တိမ်တာမန်သည် မိုးဆောင်းခအား ကြည့်ရင်း ခေါ်လိုက်သည်။

"ပြောလေ မောင် ကျွန်မကိုခေါ်ပြီး မောင် ဘာပြောမလို့လဲ"

"မောင်တို့ လက်ထပ်ကြရအောင်၊ မိုးဆောင်းခနဲ့ မောင် ခွဲပြီးမနေချင်တော့ဘူး"

"ဘာ…ဘာပြောတယ် မောင်၊ လက်ထပ်ကြမယ်ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား"

သူမအမေးကို သူသည် ပြုံး၍ ခေါင်းညိတ်ပြလိုက်လေသည်။

"ဟုတ်တယ် မိုးဆောင်းခ၊ မိုးဆောင်းခကို မောင်သိပ်ချစ်သလို မောင့်ကိုလည်း မိုးဆောင်းခ ချစ်တာပဲ၊ တစ်ယောက်နဲ့တစ်ယောက် ဒီလောက်ချစ်နေပြီးမှတော့ မောင်တို့ အမြန်ဆုံးလက်ထပ်ဖို့ အကောင်းဆုံးပဲပေါ့"

"တော်တော့ မောင်၊ ဒီစကားတွေ ကျွန်မ မကြားချင်ဘူး"

"ဟင်…ဘာဖြစ်လို့လဲ မိုးဆောင်းခ"

တည်တင်းသော မျက်နှာလေးနှင့် ချက်ချင်းလို ပုံစံတွေသာမက အမူအရာတွေပါ ပြောင်းလဲသွားရသော မိုးဆောင်းခကို တိမ်တမန်သည် အကဲခတ်သလို မေးလိုက်သော် မိုးဆောင်းခသည် သူမအမှားကို သူမ ပြန်၍ သတိထားမိသွားရသည်။

ဟုတ်သားပဲ၊ ချစ်သူကို ချစ်လွန်း၍ လက်ထပ်ဖို့ပြောလာသည့် ယောကျ်ားတစ်ယောက်မှာ ဘာအပြစ်မှ မရှိတာမို့ မိုးဆောင်းခ သက်ပြင်းချရုံကလွဲလို့ ဘာမှမတတ်နိုင်ပါ။

ထို့နောက်မှာတော့…

မိုးဆောင်းခသည် တိမ်တမန့်အား ခပ်ဖွဖွပြုံးပြလိုက်ပြီး…





"ဆောရီးပဲ မောင်ရယ်၊ ရုတ်တရက် မောင်က လက်ထပ်ဖို့ပြောလာတော့ ကျွန်မ အံ့သြတာနဲ့အတူ စိတ်လှုပ်ရှားသွားမိတယ်"

"အဟွန်း…ဟွန်း ဖြစ်ရလေ မိုးဆောင်းခရယ်၊ မောင်က ဘာများဖြစ်တာလဲလို့ ရင်ကိုထိတ်သွားတာပဲ၊ ဒါ တကယ်တော့ အံ့သြစရာမဟုတ်ပါဘူး၊ မောင် မိုးဆောင်းခကို ချစ်တယ်လို့ ပြောကတည်းက တစ်နေ့မှာ မိုးဆောင်းခဟာ မောင်လက်ထပ်မယ့် မိန်းကလေးဆိုတာ မိုးဆောင်းခ ကြိုပြီးသိဖို့ကောင်းတယ်"

အလေးအနက်ပြောနေသော တိမ်တမန်စကားကြောင့် မိုးဆောင်းခ ရင်မောသွားရသည်။

ပြောရမည်ဆိုလျှင် မိုးဆောင်းခသည် မောင့်ကို ချစ်ပေမယ့်လည်း သူမဘဝတစ်ခုလုံးကို ပုံပေးကာ လက်ထပ်ဖို့အထိတော့ မစဉ်းစားခဲ့ပါ။

လက်ထပ်ခြင်းဆိုတာ သူမအတွက်တော့ ကြောက်ရွံ့ထိတ်လန့်မှုများဖြင့် သွေးပျက်ချင်စရာ ကိစ္စတစ်ခုလို သူမ ခံယူထားသူဖြစ်သည်။

ထို့ကြောင့် လူတစ်ယောက်ကို လက်ထပ်ဖို့ဆိုတာ သူမအတွေးထဲ ယောင်လို့တောင် ထည့်တွေးခဲ့သည့် ကိစ္စမဟုတ်ဆိုတာ မောင့်ကို သူမ ဘယ်လိုပြောရမလဲ။

တကယ်တော့ မိန်းမသားတစ်ယောက်အနေနှင့် တိုက်ရိုက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ယောက်ျားက ကိုယ့်ကို မြတ်မြတ်နိုးနိုးနှင့် လက်ထပ်ဖို့ဆိုလာခြင်းသည် ဘယ်လောက်များ ဂုဏ်ယူကျေနပ်ချင်စရာကောင်းသည့် ကိစ္စလဲ။

ဒါပေမယ့် သူမကတော့ ထိုကိစ္စကို ဂုဏ်ယူကျေနပ်စရာအဖြစ် ထင်မှတ်မထားခဲ့ပါ။

လက်ထပ်ခြင်းသည် သူမဘဝကို ချုပ်နှောင်လိုက်သည့် ကြိုးများအဖြစ်နှင့်သာ ခံစားနားလည်ထားသူ ဖြစ်ပါသည်။

မောင့်ကိုချစ်သော်လည်း မောင့်ဆီက ထိုစကားမျိုးကိုတော့ မိုးဆောင်းခသည် မမျှော်လင့်ပါ။

"မောင်ပြောရင်လည်း ခံရမှာ၊ ကျွန်မက တစ်ခါတစ်ခါ အဲလို လူကဲခတ်ညံ့တတ်တယ်၊ တကယ်ဆို ကျွန်မက အဲဒီလောက်ကို ညံ့ဖို့မကောင်းဘူးနော် မောင်၊ အထူးသဖြင့် မောင်နဲ့ပတ်သက်တဲ့ အခုလိုကိစ္စမျိုးကိုပေါ့"

နူးညံ့ပျော့ပျောင်းသော အပြုံးနုနုလေးနှင့် မိုးဆောင်းခသည် မောင့်လက်မောင်းကြီးကို တွယ်ဖက်ကာ ကလေးတစ်ယောက်လို ပြောလိုက်တော့မှ မောင့်မျက်နှာက ပြန်လည်ကြည်လင်လာရ၏။

သည်နောက် သူ့လက်များက သူမပခုံးလေးကို သူ့ဘက်သို့ပါအောင် ခပ်တင်းတင်းလေး ဆွဲဖက်လိုက်ပြီး...

"မိုးဆောင်းခ ကြည့်ရတာ မောင့်အချစ်ကို လျှော့တွက်





ထားပုံရတယ်၊ ဒီမှာ မှတ်ထား မိုးဆောင်းခ မောင်ဆိုတဲ့လူဟာ ကိုယ်ချစ်မိပြီဆိုရင်လည်း ချစ်တဲ့သူကို အရယူတတ်တယ်၊ အဲဒီလိုပဲ ချစ်တဲ့သူနဲ့ လက်ထပ်မယ့်သူဟာလည်း မောင့်ဘဝမှာ တစ်ယောက်ပဲ ဖြစ်ရမယ်၊ ဒါ မောင့်ရဲ့ ဘယ်တော့မှ မပြောင်းလဲတဲ့ ခံယူချက်ပဲ"

တည်ကြည်စူးရှသော မျက်ဝန်းညိုရှူးရှူးကြီးများဖြင့် မိုးဆောင်းခအား စိုက်ကြည့်ကာ ပြတ်သားစွာ ပြောနေပါသည့် မောင့်စကားများကြောင့် မိုးဆောင်းခသည် ရင်ထဲ ကြည်နူးပီတိများဖြင့် ကြက်သီးလေးများပင် ထသွားရသည်။

"အဟင်း...ကောင်းပါပြီတဲ့ရှင်ရယ်၊ မောင့်စကားတွေကို ကျွန်မ မှတ်ထားပါ့မယ်၊ ကဲ ခုတော့ ရောက်တုန်း အိမ်ထဲဝင်ပြီး တစ်ခုခု စားသွားပါဦး"

ကြည်စင်သော မျက်နှာလေးနှင့် ချစ်စဖွယ်ပြောနေသော မိုးဆောင်းခကြောင့် တိမ်တမန်သည် ရင်တွေ တဒိန်းဒိန်းဆောင့်ခုန်သွားရတဲ့အထိ သူမလေးအပေါ် သူ့အချစ်များ တိုးပြီးရင်း တိုးသွားရသည်ကိုတော့ သူကိုယ်သူသာ အသိဆုံးဖြစ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဘယ်လို တိမ်တမန် မင်း မိုးဆောင်းခကို လက်ထပ်ဖို့ ပြောခဲ့တယ်ဟုတ်လား"

"ဟုတ်တယ်ကွာ၊ မင်းတို့နှစ်ယောက်လည်း ငါ့အကြောင်းကို သိတဲ့အတိုင်းပဲ၊ ငါ့ဘဝမှာ မိန်းကလေးတွေနဲ့ ပတ်သက်ပြီး ဘယ်လောက်ကင်းရှင်းခဲ့တယ်ဆိုတာ၊ ဒါပေမယ့် မိုးဆောင်းခကိုတော့ ငါ မြင်မြင်ချင်းပဲ ချစ်ခဲ့မိတယ်၊ ချစ်လွန်းလို့လည်း သူ့အချစ်ကို ငါရအောင် ယူခဲ့တယ်၊ အဲ ချစ်သူသဘာဝ တစ်ယောက်နဲ့တစ်ယောက် ချစ်မိပြီဆိုတာနဲ့ နှစ်ယောက်သား ဘဝတစ်ခုကို မခွဲမခွာနဲ့ အတူတူ ထူထောင်ချင်ကြတာ သဘာဝပဲ၊ ငါလည်း လူထဲက လူတစ်ယောက်မို့ ငါသိပ်ချစ်တဲ့ မိုးဆောင်းခနဲ့ အတူ နေချင်တာ ဘာဆန်းလဲကွာ၊ ဒါကြောင့်မို့ ငါ မိုးဆောင်းခကို လက်ထပ်ဖို့ပြောခဲ့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



တိမ်တမန်ထံမှ စကားရှည်ကြီးကို နားထောင်ပြီး ဇော်ကိုနှင့်သီဟ ရင်မောစွာနှင့် သက်မတွေကိုယ်စီ ချမိသွားရသည်။

ဒါကို သတိထားမိသည့် တိမ်တမန်မှာ သူတို့နှစ်ဦးကို ကြည့်ကာ…

“နေပါဦး၊ မင်းတို့နှစ်ယောက်က ငါ့ကိုကြည့်ပြီး ဘာလို့ သက်ပြင်းတွေ ကိုယ်စီချနေရတာလဲ”

“တိမ်တမန်…တိမ်တမန် မင်းကြည့်ရတာ အရင်ကနဲ့ မတူဘူး၊ မိုးဆောင်းခနဲ့တွေ့မှ မင်း တော်တော်ကြီး ပြောင်းလဲသွားပါလား”

သီဟစကားကြောင့် တိမ်တမန်သည် သူ့ကိုယ်သူ မလုံမလဲဟန်နှင့် မျက်နှာကြီးရဲသွားရပြီး…

“ငါက ဘာတွေပြောင်းလဲနေလို့လဲ သီဟ”

“အေးပေါ့ကွာ…မင်းက အချစ်ဆိပ်တက်နေသူဆိုတော့ မင်းကိုယ်မင်း ဘယ်သတိထားမိပါ့မလဲ၊ အေး ဘေးကမြင်ရတဲ့ တို့ကတော့ မင်းကိုကြည့်ပြီး အံ့သြမိတယ်မောင်”

“အဟွန်း…မင်းကတော့ လုပ်လိုက်ပြန်ပြီ၊ ကဲ ဆိုပါဦး မင်းပြောသလို ငါဘာတွေ ပြောင်းလဲနေလဲဆိုတာ”

“ဩော်…တခြားတော့မဟုတ်ပါဘူးကွာ အရင်က မင်းကို မိန်းကလေးတွေနဲ့ ပတ်သက်လို့ မင်းရင်ထဲ အချစ်မှ ရှိပါ့





မလားလို့ ထင်ထားခဲ့တာ၊ ခုလိုဆိုတော့လည်း မင်းရင်ထဲမှာ အချစ်တွေ ရှိနေသေးပါလားဆိုတာကို တွေးမိပြီး ငါတို့က အံ့သြမိတာပါ”

“သီဟ…မင်းကွာ”

တိမ်တမန်မှာ သီဟစကားကြောင့် မျက်နှာကြီး ရဲလျက်ရှက်အန်းအန်းကြီး ဖြစ်သွားရသည်။

တကယ်လည်း သီဟပြောသည်မှာ မမှားပါ။ တိမ်တမန်ဆိုတာ မိုးဆောင်းခနှင့် မတွေ့ခင်အထိ မိန်းမဆို ဘယ်မိန်းမကိုမှ ဂရုစိုက်ခဲ့သူမဟုတ်ပါ။

မိုးဆောင်းခနှင့် တွေ့ပြီးသည့်နောက် တိမ်တမန်သည် လူသာမက ပုံစံတွေပါ ပြောင်းလဲလာရသည်က အမှန်ဖြစ်သည်။

မိုးဆောင်းခကို မြင်မြင်ချင်း ချစ်သွားရသည့် တိမ်တမန်သည် အချိန် နာရီနှင့်အမျှ သူမ၏ ကိုယ်ပွားဖြစ်သွားရသည်က မြင်ရသူအဖို့ မျက်စိစူးစရာပင်ဖြစ်သည်။

ဒါကိုပင် သီဟနှင့် ဇော်ကိုကလည်း သူ့အား ကြည့်မရသလို ကြုံကြိုက်တိုင်း သူ့အား စကားနှင့် အမြဲနှိပ်ကွပ်နေတတ်သူဖြစ်သည်။

တိမ်တမန်မှာ ကိုယ့်အပြစ်နှင့်ကိုယ်မို့ သူတို့ပြောသမျှကို အပြုံးနှင့်သာ ရှက်လွန့်လွန့်ကြီး နားထောင်နေတတ်သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း မိုးဆောင်းခကို သူ လက်ထပ်ခွင့်တောင်းခဲ့သည်ဆိုတာနှင့် နှစ်ယောက်စလုံး မျက်နှာတွေပျက်ကာ စကားမဆိုနိုင်အောင်ရှိနေသည့် သူငယ်ချင်းနှစ်ယောက်ကို ကြည့်ပြီး တိမ်တမန်သည် စကားဆက်လိုက်သည်။

"လက်ထပ်ဖို့ ငါပြောတော့ မိုးဆောင်းခ တော်တော်အံ့သြသွားတဲ့ပုံပဲ"

ထိုအချိန်က သူ့စကားကြောင့် မျက်နှာပျက်သွားရသည့် မိုးဆောင်းခ မျက်နှာလှလှလေးကို ပြန်မြင်ယောင်ရင်းက တိမ်တမန် ပြောလိုက်သည်။

"ချစ်သူချင်း လက်ထပ်ဖို့ပြောတာ ဘာအံ့သြစရာရှိလို့လဲ တိမ်တမန်၊ ကြည့်ရတာ မင်းရဲ့ မိုးဆောင်းခက မင်းအပေါ်မှာ တကယ်မှ ချစ်တာရော ဟုတ်ရဲ့လားကွာ"

ဇော်ကိုစကားကြောင့် သူ မျက်နှာပျက်သွားလေသည်။ သူကိုယ်တိုင်က သူမအချစ်ကို သံသယဝင်ချင်ရပေမယ့်လည်း ထူးဆန်းစွာ သူမအချစ်ကို သူသည် ယုံကြည်နေပြန်သည်။

"မင်းပြောသလိုမျိုးတော့ မဖြစ်နိုင်ဘူး ဇော်ကို၊ ဘာဖြစ်လို့လဲဆိုတော့ မိုးဆောင်းခ ငါ့ကိုချစ်တာ ငါသိတယ်၊ အဲလိုပဲ ငါလည်း မိုးဆောင်းခကို သိပ်ချစ်တယ်"

မိုးဆောင်းခ အချစ်များ[illegible] သေချာစွာ ယုံကြည်ထားသည့်





ဟန်နှင့် တိမ်တမန် ပြောလိုက်သည်။ တကယ်လည်း သူမသည် တခြားနေရာတွင်မှာ ခေါင်းမာချင် ခေါင်းမာမည်။

သူ့ကိုချစ်သည့် အချစ်ကတော့ ဘယ်သူမှ လိုက်မမီနိုင်ပါ။ သူ့ကိုချစ်သည့်စိတ်နှင့် သူမသည် အရာရာ သူ့အား ဦးစားပေးတိုင်ပင်တတ်သလို တစ်ခါတစ်ရံမှာလည်း သူမသည် ကလေးဆန်ဆန်ပင် ညကြီးသန်းခေါင်ကျမှ သူ့အား သတိရလို့ဆိုကာ ဖုန်းထဆက်လျှင်လည်း ဆက်နေတတ်ပြန်၏။

ဒါတင်လားဆိုတော့ မကသေး။ သူ့အား ကလေးတစ်ယောက်လို ချွဲနွဲ့ကာ အနမ်းလက်ဆောင်ပေးတတ်သော သူမသည် သူ့နှလုံးသားကို လှုပ်ခါအောင် ကိုင်လှုပ်ဆွဲဆောင်နိုင်လွန်းသူလည်းဖြစ်သည်။

တစ်ခါတလေ သူမသည် သူ့ရင်ခွင်ထဲကနေ ညည်းညူဟန်လေးဖြင့်...

"ကျွန်မတော့ ကိုယ့်ကိုယ်ကို အံ့သြမိတယ်သိလား မောင်"

"အဟွန်း...ဘာဖြစ်လို့လဲ မိုးဆောင်းခ"

"ဘာဖြစ်ရမှာလဲကွယ်...မောင့်ကို ကျွန်မ ဘာကြောင့် ဒီလောက်ချစ်မိသွားရတာလဲဆိုတာ စဉ်းစားမရဖြစ်နေလို့ပေါ့"ဟု ဆိုတတ်သေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ငယ်ငယ်ကတည်းက မိဘရင်ခွင်၊ မိဘရဲ့ နွေးထွေးတဲ့ ချစ်ခြင်းမေတ္တာတွေနဲ့ ကင်းဝေးခဲ့ရတဲ့သူပါ မောင်၊ ပြိုကွဲသွားတဲ့ မိဘတွေရဲ့ အိမ်ထောင်ရေးကြားမှာ ကျွန်မက မြေစာ ဝင်ဖြစ်ခဲ့ရတဲ့သူပေါ့၊ ကံဆိုးမှုတွေထဲက တစ်ခုကံကောင်းတာက ကျွန်မကို နွေးထွေးတဲ့မေတ္တာပေးတတ်တဲ့ အဘွား ရှိနေသေးတာပဲ၊ အဘွားက ကျွန်မကို သိပ်ချစ်တယ်၊ ကျွန်မအတွက် လိုအပ်နေတဲ့ မေတ္တာတွေကို အဘွားကပဲ နားလည်မှုတွေနဲ့ အပြည့်အဝ ပေးခဲ့တယ်လေ၊ အဟင်း…အဖေနဲ့အမေဆိုတာကတော့ သူတို့မှာ သမီးဖြစ်တဲ့ကျွန်မ ရှိနေသေးပါလားဆိုတာတောင် သတိရဖော် မရကြပါဘူး၊ ဒီလို မိဘမေတ္တာတွေနဲ့ ကင်းဝေးခဲ့ရတဲ့ ကျွန်မဟာ အဘွားရဲ့ အရိပ်အောက်မှာ သိုသိပ်စွာ နေတတ်လာခဲ့တယ်၊ အရွယ်နဲ့မမျှအောင် ရင်ထဲက ခံစားမှုတွေကို မြိုသိပ်လာတတ်တယ်၊ ပြီးတော့ နာကြည်းမှုတွေနဲ့ လောကကြီးကိုလည်း အရွဲ့တိုက်ချင်လာ တယ်၊ ဒါပေမယ့် အဘွား အမြဲဆုံးမတဲ့ စကားတွေကြောင့် ကျွန်မ ဘဝဟာ သိပ်ဆိုးဆိုးဝါးဝါးကြီး မဖြစ်ခဲ့ပါဘူး၊ အဲဒီလို မဖြစ်တာကို က ကျွန်မခံစားမှုတွေကို လူတွေ နားလည်ရခက်စေရတာပါပဲ၊ တစ်ခါတစ်ခါတော့လည်း ကျွန်မ လောကကြီးကို စိတ်ပျက် စိတ် ကုန်မိတယ်၊ အဲဒီခံစားမှုက ကျွန်မ ငယ်ငယ်တုန်းက ပိုဆိုးတယ်၊ သူများတွေ အဖေ အမေ ခေါ်နေချိန်မှာ ကျွန်မမှာက အဖေ အမေ





လို့ ခေါ်စရာလူမရှိခဲ့ဘူး၊ အဲဒီအခါ ကျွန်မ ဒီလို စဉ်းစားမိတယ် သြော်…လောကကြီးက ငါ့အတွက် ကံဆိုးမှုတွေနဲ့ စောင့်ကြိုနေပါ လားလို့ပေါ့လေ၊ ဘာလို့လဲဆိုတော့ ကျွန်မရှေ့မှာ မားမားမတ်မတ် ရပ်တည်ပေးတဲ့ အဘွားကလည်း လူကြီးရောဂါနဲ့ ဆုံးသွားခဲ့တယ်၊ အဲဒီအချိန်တုန်းကဆို အဘွား ကျွန်မဘေးမှာ မရှိတော့ပါလားဆိုတဲ့ အသိနဲ့ လောကကြီးမှာ ဆက်ပြီး အသက်ရှင်ဖို့တောင် ကျွန်မ စိတ်ကူးမရှိတော့သလောက် ဖြစ်ခဲ့တယ်၊ ပြောရရင် ကျွန်မဘဝဟာ သိပ်ကိုခြောက်သွေ့ အထီးကျန်ဆန်ခဲ့ရတယ်ပေါ့၊ ဒါပေမယ့် အဲလို ခြောက်သွေ့နေတဲ့ ကျွန်မဘဝထဲကို မောင် မထင်မှတ်ဘဲ ရောက်လာတဲ့အချိန်ကစပြီး ကျွန်မအတွက် လောကကြီးဟာ ပြန်ပြီး အဓိပ္ပါယ်ရှိသလို ခံစားလာရပြန်တယ်၊ ပြီးတော့ အချစ်ဆိုတာကို လည်း ကျွန်မ သိလာခဲ့တယ်၊ အဲဒီနောက်မှာ မောင် ကျွန်မကို ခွဲသွားမှာ ထားရစ်သွားမှာကိုလည်း ကြောက်တတ်လာခဲ့တယ်၊ အဲဒါ မောင့်ကို ကျွန်မ သိပ်ချစ်လို့ပါပဲကွယ်"

မိုးဆောင်းခသည် သူ့အား သူမဘဝအကြောင်းကို ထိုသို့ စိတ်လိုလက်ရလည်း ပြောပြတတ်သူဖြစ်သည်။

တိမ်တမန်သည် သူမနုတ်ခမ်းအစုံကို သူ့လက်နှင့် ခပ်ဖွဖွ ဖိပိတ်ရင်း…

"မိုးဆောင်းခရယ်…မင်းကို မောင် သနားလို့ထားတာပါ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချ မောင် သိပ်ချစ်တဲ့မင်းကို မောင် ဘယ်တော့မှ ခွဲမသွားဘူး ဆိုတာ ထတိဗေးပါတယ်ဗျာ"

ချစ်သူလေး၏ဘဝကို နားထောင်ပြီး. တိမ်တမန်သည် သူတို့ ဘယ်သူမှ ကတိမတောင်းပါဘဲနှင့် မိုးဆောင်းခအား သူ့အလိုလို ကတိတွေပေးနေမိပြန်သည်။

သူ့စကားကိုကြားတော့ သူ့မသည် ကလေးတစ်ယောက်လို ဝမ်းသာသွားဟန်နှင့် သူ့ရင်ခွင်ထဲ သူမကိုယ်လေး တိုးဝင်လာတတ်ကာ သူ့ကျောပြင်ကြီးအား သူမလက်လေးအစုံနှင့် မမိမကမ်း ဖြန့်လည်၍ သိုင်းဖက်ထားတတ်လေသည်။

သူ့အား ဒီလို အားကိုးတွယ်တာတတ်သည့် မိန်းမ တစ်ယောက်၏ အချစ်ကိုမှ မယုံလည်း တိမ်တမန်သည် ဘယ်သူ့ အချစ်ကို ယုံနိုင်ပါတော့မည်လဲ။

မိုးဆောင်းခရယ်...။

စိတ်တွင်းမှနေ တိမ်တမန်သည် ချစ်သူအမည်လေးအား တမ်းတမ်းတတ ခေါ်ညည်းလိုက်မိသည်။

"အင်းပေါ့လေ မင်းကတော့ မင်းချစ်သူအကြောင်းကို ငါတို့ထက် ပိုသိမှာပေါ့၊ ဒါနဲ့ မင်းရဲ့ မိုးဆောင်းခ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး မင်းကို ဘာပြောသေးလဲ တိမ်တမန်"

"သူ ဘာမှတော့ ငါ့ကိုမပြောဘူးကွ၊ ငါ့ဆန္ဒကို သူ





လိုက်လျောမယ့်ပုံပါပဲ"

"ဒါဆို မင်းတို့ဇာတ်လမ်းက အိုကေမှာ စိုပြည်တော့မယ် ပေါ့"

"အဟွန်း...ဟွန်း...ဟွန်း ခုလောလောဆယ်တော့ အဲလို ပြောရမလိုပဲ သီဟ"

"ကောင်းကွာ...ဒီကောင်က စွံမယ့်စွံတော့လည်း တစ်ခါ တည်း အပြီးအပြတ်ပါပဲလားကွ"

"အဟား...ဟား...ဟား"

"အဟွန်း...ဟွန်း"

သူ့အဖြစ်ကို အားကျသလို သူငယ်ချင်းများ ရယ်တော့ တိမ်တမန်သည်လည်း ရှက်လွန့်လွန့် လိုက်ရယ်မိသည်။

"ဟာ...ဟေ့...ဟေ့ တိမ်တမန် ဟိုမှာ မင်းရဲ့ မိုးဆောင်းခ မဟုတ်လား"

"ဘယ်မှာလဲဟင်"

ဇော်ကို ပြရာသို့ ကြည့်လိုက်တော့ အမှန်ပင် မိုးဆောင်းခ ဖြစ်နေသည်။

ကားပေါ်မှ ဆင်းလာသော မိုးဆောင်းခကိုကြည့်ပြီး တိမ်တမန်သည် သူမထံသို့ ခြေလှမ်းကျဲကြီးများနှင့် လျှောက်လာခဲ့ သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးဆောင်းခ"

"ဟင်…မောင်"

သူမသည်လည်း သူ့ကိုမြင်တော့ အံ့ဩသွားရပုံရလေ၏။

"မိုးဆောင်းခ ဘယ်လာတာလဲ"

"ဒီနားက သူငယ်ချင်းတစ်ယောက်ဆီကို လာတာ၊ မောင်တော့"

"အပျွန်း…မောင်လည်း သူငယ်ချင်းတစ်ယောက်ဆီလာတာ"

ပြောပြီး တိမ်တမန်၏ အကြည့်များသည် သူမထံသို့ စူးခနဲ ရောက်ရှိသွားရသည်။ လှလိုက်တာ…သိပ်လှတာပဲဆိုသည့် စကားကို တိမ်တမန်သည် စိတ်ထဲကဆိုနေသည့်တိုင် အပြင်မှာတော့ သိပ်လှလွန်းသည့် သူမကိုကြည့်ပြီး မျက်ခုံးထူထူကြီးတွန့်ကြုတ်လျက် ရင်မှာ သဝန်တိုစိတ်များ ကြီးထွားနေရတော့သည်။

သူမ ဘာလို့ ဒီလောက်လှအောင် ပြင်ထားရတာပါလိမ့်။ သိပ်လှလွန်းသည့် သူမကို ဝိုင်းကြည့်နေသည့် အမျိုးသားများ၏ အကြည့်များကို တိမ်တမန် သတိထားမိတော့ ရင်မှာ နာလိုခံခက်ကြီး ပိုဖြစ်နေရတော့သည်။

သူတို့အနားသို့ ဇော်ကို ရောက်လာ၏။

"မိုးဆောင်းခ…ဒါ ကျွန်တော့်အခင်ဆုံး သူငယ်ချင်း





ဇော်ကိုပဲ"

"ဟုတ်ကဲ့…တွေ့ရတာဝမ်းသာပါတယ်၊ မောင့်ရဲ့သူငယ်ချင်းဆိုတော့ ကျွန်မရဲ့ သူငယ်ချင်းပဲပေါ့"

မိုးဆောင်းခ စကားကြောင့် ဇော်ကို မျက်နှာပြုံးပြုံးကြီးဖြစ်သွားရပြီး…

"မိုးဆောင်းခဆိုတာ နာမည်ကြားဖူးတာတော့ ကြာပြီ၊ လူကိုတော့ ခုမှပဲ မြင်ဖူးတော့တယ်၊ တိမ်တမန် ပြောတာထက်တောင် မိုးဆောင်းခ ပိုလှနေပါသေးလား"

ဇော်ကို့စကားကြောင့် မိုးဆောင်းခ မျက်နှာလေး ရဲသွားရသည်။

"အဟင်း…ဟင်း…ဟင်း ရှင့်ကို ကျွန်မ တစ်ခုခု ဧည့်ခံမှဖြစ်တော့မယ်နဲ့တူတယ် ကိုဇော်ကို"

"ဟာ…ဒါဆိုရင်တော့ အဝိုင်းငင်္ဘာအလွန်ပေါ့ဗျာ၊ နော် တိမ်တမန်"

"မင်းကွာ"

တိမ်တမန်မှာ စားဖို့ဆိုတာနှင့် အရှက်မဲ့သွားရသည့် ဇော်တို့ကို ကြည့်မရစွာ ခပ်ကျိတ်ကျိတ်နှင့် မိုးဆောင်းခ မသိအောင်ကြိမ်းလိုက်လေသည်။

ဒါကိုကြည့်ပြီး မိုးဆောင်းခမှာ သွားစွယ်လေးများအေ



www.burmeseclassic.com

www.burmeseclassic.com



အောင် ဖြေးလိုက်ပြီး…

"နေပါစေ မောင့်ရယ်၊ ကျွန်မ မောင့်သူငယ်ချင်းကို တထယ်ပဲ ညှော်ခံချင့်လို့ပါ"

မိုးဆောင်းခသည် တကယ်အတည်ပြောလာတော့ ဇော်ကိုမှာ အားနာသွားကာ…

"ဟာ…နေပါစေ မိုးဆောင်းခ၊ ကျွန်တော်က မိုးဆောင်းခကို အလကား စနေတာ၊ နောက် ကျွန်တော်တို့ ကြုံဦးမှာပါ၊ ခုတော့ မိုးဆောင်းခ တိမ်တမန်နဲ့ စကားလေးပြောလိုက်ပါဦး"

ပြောပြီး ဇော်ကိုသည် မိုးဆောင်းခအား နှုတ်ဆက်ကာ ထွက်သွားလေ၏။

မသွားခင် ဇော်ကိုသည် တိမ်တမန်အား အံကြိတ်လျက် မိုးဆောင်းခရှိရာဘက်သို့ သူ့အား မျက်စပစ်ပြသွားတော့ တိမ်တမန်သည် ဇော်ကိုအား လက်သီးထောင်ပြလိုက်ပြီး…

"သီဟရော ဇော်ကို"

တိမ်တမန်မှာ ဇော်ကိုအား လှမ်းမေးလိုက်သည်။

"သီဟ…ကိစ္စရှိလို့ပြန်သွားပြီ"

ဇော်ကိုသည် ကျောခိုင်းလျက် သူ့အား ပြန်ဖြေကာ ထွက်သွားလေသည်။





မိုးဆောင်းခမှာ ဇော်ကိုအား လိုက်ကြည့်ရင်း သူ့[illegible] များကို တိမ်တမန်ထံသို့ ပြောင်းလိုက်ကာ…

"မောင်တို့သူငယ်ချင်းတွေက ပျော်ဖို့ကောင်းတယ်နော်"

"ဘာလဲ…မိုးဆောင်းခက မောင်တို့သူငယ်ချင်းတွေကို ကြည့်ပြီး အားကျနေပြီလား"

"အင်း…အမှန်ပြောရရင်တော့ အားကျမိတယ်၊ ကျွန်မက ငယ်ငယ်ကတည်းက သူငယ်ချင်းနည်းခဲ့တဲ့သူလေ၊ ဒါကြောင့် သူများတွေ သူငယ်ချင်းတွေနဲ့ ပျော်တာမြင်ရင် ကျွန်မ သူတို့ကို ကြည့်ပြီး သိပ်အားကျတာပဲ၊ မောင်ကော"

"အဟွန်း…မောင်ကတော့ ဒီလိုပါပဲ၊ ဒါနဲ့ မိုးဆောင်းခ ဒီကပြန်ရင် ဘယ်ကိုသွားဦးမလဲ"

"ဘာဖြစ်လို့လဲမောင်"

"ဘာမှမဖြစ်ပါဘူး…မေးကြည့်တာပါ၊ ဖြစ်နိုင်ရင်တော့ မိုးဆောင်းခကို မောင်မပါဘဲနဲ့ ခုလိုမျိုး တစ်ယောက်တည်း မသွားစေချင်ဘူး"

တိမ်တမန်စကားကြောင့် မိုးဆောင်းခ မျက်နှာလှလှလေး တည်တင်းသွားရသည်။

"ကျွန်မအတွက် ခုလိုမျိုး သွားလာတာ ဆန်းမှမဆန်းဘဲ မောင်၊ အုပ်ထိန်းမယ့် မိဘနဲ့အတူ မရှိတော့ဘူးဆိုပေမယ့် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို ထိန်းတတ်ပါတယ် မောင်"

"မောင်ပြောတာက"

"တော်ပြီ မောင်၊ ကျွန်မ မောင်နဲ့ စကားမများချင်ဘူး၊ ပြန်တော့မယ်"

သူ့စကားမှ မဆုံးသေး နှုတ်ခမ်းလေးစူကာ အနားမှ လှည့်ထွက်သွားသည့် မိုးဆောင်းခကို တိမ်တမန် ကြည့်နေဆဲမှာပင် မိုးဆောင်းခသည် သူမကားလေးပေါ် ရောက်သွားရပြီဖြစ်သည်။

တိမ်တမန်သည် ဘာမှစဉ်းစားမနေတော့ဘဲ သူမကားပေါ်သို့ အမြန်ရောက်သွားရ၏။

ကားပေါ်ရောက်သည်နှင့် တိမ်တမန်သည် မိုးဆောင်းခ မျက်နှာလေးကို မြတ်နိုးစွာ ငေးစိုက်ကြည့်လိုက်ပြီး…

"မိုးဆောင်းခ…မောင့်ကို စိတ်ဆိုးသွားတာလား"

သူ့စကားကို ကြားပေမယ့် မိုးဆောင်းခသည် မဖြေပါ။ အကြည့်များကိုသာ ဘေးသို့ လွှဲထားရင်းက ကားကို မောင်းထွက်ခဲ့လိုက်သည်။

"မိုးဆောင်းခ"

"………"

"မိုးဆောင်းခ"

"အို…ဘာလို့ လူကို နာမည် ခဏခဏခေါ်နေရတာလဲ၊





ဒီမှာ ကျွန်မ ကားမောင်းနေတာ အာရုံပျက်တယ်"

မိုးဆောင်းခဆီမှ ခပ်စွာစွာ ထွက်ပေါ်လာရှာသည့် အသံလေးကြောင့် တိမ်တမန် နှုတ်ခမ်းအစုံကို တင်းတင်းစေ့ပိတ်လျက် ပြုံးလိုက်မိသည်။

"အပွန်း…ခင်ဗျားနာမည်ကို ခေါ်တယ်ဆိုမှတော့ ခင်ဗျားလေးကို ကျုပ်က ထူးစေချင်လို့ဆိုတာ ရှင်းနေတာပဲ"

ကားမောင်းရင်းက မိုးဆောင်းခသည် သူ့အား မျက်စောင်းလေးထိုးကာ ကြည့်လာလေ၏။

တိမ်တမန်မှာ သူမ၏ မျက်စောင်းကြောင့် အသည်းယားသွားကာ…

"ဟိတ်…မောင့်ကို ဘာဖြစ်လို့ မျက်စောင်းထိုးရတာလဲကွ"

"ကိုယ့်အပြစ် ကိုယ်မသိဘူးလား"

"အပြစ် ဟုတ်လား၊ မောင်က မိုးဆောင်းခအပေါ် ဘာအပြစ်လုပ်ထားလို့လဲ၊ ကဲ ပြောပါဦး"

"မောင်နော် မောင် မသိချင်ဟန်မဆောင်နဲ့၊ စောစောက မောင်ပဲ ကျွန်မကို ဘာပြောခဲ့လဲ"

တိမ်တမန်သည် မိုးဆောင်းခ ဘာဖြစ်နေသည်ကို သူ အခုမှ သဘောပေါက်သွားရတော့ မျက်နှာချောချောကြီးမှာ ပြုံး[illegible]



www.burmeseclassic.com

www.burmeseclassic.com



လွန့် ဖြစ်သွားရသည်။

သူ့ရဲ့ ချစ်သူလေးဟာ တစ်ခါတစ်ခါ သူ့ မထင်မှတ်လောက်အောင် ဘာမဟုတ်တာလေးနှင့်လည်း ကလေးဆန်တတ်သည်ပဲလား။

သူမ၏ စိတ်ဆိုးဟန်လေးက အပြစ်ကင်းစင်သည့် ကလေးငယ်တစ်ယောက်လို ရိုးသားဖြူစင်မှုများဖြင့် အသည်းယားဖွယ် မြတ်နိုးမဆုံးနိုင်ဖွယ် ဖြစ်သည်။

ချစ်ခြင်းများစွာနှင့် တိမ်တမန်သည် မိုးဆောင်းခအား နူးညံ့သိမ်မွေ့ပါသော မျက်ဝန်းညိုအစုံနှင့် ခပ်စူးစူး တစ်ချက်စိုက်ကြည့်လိုက်ပြီး…

“သိပ်လှတဲ့ မောင့်ချစ်သူကို မောင် စိတ်မချတာ အပြစ်လား မိုးဆောင်းခ”

သည်လိုဆိုတော့လည်း မိုးဆောင်းခထံမှ ငြည်သည့် စကားသံမှ ထွက်မလာပါ။

“မိုးဆောင်းခကို မောင် သိပ်ချစ်တယ်”

သူချစ်တာကိုတော့ မိုးဆောင်းခ သိပါသည်။

မောင့်ကို မိုးဆောင်းခသည် ဆိုးချင်သေး၏။ ဒါသည် မောင့်ကို မိုးဆောင်းခ သိပ်ချစ်၍သာ ဖြစ်ပါသည်။

“မောင့်ကို နားလည်စမ်းပါ မိုးဆောင်းခရယ်၊ မောင့်ဘဝ





မှာ မိုးဆောင်းခကို ချစ်တဲ့အချစ်မျိုးလောက် ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးဘူး၊ မိုးဆောင်းခကိုတော့ မောင့်အသက်ထက် တန်ဖိုးထားပြီး ချစ်တယ်ဆိုတာ မောင်သိပ်ချစ်တဲ့ မောင့်ချစ်သူ ခုလို မောင်မပါဘဲ ခင်ဗျားလေးတစ်ယောက်တည်း သွားနေတာကို ဘယ်လိုစိတ်ချနိုင်မှာလဲ။ အဲဒါ မိုးဆောင်းခ သိက္ခာကို မယုံလို့ မောင် ပြောနေတာ မဟုတ်ဘူး၊ သိပ်လှတဲ့ မင်းကို မောင်စိတ်မချလို့ သဝန်တိုလို့ ပြောနေတာ”

“စိတ်မချရအောင် ကျွန်မက ကလေးမှ မဟုတ်ဘဲ”

“အဟွန်း…ဟုတ်တယ် မိုးဆောင်းခ၊ မင်းကို ကလေး မဟုတ်လို့ကို မောင်က စိတ်မချတာ၊ ကဲ…ပြောပါဦး မောင့်နေရာမှာ မိုးဆောင်းခဆိုရင်ကော မောင့်လိုပဲ စိတ်ချနိုင်မလား”

သူ့အား ဖျတ်ခနဲ ကြည့်လာသည့် မိုးဆောင်းခ၏ မျက်နှာလေးကို တိမ်တမန်သည် တစ်ချက်စိုက်ကြည့်ရင်းက မေးလိုက်သည်။

“ဘာစိတ်မချစရာရှိလဲ၊ ဒီအဖြစ်လောက်နဲ့တော့ ကျွန်မ မောင့်ကို စိတ်ဆိုးစရာမရှိပါဘူး”

“ဘာလဲ…ဒါက မိုးဆောင်းခ မောင့်ကို တကယ်ချော လို့လား”

သူ့အပေါ် သဝန်တိုခြင်း ကင်းမဲ့နေသော သွေးအေး



www.burmeseclassic.com

www.burmeseclassic.com



သည့် မိုးဆောင်းခစကားကြောင့် တိမ်တမန်သည် မျက်နှာကြီး မှုန်တည်လာရသည်။

"မောင်နော်...ဘာဆိုင်လဲ၊ သဝန်တိုတာနဲ့ ချစ်တာဟာ တခြားစီပါ၊ မောင့်ကို ကျွန်မ သိပ်ချစ်ပေမယ့် မောင့်ရဲ့လွတ်လပ်ခွင့်ကိုတော့ ကျွန်မ လိုက်ပြီး ပိတ်ပင်မိမှာမဟုတ်ဘူး"

"မိုးဆောင်းခ ပြောချင်တာက၊ မောင်က မင်းရဲ့လွတ်လပ်မှုတွေကို လိုက်ပြီး ပိတ်ပင်နေတယ်ဆိုတဲ့ သဘောလား"

"အဟင်း...ဒီလိုဆိုတော့လည်း မောင်က သဘောပေါက်မြန်သားပဲ၊ အဟင်း...ဟင်း"

ပြောရင်းက မိုးဆောင်းခသည် သူမစကားကို သူမ သဘောကျသလို နှုတ်ခမ်းထောင့်လေးများ ကွေးတက်သွားရတဲ့အထိ ရယ်မောလိုက်သည်။

သူမ ဒီလိုရယ်တော့လည်း တိမ်တမန်သည် သူ့ကိုယ်သူ မလုံမလဲဟန် မျက်နှာကြီးရဲလျက် လူက ရှုံ့ရှုံ့ရှားရှား ဖြစ်သွားရပြီး...

"မောင့်ကို မင်း သဝန်မတိုဘူးဆိုတာ တကယ်ပဲလား မိုးဆောင်းခ"

စောစောက စကားကိုပင် သူသည် မကျေနပ်သလို မေးလိုက်ပြန်၏။ မိုးဆောင်းခသည် သူ့ကိုမကြည့်ပါ။ ကားမောင်း





ရင်းက ပြုံးလိုက်ကာ...

"မောင့်ကို သဝန်တိုရအောင် မောင့်မှာ ကျွန်မအပြင် တခြားမိန်းကလေးတွေ ရှိနေလို့လား"

"မရှိပါဘူး"

"ဒါနဲ့များမောင်ရယ်...အဟင်း...ဟင်း...ဟင်း"

မိုးဆောင်းခ ပြောရင်းက ရယ်ပြန်လေ၏။ တိမ်တမန်သည် သူမ ဒီလိုရယ်ရပါ့မလားဆိုကာ မျက်မှောင်ကြီး ကြုတ်သွား၏။

"မရယ်နဲ့၊ ကျုပ်မှာ မင်းပြောသလို တခြားမိန်းကလေး ရှိရှိ မရှိရှိ မောင်နဲ့ပတ်သက်ပြီး မင်းရင်ထဲမှာ ဘာမှမခံစားရတာကိုတော့ မောင် မကြိုက်ဘူး၊ အေးဗျ...ကြုံလို့ တစ်ခါတည်း ပြောလိုက်ရဦးမယ်၊ မောင်ကတော့ မိုးဆောင်းခနဲ့ ပတ်သက်လာရင် ဘာပဲဖြစ်ဖြစ် သဝန်တိုတတ်တယ်နော်၊ မောင့်အပြင် မိုးဆောင်းခ တစ်ယောက်ယောက်နဲ့ တွဲကြည့်၊ မောင်နဲ့ တစ်ခါတည်း တွေ့သွားမယ်"

တိမ်တမန်သည် နှုတ်ခမ်းကို တင်းတင်းစေ့လျက် မိုးဆောင်းခအား ခပ်ကျိတ်ကျိတ်ဆိုလိုက်တော့ မိုးဆောင်းခ မျက်နှာလေး ပြုံးသွားကာ...

"မောင်က ကျွန်မကို မုန်းပစ်မယ်ပေါ့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"မှန်းတာထက် မင်းနဲ့ တခြားတစ်ယောက်ကိုသာ မောင်တွေ့ကြည့် တွေ့တဲ့နေရာ နှစ်ယောက်စလုံးကို သတ်ပစ်မယ်သိလား"

"အမယ်လေး…ကြောက်စရာကြီးပါလား မောင်ရယ်"

ပခုံးလေးစုံတွန့်ကာ မိုးဆောင်းခသည် တကယ်ပင်ကြောက်ဟန်နှင့် ဆိုလေသည်။ သူမကိုကြည့်ကာ တိမ်တမန်သည် မျက်နှာကြီး တည်သွားရပြီး…

"ကောင်မလေးနော်…မောင့်ကိုမနောက်နဲ့၊ ဒါ မောင်တကယ်ပြောနေတာ"

သူ အတည်ပြောမှန်းသိတော့ မိုးဆောင်းခသည် ငြိမ်သွားလေသည်။ သည်နောက် သက်ပြင်းဖွဖွကိုချကာ…

"မောင် ကျွန်မကို သိပ်ချစ်တာပဲလားဟင်"

"ဘယ်လိုမေးလိုက်တာလဲ မိုးဆောင်းခရယ်၊ မောင်ချစ်တာတွေကို မင်းလေး ခုထိ မသိသေးဘူးလားဗျာ"

"မသိလို့မဟုတ်ပါဘူး မောင်ရယ်၊ မောင့်ဆီက ချစ်တယ်ဆိုတဲ့ စကားကို ကျွန်မ အမြဲကြားချင်နေတဲ့သူမို့ပါ"

"အဟွန်း…မိုးဆောင်းခရယ်"

ချစ်ပါသည်ဆိုကာမှ သူ့အား ပို၍ချစ်လာအောင်ပြောတတ်လွန်းသည့် မိုးဆောင်းခကို တိမ်တမန် မျက်ဝန်းညို့ကြီး





တစ်စုံနှင့် စိုက်ကြည့်ရင်းက သူမအား ခပ်ညည်းညည်းလေး ခေါ်လိုက်သည်။

သည့်နောက် သူသည် ကားမောင်းနေသော မိုးဆောင်းခ၏ လက်လေးပေါ်သို့ သူ့လက်ကြီး အုပ်မိုးဆုပ်ကိုင်လိုက်တော့ မိုးဆောင်းခသည် သူ့အား အလှဆုံး အပြုံးပန်းလေးတစ်ပွင့်ကို ဖန်တီးပေးလိုက်ပြီး…

"ကျွန်မ မောင့်ကို သိပ်ချစ်တာပဲ" ဆိုသည့် စကားကို ခပ်တိုးတိုးပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"မောင် ဘာပြောတယ်၊ ကျွန်မတို့ လက်ထပ်ကြမယ် ဟုတ်လား"

မျက်ဝန်းလေးပြူးကာ ထိတ်လန့်ဟန်လေးနှင့် မေးလိုက်သော မိုးဆောင်းခကြောင့် တိမ်တမန်သည် မျက်ခုံးကြီး တွန့်ကြုတ်သွားရသည်။

သူမ ဘာဖြစ်တာပါလိမ့်။ သူ့ဆီက လက်ထပ်ဖို့စကား ကြားတာနှင့် သူမ ဘာကြောင့် ဒီလောက်ချောက်ချားသွားရတာပါလိမ့်။

တကယ်ဆို သူတို့နှစ်ဦးအတွက် ဒီစကားသည် ချစ်သူနှစ်ဦးဘဝတစ်ခုကို ပေါင်းဆုံရတော့မည်မို့ ပျော်ရွှင်ရမည့်အကြောင်း ခုတော့ သူမပုံစံက တစ်စုံတစ်ရာအတွက် ထိတ်လန့်ချောက်ချား သွားရသလို။

မိုးမိုး - တလေ

www.burmeseclassic.com

www.burmeseclassic.com



တိမ်တမန်သည် အလိုမကျစိတ်နှင့် မိုးဆောင်းခအား ကြည့်လိုက်ပြီး…

"နေပါဦး မိုးဆောင်းခ၊ မောင်မရှင်းလို့ မေးစမ်းပါရစေဦး၊ လက်ထပ်ဖို့ကိစ္စ မောင်ပြောလိုက်တိုင်း မျက်နှာပျက်ပျက်သွားတာ တာ ဘာသဘောလဲ၊ တကယ်ဆို ဒီကိစ္စက မောင်တို့နှစ်ယောက် အတွက် ဝမ်းသာရမယ့်ကိစ္စမဟုတ်ဘူးလား"

ပြောပြီး တိမ်တမန်သည် မိုးဆောင်းခမျက်နှာကို အကဲခတ်လိုက်သည်။ သူ စိတ်ထင်လို့ပဲလားတော့ မသိပါ။ မိုးဆောင်းခ မျက်ဝန်းများသည် ခါတိုင်း သူနှင့်တွေ့ဆုံစဉ်ကလို သက်ဝင်နွေး ထွေးမှုများ ကင်းမဲ့လျက် စိမ်းတောက်နေသည်လို့ တိမ်တမန် ခံစား လိုက်ရတော့ ရင်မှာ ထင့်ခနဲဖြစ်သွားရသည်။

မိုးဆောင်းခသည် သူ့အား ဘာမှမပြော၊ အတန်ကြာ တိတ်ဆိတ်ငြိမ်သက်နေရာမှ…

"မောင့်အတွက်တော့ ဒီစကားဟာ ပျော်ရွှင်စရာကောင်း တဲ့ စကား ဖြစ်ကောင်းဖြစ်ပေမယ့် ကျွန်မအတွက်တော့ ဒီစကား ဟာ အမြဲမတန် ခါးသီးစရာကောင်းတဲ့ စကားပဲ မောင်"

"ဗျာ"

မမျှော်လင့်ပါ။ သူ ဘယ်လိုမှ မမျှော်လင့်သည့် စကားကို မိုးဆောင်းခထံမှ ကြားလိုက်ရသည်ကိုပင် သူ့ကိုယ်သူ မယုံကြည်





နိုင်အောင် တုန်လှုပ်ချောက်ချားသွားရသူက တိမ်တမန်ဖြစ်သည်။

သည်စကားတွေနဲ့ သူမသည် သူ့အား နောက်နေတာလား ဆိုသည့် အတွေးနှင့် မိုးဆောင်းခကို ကြည့်လိုက်တော့ သူမသည် ထူးထူးခြားခြား တည်ငြိမ်လျက်ရှိနေရသည်။

သေချာသည်။ ဒီစကားသည် သူမ သူ့ကို နောက်နေတာ မဟုတ်ဆိုတာ တိမ်တမန် မျက်နှာပျက်သွားရသည်။

စောစောက ပြောလိုက်ပါသည့် သူမ၏ စကားအဓိပ္ပါယ် ကိုလည်း တိမ်တမန်သည် သိချင်လာရသည်။

"ပြန်ပြောစမ်းပါ မိုးဆောင်းခ၊ စောစောက မောင့်ကို ပြောလိုက်တဲ့စကား မင်းပြန်ပြောစမ်းပါ၊ ဒါ…ဒါ မောင် နားကြား လွဲတာတော့ မဟုတ်ပါဘူးနော်"

သူမသည် သူ့အား မကြည့်ပါဘဲ ခေါင်းခါပြလေ၏၊ သူမကိုကြည့်ကာ တိမ်တမန် ရင်တွေ ပူလောင်လာရသည်။

"မောင်ကြားတဲ့စကားတွေက အမှန်တွေပါပဲကွယ်"

"ဘာ…ဒါဆို မိုးဆောင်းခ မောင့်ကို"

"ဝမ်းနည်းပါတယ်မောင်၊ ကျွန်မ မောင့်ကို သိပ်ချစ်ပေ မယ့် လက်ထပ်ဖို့ဆိုတာ မောင်နဲ့ကျွန်မကြား ဘယ်တော့မှ ဖြစ်လာ မှာ မဟုတ်ပါဘူး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်ခြည်းမှာတော့ နှလုံးသားကို အပ်အစင်းပေါင်းများစွာနှင့် ထိုးနက်လိုက်သလို စူးနင့်ခါးသီးသော ဝေဒနာက ရင်ထဲ ပြင်းပြင်းထန်ထန် ဖြစ်ပေါ်သွားရသည်။

ဒါဟာ သူသိပ်ချစ်သည့် (သူ့ကိုလည်း ချစ်ပါသည့် ချစ်သူတစ်ယောက်က)ပြောလိုက်သည့် စကားတဲ့လား။

ကဲ…ဒီအဖြစ်ဟာ ယောကျ်ားတစ်ယောက်အတွက် ဘယ်လောက် နာကျင်ရှက်ရွံ့စရာ ကောင်းလိုက်သည့်စကားလဲ။

တိမ်တမန်သည် သူ့ကိုယ်သူ မယုံနိုင်သေးပါ။

"မင်း ဒါ တကယ်ပြောနေတာလား မိုးဆောင်းခ"

"ဒါ နောက်စရာမှမဟုတ်ဘဲ မောင်"

သူ အံကြိတ်လိုက်၏။

"နေပါဦး…လက်ထပ်ဖို့ကိစ္စဟာ မောင်တို့နှစ်ယောက်အတွက် ဒီလောက်ပဲ ခါးသီးနာကြည်းစရာ ဖြစ်နေပြီလား၊ ပြီးတော့ ဘာကြောင့်လဲဆိုတာ မောင်သိချင်တယ်"

သူ နားမလည်သလို မေးလိုက်သည်။ သူ့စကားအဆုံး မိုးဆောင်းခ မျက်နှာလေးသည် ခပ်မဲ့မဲ့လေး ဖြစ်သွားကာ…

"ဒီမှာမောင်…လောကမှာ ချစ်သူတိုင်း ချစ်ကြပေမယ့် ပေါင်းဆုံနိုင်ကြတာမှ မဟုတ်ဘဲ"

"မင်း ဘယ်လိုပြောလိုက်တာလဲ မိုးဆောင်းခ"





သူမထံမှ စိမ်းကားလွန်းသည့် စကားက သူ့ရင်ကို နာကျင်စေရပါသည်။ တိမ်တမန်သည် မိုးဆောင်းခ မျက်နှာလေးကို စူးစိုက်ကြည့်လိုက်ပြီး…

"အဲဒါ တခြားလူတွေအတွက် ဟုတ်နိုင်ပေမယ့် မောင့်အတွက်တော့ မဖြစ်စေရဘူး မိုးဆောင်းခ၊ ဒီအဖြစ်ကို မောင် အဖြစ်လည်းမခံနိုင်ဘူး၊ မိုးဆောင်းခကို မောင်ချစ်တယ်၊ လက်ထပ်မယ်"

တိမ်တမန်သည် ထိုစကားကို ပြတ်သားစွာ ပြောတော့ မိုးဆောင်းခ သက်ပြင်းချလေ၏။

ပြီးတော့ သူ့အား ပြန်လည်ကြည့်ကာ…

"ဆောရီးပဲ မောင်ရယ်၊ မောင့်ကို ကျွန်မ လက်ထပ်နိုင်မှာမဟုတ်ဘူး"

"ဘာ…ဘာပြောတယ် မိုးဆောင်းခ၊ မင်းဘာပြောလိုက်တာလဲ၊ မင်း…မင်း ငါ့ကို လက်မထပ်နိုင်ဘူးဆိုတော့ ဘယ်သူ့ကို လက်ထပ်မှာလဲ၊ ငင်းပြောစမ်း"

သူမ၏ ငြင်းဆန်စကားကြောင့် တိမ်တမန်သည် အခံရခက်ခြင်းတို့ဖြင့် ပေါက်ကွဲသွားရပြီမို့ သူမပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်းပင် လှုပ်ခါမေးလိုက်သည်။

ထိုအခါကျပြန်တော့လည်း သူမသည် သူ့လက်



www.burmeseclassic.com

www.burmeseclassic.com



မရုန်းပါဝေ။ အရုပ်လေးတစ်ရုပ်လို သူ့လက်ထဲတွင် ပျော့ခွေစွာ ရှိလျက် သူ့ကို ငေးစိုက်ကြည့်နေလေသည်။

"ကျွန်မချစ်တဲ့ မောင့်ကိုတောင် လက်မထပ်နိုင်တာ ကျွန်မက ဘယ်သူ့ကို လက်ထပ်ဦးမှာလဲ"

"မိုးဆောင်းခ…မင်း"

မိုးဆောင်းခစကားသည် သူ့နှလုံးသားကို ကိုင်လှုပ်တုန်ခါသွားစေရသည်။ တိမ်တမန် မိုးဆောင်းခ မျက်နှာလေးကို စိုက်ကြည့်လိုက်သည်။ သိပ်လှသည့် မျက်နှာလေး။

သည်မျက်နှာလေးကိုပင် သူသည် မြင်မြင်ချင်း စွဲလမ်းမြတ်နိုးသွားရသည့်အဖြစ်။ လှသည်နှင့်အမျှ ဆွဲဆောင်နိုင်လွန်းသော သူမသည် သူ့နှလုံးသားတွေကိုလည်း အေးတစ်ခါ နွေးတစ်လှည့် ဖြစ်စေရပါ၏။

တိမ်တမန်သည် ချစ်မြတ်နိုးခြင်းများစွာနှင့် မိုးဆောင်းခ နဖူးဝင်းဝင်းလေးကို တစ်ချက်ရှိုက်နမ်းလိုက်သည်။

"မိုးဆောင်းခ…မောင့်ကိုချစ်တယ် မဟုတ်လား"

သူ့စကားကြောင့် သူမ မျက်လွှာလေးပင့်လျက် သူ့ကို ကြည့်လာသည်။ ကြည့်စမ်း…သူမရဲ့ မျက်ဝန်းလေးတွေက ဘယ်လောက်တောင် ဆွဲဆောင်နိုင်လွန်းသည်လဲ။

မိုးဆောင်းခ သူ့ကိုကြည့်ကာ ခေါင်းညိတ်ပြလေ၏။





"ဒါဆိုရင် မိုးဆောင်းခရယ်၊ မောင့်ရဲ့ လက်ထပ်ခွင့်ကို မင်း ဘာဖြစ်လို့ ငြင်းဆန်ရတာလဲ၊ မောင်တို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ဒီလောက်ချစ်နေတာ ဘာကြောင့် လကထပ်ဖို့ မဖြစ်နိုင်ရမှာလဲ"

သူ့လက်ထဲက ရုန်းထွက်ကာ မိုးဆောင်းခ သူနှင့် ခပ်လှမ်းလှမ်းတွင် သွားရပ်လေ၏။

"မောင့်ကို စကားပြောပါဦး မိုးဆောင်းခ"

မိုးဆောင်းခ ပခုံးလေးကို သူ့ဘက်သို့ ဆွဲလှည့်ကာ ပြောလိုက်သည်။

"မောင်ရယ်…ကျွန်မ မောင့်ကို ဘယ်လိုပြောရမလဲ"

"မင်း မောင့်ကို လက်ထပ်မယ်ဆိုတာသာပြော"

"ဒီကိစ္စဟာ ဖြစ်နိုင်မှာမဟုတ်ဘူး မောင်"

"မိုးဆောင်းခ"

သည်းခံနိုင်မှုများ ကုန်ဆုံးသွားရသလို တိမ်တမန်သည် နာကျင်မှုဖြင့် ခံရခက်ခဲဟ်ကြီး ဖြစ်သွားရသည်။

ချစ်သူကို ချစ်တဲ့စိတ်နှင့် သူ ဒီလောက် အောက်ကျို့ခံကာ ပြောနေတာတောင် သူမက သူ့လက်ထပ်ခွင့်ကို ငြင်းပယ်နိုင်သည်တဲ့လား။

နာကျင်စိတ်ဖြင့် တိမ်တမန် မဲ့ပြုံးတစ်ချက် ပြုံးမိသွားရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မင်း ကျုပ်ကို လက်မထပ်နိုင်ဘဲနဲ့ ဘာလို့ ချစ်ခဲ့တာလဲ မိုးဆောင်းခ၊ ဘာလဲ ကျုပ်ကို ဒါ သက်သက်အရူးလုပ်ခဲ့တာလား"

အံကို ခင်းတင်းကြိတ်လျက် ပေါက်ကွဲစွာ သူမေးလိုက်သည်။ မိုးဆောင်းခဆိုသည့် သူမသည် ယောကျ်ားတစ်ယောက်ကို ချစ်ရုံသာချစ်ပြီး လက်မထပ်နိုင်ခြင်းက ဘာအဓိပ္ပါယ်လဲ။

"ပြောလေ…မိုးဆောင်းခ၊ မင်းပြောစမ်း ကျုပ်ကို မင်းအရူးလုပ်ခဲ့တာလားဆိုတာ"

"မောင်ကြိုက်သလို ထင်နိုင်တယ်၊ ဒါပေမယ့် တစ်ခုတော့ မောင်သိအောင် ကျွန်မပြောချင်တယ်၊ အဲဒါ မောင့်ကို ကျွန်မ သိပ်ချစ်တယ်ဆိုတာပဲ"

သူမ၏ချစ်စကားသည် သူ့ရင်ကို ပို၍နာကျင်ကြေကွဲထိခိုက်စေရပါသည်။

"အဟွန်း…ချစ်တယ်ဟုတ်လား၊ ချစ်တယ်ဆို မင်း ကျုပ်ကို လက်ထပ်နိုင်ရမှာပေါ့ မိုးဆောင်းခ၊ ခုဟာက မင်း ကျုပ်ကို လှည့်စားလိုက်တာပဲ၊ မင်း…မင်း ကျုပ်ကို ချစ်ဟန်ဆောင်လိုက်တာပဲ"

"ရှင်…ရှင် ကျွန်မအချစ်ကို စော်ကားတယ်၊ ကဲဟယ်"





"ဖြန်း"

ထူပူသွားရသည့် ပါးပြင်မှ နာကျင်မှုထက် သူမ၏ စိမ်းကားရက်စက်လွန်းသည့် စကားနှင့် အပြုအမူများက သူ့နှလုံးသားကို ပို၍နာကျင်စေရပါသည်။

နာကျင်မှုဖြင့် တိမ်တမန်မှာ ရင်မှာ မချိတင်ကဲမှုများဖြင့် မျက်ဝန်းအစုံသည် နီရဲစိုစွတ်လျက် အံကို တင်းတင်းကြီး ကြိတ်ထားသည်မှာ မေးကြောကြီးများပင် ထောင်ကားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

လောကကြီးမှာ ချစ်သူတိုင်း ဘယ်သူမဆို တစ်ယောက်နဲ့တစ်ယောက် ချစ်မိပြီဆိုကတည်းက တစ်နေ့မှာတော့ ချစ်သူနဲ့အတူ ပေါင်းဆုံဖို့ မျှော်လင့်ခဲ့ကြမှာပါ။

အဲဒီထဲမှာ ကျွန်မလည်း တစ်ယောက်အပါအဝင်ပါပဲ မောင်။ ကျွန်မ မောင့်ကို သိပ်ချစ်ပါတယ်။ ချစ်တဲ့စိတ်နဲ့ မောင့်ရဲ့ဆန္ဒကို လိုက်လျောဖို့လည်း ကျွန်မ ကြိုးစားခဲ့ပါတယ်။

ဒါပေမယ့်ကွယ် ကျွန်မ လက်ထပ်ခြင်းကိုတော့ ကြောက်မိပါတယ်။ ကျွန်မကို တယူသန်စွဲသူရယ်လို့ မောင် ထင်ချင်ထင်နိုင်ပါတယ်။

ကျွန်မ လက်ထပ်ရမှာကိုတော့ ကြောက်မိတာအမှန်ပါပဲ မောင်ရယ်။ ဒါဟာ ကျွန်မရဲ့ မိုက်မဲခြင်းမဟုတ်ပါဘူး။ ဓနလာ ... တဲ့ ဘဝကံကြမ္မာအရ ကျွန်မ ဒီအဖြစ်တွေကို စိုးရွံ့ကြောင်းသိနိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



မိဘာ ကျွန်မ သိတတ်တဲ့ အရွယ်ကပဲ ဆိုပါတော့ကွယ်။

ကျွန်မကို အဲလို စိတ်ဒဏ်ရာတွေ ခံစားရအောင် လုပ်ပေးခဲ့တဲ့သူက ကျွန်မရဲ့ ဖေဖေနဲ့ မေမေပါပဲ။

မှတ်မိစအရွယ်မှာပဲ မိဘတွေရဲ့ ပြိုကွဲသွားရတဲ့ အိမ်ထောင်ရေးကို ကျွန်မ ဆိုးဝါးစွာ မြင်တွေ့ခဲ့ရပြီးကတည်းက ကျွန်မနှလုံးသားမှာ အဲဒီဒဏ်ရာတွေက စိတ်ထဲ စွဲထင်နေအောင် ဖြစ်ခဲ့ရတယ်ဆိုရင် မောင်ယုံမလားပဲ။

ဒါ အမှန်ပဲ မောင်။

ကျွန်မဟာ အပေါ်ယံမှာတော့ မာကျောဟန်ရှိပေမယ့် တကယ်တမ်းမှာတော့ ကျွန်မနှလုံးသားတွေဟာ သူများတွေထင်သလို မမာကျောခဲ့ပါဘူး မောင်၊ တစ်ခါတစ်ခါ ကျွန်မနှလုံးသားတွေဟာ သာမန်မိန်းကလေးတွေထက်တောင် ပျော့ပျောင်းနူးညံ့ချင်ပါသေးတယ်။

ကျွန်မကိုကြည့်ပြီး လူတွေက ထင်ပါလိမ့်မယ်။ ပြည့်စုံသူတစ်ယောက်အနေနဲ့ပေါ့။ ဒါပေမယ့် ကိုယ့်ဝမ်းနာ ကိုယ်သိဆိုတဲ့အတိုင်း ကျွန်မဘဝဟာ လူတွေထင်မြင်သိသလို ပြည့်စုံမှုတွေ မရှိခဲ့ပါဘူး။

ငွေကြေးပြည့်စုံတာတစ်ခုတည်းကို ကြည့်ပြီး ပြောလို့မရပါဘူးမောင်။ တကယ်တော့ ကျွန်မဟာ မေတ္တာငတ်ခဲ့ရတဲ့သူပါ။





ငယ်စဉ်ကတည်းက မိဘရဲ့မေတ္တာရိပ်နဲ့ ကင်းဝေးခဲ့ရတဲ့ ကျွန်မဟာ အသွားရဲ့မေတ္တာနဲ့ပဲ ကိုယ့်ကိုယ်ကို ကျေနပ်ရောင့်ရဲခဲ့ရသူတစ်ယောက်ပါ။

ကျွန်မအနားမှာ ကျွန်မအလှကြောင့် ရှိနေတဲ့ ယောကျ်ားတွေရဲ့ ချစ်လှပါချည်ရဲ့ဆိုပြီး ပေးလာတဲ့ မေတ္တာကိုလည်း ကျွန်မ မယုံကြည်နိုင်ခဲ့ပါဘူး။

ရှင်းရှင်းပြောရရင် ယောကျ်ားတွေကို ချစ်ရမှာ ကျွန်မ ကြောက်ခဲ့သူပါမောင်။

ဒါပေမယ့် မောင့်ကိုတော့ ပထမဦးဆုံး ဆုံခဲ့တဲ့ ညမှာကတည်းက ကျွန်မစိတ်မှာ စွဲထင်ခဲ့တယ်ဆိုရင် မောင်ယုံမလားပဲ။

ယုံပါမောင်ရယ်။

ကျွန်မ မောင့်ကို မြင်မြင်ချင်း ချစ်ခဲ့တဲ့သူပါ။ ကျွန်မအပေါ် ဖေးမကြင်နာပြီး ယုယမြတ်နိုးမှုတွေနဲ့ ချစ်တတ်တဲ့မောင့်ကို ကျွန်မ သိပ်ချစ်ခဲ့ပါတယ်မောင်။

မောင် ကျွန်မအနားမှာ ရှိနေရင် ကျွန်မဘဝမှာ ဘာနဲ့မှ မတူတဲ့ ပျော်ရွှင်မှုတွေနဲ့ ပျော်ရွှင်ကျေနပ်ခဲ့ရတဲ့သူပါ မောင်ရယ်။

လက်ထပ်ပါရစေဆိုတဲ့ မောင့်ဆီကစကား ကြားရတာဟာ ကျွန်မအတွက် ကမ္ဘာပျက်မတတ် ထိတ်လန့်တုန်လှုပ်ရတဲ့နေ့ပါပဲ။

ဘာလို့လဲသိလားမောင်။ လူတစ်ယောက်နဲ့ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကို သက်ထပ်ခြင်းဆိုတဲ့ နှောင်ကြိုးတွေနဲ့ ချည်နှောင်လိုက်တာမျိုး ကျွန်မ အကြောက်ဆုံးမို့လို့ပါပဲကွယ်။

ဒီဒဏ်ရာတွေက ကျွန်မ ငယ်ငယ်လေးကတည်းက ရခဲ့တဲ့ဒဏ်ရာ။ ဒီဝေဒနာတွေကို ပေးလိုက်သူက ကျွန်မရဲ့ ဖေဖေနဲ့ မေမေ။

စဉ်းစားကြည့်ပါမောင်။

တစ်ချိန်က ဖေဖေနဲ့ မေမေကလည်း မောင်နဲ့ကျွန်မလိုပဲ တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်ခဲ့ကြတဲ့သူတွေပါ။ ချစ်လို့လည်း လက်ထပ်ခဲ့ကြတယ်လေ။

ဒါပေမယ့် လက်ထပ်ပြီးမှ ဖေဖေနဲ့ မေမေရဲ့ အိမ်ထောင်ရေးဟာ ပြိုကွဲခဲ့ရပြန်တယ်။

သူတို့ဆီမှာ ကျွန်မဆိုတဲ့ သမီးတစ်ယောက် ရှိနေပါသေးလားဆိုတာတောင် သတိမရကြတော့ပါဘူး။

သည်လို သိပ်ချစ်ခဲ့ကြတဲ့သူတွေတောင် တစ်နေ့မှာ တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်ချင်၊ မမြင်ချင်လောက်အောင် ဖြစ်သွားတဲ့အထိ လမ်းခွဲခဲ့တာဟာ ကျွန်မကို ကြောက်ရွံ့စေတဲ့ အဖြစ်တစ်ခုပါပဲ။

ပြီးတော့ ကျွန်မ မောင့်ကို လက်ထပ်လိုက်ပါပြီတဲ့။ ဒါ ဘယ်မှာလဲ ကျွန်မဘက်က မားမားမတ်မတ် ရပ်တည်ပေးမယ့်





မိဘ။ ဘယ်မိဘက ကျွန်မရဲ့မင်္ဂလာပွဲကို လာပြီး အသိအမှတ်ပြုပွဲတက်ပေးမှာလဲဆိုတာ။

မောင်ရယ်...ဒီအဖြစ်တွေက ကျွန်မကို သေမိန့်ကျသူတစ်ယောက်လို ထိတ်လန့်ကြောက်ရွံ့မှုတွေနဲ့ ခါးသီးစေရတယ်ဆိုတာ မောင်သိမှာ မဟုတ်ပါဘူးကွယ်။

ဒီအဖြစ်တွေက မောင့်ကို ကျွန်မ လက်ထပ်ဖို့ ငြင်းပယ်ခဲ့ရတဲ့ အဖြစ်တွေပါပဲမောင်။

ကိုယ် အသက်မက ချစ်ရတဲ့ ယောကျ်ားတစ်ယောက်ကို ချစ်ရက်နဲ့ ငြင်းပယ်ခဲ့တာဟာ ကိုယ့်နှလုံးသားကို ကိုယ်ပြန်ပြီး သွေးစိမ်းရှင်ရှင် ကျဲစေရတဲ့အဖြစ်ဆိုတာကိုတော့ မောင်သိမှာ မဟုတ်ပါဘူး။

ဒါပေမယ့် ကျွန်မ ကိုယ့်ကံကြမ္မာကို ကိုယ် ပြန်မယုံရဲတော့ဘူး မောင်။ သူများတွေ မိဘရင်ခွင်မှာ ပျော်မြူးနေရတဲ့အချိန်မှာ ကျွန်မကတော့ မိဘရင်ခွင်နဲ့ ဝေးကွာခဲ့ရတဲ့အဖြစ်။ 'ကိုယ့်ကို ဂရုစိုက် ချစ်မြတ်နိုးတဲ့ အဘွားကြပြန်တော့လည်း ကိုယ့်ကို သေခွဲနဲ့ခွဲခွာသွားခဲ့တယ်။ ကဲ...ဒီလောက်ဆိုးတဲ့ ကျွန်မကံကြမ္မာကို ကျွန်မ ဘယ်လိုယုံရတော့မလဲ။

မောင်နဲ့လက်ထပ်ပြီးတော့ရော ကံကြမ္မာက ကျွန်မတို့ မျက်နှာသာပေးမှာတဲ့လား။ ကျွန်မကို ဒီလိုအဖြစ်ဆိုးမျိုးတွေနဲ့ ဆုံစေ



www.burmeseclassic.com

ဆိုင်စေရဝါဘူးလို့ ဘယ်သူက အာမခံနိုင်မှာတဲ့လဲကွယ်။

ကျွန်မ မောင့်ကို ငြင်းလိုက်လို့ မောင် ခံစားသွားရမှာကိုလည်း သိပါတယ်။ မောင်ခံစားရသလို ကျွန်မလည်း ခံစားရတာပါပဲမောင်။

မောင့်ရဲ့နာကြည်းမှု အမုန်းတွေကို ကျွန်မ မခံစားနိုင်တာ အမှန်ပါပဲ မောင်။ ခက်တာက မောင့်ကို ကျွန်မ လက်ထပ်ဖို့ မဝံ့ရဲတာပါပဲ။

မိုးဆောင်းခသည် သူမဘာဝ၏ ခါးသီးနာကြည်းဖွယ် အဖြစ်အပျက်များကို ပြန်တွေးရင်း ပါးပြင်ထက် မျက်ရည်ပေါက်ကြီးများ တလိမ့်လိမ့် ကျဆင်းလာရသည်။

ဖြစ်နိုင်လျှင် ခုချိန်တွင် မိုးဆောင်းခသည် မောင့်ရင်ခွင်ထဲ တိုးဝင်ကာ သူမ ခံစားရသည်တို့ကို ပေါက်ကွဲပစ်လိုက်ချင်ပါသည်။

မောင်သည် သူမကို စိတ်နာသွားပြီထင်ပါရဲ့။

မောင် စိတ်နာသွားရအောင်လည်း မိုးဆောင်းခသည် မောင့်အား ရက်ရက်စက်စက် ပြုမူခဲ့သည် မဟုတ်ပါလား။

ယခုတော့ မောင့်အပေါ် ရက်စက်ခဲ့ခြင်းများသည် သူမကို ပြန်၍ ဒဏ်သင့်နေခဲ့ပြီလား။

နာကျင်သော အတွေးစိတ်တို့နှင့် မိုးဆောင်းခသည် ပါးပြင်ပေါ်မှ မျက်ရည်စများကို ခပ်ကြမ်းကြမ်း သုတ်လိုက်ရင်းက မောင်





နှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်တစ်ခုကို စိတ်မှာ ငိုင်ငိုင်ချလိုက်မိလေတော့သည်။

ထိုဆုံးဖြတ်ချက်က တခြားမဟုတ်ပေ။ မိုးဆောင်းခသည် မောင့်အား သွားတွေ့ရန်ပင် ဖြစ်လေသည်။

www.burmeseclassic.com

မိုးဆောင်းခသည် သူမ တစ်ခါမှ မရောက်ဖူးသည့် မောင့် အိမ်ကို ယခု ပထမဦးဆုံးအကြိမ် ရောက်လာခဲ့လေ၏။

ထို့အတွက် မိုးဆောင်းခသည် သူမကိုယ်သူမ နောင်တ မရခဲ့ပါ။ သူမ မောင့်အိမ်ကိုရောက်တဲ့အချိန် တိုက်တိုက်ဆိုင်ဆိုင်လို့ပင် ပြောရမည်လား မသိပါ။ မောင်သည် အိမ်မှာ ရှိနေခဲ့သည်။

ခမ်းနားထည်ဝါလှန်းသော တိုက်ကြီး၏ ဝေါ်တီကို အောက်သို့ သူမကားလေး ရပ်သွားသည်ဆိုရင်ပဲ အိမ်ထဲက ကောင်မလေးသည် မိုးဆောင်းခအား ထွက်ကြိုလေ၏။ ဒါက မောင်တို့အိမ်ရဲ့ ထုံးစံ ဖြစ်ပုံဟန်တူပါသည်။

ဧည့်သည်တစ်ယောက်လာလျှင် ထိုသို့ထွက်ကြိုရမည်ကို ဒီအိမ်ရှိ လူများက ကောင်မလေးအား မှာထားခဲ့ဟန်တူပါ၏။

ကောင်မလေးသည် သူမတာဝန်ကို ကျေပြွန်စွာ ထမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်သလိုမျိုး မိုးဆောင်းခအား အပြုံးလေးနှင့် ကြိုကာ…

"မမက ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲရှင်"

"ဦးတိမ်တမန် ရှိလားကွယ်"

"ဟုတ်ကဲ့…အစ်ကိုလေးရှိပါတယ် မမ၊ အစ်ကိုလေးကို ကျွန်မ ဘယ်သူလို့ ပြောလိုက်ရမလဲ"

"မိုးဆောင်းခလာတယ်လို့ ပြောလိုက်ပါကွယ်"

"ဟုတ်ကဲ့မမ၊ အိမ်ထဲ ဝင်ထိုင်ပါဦးရှင်"

ရိုကျိုးစွာ ဖိတ်ခေါ်လာသည့် ကောင်မလေး၏ ဖိတ်ခေါ်မှုနှင့်ပင် မိုးဆောင်းခသည် အိမ်ထဲသို့ ဝင်လာခဲ့လိုက်သည်။

"ထိုင်ပါ မမ၊ ကျွန်မ အစ်ကိုလေးကို မမရောက်နေကြောင်း သွားပြောလိုက်ပါဦးမယ်"

ပြောပြီး ကောင်မလေး ထွက်သွားတော့ မိုးဆောင်းခသည် ကြက်သွေးရောင် ဆိုဖာထိုင်ခုံကြီးထက် ဝင်ထိုင်လိုက်လေသည်။

ထို့နောက် သူမအကြည့်များက ခမ်းနားထည်ဝါလွန်းသည့် တိုက်ကြီးတစ်လုံးကို အကြည့်ဝဲဝဲလေးဖြင့် လိုက်ကြည့်နေမိသည်။

ကြည့်နေရင်းက မိုးဆောင်းခသည် မောင့်အား ဘယ်လို ချော့ရမလဲဆိုတာကိုလည်း စိတ်မှာ အပြင်းအထန် စဉ်းစားနေမိသည်။

သူမ စဉ်းစားနေဆဲမှာပင် အပေါ်ထပ် လှေကားဆီမှ





ဆင်းလာသော ခြေသံခပ်ဖွဖွနှင့်အတူ မျက်ခုံးထူထူကြီး စုံတွန့်လျက် ရှုတည်တည် မျက်နှာထားကြီးနှင့် နှုတ်ခမ်းကို တင်းတင်းစေ့ကာ အပေါ်ထပ်မှ ဆင်းလာသော မောင့်ကို တွေ့ရလေသည်။

မိုးဆောင်းခသည် မောင့်ကို ပြုံးပြလိုက်ပေမယ့် မောင်သည် သူမအား ပြုံးမပြပါ။

ကိစ္စမရှိ မောင်သည် သူမကို ဒီလောက်တော့ စိတ်ဆိုးသင့်သည်ဆိုတာ မိုးဆောင်းခ နားလည်ပေးရမည်ဖြစ်သည်။

အတွေးနှင့် မောင့်ကို ကြည့်နေဆဲမှာပင်…

"ဒီကို ဘာလာလုပ်တာလဲ"

မောင့်အမေးကြောင့် မိုးဆောင်းခသည် မျက်နှာလေး ပျက်သွားရသည်။

သို့သော်…

ချက်ချင်းပင် မိုးဆောင်းခသည် သူမ၏ ပျက်ယွင်းသွားသော မျက်နှာကို ပြန်ပြင်လိုက်ပြီး…

"မောင့်ကို လာတွေ့တာလေ"

"ဘာကိစ္စလဲ"

"ကိစ္စရှိမှ မောင့်ကို ကျွန်မ တွေ့ရမှာလား မောင်"

မိုးဆောင်းခစကားကြောင့် တိမ်တမန်သည် ခပ်မဲ့မဲ့ တစ်ချက်ပြုံးလိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"အပျှန်း...မိုးဆောင်းခဆိုတဲ့ မင်းဟာ ဘယ်ကိစ္စမဆို အစီအစဉ်မရှိဘဲ မလုပ်တတ်ဘူးဆိုတာ ကျုပ် သိနေတာပဲ"

"ဒါနဲ့တောင် မောင် ဘာလို့ ကျွန်မကို မေးနေရတာလဲ"

"မသိနိုင်ဘူးလေ...ခင်ဗျားဟာ အရာရာလျှို့ဝှက်မှုတွေနဲ့ ထူးခြားတဲ့ မိန်းမဆိုတော့ ကျုပ် ခင်ဗျားစိတ်ကို နားမလည်တာ တော့ အမှန်ပဲ"

မိုးဆောင်းခသည် ပြုံးလိုက်လေ၏။

"မောင် ကျွန်မကို တော်တော်စိတ်ဆိုးနေမှာပေါ့နော်"

"စိတ်ဆိုးတာထက် ကျုပ်အဖြစ်ကို စိတ်နာတာပဲ"

"မောင်ရယ်"

တကယ်ပင် သူ့အဖြစ်ကို နာကျင်ရသလို ပြောနေသော တိမ်တမန်ကိုကြည့်ကာ မိုးဆောင်းခ စိတ်မကောင်းဖြစ်သွားရလေသည်။

"ဆောရီးပဲ မောင်ရယ်၊ ကျွန်မ မောင့်အပေါ် လွန်သွားခဲ့တယ်နော်၊ ကျွန်မ မောင့်ကို တောင်းပန်ပါတယ်"

"အပျှန်း...ဘာလဲ လုပ်ချင်တာလုပ်၊ ပြောချင်တာပြောပြီးမှ မှားပါတယ်ဆိုတာ ကျုပ် ဘယ်လိုလက်ခံရမှာလဲ"

"ကျွန်မ မောင့်ကို တကယ်တောင်းပန်နေတာပါ မောင်ရယ်... မောင် ကျွန်မကို မကျေနပ်ရင် ပြန်ရိုက်နိုင်ပါတယ်"





ပြောရင်းက သူမမျက်နှာကို သူ့ရှေ့သို့ တိုးပေးလေ၏။ ထိုအခါ တိမ်တမန်သည် မျက်နှာလွှဲသွားပြီး...

"မလိုပါဘူး၊ မိန်းမတစ်ယောက်ကို ပြန်ပြီး တလဲ့စား ချေတတ်တာဟာ ယောကျ်ားဆန်တဲ့ အပြုအမူမျိုး မဟုတ်ဘူး၊ ကျုပ် ဒီလိုယောကျ်ားမျိုးမဟုတ်ဘူး မိုးဆောင်းခ"

ယောကျ်ားပီသလွန်းသော မောင့်စိတ်ဓာတ်ကို မိုးဆောင်းခသည် မချီးကျူး အထင်မကြီးဘဲ မနေနိုင်ပါ။

မိုးဆောင်းခ မောင့်ကိုချစ်မိရခြင်းတွင် မောင်၏ ဖြူစင်မြင့်မြတ်သော စိတ်ဓာတ်လည်း ပါလေ၏။

"ကျုပ်ကို တောင်းပန်ရုံသက်သက် လာတယ်ဆိုရင်တော့ ခင်ဗျားပြန်ပါ မိုးဆောင်းခ"

"အိုကွယ်"

ယခုထက်တိုင် ကြည်လင်မှု မရှိသေးသော တိမ်တမန် မျက်နှာချောချောကြီးကို ကြည့်ပြီး မိုးဆောင်းခ သက်ပြင်းချလိုက်မိသည်။

သေချာသည်။ မောင်သည် သူမအား စိတ်ဆိုးမပြေနိုင်သေးဆိုတာ။ ထို့အတူ မောင်သည် လိုချင်တာကိုရမှ ကျေနပ်တတ်သည့် လူမျိုးဆိုတာကိုလည်း မိုးဆောင်းခ သိလိုက်ရလေသည်။

"တောင်းပန်ရုံမကဘူး၊ မောင်နဲ့ အေးအေးဆေးဆေး

www.burmeseclassic.com



စကားပြောဖို့ဆိုရင်ကော”

“ဘာအကြောင်းလဲ”

“မောင်နဲ့ ကျွန်မအကြောင်းပေါ့”

သူမစကားအဆုံးတွင် မောင့်အကြည့်များသည် မိုးဆောင်းခ မျက်နှာလေးထဲ စူးစူးစိုက်စိုက် ရောက်ရှိလာရသည်။

“ကောင်းပြီလေ…ဒါဆို ခဏစောင့်၊ ကျွန်ုပ် အဝတ်အစားလဲလိုက်ဦးမယ်”

တိမ်တမန်သည် ထိုင်ရာမှ ထရပ်လိုက်လေသည်။

“ဪ…နေဦး မောင်”

“ဘာလဲ”

“ဟို…မောင့်မိဘတွေလည်း မမြင်ပါလား”

ဧည့်ခန်းကြီးတစ်ခုလုံးကို ဝေ့ကြည့်ကာ မေးနေသော မိုးဆောင်းခကို တိမ်တမန်သည် မျက်ခုံးညိုကြီးအစုံနှင့် စူးခနဲ ကြည့်ပြီး…

“ဒက်ဒီနဲ့မာမီ မရှိဘူး၊ အလုပ်သွားကြပြီ”

“ဪ”

“ကဲ…ခင်ဗျား ခဏစောင့်ဦး”

“အိုကေ”

သူမ ခေါင်းညိတ်ပြလိုက်တော့ တိမ်တမန်သည် အပေါ်





ထပ်သို့ တက်သွားလေ၏။ အခုလိုဆိုတာလည်း မောင်သည် လိမ္မာသည့် ကလေးငယ်တစ်ယောက်လို ချစ်ဖို့ကောင်းနေရပြန်၏။

မကြာလိုက်…

တိမ်တမန်သည် သူပြောသလို အဝတ်အစားလဲပြီး ပြန်ဆင်းလာလေသည်။ သစ်လွင်သော အဝတ်အစားနှင့် ယောကျ်ားပီသကာ ချောမောခန့်ထည်လှန်းသော တိမ်တမန်ကို မိုးဆောင်းခသည် ခပ်ငေးငေးလေးကြည့်ရင်း မောင် သိပ်ချောတာပဲဆိုသည့် စကားကို စိတ်မှာ အကြိမ်ကြိမ်အဖန်ဖန် ပြောနေမိသည်။

“ကဲ…သွားကြမယ်”

“ကျွန်မကားနဲ့ပဲ သွားကြတာပေါ့”

မိုးဆောင်းခစကားကို တိမ်တမန်သည် တစ်ချက်စဉ်းစားသလို ငြိမ်သွားပြီး…

“အင်းလေ…ဒါဆိုလည်း မင်းကားနဲ့ပဲ သွားကြတာပေါ့”

နှစ်ယောက်သား ကားထဲသို့ ရောက်သည်နှင့်…

“ဘယ်သွားမလဲ”

“မောင့်သဘောပေါ့”

“အေးအေးဆေးဆေးနဲ့ စကားပြောလို့ကောင်းတဲ့ နေရာကို သွားကြတာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



တိမ်တမန် ဆန္ဒအတိုင်း မိုးဆောင်းခသည် သူမကားလေးကို သူပြောသည့်နေရာသို့ မောင်းလာခဲ့လိုက်သည်။

အရိပ်ကောင်းကောင်းနှင့် အေးဆေးသောနေရာတွင် သူမ မောင်းလာသည့်ကားလေးကို ရပ်လိုက်လေ၏။

"ကဲ…ပြောပါဦး၊ ခင်ဗျား ဘာပြောချင်တာလဲဆိုတာ"

မိုးဆောင်းခ ပြုံးလိုက်သည်။ မောင်သည် ထင်တာထက်ပင် ကလေးဆန်လွန်းနေရသည်ကို သူ့ကိုယ်သူလည်း သိမည် မဟုတ်ပါ။

လိုချင်တာမရတာနှင့် မျက်မှောင်ကြီးကြုတ်ကာ ရှိနေပုံက မောင်သည် လုပ်ချင်တာကို လုပ်ရမှ ကျေနပ်တတ်သူဖြစ်ကြောင်း နှုတ်က ဖွင့်ပြောစရာမလိုဘဲနှင့်ကို အလိုလို သိနားလည်နေရသည့် အဖြစ်။

"မောင်ဘာလို့ ကျွန်မဆီ ဖုန်းမဆက်တာလဲ"

"စိတ်မပါလို့"

"မောင် တကယ်ပြောတာလား"

တိမ်တမန်သည် မိုးဆောင်းခ မျက်နှာကို စူးခနဲ စိုက်ကြည့်လာ၏။

"နေပါဦး…ခင်ဗျား ကျုပ်ကို ပြောမယ်ဆိုတာ အဲဒါတွေလား"





"ဖြည်းဖြည်းပေါ့ မောင်ရယ်၊ ဘာလို့ ဒေါသတွေကြီးနေရတာလဲ၊ ကျွန်မနဲ့ မောင်ရဲ့ကိစ္စက ခုလို မောင် ဒေါသဖြစ်နေပြီးတာမှမဟုတ်တာ"

လေပြေလေးနှင့် ပြောလိုက်သော မိုးဆောင်းခ၏ သွေးအေးလွန်းသည့် စကားကြောင့် တိမ်တမန်သည် အနည်းငယ် စိတ်ပြေသွားရသလို မျက်နှာချောချောကြီးမှာ ပြန်၍ ကြည်လင်လာရသည်။

"မိုးဆောင်းခ ပြောချင်တဲ့ စကားအဓိပ္ပါယ်က ဘာလဲ"

မိုးဆောင်းခသည် သက်ပြင်းတစ်ချက် ချလိုက်၏။ သည်နောက် သူ့အား မျက်နက်ဝန်းလှလှလေးနှင့် စိုက်ကြည့်လာပြီး…

"မောင့်ကို ပထမဦးဆုံး ပြောချင်တာက ကျွန်မ မောင့်ကို သိပ်ချစ်တယ်ဆိုတာပါပဲ၊ ကျွန်မဘဝမှာ ယောကျ်ားတစ်ယောက်ကို နှင့်နှင့်သည်းသည်း ချစ်မိတာဟာ မောင့်ကိုပါ"

"ဒါဆို…မိုးဆောင်းခ မောင့်ကို လက်ထပ်မယ်ပေါ့ ဟုတ်လား"

သူ့မျက်ဝန်းများသည် အရောင်များ တဖျတ်ဖျတ်လက်လာကာ သူမအနားသို့ သူ့ကိုယ်ကြီးက ဇွေ့ခနဲ ရောက်ရှိသွားရသည်။

"နေပါဦးမောင်…ကျွန်မ စကားကိုလည်း မောင်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



အောင်နားထောင်ပါဦး"

"ဘာလဲ မိုးဆောင်းခရယ်၊ မင်းစကားတွေက မောင့်ကို ဝမ်းသာရမယ့်စကားတွေ မဟုတ်လား၊ မောင့်ကို ရှင်းအောင်ပြောစမ်းပါဗျာ"

တိမ်တမန်မှာ ဝမ်းသာစိတ်ဖြင့် စိတ်လှုပ်ရှားနေကာ မိုးဆောင်းခ ကိုယ်လေးကို ရုတ်တရက် သူ့ရင်ခွင်ထဲသို့ ဆွဲသွင်းလျက် ခပ်တင်းတင်းလေး ပွေ့ဖက်လိုက်သည်။

သည်နောက် မိုးဆောင်းခ မျက်နှာလေးကို ချစ်မဝစွာ ငေးစိုက်ကြည့်ရင်း…

"ပြောလေ…မိုးဆောင်းခ မောင့်ကို မင်း လက်ထပ်မယ်မဟုတ်လား"

ဝမ်းသာစိတ်ကြောင့် တိမ်တမန်သည် မိုးဆောင်းခကိုယ်လေးကို မချင့်မရဲ ဖျစ်ညှစ်ကာ ဆိုလိုက်သည်။

"အို…မောင်ရယ် လွှတ်စမ်းပါဦးကွယ်၊ ကျွန်မ ပြောတာကိုလည်း မောင် နားထောင်ပါဦး"

စိတ်လှုပ်ရှားနေသော မောင့်ကို မိုးဆောင်းခသည် အပြုံးလေးနှင့် သတိပေးလိုက်တော့ မောင့်မျက်နှာကြီးသည် ရှက်လွန်းလွန်းဖြစ်သွားရသည်။

"အဟွန်း…ဆောရီးပဲ မိုးဆောင်းခရယ်၊ မောင် စိတ်





လောသွားတယ်၊ ကဲ ပြောပါဦး မောင်တို့ကိစ္စ မိုးဆောင်းခ ဘယ်လို စဉ်းစားထားလဲဆိုတာ"

"အမှန်ပြောရရင်တော့ ကျွန်မ ဘယ်လိုမှ မစဉ်းစားထားဘူး မောင်"

"ဘာ…ဘယ်လို မိုးဆောင်းခ"

မိုးဆောင်းခ စကားကို တိမ်တမန်မှာ နားမလည်နိုင်အောင်ဖြစ်သွားရသည်။ ထိုစိတ်နှင့်ပင် တိမ်တမန်သည် မိုးဆောင်းခမျက်နှာလေးကို ကြည့်လိုက်တော့ မိုးဆောင်းခမှာ သူ့ကိုပြုံးပြကာ..

"ကျွန်မ ပြောတာက"

"နေ…နေပါဦး မိုးဆောင်းခ၊ မင်း အခု မောင့်ကို ဘာပြောချင်တာလဲ"

အဖြေရှာသလို သူမ မျက်ဝန်းတွေကို စိုက်ကြည့်ကာ မေးလိုက်တော့ သူမသည် ခပ်အေးအေးပင်။

"လက်ထပ်ခြင်းဆိုတာကို ကျွန်မ ကြောက်တယ်မောင်"

သူမစကားကြောင့် သူ အံ့သြသွားရသည်။ မိုးဆောင်းခ ဘာပြောချင်တာပါလိမ့်။ သူမသည် သူနားမလည်သည့် စကားဆန်းတွေကို အခုထိအောင် ပြောနေဆဲပါလား။

"ကျွန်မပြောတာကို မောင် နားမလည်ဘူးနဲ့တူတယ်"

"မင်းပြောတာ အမှန်ပဲ မိုးဆောင်းခ၊ မောင် မင်းစကား



www.burmeseclassic.com

www.burmeseclassic.com



တွေကို နားမလည်ဘူး”

“မောင်ရယ်…မောင့်ကို ကျွန်မ လက်ထပ်လိုက်ပါပြီတဲ့၊ ကျွန်မ မင်္ဂလာပွဲကို ဘယ်မိဘက ပွဲတက်ပေးမှာလဲ၊ ပြီးတော့ သူတို့ကရော ကျွန်မကို သမီးတစ်ယောက်အဖြစ် အသိအမှတ်ပြု သိဦးမှာတဲ့လား၊ ဒါကြောင့် လက်ထပ်ခြင်းကို ကျွန်မကြောက်မိတာ ဆန်းလား မောင်”

“မိုးဆောင်းခရယ်”

မိဘမေတ္တာနှင့် ကင်းဝေးကာ နောက်အိမ်ထောင်ကိုယ်စီနှင့် သူမအား ပစ်ထားသလို ရှိနေသော မိဘများကြောင့် ရင်မှာ စိတ်ဒဏ်ရာများနှင့် စိတ်အားငယ် နာကျင်နေရသော ချစ်သူလေး၏ အဖြစ်ကို သနားကရုဏာစိတ်ဖြင့် အချစ်များတိုးကာ တိမ်တမန်သည် ရင်မှာ ထိထိရှရှကြီး ဖြစ်သွားရသည်။

သူ အသက်တမျှ ချစ်ရသော ဒီမိန်းကလေးတွင် နှလုံးသား စိတ်ဒဏ်ရာများ ရှိနေပါလားဆိုသော အတွေးနှင့် သနားကြင်နာလို့မဆုံး ဖြစ်သွားရသည်မို့ မိုးဆောင်းခ ကိုယ်လေးကို သူ့ရင်ခွင်ထဲသို့ ဆွဲယူပွေ့ဖက်ကာ သူမမျက်နှာလေးနှင့် ပါးချင်းအပ်လိုက်ကာ…

“မိုးဆောင်းခရယ် မင်းလေးကို မောင် သနားလိုက်တာဗျာ”





မိုးဆောင်းခ နဖူးလေးကို မြတ်မြတ်နိုးနိုး ရှိုက်နမ်းရင်းက တိမ်တမန် ပြောလိုက်တော့ မိုးဆောင်းခမှာ အနေရခက်သွားဟန်နှင့်…

“လွှတ်ပါ မောင်ရယ်၊ ကျွန်မ မောင့်ကို ပြောစရာရှိတယ်”

“အင်း…ပြောလေ မောင့်ရင်ခွင်ထဲမှာ မိုးဆောင်းခ ဒီအတိုင်းပဲပြော”

တိမ်တမန်စကားကို မိုးဆောင်းခသည် မငြင်းပါပေ။ တိမ်တမန် ရင်ခွင်ထဲတွင် သူမသည် ငြိမ်သက်စွာရှိနေရာက သူ့အား ခပ်မော့မော့လေး ကြည့်လာပြီး…

“လက်ထပ်ခြင်းဆိုတာကို ကျွန်မ ကြောက်ပေမယ့် မောင့်ကို ချစ်တဲ့စိတ်နဲ့ ကျွန်မ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီမောင်၊ ဒါပေမယ့် ကျွန်မတို့ လက်ထပ်ခြင်းမှာ ဘာအခမ်းအနား မင်္ဂလာပွဲမှ မလိုဘူး၊ ကျွန်မ…ကျွန်မ စိတ်မပြောင်းခင် အမြန်ဆုံး လက်ထပ်ကြစို့ မောင်”

“မိုးဆောင်းခ ပြောတာက”

“ကျွန်မနဲ့မောင် ရုံးတက်လက်မှတ်ထိုးကြမယ်လေ၊ ဒါဆို ကျွန်မတို့ လက်ထပ်ခြင်းက ပြီးပြီမဟုတ်လား”

ပြောပြီး မိုးဆောင်းခသည် မျက်နှာရဲရဲလေးနှင့် သူ့ရင်ခွင်



www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ တိုးဝင်လိုက်သည်။

တိမ်တမန်မှာ မိုးဆောင်းခစကားကြောင့် ရင်ဝယ်မချင့်မရဲ ကြီး ဖြစ်သွားရလေသည်။

တစ်ဆက်တည်း သူမသည် ဘာကို ကြောက်လန့်သည် ဆိုတာကိုလည်း နားလည်မိတော့ တိမ်တမန်သည် ချစ်သူလေးအား သနားစိတ်နှင့် ရင်မှာ အချစ်များ တိုးသွားရကာ သူမကိုယ်လေးကို တင်းတင်းလေး ဖျစ်ညှစ်လိုက်ပြီး…

"မိုးဆောင်းခ စိတ်မှာ ဘာကိုကြောက်လန့်နေတယ်ဆို တာ မောင် သိတယ်၊ ဒါပေမယ့် မိုးဆောင်းခရယ် စဉ်းစားကြည့် ပါဦး၊ မိုးဆောင်းခ ပြောသလိုဆို တစ်သက်မှာ တစ်ခါသာ ဆောင်ရတဲ့ မင်္ဂလာပွဲက မိုးဆောင်းခအတွက် သိပ်ကို မနစ်နာနေဘူး လား"

"ကျွန်မ ဒါတွေ နားမလည်ဘူး မောင်၊ ကျွန်မ နားလည် တာတစ်ခုပဲရှိတယ်၊ မောင့်ကို ကျွန်မချစ်တယ်၊ ကျွန်မချစ်တဲ့ မောင်နဲ့ အတူနေရဖို့ဆို ဘယ်လိုအနေအထား၊ အခြေအနေနဲ့ပဲဖြစ်ဖြစ် ကျွန်မ ကျေနပ်တယ်၊ မောင်ပဲ ကျွန်မနဲ့ လက်ထပ်ချင်တယ်ဆို၊ ဒါဆို ပြီးပြီပေါ့၊ မောင်နဲ့ ကျွန်မ တရားရုံးမှာ လက်ထပ်လည်း ဖြစ်တာ ပါပဲမောင်"

တိမ်တမန်သည် မိုးဆောင်းခကိုကြည့်ကာ အံ့သြရလွန်း





သဖြင့် ရုတ်တရက် သူ ဘာစကားမှ မပြောဖြစ်ပါ။ သူမကိုသာ မမြင်ဖူးသူတစ်ယောက်လို ငေးစိုက်ကြည့်နေသည်။

သူမစကားကို တိမ်တမန် လက်မခံနိုင်ပါ။ မိုးဆောင်းခဆို သည့် သူမသည် ကိုယ့်ခံစားချက်နှင့်ကိုယ် ဒီစကားတွေ ပြောနေ ပေမယ့် တိမ်တမန်သည် သူမဆန္ဒကို ဒီလိုမျိုးကြီး မလိုက်လျော နိုင်ပါ။

မိဘရင်ခွင်၊ မိဘမေတ္တာနှင့် ကင်းကွာကြီးပြင်းခဲ့ရသည် ဆိုပေမယ့် မိုးဆောင်းခကို သူ ဒီလိုမျိုး တန်ဖိုးမဲ့စွာလည်း လက်မ ထပ်ချင်ပါ။

မိုးဆောင်းခကို သူ နားလည်အောင် ရှင်းပြရမည်ဖြစ် သည်။

"ဘယ့်နှယ့်လဲ မောင်၊ ကျွန်မပြောတာကို မောင် သဘောတူတယ်မဟုတ်လား"

သူ့မျက်ဝန်းများကို စိုက်ကြည့်ကာ မေးလာသော မိုးဆောင်းခကို တိမ်တမန်သည်လည်း ပြန်လည် စိုက်ကြည့်ရင်း…

"မင်းစကားကို မောင် လက်မခံနိုင်ဘူး မိုးဆောင်းခ"

"ရှင်…ဘာဖြစ်လို့လဲ မောင်"

"မောင်…မင်းကိုချစ်လွန်းလို့ လက်ထပ်ချင်တယ်ဆိုတာ မှန်တယ်၊ ဒါပေမယ့် မောင်ချစ်တဲ့ မင်းကို ခုလိုမျိုး လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



စပယ် တန်ဖိုးမဲ့စွာနဲ့လည်း လက်မထပ်ချင်ဘူး၊ မိုးဆောင်းခကို မောင်ချစ်တာ တန်ဖိုးထားပြီး တမြတ်တနိုးချစ်တာ၊ ဒါကြောင့် မောင်တို့ရဲ့ လက်ထပ်ခြင်းဟာလည်း အခမ်းနားဆုံး၊ အကောင်းဆုံးနဲ့ တန်ဖိုးရှိစွာ ဖြစ်ချင်တယ်''

တိမ်တမန် စကားအဆုံး မိုးဆောင်းခသည် ခေါင်းလေး တွင်တွင် ခါယမ်းကာ…

''ဟင့်အင်း…ဟင့်အင်း ဒါတွေမလိုဘူးလို့ မောင့်ကို ကျွန်မ ပြောပြီးပြီလေ၊ လက်ထပ်ခြင်းဆိုတာကို ကျွန်မကြောက်ပေမယ့် မောင့်ကိုချစ်တဲ့စိတ်နဲ့ မောင့်ဆန္ဒကို ကျွန်မ လိုက်လျောခဲ့ပြီပဲ''

''မဟုတ်ဘူး…မိုးဆောင်းခ၊ မောင်''

''အို…ဘာမှမပြောပါနဲ့''

မိုးဆောင်းခသည် တယူသန်ကာ ခေါင်းမာလွန်းကာ အစွန်းရောက်နေသူဆိုတာကို သူ ဘာလို့ မေ့သွားရတာပါလိမ့်။

''ကျေးဇူးပြုပြီး မောင်ပြောတာကို မင်းနားထောင်စမ်းပါဦး မိုးဆောင်းခ''

တိမ်တမန်သည် မိုးဆောင်းခကိုယ်လေးကို ရင်ခွင်ထဲ တင်းတင်းလေးထွေးပွေ့ရင်းက သူ့မမျက်နှာလေးကို နူးညံ့သိမ်မွေ့သော ချစ်ခြင်းများစွာနှင့် ငေးစိုက်ကြည့်ရင်းက ပြောလိုက်သည်။





သူမက သူ့စကားကို အင်းမလှုပ် အဲမလှုပ်နှင့် အကြည့်များကို တခြားတစ်နေရာသို့ ပို့လျက် ငြိမ်သက်နေလေသည်။

ထိုအခါ ရင်မောရသူက တိမ်တမန့်ဖြစ်သည်။

''မိုးဆောင်းခ''

''ရှင့်ရဲ့ရည်ရွယ်ချက်က ဘာလဲ ဦးတိမ်တမန်''

''ဟင်''

အေးစက်စိမ်းကားလွန်းသော စကားသံကြောင့် တိမ်တမန်သည် မိုးဆောင်းခအား မယုံနိုင်သလို ကြည့်မိသွားရ၏။

''မိုးဆောင်းခ မောင့်ကို ဘယ်လိုပြောလိုက်တာလဲ''

''ကျွန်မပြောတာ ရှင်းရှင်းလေးပါ ဦးတိမ်တမန်၊ ရှင် ကျွန်မအပေါ်ထားတဲ့ ရည်ရွယ်ချက်က ဘာလဲဆိုတာသာပြောပါ''

မိုးဆောင်းခစကားကို နားထောင်ရတာနှင့် သူမသည် သူ့အပေါ် နားလည်မှုလွဲ စိတ်ဆိုးနေပြီမှန်း တိမ်တမန် သိလိုက်ပြီဖြစ်သည်။

သူ သက်ပြင်းတစ်ချက် ချလိုက်၏။

သည်နောက် မိုးဆောင်းခ မျက်နှာလေးကို စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး…

''မောင် တန်ဖိုးထားပြီး ချစ်ရတဲ့မင်းကို လူပုံအလယ်မှာ အခမ်းနားဆုံး မင်္ဂလာပွဲနဲ့ တင့်တင့်တယ်တယ် လက်ထပ်ချင်လို့



www.burmeseclassic.com

www.burmeseclassic.com



မင်းအပေါ်ထားတဲ့ မောင့်ရဲ့စေတနာရည်ရွယ်ချက်ပဲ မိုးဆောင်းခ''

''ဟင်''

ရုတ်ခြည်း မိုးဆောင်းခသည် သူမကိုယ်လေးကို သူ့ရင်ခွင်ထဲက ခပ်ကြမ်းကြမ်းလေး ရုန်းထွက်ပစ်ကာ သူမကိုယ်လေးကို နောက်သို့ ထိတ်လန့်စွာ ဆုတ်လိုက်သည်။

''ရှင်..ရှင် ကျွန်မကို တကယ်ချစ်တာမှ မဟုတ်တာပဲ ဦးတိမ်တမန်''

''မောင်...ရှင်းပြပါရစေဦး မိုးဆောင်းခ''

''အို...မကြားချင်ဘူး၊ ဘာမှ ရှင် ကျွန်မကို ရှင်းပြနေစရာမလိုဘူး၊ ဒီမှာ ဦးတိမ်တမန် လက်ထပ်ခြင်းဆိုတာကို ကြောက်ရွံ့တဲ့ ကျွန်မဟာ ရှင့်ကိုချစ်လွန်းလို့ တမင် ဒီအခွင့်အရေးပေးခဲ့တာ ဒါကို ရှင်က လက်မခံဘဲ ကျွန်မရင်မဆိုင်ရဲတဲ့ ကိစ္စကို ပြောလာတာဟာ ကျွန်မအချစ်ကို ရှင် စော်ကားလိုက်တာနဲ့ အတူတူပဲသိလား''

''ဟာ...မဟုတ်တာ မိုးဆောင်းခရယ်၊ မောင့်ကို မင်း ဘာလို့ အထင်လွဲရတာလဲ၊ ပြီးတော့ မောင်တို့ရဲ့ မင်္ဂလာပွဲကိုကော မိုးဆောင်းခ ဘာရင်မဆိုင်ရဲစရာရှိလဲ''

''ရှင့်ကို ပြောခဲ့ပြီးပြီလေ၊ ကျွန်မအတွက် ဘယ်မိဘက ပွဲတက်ပေးမှာလဲဆိုတာ''





မိုးဆောင်းခ ထိုစကားကို ပြောလိုက်ရသည်ကိုပင် ရင်မှာ နင့်သည်းကြေကွဲနေရ၏။

''ဟင်း...မိုးဆောင်းခရယ်၊ မင်းထင်သလို မဟုတ်ပါဘူး ဘယ်မိဘမဆို အရေးကြုံလာရင် သူတို့သားသမီးတွေရှေ့မှာတော့ ရပ်တည်ပေးမယ့်သူတွေပါပဲ''

''မလိုချင်ဘူး...ရှင့်ရဲ့ အဓိပ္ပာယ်မဲ့တဲ့ ထင်မြင်ယူဆချက်တွေနဲ့ စကားတွေကို ကျွန်မ လက်မခံနိုင်ဘူး၊ ဒါ...ဒါ ရှင် ကျွန်မကို သက်သက်မဲ့ချိုးတာ''

နားလည်မှုလွဲမှားနေသော ချစ်သူလေးကို တိမ်တမန်သည် ချော့မော့တွေးပွေ့ရန် ကြိုးစားလိုက်လေသည်။

မိုးဆောင်းခမှာ လက်မခံပါပေ။

ရင်အစုံသည် မခံမရပ်နိုင်အောင် နာကျင်သွားရသူက တိမ်တမန်ဖြစ်သည်။ တိမ်တမန်သည် အံကိုတင်းတင်း စေ့ကြိတ်လိုက်ရင်းက...

''ဘာလို့ မင်းအတွေးတွေ ဒီလောက်တောင် တစ်ဖက်စွန်း ရောက်နေရတာလဲ မိုးဆောင်းခ၊ မောင်ပြောတာကိုလည်း နားထောင်ဦးမှပေါ့''

သူ့စကားကို မိုးဆောင်းခသည် လက်မခံပါ။ ခေါင်းကို သွက်သွက်ခါယမ်းရင်းက ပါးပြင်နုနုထက် မျက်ရည်တွေ သွင်သွင်



www.burmeseclassic.com

www.burmeseclassic.com



စီးကျနေသော ချစ်သူလေးကို တိမ်တမန်သည် နီရဲတက်လာရသော မျက်ဝန်းများဖြင့် စိုက်ကြည့်ရင်း သူမပါးပြင်ပေါ်မှ မျက်ရည်စများကို ဖယ်ရှားပေးဖို့ ကြိုးစားတော့ မိုးဆောင်းခသည် လက်မခံဘဲ သူမ မျက်နှာလေးကို နောက်ဆုတ်ရှောင်လျက် သူ့လက်များကို ဖယ်ရှားပုတ်ချလေသည်။

ခံစားမှုတွေ ပြင်းထန်နေရသော မိုးဆောင်းခသည် ဘာကိုမှ မယုံကြည်နိုင်တော့ပြီဖြစ်သည်။

မိုးဆောင်းခသည် နှုတ်ခမ်းဖူးဖူးလေးကို တင်းတင်းစေ့ပိတ်ရင်းက ပါးပြင်ထက်မှ မျက်ရည်စများကို ကြမ်းတမ်းစွာ သုတ်ပစ်လိုက်ပြီးနောက် သူမသည် ခေါင်းလေးမော့လာကာ…

"ရှင်သွားပါတော့ ဦးတိမ်တမန်၊ ကျွန်မ ဆုံးဖြတ်လိုက်ပြီ ရှင့်ကို လက်မထပ်နိုင်တော့ဘူး"

"ဘာ"

ထိုအခိုက်မှာတော့ သူတို့နှစ်ဦးစလုံး အကြည့်တွေ အတန်ကြာ ဆုံစည်းသွားရသည်။

နှစ်ဦးစလုံး ဘယ်သူမှ အကြည့်များမလွှဲမိပါ။ အကြည့်တွေ အတန်ကြာ ဆုံစည်းမိသွားရာမှ ပထမဦးဆုံး အကြည့်လွှဲသွားသူက မိုးဆောင်းခ ဖြစ်သည်။

"မိုးဆောင်းခ"





"ပြန်ပါ…ရှင်ပြန်ပါ ဦးတိမ်တမန်၊ ရှင် ကျွန်မကို ကောင်းကောင်းကြီး ပြန်ပြီး ကလဲ့စားချေခွင့် ရလိုက်ပြီပဲ၊ ဒီလောက်ဆိုရင် ကျေနပ်ပါတော့"

မဟုတ်ဘူး…မဟုတ်ဘူးဆိုသည့် စကားကို တိမ်တမန်သည် စိတ်မှာ အကြိမ်ကြိမ်ပြောနေမိသည်။

တကယ်ဆို တိမ်တမန်သည် မိုးဆောင်းခကို သူမနားလည်အောင် ရှင်းပြချင်ပါသည်။ ရှင်းပြရန်လည်း သူ ကြိုးစားလိုက်၏။

သူ့ဘက်က ဘယ်လိုပင် ရှင်းပြဖို့ ကြိုးစားခဲ့ပေမယ့် မိုးဆောင်းခဆိုသည့် သူမကတော့ နည်းနည်းလေးမှ လက်ခံခြင်းမရှိပါဘဲ ခါးသီးစွာ ငြင်းဆန်မှုစကားများအောက်တွင် တိမ်တမန်သည် လက်လျှော့ရတော့မလို ဖြစ်နေရသည်။

တိမ်တမန်သည် မိုးဆောင်းခအား ဒီလောက်တောင် အယူအဆလွဲမှားလျက် တစ်ဖက်စွန်း ရောက်ရပါ့မလားဆိုသည့် မချင့်မရဲ ဒေါသစိတ်ဖြစ်ရသည်မို့ သူ့ရင်ထဲတွင်လည်း နာနာကျင်ကျင်နှင့် ထိနိုက်ကြေကွဲစွာ ရှိနေရသည်။

"မောင့်ကို မင်းကြည့်စမ်းပါ မိုးဆောင်းခ၊ မင်း မောင့်ကို လက်မထပ်ဘူးဆိုတာ တကယ်ပဲလား"

သူမထံမှ အဖြေကို အချိန်ခဏလေး စောင့်နေရသည်ကိုပင် တိမ်တမန်စိတ်ထဲ ကြာရှည်လွန်းသည်ဟု ထင်နေရကာ သူမ



www.burmeseclassic.com

www.burmeseclassic.com



အမြေအတွက် ရင်ထဲတွင်လည်း စိတ်လှုပ်ရှားခြင်းများစွာနှင့် ရင်မော နေရသည်ကိုတော့ သူကိုယ်သူသာ သိပါသည်။

ထိုအခိုက်မှာပင် မိုးဆောင်းခသည် မျက်နက်ဝန်းစူးစူးလေးနှင့် သူ့အား ကြည့်လာပြီး…

"ဝမ်းနည်းပါတယ် ဦးတိမ်တမန်၊ ကျွန်မ ရှင့်ကို လက်မထပ်နိုင်ပါဘူး"

"ဟင်"

အသိနှင့်ကိုယ် ရုတ်တရက် လွင့်သွားရသလို တိမ်တမန်သည် သူ့ကိုယ်သူလည်း ဟန်မဆောင်နိုင်အောင် ဖြစ်သွားရသည်။

သူမ၏ အေးစက်တည်ငြိမ်နေရသော မျက်နှာကို ကြည့်ပြီး ဒီစကားများသည် သူမနှုတ်က တကယ်ပြောနေသည်မှန်းကိုလည်း တိမ်တမန်သည် နားလည်လိုက်ရပြီဖြစ်သည်။

တကယ်ဆို သူမအပေါ်ထားသည့် သူ့စေတနာ မေတ္တာကို သူမသည် နားလည်ဖို့ ကောင်းပါရက်နှင့် နားမလည်ရပါ့မလား ဆိုကာ ရင်မှာ မချင့်မရဲ အတွေးစိတ်နှင့် ယောကျ်ားမာနက မခံချင်စွာ ဖြစ်ပေါ်လာရသည်မို့ တိမ်တမန်သည် သူမမျက်နှာအား စူးခနဲ တစ်ချက်စိုက်ကြည့်လိုက်ပြီး…

"ကောင်းပြီလေ…မင်းစကားတွေအတွက် မင်း နောင်တ မရမိပါစေနဲ့လို့ပဲ မောင် ဆုတောင်းတယ်၊ ကဲ မောင်သွားမယ်"





လူက သူမအနားက ထွက်ခဲ့ရပေမယ့် သူ့နှလုံးသားကတော့ သူမအနားတွင် ကျန်ရစ်ခဲ့ပြီဖြစ်ကြောင်း တိမ်တမန် သိလိုက်ရတော့ သူ့ရင်မှာ မခံမရပ်နိုင်အောင် ခွတ်ကျောင်သွားရသည်က မိုးဆောင်းခကို သူသည် မျက်စိအောက်က အပျောက်မခံနိုင်အောင် သိပ်ချစ်ရသောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

အတိတ်က အရိပ်တို့သည် ကြာခဲ့ပြီဆိုပေမယ့်လည်း တိမ်တာမန်အတွက် ထိုအဖြစ်အပျက်များသည် မိုးဆောင်းခနှင့် ပတ်သက်လာတိုင်း ခံစားမှုတို့က ရင်ထဲ မနေ့တစ်နေ့ကလိုပင် ရှိနေရဆဲဖြစ်သည်။

မနိုင်မာသည့် အကြောင်းပြချက်တစ်ခုတည်းနှင့် သူ့ကို လက်မထပ်နိုင်ပါဆိုသော မိုးဆောင်းခ စကားကြောင့် တိမ်တာမန် သည်လည်း ယောက်ျားမာနနှင့် ကျောခိုင်းခဲ့ပေမယ့် ရင်မှာ သူမ ကို ချစ်ရသည့် အချစ်များကတော့ ဘာနှင့် နှိုင်းယှဉ်ဖြစ်ရာ မရှိ အောင် ချစ်စိတ်များ ရင်မှာ ပြည့်လျှံစွာ ရှိနေရသူဖြစ်သည်။

ခေါင်းမာကာ တယူသန်စိတ် အစွဲကြီးမားလွန်းသော မိုးဆောင်းခကို တိမ်တာမန်သည် ချစ်တဲ့စိတ်တစ်ခုတည်းနှင့် အင



www.burmeseclassic.com

www.burmeseclassic.com



နှစ်ခု ပေါင်းဆုံနိုင်အောင် ကြိုးစားပါသော်လည်း သူမကတော့ အရာရာကို တစ်ဖက်စွန်းရောက်သူပီပီ သူ့ရှင်းပြမှုကို လက်မခံဘဲ သူ့အား ကျော်နိုင်းဖို့ကိုသာ စဉ်းစားနေတတ်သူဖြစ်သည်။

သူမ သူ့အား ဘယ်လောက်ပဲ ကျော်နိုင်းဖို့ ကြိုးစားနေပါစေ တိမ်တမန်ကတော့ဖြင့် သူမအား အလွှတ်မပေးခဲ့ပါပေ။

မာနနှင့် ဘယ်လောက်ပဲ တင်းခံနေပါစေ တိမ်တမန်သည် မိုးဆောင်းခအား မေ့၍မရခဲ့ပါပေ။

ချစ်သူမျက်နှာကို ထာဝစဉ် ရင်မှာငြိတွယ်လျက် ချစ်သူနှင့် နီးဖို့ကိုလည်း တိမ်တမန်သည် သူ့နည်းသူ့ဟန်နှင့် ထာဝစဉ် ကြိုးစားနေတတ်သူလည်း ဖြစ်သည်။

ဒါကို ချစ်သူလေးက သိမည်မဟုတ်ပါ။ သူနှင့်ဆုံတိုင်း တည်တင်းခက်ထန်သော မျက်နှာလှလှလေးနှင့် သူ့အား မသိဟန်ပြုသွားတတ်ပုံကလည်း တိမ်တမန်အတွက် အသည်းယားချင်စရာ။

အချိန်တွေ ဘယ်လောက်ပဲ ကြာခဲ့ပါစေ တိမ်တမန် နှလုံးသားများက ချစ်သူနှင့် ဆုံနိုင်ခွင့်ကိုသာ ကြိုးစားလျက် ချစ်သူနားတွင် အရိပ်အဖြစ် ရှိနေဖို့ကိုလည်း သူသည် အချိန်နှင့်အမျှ ကြိုးစားနေသူဖြစ်သည်။

ဒါကြောင့်လည်း မိုးဆောင်းခ သွားလေရာ တိမ်တမန်





သည် သူမနောက်တွင် အရိပ်အဖြစ် ရှိနေခြင်းဖြစ်သည်။

တိမ်တမန်သည် မိုးဆောင်းခနှင့် ညစ်ခံပွဲတွင် ဆုံပြီးသည့်နောက်ပိုင်း မိုးဆောင်းခနောက်တွင် အရိပ်အဖြစ် ရှိနေတတ်လေသည်။

သူ့စိတ်ထဲတွင် မိုးဆောင်းခ၏ ငြင်းပယ်မှုအတွက် သိစိတ်က မကျေနပ်နိုင်သေးပေမယ့် မသိစိတ်က မိုးဆောင်းခအား သူ့ရင်တွင် တမ်းတနေရသည်။

အခုလည်း တွေးရင်းက တိမ်တမန်သည် မိုးဆောင်းခကို တွေ့ချင်မြင်ချင်လာရသည်မို့ သူမအရိပ်လေးအား မြင်လိုမြင်ညား သူမရှိရာ အိမ်ဘက်ဆီသို့ ကားကို မောင်းလာခဲ့လိုက်သည်။

"မိုးဆောင်းခ"

"ရှင်"

"ဟင်"

တိုက်ဆိုင်သည်လို့ ပြောရမလားမသိပါ။ မိုးဆောင်းခကို သူမခြံထဲတွင်ပင် အသင့်တွေ့ရလေ၏။

မိုးဆောင်းခသည် သူ့ကိုမြင်တော့ အံ့သြသွားရသလိုမျိုး မျက်ဝန်းလေးပြူးလျက် နှုတ်ခမ်းလေး ပွင့်ဟသွားရတဲ့အထိ သူ့အား ကြည့်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တိမ်တမန်သည် မိုးဆောင်းခအား ခပ်ပြုံးပြုံးကြီး စိုက်ကြည့်ရင်းက သူမရှိရာအနားသို့ လျှောက်လာခဲ့သည်။

သည့်နောက် သူမအနားတွင် ရပ်လိုက်သည်။

"ရှင်…ရှင် ဘာလာလုပ်တာလဲ ဦးတိမ်တမန်"

"အဟွန်း…ဒီကိုလာမှတော့ မိုးဆောင်းခကို မောင်တွေ့ချင်လို့ပေါ့"

"အို"

သူ့ဆီက မကြားခဲ့ရတာ ကြာပြီဖြစ်သော နွေးထွေးရင်ခုန်ဖွယ်ကောင်းသည့် စကားနှင့်အကြည့်များကြောင့် မိုးဆောင်းခ ရင်ခုန်သံတွေ မြန်ဆန်လာရသည်။

သို့သော်…

မိုးဆောင်းခသည် သူမရင်ခုန်သံတွေကိုတော့ သူမကြားစေလိုပါ။

ထို့ကြောင့်လည်း မျက်နှာလေးကို တည်တင်းထားလိုက်ပြီး…

"ကျွန်မနဲ့ရှင် တွေ့စရာအကြောင်း ဘာရှိလို့လဲ၊ ရှင်နဲ့ မပတ်သက်ချင်ဘူးလို့ ပြောထားတယ်မဟုတ်လား၊ ရှင်ပြန်ပါ"

"အဟွန်း…မောင်လာတာ ပြန်ဖို့မဟုတ်ဘူး မိုးဆောင်းခ၊





မိုးဆောင်းခကို မောင် အချုံးပေးပါတယ်၊ မောင့်ကိုလက်ခံပါ"

"နေပါဦး ဦးတိမ်တမန်၊ ရှင်က ကျွန်မကို အရှုံးပေးရအောင် ရှင့်ကို ဘယ်သူက အနိုင်ယူနေလို့လဲ၊ ရှင်နဲ့ကျွန်မရဲ့ စတ်လမ်းကို ကျွန်မ ရပ်သိမ်းပြီးပြီ၊ ကဲ ရှင်ပြန်ပါတော့"

တည်ငြိမ်သောအသံဖြင့် မိုးဆောင်းခသည် ထိုစကားများကို တည်ငြိမ်စွာ ပြောလိုက်လေသည်။

"မောင် ဘယ်လိုတောင်းပန်ရမလဲ မိုးဆောင်းခ၊ မိုးဆောင်းခနဲ့ မောင်က ရန်သူမှမဟုတ်ဘဲ၊ မောင့်အပေါ် မိုးဆောင်းခ ဒီလောက်တော့ မရက်စက်သင့်ပါဘူး"

"အဲလိုရက်စက်အောင်လုပ်တာ ရှင်ပဲမဟုတ်လား"

ထိုစကားကြောင့် တိမ်တမန် မျက်နှာပျက်သွားလေသည်။

"မှားပါတယ်လို့ ဝန်ခံလာတဲ့ လူတစ်ယောက်ကို မိုးဆောင်းခ ခွင့်လွှတ်မပေးနိုင်တော့ဘူးလား"

"ပြီးခဲ့တာကို ကျွန်မ ပြန်မဆက်ချင်တော့ဘူး ဦးတိမ်တမန်"

"ပြီးခဲ့တာဟုတ်လား မိုးဆောင်းခ၊ မောင့်ကို တကယ်ဝေးလိုက်ပြီလား"

သူ ဒီလိုမေးတော့လည်း မိုးဆောင်းခသည် မဖြေပါ။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းဖူးဖူးလေးကို စေ့ပိတ်လျက် နှုတ်ဆိတ်နေလေသည်။

တိမ်တမန်မှာ မိုးဆောင်းခ၏ ငြိမ်သက်မှုကို သည်းမခံနိုင်သလို သူမပခုံးလေးကို တင်းတင်းလေး ဆုပ်ကိုင်လျက် သူ့ဘက်သို့ သူမကိုယ်လေးကို ဆွဲလှည့် မျက်နှာချင်းဆိုင်လိုက်ပြီး…

“ပြောလေ…မိုးဆောင်းခ၊ မင်း မောင့်ကို မေ့လိုက်ပြီဆိုတာ တကယ်ပဲလား”

မိုးဆောင်းခရင်မှာ နာကျင်နေရပါသည်။ ဝန်ခံရစတမ်းဆိုလျှင် မောင့်ကို သူမသည် ယနေ့ထက်တိုင် မုန်းမေ့၍ မရခဲ့ပါပေ။

အချစ်ဆိုတာ ဒီယောကျ်ားနှင့်တွေ့မှ ရင်ထဲ ခံစားနားလည်လာတတ်သော သူမအတွက် မောင်သည် သူမဘဝ၏ အချစ်ဦးဖြစ်သလို အချစ်ဆုံးလည်း ဖြစ်ခဲ့ပါသည်။

တကယ်တမ်း မောင်သည် သူမကို့ သိပ်ချစ်ပါသည်ပြောပြီး သူမဆန္ဒထက် သူ့ဆန္ဒကို ရှေ့တန်းတင်ဦးစားပေးလာသောအခါ မိုးဆောင်းခသည် မောင်၏အတ္တကို ကြောက်လန့်လာရပြန်လေ၏။

ဘုရားရေ။

မောင်သည် ခုချိန်မှာတောင် သူမဆန္ဒထက် သူ့ဆန္ဒကို ဦးစားပေး အတ္တရှိခဲ့သော်လည်း တစ်ချိန် မောင်နှင့်လက်ထပ်ပြီးနောက် သူမနှင့် မောင်သည်လည်း သူမမိဘတွေလို မဖြစ်ဘူးလို့





ဘယ်သူပြောနိုင်မှာလဲကွယ်။

သည်အဖြစ်က မိုးဆောင်းခကို ခံမှန်ဖူးသည့် စာသူငယ်လို ကြောက်လန့်တုန်လှုပ် ချောက်ချားစေရပါသည်။

ဒါကြောင့်လည်း မောင့်ကို မိုးဆောင်းခသည် မမေ့နိုင်ပါလျက် မေ့နိုင်အောင် ကြိုးစားခဲ့ခြင်းဆိုတာ သူမကိုယ်သူမသာ အသိဆုံးဖြစ်သည်။

“မိုးဆောင်းခ”

“ဟင်”

“ရှင်”

အတွေးများလွန်နေရာမှ တိမ်တမန် ခေါ်သံကြောင့် မိုးဆောင်းခသည် ကိုယ်လေး ဆတ်ခနဲ တွန့်တုန်သွားရကာ လူက ထိတ်လန့်သလိုရှိသွားရသည်။

ဒါကိုပင် တိမ်တမန်သည် မိုးဆောင်းခအဖြစ်ကို ကြည့်ကာ သဘောကျသလိုမျိုး ခပ်လွန့်လွန့် ရယ်မောလိုက်ပြီး…

“အဟွန်း…ဟွန်း…ဟွန်း မိုးဆောင်းခ ဘာတွေတွေးနေတာလဲ”

“အို”

သူ့အမေးကြောင့် မိုးဆောင်းခ မျက်နှာလေး ရဲသွားရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ရှင်နော်…ကျွန်မစာသော ဘာတွေးတွေးပေါ့၊ ရှင့်အလုပ်လား"

"အဟွန်း…မိုးဆောင်းခနဲ့ သက်ဆိုင်သမျှအားလုံး မောင့်အလုပ်တွေပဲဆိုရင်ရော"

"အို…ရှင်"

စူးရှစိုက်လက်သော မျက်ဝန်းစူးစူးကြီးနှင့် မိုးဆောင်းခမျက်နှာလေးအား အကြည့်မလွှဲ စူးစိုက်ကြည့်ကာ ဆိုလာသောတိမ်တမန်ကြောင့် မိုးဆောင်းခ သူ့အကြည့်များကို ရင်မဆိုင်ရဲအောင်ရှိသွားရသည်။

သူ မိုးဆောင်းခကို ဘယ်လိုကြည့်နေတာပါလိမ့်။ တကယ်ဆို သူနှင့်သူမဆိုတာ ဘယ်လိုမှ မပတ်သက် မသက်ဆိုင်တော့ပါလို့ ပြောထားသည့်ကြားက တိမ်တမန်ဆိုသည့် သူသည်သူမကို ဘာကြောင့် လာပတ်သက်နေရတာပါလိမ့်။

တဒိတ်ဒိတ်ခုန်နေရသော ရင်ခုန်သံများကို မိုးဆောင်းခသည် သူ့ရှေ့တွင် ဣန္ဒြေမပျက် အတတ်နိုင်ဆုံး ထိန်းချုပ်ထားရင်းက သူ့အား ဖျတ်ခနဲ ကြည့်လိုက်ပြီး…

"ရှင့်ကိုပြန်ပါလို့ ကျွန်မပြောနေတယ် မဟုတ်လား ဦးတိမ်





တမန်"

"အဟွန်း…မိုးဆောင်းခ မေ့နေပြီနဲ့တူတယ်၊ မောင်တာဘယ်သူ့အမိန့်ပေးတာကိုမှ နာခံတတ်သူမဟုတ်ဘူးဆိုတာ"

"ရှင်နော်"

"အဟွန်း…ဟွန်း"

မျက်နှာရဲရဲလေးနှင့် သူ့အား မျက်စောင်းလေးထိုးလာသူလေးကြောင့် တိမ်တမန်သည် သွားစွယ်ဖွေးဖွေးများ ပေါ်သည်အထိသဘောတကျ နှစ်နှစ်ခြိုက်ခြိုက် ရယ်မောမိလေသည်။

သူ ဒီလိုရယ်တော့ သူမသည် ပို၍ရှက်သွားရကာ…

"ရှင်…ရှင် ဘာရယ်တာလဲ"

"ဟောဗျာ…ရယ်တာတောင် ကိုယ့်ဘာသာကိုယ် မရယ်ရတော့ဘူးလား"

"ရှင်အပိုတွေပြောမနေပါနဲ့ ဦးတိမ်တမန်၊ ရှင့်ကို ပြန်ရင်ဖို့ပြောနေတာမရဘူးလား"

"မရဘူး"

"မရရင် ရှင်မသွားရင် ကျွန်မသွားမယ်၊ ဖယ်"

ပြောပြောဆိုဆို မိုးဆောင်းခသည် တိမ်တမန်လက်ထဲမှသူမကိုယ်လေးကို ရုန်းထွက်လိုက်တော့ တိမ်တမန်သည် သူမအား



www.burmeseclassic.com

www.burmeseclassic.com



မလွှတ်သည့်အပြင် ပို၍ပင် တင်းတင်းကြီး ဆုပ်ကိုင်ထားလိုက်ပြီး…

"မောင့်အပေါ် မိုးဆောင်းခ စိတ်ဆိုးပြေသင့်ပါပြီဗျာ"

"ဟင့်အင်း…ဒီစကားတွေ ရှင်မပြောနဲ့၊ ကျွန်မ ဘာမှ မကြားချင်တော့ဘူး"

"မကြားချင်လည်း ပြောရမှာပဲ မိုးဆောင်းခ၊ မောင် မင်းပေးတဲ့ ဒဏ်ရာတွေနဲ့ ဒီထက်ပိုပြီး မခံစားနိုင်တော့ဘူး"

"အဲဒါ ကျွန်မက ဘာလုပ်ရမှာလဲ"

သူမစကားကြောင့် တိမ်တမန်သည် မျက်နှာကြီးရဲလျက် အံကိုတင်းတင်းကြိတ်လိုက်ပြီး…

"မင်း မောင့်ကို သိပ်ပြီး အသည်းယားအောင် မလုပ်နဲ့နော် မိုးဆောင်းခ၊ မောင် မင်းကို ချစ်လွန်းလို့ ဒီလောက်ထိ သည်းခံနေတာ"

"အမယ်…ရှင်ကများ လူကို သည်းမခံတော့ ဘာလုပ်ချင်သေးလို့လဲ"

နှုတ်ခမ်းဖူးဖူးလေးကို တင်းတင်းစေ့ကာ မျက်နှာလှလှလေးကို ပင့်မော့လျက် မခံချင်စရာ ဆိုနေသော မိုးဆောင်းခစကားကြောင့် တိမ်တမန်သည် ရင်မှာ နာကျင်လွမ်းဆွတ် သတိရမှုများ





နှင့် သွေးများဆူပွက်ကုန်ရကာ…

"အဟွန်း…မင်းလေးက သိပ်ပြီး သတ္တိကောင်းနေတယ် ပေါ့လေ၊ အေး…ဒီလောက်သတ္တိကောင်းတဲ့ မင်း မောင် ဘာလုပ်မလဲဆိုတာ ခု မင်းသိစေရမယ်"

"ရှင်…ရှင်"

"အို"

သူမနှုတ်မှ တားမြစ်ချိန်လေးပင် မရရှိလိုက်ပါတော့။ အကြောင်းမှာ…

အချိန်နှင့်အမျှ သတိရလွမ်းဆွတ် သတိရနေသူလေးကို ရင်မှာ မချင့်မရဲ ချစ်ဒေါသများ ဆူပွက်သွားရသော တိမ်တမန်သည် နှုတ်ခမ်းကို တင်းတ[illegible]လျက် ခပ်ကျိတ်ကျိတ်ဆိုရင်းက သူမကိုယ်လေးကို ဖျစ်ညှစ်ကာ နူးညံ့သိမ်မွေ့သော လိုက်ပြာတုန့်ရှိသည့် ချစ်အနမ်းများက သူမမျက်နှာလေးအနှံ့ကို ရောက်ရှိသွားရသည်။

မိုးဆောင်းခသည် အသက်ရှူလေးများပင် မှားမတတ် သူ့အနမ်းများကြားတွင် မွှန်းကျပ်သွားရသည်။

"ချစ်တယ် မိုးဆောင်းခရယ်၊ မင်း မောင့်ကို မစိမ်းကားပါနဲ့တော့ဗျာ၊ မင်းရဲ့ စိမ်းကားရက်စက်တဲ့ဒဏ်ကို မောင် မခံနိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ သိပ်ချစ်တယ်ဗျာ"

"အို…ရှင်"

ခပ်လွန့်လွန့် ညည်းညူသံလေးနှင့်အတူ မိုးဆောင်းခသည် တိမ်တမန် ရင်ခွင်ကျယ်ကြီးထဲမှ ရုန်းထွက်လိုက်လေသည်။

အချိန်၊ နာရီ၊ စက္ကန့်နှင့်အမျှ သတိရလွမ်းဆွတ်တမ်းတနေသူလေးကို တိမ်တမန်သည် သူ့ရင်ခွင်ထဲကနေ နည်းနည်းလေးမှ မလွှတ်ပေးပါပေ။

ချစ်ရည်စိုလူးနေရသော မျက်ဝန်းညိုကြီးအစုံနှင့် မိုးဆောင်းခ မျက်နှာလေးကိုသာ မျက်တောင်မခတ် စိုက်ကြည့်ရင်း…

"မိုးဆောင်းခ"

"အို…ဟင့်အင်း၊ ရှင်…ရှင် လွှတ်ပါ"

"မလွှတ်ဘူး…မိုးဆောင်းခကို မောင် သိပ်ချစ်တယ်၊ မောင့်ကို မင်း ခွင့်လွှတ်တယ်နော်"

နဖူးလှလှလေးပေါ် အနမ်းတစ်ပွင့် ခြွေချရင်းက တိမ်တမန်သည် မေးလိုက်သည်။

"ဖယ်ပါ…ရှင့်ကို ဘယ်သူက ခွင့်လွှတ်တယ်လို့ ပြောနေလို့လဲ"

မျက်စောင်းလေးနှင့်ပြောရင်းက မိုးဆောင်းခသည် သူ့ရင်





ခွင်ထဲမှနေ ဖွတ်ပင် ရုန်းထွက်နေတော့သည်။

တိမ်တမန်သည် ဒါကိုပင် စိတ်မှာ မချင့်မရဲကြီး ဖြစ်ရလွန်းသည်မို့ သူမကိုယ်လေးကို တင်းခနဲ တစ်ချက်ဖျစ်ညှစ်ပစ်လိုက်ပြီး…

"ကြည့်စမ်း…မင်းလေး မောင့်ကို ခုထိ ခွင့်မလွှတ်သေးဘူးဟုတ်လား"

"ဟုတ်တယ်"

သူ့ကို ဂရုမစိုက်သလို နှုတ်ခမ်းလေးစေ့လျက် မထီမဲ့မြင်ဟန်လေးနှင့် အသည်းယားဖွယ် ပြောနေသော သူမကို တိမ်တမန်သည် ဘာမှမပြောတော့ပါ။ မျက်မှောင်ကြီးကြုတ်လျက် သူမကိုသာ စိုက်ကြည့်ရင်း…

"မောင် သိပ်စိတ်မရှည်တော့ဘူးနော် မိုးဆောင်းခ၊ ကြာရင် မောင့်စိတ်တွေ ပေါက်ကွဲမိလိမ့်မယ်သိလား"

"အဲဒါ ကျွန်မက ကြောက်ရမှာလား"

"သြော်…ဟော့ ဒါဆိုလည်း ကျူပ်အကြောင်းပြရသေးတာပေါ့"

"ဟင့်အင်း…ရှင်နော်"

ပြောပြောဆိုဆို သူ့မျက်နှာကြီးက သူမမျက်နှာလေးအား



www.burmeseclassic.com

www.burmeseclassic.com



ဝဲထာဝ်လာပြန်တော့ မိုးဆောင်းခသည် ဟန်မဆောင်နိုင်တော့ပါ။

ထိတ်လန့်ကြောက်ရွံ့ဟန်လေးနှင့် ငြင်းဆန်သံလေးက ခပ်သွက်သွက် ထွက်ပေါ်လာရပြီး သူမမျက်နှာလေးကို တိမ်တမန် ရင်ခွင်ကျယ်ကြီးထဲ ကွယ်ဝှက်လိုက်လေ၏။

"ဟောဗျာ…ဒါလား ကျုပ်ကို မကြောက်ဘူးဆိုတဲ့လူ အဟွန်း…ဟွန်း…ဟွန်း"

"ဦးတိမ်တမန်…ရှင်…ရှင်နော်"

"အဟွန်း…ဟွန်း မိုးဆောင်းခရယ်"

ချစ်သူလေး၏ အဖြစ်ကိုကြည့်ပြီး ရင်မှာ ကြည်နူးပီတိများ ဖြာဝေသွားရသော တိမ်တမန်သည် မိုးဆောင်းခအား ရင်ခွင်ထဲက ပေးမလွှတ်တော့ဘဲ သူ့ရင်ခွင်ထဲ တိုးဝင်ကာ ရှက်စိတ်များနှင့် ကွယ်ဝှက်လာသည့် မိုးဆောင်းခမျက်နှာလေးကို ညင်သာစွာ ဆွဲမော့ယူလိုက်ပြီး သူမ မျက်နှာလှလှလေးအနှံ့ကို ချစ်ခြင်းများစွာနှင့် ခပ်ဖွဖွ ရှိုက်နမ်းနေရင်းက…

"မိုးဆောင်းခရယ်…မင်းကို မောင် သိပ်လွမ်းတာပဲဗျာ၊ မောင်တော့ မင်းပေးတဲ့ အလွမ်းဒဏ်ကို ဒီထက်ပိုပြီး မခံစားနိုင်တော့ဘူး၊ မောင့်ကို မရက်စက်ပါနဲ့တော့၊ မင်းကိုချစ်တယ်၊ အရမ်းချစ်တယ် မိုးဆောင်းခရယ်"





ချစ်အနမ်းတွေပေးရင်းက ဗလုံးဗထွေး ဆိုနေဝါသော မောင့်စကားများကို မိုးဆောင်းခသည် ရင်ထဲ လှုပ်ရှားခြင်းများစွာနှင့် မကြားတစ်ချက် ကြားတစ်ချက် ရှိနေရသည့်အထိ စိတ်တွေ လှုပ်ရှားနေရသည်မဟုတ်ပါလား။

"ပြောပါဦး မိုးဆောင်းခ၊ မောင့်ကို မင်းချစ်တယ်၊ ခွင့်လွှတ်တယ်ဆိုတာ"

"ဟင့်အင်း…ကျွန်မ…ကျွန်မ မသိဘူး"

"အဟွန်း…မသိဘူးဆိုတာ ဘာလဲ၊ မောင့်ကိုချစ်တာတော့ မင်းလေးသိရမှာပေါ့၊ ဘာကြောင့်လဲဆိုတော့ မင်းလေးချစ်တာ မောင်သိနေလို့ပဲ"

"အို"

အပြုံးချောချောကြီးနှင့် ပြောရင်းက တိမ်တမန်သည် မိုးဆောင်းခအား ပို၍တင်းကျပ်စွာ ဖက်ထားလိုက်လေသည်။

မိုးဆောင်းခမှာ တိမ်တမန် ရင်ခွင်ထဲတွင် မျက်နှာရဲရဲလေးနှင့် လူက မလူးသာမလွန့်သာအောင် ရှိနေရတော့သည်။

တကယ်တော့ မိုးဆောင်းခသည် တိမ်တမန်ဆိုသည့် မောင့်ကို လမ်းခွဲခဲ့ရခြင်းသည် မုန်း၍မဟုတ်ပါ။

တစ်သက်မှာ တစ်ယောက်သာ ချစ်ရသည့် အချစ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ရင်မှာ နှင်းစူးစွာ ချစ်ခဲ့ရသူက မောင်သာဖြစ်ပါသည်။

မောင်နှင့် ဝေးနေရသည့်အချိန်များမှာ မိုးဆောင်းခသည် မောင့်အား နေ့နေ့ညည သတိရလွမ်းဆွတ်နေတတ်သူဆိုတာ မောင်ကတော့ဖြင့် သိမည်မဟုတ်ပါ။

မိုးဆောင်းခအတွက် မောင့်ကိုလွမ်းလို့ ကျိတ်ငိုခဲ့ရသည့် ရက်များက လက်ချိုးရေတွက်လို့ပင် မကုန်နိုင်ခဲ့။

ထိုမျှထိ မောင့်ကို မိုးဆောင်းခ သိပ်ချစ်ခဲ့ရပါသည်။ ထိုသို့ သူမ သိပ်ချစ်သောမောင်က မိုးဆောင်းခအား ယခုလို ချစ်စကားတွေ တွင်တွင်ဆိုလျက် တောင်းပန်လာသောအခါ နကို ယိုင်ချင်နေရသည့် မိုးဆောင်းခ နှလုံးသားက မောင့်ထံ ယိုင်ခဲ့ရပြီ ဖြစ်သည်။

မိုးဆောင်းခ သူမကိုယ်သူမလည်း ဒီထက်ပိုကာ ဟန်မဆောင်ချင်တော့ပါ။

သူမနှလုံးသားကိုလည်း ဒီထက်ပို၍ အကျဉ်းမချချင်တော့။ မောင် သူမအပါးတွင် မရှိတော့တာနှင့် ခြောက်သွေ့ခဲ့ရသော သူမဘဝသည်လည်း အခု မောင့်အချစ်ကြောင့် ပြန်လည်၍ စိုပြည်ခဲ့ရပြီဆိုတာ သူမ ဝန်မခံလို့မရပါ။

မောင့်ကို မေ့၍ရမလားဆိုကာ မောင့်နေရာတွင် တခြား





တစ်ယောက် အစားထိုးကြည့်ပေမယ့် ထိုအဖြစ်ကို သူမနှလုံးသားက လက်မခံခဲ့ပါ။

အချစ်ဆိုတာ ဒီတစ်ယောက်ကို ချစ်ရမည်၊ ဟိုတစ်ယောက်ကို မချစ်ရဟု တားမြစ်ပိတ်ပင်စေခိုင်း၍ ရသည့်အရာ မဟုတ်ဆိုတာကိုလည်း မိုးဆောင်းခ ကောင်းကောင်းကြီး နားလည်သဘောပေါက်ခဲ့ရပြီဖြစ်သည်။

မိုးဆောင်းခဘဝတွင် သူမနှလုံးသားကို ပိုင်စိုးနေရာယူမည့်သူသည် မောင်ကလွဲပြီး တခြားဘယ်သူမှ ရှိလာလိမ့်မည် မဟုတ်ပါ။

ဒါကို မိုးဆောင်းခသည် သူမကိုယ်သူမသာ အသိဆုံးဖြစ်ပါ၏။

"မိုးဆောင်းခ"

သူခေါ်သ[redacted]ကို မိုးဆောင်းခ ပြန်မထူးပါဘဲ မျက်လွှာလေးကိုသာ ပင့်လျက် မော့ကြည့်လိုက်သည်။

သူမ၏ ဒီအကြည့် တစ်ချက်ကပင် တိမ်တမန် နှလုံးသားကို လှုပ်ခါသွားစေရသည်။

"မောင့်ကို ခွင့်လွှတ်ပြီလား မိုးဆောင်းခ"

"မောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



နီရဲဒေါင်းခတ်နေရသော မျက်နှာလေးနှင့် မိုးဆောင်းခသည် မောင့်အား ခပ်ညည်းညည်းလေး ဆိုလိုက်မိလေသည်။

"မောင် ကျွန်မကို စိတ်ဆိုးနေလားဟင်"

"မိုးဆောင်းခရယ် မောင် မင်းလေးအပေါ် ဘယ်တုန်းကမှ စိတ်မဆိုးခဲ့ပါဘူးဗျာ"

"တကယ်လားမောင်"

"အဟွန်း ဘာလဲ ခင်ဗျားလေးက မောင့်စကားကို မယုံဘူးလား"

"မယုံလို့မဟုတ်ပါဘူးကွယ်၊ ကျွန်မက မောင့်အပေါ် ဆိုးခဲ့မိတယ်မဟုတ်လား"

"အေးဗျ…ဒီလိုဆိုတော့လည်း ခင်ဗျားလေးက ကိုယ့်ကိုယ်ကို သိနေသေးသားပဲ"

"မောင်နော်"

သူ့စကားကြောင့် မျက်နှာလှလှလေး ပန်းသွေးရောင်တောက်ပလျက် ရှက်သွားရသည်ကိုကြည့်ပြီး တိမ်တမန်သည် ရင်ခုန်လှိုက်မောခြင်းများစွာနှင့် မိုးဆောင်းခ ပါးပြင်လေးကို တစ်ချက်ရှိုက်နမ်းလိုက်သည်။ ဒီတစ်ခါတော့ မိုးဆောင်းခသည် မောင့်အနမ်းများကို မဖယ်ရှား၊ မရုန်းဖယ်ပါလေတော့။





နူးညံ့သိမ်မွေ့စွာ ရောက်ရှိလာသည့် မောင့်အနမ်းများတို့သာ မိုးဆောင်းခသည် ရင်ဝယ်တသိမ့်သိမ့် ဖြာခံယူရင်း ရင်ခုန်သံတွေ မြန်နေရသည့်အဖြစ်။

"ကဲ…ပြောပါဦး မောင့်ကိုချစ်တယ်ဆိုတာ"

သူ့မျက်နှာချောချောကြီးက မိုးဆောင်းခ ပါးပြင်နားထဲက ခပ်တိုးတိုးဆိုလိုက်တော့ မိုးဆောင်းခသည် ကိုယ်လေး ဆတ်ခနဲတွန့်သွားရပြီး…

"မောင် သိသားနဲ့ကွယ်"

"ကောင်မလေးနော် သိပေမယ့်လည်း ကြားချင်သေးတယ်ဗျာ၊ ခင်ဗျားလေးဆီက ချစ်ပါတယ်ဆိုတဲ့ စကား မောင် မကြားရတာ ဘယ်လောက်ကြာပြီလဲ"

"အဲဒါ မောင့်အပြစ်နဲ့ မောင်ပဲလေ"

"ပြောပြ[illegible]တား ဒီစကား"

"မဟုတ်လို့လား"

"အေး…ဟုတ်မဟုတ် မင်းကို မောင် အခု သက်သေပြမယ်လေ"

"မောင်"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"သွား…မောင်နော်"

သူမအား ပြုံးပြုံးကြီး စိုက်ကြည့်လာသည့် မောင့်ကို မိုးဆောင်းခသည် ရှက်ရှက်နှင့် သူ့ကိုယ်ကြီးအား တွန်းထုတ်လျက် လက်သီးဆုပ်လေးများဖြင့် သူ့ကိုယ်ကြီးအား ထုရိုက်ကုတ်ဖဲ့နေတော့သည်။

"ဟိတ်…ကောင်မလေး ကြည့်စမ်း မင်းလေး မောင့်ကို မချစ်တိုင်း နှိပ်စက်မနေနဲ့ကွ"

တိမ်တမန့်စကားကြောင့် မိုးဆောင်းခ မျက်နှာလေး ပျက်သွားရပြီး…

"မောင်နော်…မောင် သူ့ကို ဘယ်သူက မချစ်ဘူးပြောလို့လဲ"

"ဟင်…ဒါဖြင့် မောင့်ကို မိုးဆောင်းခ ချစ်တယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ ချစ်တယ်…ချစ်တယ်၊ သိပ်ချစ်တယ် သိလား"

"ဟောဗျာ…ချစ်တာလည်း လူကို ဆောင့်ကြီးအောင့်ကြီး နဲ့ပါလားကွ"

"ပြောမှာပေါ့…မောင် ဘာဖြစ်လို့ ကျွန်မအချစ်ကို မယုံ





လဲ"

"ယုံစေချင်ရင် သက်သေပြရတယ်ဗျာ"

"ဟင်…ဘာသက်သေလဲ"

မျက်ခုံးလေးပင့်ကာ မျက်နက်ဝန်းလေးနှင့် ကလေးတစ်ယောက်၏ မသိဟန်မျိုး ဖြူစင်စွာ မေးလာသည့် မိုးဆောင်းခကို တိမ်တမန်သည် ပြုံးမြမြနှင့်ကြည့်ကာ…

"မိုးဆောင်းခ မောင့်ကို ချစ်သက်သေပြမှာမို့လို့လား၊ မပြဘဲနဲ့တော့ မပြောတော့ပါဘူးကွာ"

သူမအား သွေးတိုးစမ်းသလို ပြောလာသော မောင့်စကားကြောင့် မိုးဆောင်းခသည် သူမအချစ်ကို မယုံရပါ့မလားဆိုသည့် စိတ်နှင့် မခံချင်ဖြစ်သွားရကာ…

"ဘာလို့မပြရမှာလဲ…မောင့်ကို ကျွန်မချစ်တာပဲ၊ ကျွန်မ ချစ်တဲ့ မောင်ကို ကျွန်မ ချစ်သက်သေမပြနိုင်စရာမရှိပါဘူး မောင်"

မိုးဆောင်းခ စကားကြောင့် တိမ်တမန်သည် ကျေနပ်သလို မျက်နှာကြီး ဝင်းပသွားရပြီး…

"အေးနော်…ပြောပြီးမှ မပြင်ကြေးကွ၊ ခင်ဗျားလေး စကားကို ခင်ဗျားတည်မှဖြစ်မယ်၊ ဘယ်နှယ့်လဲ"

မယုံသလို ပြောလာသော မောင့်စကားသည် သူမအား



www.burmeseclassic.com

www.burmeseclassic.com



ကို ထိပါးစေရသည်မို့…

"မိုးဆောင်းခက စိန်ခေါ်ပြီးရင် နောက်ဆုတ်တတ်တဲ့သူ မဟုတ်ဘူး မောင်"

"အဟွန်း…ကြိုက်ပြီ၊ မိုးဆောင်းခဆီက မောင် ဒီစကား မျိုးပဲ ကြားချင်တာ"

"ကဲပါ…မောင်ပြောမယ့် ချစ်သက်သေဆိုတာ ဘာလဲ ဆိုတာသာ ပြောပါ"

မိုးဆောင်းခသည် သိချင်စိတ်ကို မအောင့်နိုင်ဘဲ မေးလိုက် လေသည်။

ထိုအခါ…

မောင့်မျက်နှာချောချောကြီးသည် ပြုံးသွားရပြီး…

"အဟွန်း…ဟွန်း မောင့်ရဲ့ချစ်သက်သေဆိုတာ တခြား မဟုတ်ဘူး ဒီမှာ"

"ဟင်"

သူမရှေ့ မောင့်ပါးထိုးပြလာတော့ မိုးဆောင်းခသည် မောင့် အပြုအမူအတွက် နားမလည်နိုင်အောင် ဖြစ်သွားရကာ…

"မောင်ပြောတဲ့ ချစ်သက်သေဆိုတာ ဘာလဲမောင်"

"ဒီကောင်မလေး တော်တော်အတာပဲ၊ ဒီမှာလေဗျာ





ခင်ဗျားလေးရှေ့ မောင့်ပါးထိုးပြနေတာ"

"ဘာဆိုင်လို့လဲ မောင်ရဲ့"

"ဆိုင်တာပေါ့ကွ…ခင်ဗျားလေး မောင့်ကို တကယ်ချစ် ရင် မောင့်ကိုနမ်းပြီး ချစ်သက်သေပြနိုင်ရမှာပေါ့"

"အို"

တည့်တည့်ပြောမှ သဲသောပေါက်ရသည့် မိုးဆောင်းခ မှာ တိမ်တမန်စကားကြောင့် မျက်နှာလှလှလေးတစ်ပြင်လုံး ထူပူ သွားရတဲ့အထိ ရှက်ရွံ့တုန်လှုပ်ခြင်းများဖြင့် အနေခက်လျက် မျက်နှာ လေး ငုံ့ဆင်းသွားရသည်။

တိမ်တမန်မှာ မိုးဆောင်းခ၏ အပြုအမူကြောင့် အသည်း ယားသွားရကာ…

"မိုးဆောင်းခ…မင်းနော် ပြောပြီးစကား ပြင်လို့မရတော့ ဘူးဗျာ"

ကြည့်…မောင်သည် သူမကို ချည်ပြီးတုပ်ပြီး ရှောင်လို့ မလွှဲသာမလွန်သာအောင် လုပ်တတ်သည့်လူပါလား။

မောင်၏ လူလည်ကျပုံကို မကျေနပ်ပေမယ့် မိုးဆောင်းခ သည် သူမဘက်က စကားကျွံနေသည်မို့ ဘာမှမတတ်နိုင်တော့ပါ။

ရှက်စိတ်နှင့် လူတစ်ကိုယ်လုံး ထူပူနေရပေမယ့် သူမခြေ



www.burmeseclassic.com

www.burmeseclassic.com



သလို သူမဘက်က ချစ်သက်သေ မပြနိုင်ရင်လည်း မောင်သည် သူမအား မချစ်ပါဟု စကားနာထိုးလာဦးမည်ဖြစ်သည်။ ဒီအဖြစ်ကို မိုးဆောင်းခ အဖြစ်မခံနိုင်ပါ။

မိုးဆောင်းခ မောင့်ကို သိပ်ချစ်ပါသည်။ ချစ်လွန်း၍လည်း မိုးဆောင်းခသည် သူမအပေါ် မောင် အထင်လွဲမည့်အဖြစ်ကို အဖြစ်မခံနိုင်ဘဲ မောင်ပြောသလို မောင့်အား သူမဘက်က ချစ်သက်သေပြရန် ဆုံးဖြတ်လိုက်တော့ မျက်နှာလေး နီရဲတောက်ပသွားရသည်။

"ဘယ်လိုလဲ နောင်တရနေပြီလား"

"မောင်နော်···ကျွန်မက ဘာကို နောင်တရ ရမှာလဲ"

"ဒါဆို မောင်ယုံအောင် သက်သေပြပေါ့"

"ကဲ···မျက်စိမှိတ်"

"ဟင်"

"မောင့်ကို မျက်စိမှိတ်လို့ပြောနေတာ"

"အင်း"

တိမ်တမန်သည် သူမစကားကို ဘာမှ ပြန်မပြောတော့ဘဲ သူမခိုင်းသည့်အတိုင်း မျက်ဝန်းအစုံကို မှိတ်လိုက်လေသည်။

သူ့ပါးပြင်ထက် ဖျတ်ခနဲ ကျရောက်လာသော သိမ်မွေ့





နူးညံ့ပါသည့် အနမ်းနွေးနွေးကြောင့် တိမ်တမန် နှလုံးသားလေးသည် တဆတ်ဆတ် တုန်ခါလျက် ရင်မှာ ကြည်နူးခြင်းပီတိများ ဖြာဝေသွားရသည်။ သည်နောက် သူ့မျက်ဝန်းအစုံသည် ပြန်လည်ဖွင့်လာရကာ မျက်နှာရဲရဲလေးဖြင့် အရှက်သည်းနေသည့် မိုးဆောင်းခကို အကြည့်စူးစူးများဖြင့် မလွတ်တမ်း စိုက်ကြည့်ရင်း···

"မိုးဆောင်းခရယ်ဗျာ"

"မောင်ရယ်"

ပန်းသွေးရောင် ပြေးနေသော ရှက်မျက်နှာလှလှလေးနှင့် မိုးဆောင်းခသည် ချစ်စိတ်တွေ ဖိတ်လျှံနေရသော မောင်၏ ရင်ခွင်ကျယ်ကြီးထဲသို့ သူမကိုယ်လေး တိုးဝင်လိုက်တော့ မောင်သည် မိုးဆောင်းခကိုယ်လေးကို တင်းကျပ်စွာ ဖျစ်ညှစ်ပွေ့ဖက်ငြ သူမ၏ ကုပ်သားဖွင်းဝင်းလေးကို ခပ်ဖွဖွ နမ်းရှိုက်လိုက်သည်။

"ချစ်တယ် မိုးဆောင်းခရယ်"

"ကျွန်မလည်း မောင့်ကို သိပ်ချစ်ပါတယ်ကွယ်"

မိုးဆောင်းခမှာ အပြုံးလှလှလေးနှင့် မောင့်ကို ဆိုလိုက်တော့ တိမ်တမန်သည် သူမ၏ ရှက်သွေးဖြင့် သိပ်လှနေသော မျက်နှာလေးကို စိုက်ကြည့်ပြီး···

"မိုးဆောင်းခ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"မောင့်ကို စိတ်ဆိုးသေးလား"

"ဟင့်အင်း…ကျွန်မ နားလည်ပါပြီ မောင်"

"ဘာကိုလဲဗျာ"

"အချစ်နဲ့လက်ထပ်ခြင်းကိုပေါ့"

"ဟင်"

"ဟုတ်တယ် မောင်၊ ကျွန်မ မောင်နဲ့ဝေးနေရတဲ့ အချိန်တွေမှာ ကျွန်မ ရင်ထဲကအချစ်ကို နာကျင်စိတ်နဲ့ ဖြေသိမ့်ခဲ့ပေမယ့် မရခဲ့ဘူး၊ အဲလို ကိုယ့်ကိုယ်ကို ဟန်ဆောင်ဖြေသိမ့်ရတာကိုက ကျွန်မရင်ထဲ မခံစားနိုင်အောင် နာကျင်ကြေမွခဲ့ရတယ်၊ ဒါဟာ မောင့်ကို သိပ်ချစ်လို့ပဲဆိုတာလည်း ကျွန်မကိုယ်ကျွန်မ ပိုပြီး သေချာစွာ သိလာခဲ့ရတယ်"

"မိုးဆောင်းခရယ်"

တိမ်တမန်သည် မိုးဆောင်းခနှင့် ပါးချင်းအပ်လိုက်သည်။

"မောင်"

"ပြောလေ မိုးဆောင်းခ"

"ကျွန်မရဲ့ တစ်ဖက်စွန်းရောက်နေတဲ့ အတွေးတွေကို မောင် ခွင့်လွှတ်ပေးပါနော်"





"မိုးဆောင်းခရယ်…မင်းကို မောင် ဘယ်တုန်းကမှ အပြစ်မယူခဲ့ပါဘူးဗျာ"

"မောင်…မောင်ရယ်"

သူမအပေါ် အပြစ်မယူ၊ ခွင့်လွှတ်ချစ်တတ်လွန်းသည့် မောင့်ကို မိုးဆောင်းခသည် အားကိုးတွယ်တာ ချစ်မြတ်နိုးခြင်းများစွာနှင့် ဖက်တွယ်လျက် မောင့်မျက်နှာချောချောကြီးကို မော့ကြည့်လိုက်တော့ မောင်သည် သူမကို အပြုံးများနှင့် ရှုမ်းမြမြစိုက်ကြည့်နေလေသည်။

မိုးဆောင်းခရင်ထဲ ရင်ခုန်သံတွေက လှိုင်းထန်သွားရသည်။ သည့်နောက် မောင်၏ စူးရှတောက်ပသော အကြည့်များကို မျက်နှာရဲရဲလေးနှင့် လွှဲလိုက်ရင်း…

"မောင် ကျွန်မနဲ့ဝေးနေရချိန်တွေမှာ ကျွန်မကို မလွမ်းဘူးလားဟင်"

"အယွန်း…ဘယ်သူ မလွမ်းဘဲနေပါ့မလဲဗျာ၊ မင်းလေးကို လွမ်းလွန်းလို့ ဒီမောင့်ရင်ထဲကို ဝင်ကြည့်စေချင်တယ်"

ထိုစကားများသည် အမှန်ဖြစ်ပါသည်။ တိမ်တမန်တစ်ယောက် ချစ်သူလေးနှင့် ဝေးနေရချိန်တွေမှာ ရင်ထဲ သူမအားလွမ်းဆွတ်သတိရ တမ်းတမှုတွေက ရင်နှင့်အမျှ မခံစားနိုင်အောင်ဝင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ရသည်ပဲလေ။

မိုးဆောင်းခသည် မောင့်အား သနားသွားရသည်။ တစ်ဆက်တည်း မိုးဆောင်းခသည် မောင့်စကားများကိုလည်း အကြွင်းမဲ့ ယုံကြည်လိုက်ပါ၏။

မောင်သည် သူမကို သိပ်ချစ်လွန်းသည့် လူတစ်ယောက်ဆိုတာ မိုးဆောင်းခ သိနေရပါသည်။

ထို့ကြောင့်လည်း မောင့်အား ချစ်ခြင်း၊ မြတ်နိုးခြင်း၊ တွယ်တာအားကိုးခြင်းများစွာနှင့် မိုးဆောင်းခသည် သူမလက်လေးများဖြင့် မောင့်ကိုယ်ကြီးအား မမှီမကမ်း သိုင်းဖက်လိုက်ကာ မောင့်ပါးပြင်ချောချောကြီးကို သူမသည် ရှိုက်နမ်းလိုက်လေ၏။

ရင်ဝယ် ကြည်နူးမှုများဖြင့် အံ့ဩသွားရသူက တိမ်တမန်ပင်ဖြစ်တော့သည်။ အံ့ဩမှုနှင့်အတူ တိမ်တမန်နှလုံးသားများသည်လည်း...

သူမသည် သူ့ကို ဒီလိုမထင်မှတ်သည့် အပြုအမူလေးများနှင့်လည်း သူ့အား အချစ်များတိုးအောင် စွမ်းနိုင်သူလေးပါလားဆိုသည့် ပီတိအတွေးနှင့် ရင်ခုန်သံတွေပင် မမှန်ချင်တော့ပါ။

ရင်ထဲ နွေးထွေးလှိုက်ဖိုခြင်းများစွာနှင့် ချစ်သူလေးအား မျက်စိအောက်က အပျောက်မခံနိုင်သလို တိမ်တမန်သည် မိုးဆောင်း



BURMESE CLASSIC



ခကိုယ်လေးကို သူ့ဘက်သို့ တင်းခနဲ ဆွဲယူသိုင်းပွေ့လိုက်ပြီး...

"မင်းလေး မောင့်ကို သိပ်ချစ်အောင် လုပ်တတ်ပါလား မိုးဆောင်းခ၊ ပြောစမ်း မင်းကော မောင့်ကို မလွမ်းဘူးလားဆိုတာ"

"မောင် ,ဘယ်လိုထင်လဲ"

မျက်ဝန်းလေး တောင့်ကပ်ကာ ပြန်မေးလိုက်သည့် မိုးဆောင်းခ၏ ချစ်စဖွယ်ဟန်လေးကြောင့် တိမ်တမန် နှလုံးသားသည် အခြေမခိုင်ချင်တော့ပါ။

မချင့်မရဲ အသည်းယားယားကြီး ဖြစ်လာရသော တိမ်တမန်မှာ မိုးဆောင်းခ၏ သေးကျဉ်းသော ခါးလေးကို တင်းခနဲ ဖျစ်ညှစ်လိုက်ရင်း...

"အဟွန်း...မောင့်အထင်လား၊ မောင့်အထင်ကို ပြောရရင်တော့ ဒီကောင်မလေး မောင့်ထက်မပိုရင်ပေါင် မောင့်လောက်နီးပါးတော့ လွမ်းနေမှာပဲမဟုတ်လား"

"အမယ် မောင်နော်၊ ကျွန်မက ဘာကြောင့် မောင့်ထက်မပိုရမှာလဲ"

"ဟင် ဒါဆို မင်းလေးက မောင့်ကို"

"ပုံဘော်တယ်၊ မောင့်ထက် ပိုပြီးချစ်ရလွန်းတော့ မောင့်ကို ပိုပြီးလွမ်းတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အပျှန်း…ပျှန်း ချစ်ရယ်ဗျာ"

ကြည်နူးခြင်းသည် သူ့ရင်ဝယ် အတိုင်းအဆမရှိတော့ပါ။ မိုးဆောင်းခ ခေါင်းလေးသည် သူ့ပခုံးထက် မှီတင်လာ၏။

တိမ်တမန်သည် မိုးဆောင်းခ၏ နဖူးလေးထက် အနမ်းတစ်ချက်ခြွေချရင်း…

"ချစ်လိုက်ရတာ မိုးဆောင်းခရယ်၊ သိပ်ချစ်တယ်၊ မောင်တို့နှစ်ယောက် အခုချိန်ကစပြီး ဘယ်တော့မှ မခွဲကြေးနော်၊ ဆံဖြူသွားကိုးတဲ့အထိ မောင့်အနားမှာ မိုးဆောင်းခ ရှိရမှာဖြစ်သလို မိုးဆောင်းခ အနားမှာလည်း မောင် အမြဲရှိနေမယ်ဆိုတာ မင်းလေး သိထားရမယ်နော်"

"ဟင်း…သွားပါ ပိုလိုက်တာနော်"

"ဟိုဗျ ဘယ်ကပိုရမှာလဲကွ၊ ဒီမှာ မင်းလေးကို ချစ်လွန်းလို့ မောင့်အချစ်တွေ လိုတောင်နေသေးတယ်သိလား"

ပြောရင်းက မချင့်မရဲ ဖြစ်လာရသလို တိမ်တမန်သည် မိုးဆောင်းခ နှာခေါင်းလေးကို ခပ်ဖွဖွ ဆွဲညှစ်လိုက်လေ၏။

"အား…မောင် နာတယ်"

"အပျှန်း…နောက်တစ်ခါ မင်းလေး မောင့်ကို အဲလိုပြောဦးမှာလား ပြော"





"ဟင့်အင်း"

မိုးဆောင်းခသည် ခေါင်းလေးခါယမ်းပြလိုက်သည်။

"အေးကွ…သေချာပြော၊ ဟင့်အင်းဆိုတာ ဘာလဲ"

"မပြောတော့ဘူး…မောင့်ကို နောက် အဲလိုမပြောတော့ဘူး၊ ကဲ ကျေနပ်ပြီလား"

ကလေးတစ်ယောက်လို နှုတ်ခမ်းလေးစူကာ မူနွဲ့နွဲ့လေး ပြောလိုက်သည့် မိုးဆောင်းခကြောင့် တိမ်တမန်သည် သူ့အချစ်စိတ်ကို သူ မထိန်းနိုင်သလို မိုးဆောင်းခအား တိုးဖက်လိုက်သည်။

"ဖယ်ပါ…သူများတွေ မြင်ကုန်တော့မှာပဲ"

"အပျှန်း…ဒီနေရာမှာ ဘယ်သူမှ မရှိပါဘူးကွ"

"ဒါနဲ့ နေစမ်းပါဦး၊ မင်းလေးကို မောင် မေးစမ်းပါရစေဦး"

"ဘာလဲ မောင်ရဲ့"

"မောင်တို့ လက်ထပ်ကြမယ်နော်"

"အင်း"

ခေါင်းလေးညိတ်ကာ မိုးဆောင်းခ ဖြေလိုက်တော့ တိမ်တမန် ကျေနပ်သွားရသလိုမျိုး မျက်နှာချောချောကြီးမှာ ပြုံးသွားရပြီး…



www.burmeseclassic.com

www.burmeseclassic.com



"တစ်သက်မှာတစ်ခါသာ ဆောင်တဲ့ မင်္ဂလာပွဲမှာ မောင်ချစ်တဲ့ မိုးဆောင်းခအတွက် မောင် အကောင်းဆုံးနဲ့ အခမ်းနားဆုံး လုပ်ပေးချင်တယ်၊ မောင့်စေတနာကို မိုးဆောင်းခ လက်ခံရမယ်နော်"

"မောင်"

မျက်နှာလေး ပျက်သွားသည့် မိုးဆောင်းခကို တိမ်တမန်သည် အားပေးသလို သူမပခုံးလေးကို တစ်ချက်ဖျစ်ညှစ်လိုက်ပြီး…

"မောင့်ပြောတာ နားထောင်ဦးလေ၊ အရင်ကလည်း မိုးဆောင်းခကို မောင် ပြောခဲ့ဖူးတာပဲ၊ မောင်သိပ်ချစ်တဲ့ မိုးဆောင်းခကို မောင် တန်ဖိုးထားပြီး လက်ထပ်ချင်တယ်ဆိုတာ"

မိုးဆောင်းခသည် တိမ်တမန်ကို ကြည့်လာလေ၏။

သူမမျက်ဝန်းအိမ်တွင် မျက်ရည်စများနှင့် ဖြစ်သည်။

"မိုးဆောင်းခရင်ထဲ ဘယ်လိုခံစားနေရတယ်ဆိုတာ မောင်သိပါတယ်ဗျာ၊ ဒါပေမယ့် အဲဒီကိစ္စတွေအတွက်ဆို မိုးဆောင်းခ ဘာကိုမှ မစိုးရိမ်နဲ့တော့နော်"

"ရှင်"

"အဟွန်း…မောင့်စကားကို မိုးဆောင်းခ နားမလည်ဘူးနဲ့တူတယ်၊ မောင်နဲ့ မိုးဆောင်းခရဲ့ မင်္ဂလာပွဲမှာ မိုးဆောင်းခရဲ့မိဘတွေ





ရောက်လာပါလိမ့်မယ်"

"ဘယ်လို မောင်"

"မောင်တို့ကိစ္စကို မိုးဆောင်းခရဲ့ မိဘတွေကို မောင်ကိုယ်တိုင်သွားပြီး အကျိုးအကြောင်း ပြောပြခဲ့တာ၊ သူတို့လည်း နားလည်သွားကြပြီ၊ မိုးဆောင်းခကို ပစ်ထားသလို ဖြစ်ခဲ့တဲ့ သူတို့အမှားလည်း သူတို့ နောင်တရပြီး စိတ်မကောင်းဖြစ်နေကြတယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့ မိုးဆောင်းခရယ် မိဘဆိုတာ ဘယ်မိဘမဆို ကိုယ့်ရင်နဲ့လွယ်ပြီး မွေးထားတဲ့ သားသမီးကို ချစ်ကြတာပါပဲ၊ ကိုယ့်ဘက်က နားလည်မှုတွေနဲ့ သူတို့ကို လက်ခံပေးလိုက်ရင် သူတို့လည်း စိတ်ချမ်းသာသွားကြမှာပါ၊ ခွင့်လွှတ်လိုက်ပါ မိုးဆောင်းခရယ်၊ မေတ္တာတရားဟာ အအေးမြဆုံးပါဗျာ"

"အဟင့်…ဟင့်…ဟင့် မောင်ရယ်"

ရင်မှာ ဆွတ်ကျင်ရမှုတို့ဖြင့် ဝမ်းနည်းစိတ်တို့က တားဆီး၍ မရတော့ပြီမို့ မိုးဆောင်းခ မောင့်ရင်ခွင်ထဲ တိုးဝင်ကာ ငိုရှိုက်လိုက်သည်။

"မငိုပါနဲ့ဗျာ၊ ဒီအချိန်ကစပြီး မောင်ချစ်တဲ့ မိုးဆောင်းခတို့ ဘယ်သောအခါမှ မျက်ရည်မကျစေရတော့ဘူးနော်၊ မိုးဆောင်းခကို မောင့်ရဲ့အချစ် မောင့်ရဲ့မေတ္တာတွေနဲ့ အတိုးချပြီး သက်ဆုံးတိုင်



www.burmeseclassic.com

www.burmeseclassic.com



မခွဲအမြဲ ကြင်နာသွားမယ်ဆိုတာ မောင် ကတိပေးပါတယ် မိုးဆောင်းခရယ်''

''မောင်…မောင်ရယ်''

ယုယကြင်နာလွန်းသည့် မောင့်စကားများကြောင့် မိုးဆောင်းခရင်ဝယ် ကြည်နူးခြင်း၊ ချစ်ခြင်းအဟုန်ဖြင့် ပီတိများဖြာဝေသွားရကာ ဝေသီနေသော မျက်ရည်များကြားမှ မောင့်ကို ပြုံးပြလိုက်တော့ ရင်မှာ ချစ်စိတ်တွေ ဖိတ်လျှံကာ ကျေနပ်မှုအဖြာဖြာနှင့် မောင့်အား တင်းတင်းကြီး ပွေ့ဖက်ထားလိုက်သည်။

ထိုအခါတွက်…

မိုးဆောင်းခတို့ ချစ်သူနှစ်ဦးကို သည်းလွန်းသည်ဟု မထင်စေလိုပါ။

ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ။

ချစ်ခြင်းဖြင့် . . .

မြပုလဲသွယ်



www.burmeseclassic.com